www.burmeseclassic.com

# မောင်ညိုမှိုင်း(သန်လျင်)

စီစဉ်သော

# ကြက်ဘီလူးငွေနားဖြူ

အပါအဝင်

## ဂန္တီရဝတ္ထုတိုများ



မောင်ညိုမှိုင်း(သန်လျင်)၊ ထောင်မှူးကြီးသိန်းဝင်း၊ အောင်သာမိုး၊ မကွေး[illegible]
ဝင်းနိုင်(ရွှေပြည်သာ)၊ လေးမောင်၊ ထားဥသသုံ၊ နှောင်းစေ၊ [illegible]

www.burmeseclassic.com

www.burmeseclassic.com


စီစဉ်သူ □ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် □ ၂၀၁၆၊ အောက်တိုဘာလ
အုပ်ရေ □ ၅၀၀
မျက်နှာဖုံး □ မြတ်မင်းဟန်
ကွန်ပျူတာစာစီ □ *Maw Maw (New Idea)*
အတွင်းဖလင် □ *Eagle*

■

ပုံနှိပ်သူ
ဒေါ်ယဉ်ယဉ်မွန်
(ဖြူးဝေလျှံပုံနှိပ်တိုက်) (၀၀၂၃၈)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

■

ထုတ်ဝေသူ
ဦးတင်ထွန်း (မြဲ) (၀၀၄၃၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး – ၁၈၀၀ ကျပ်

၈၉၅ ● ၈၃
ညီမှိုင်း၊ မောင်(သန်လျင်)
ကြက်ဘီလူးငွေနားဖြူအပါအဝင်ဂမ္ဘီရဝတ္ထုတိုများ/
မောင်ညီမှိုင်း(သန်လျင်)။ –ရန်ကုန်။
စိတ်ကူးသစ်စာပေ၊ ၂၀၁၆။
၂၀၄–စာ ၊ ၁၃ စင်တီ × ၂၀. ၅ စင်တီ။
(၁) ကြက်ဘီလူးငွေနားဖြူအပါအဝင်ဂမ္ဘီရဝတ္ထုတိုများ


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | ဝတ္ထုအမည် | စာမျက်နှာ |
|---|---|---|
| ၁။ | ကြက်ဘီလူးငွေနားဖြူ<br>မောင်ညိုမှိုင်း(သန်လျင်) | ၁ |
| ၂။ | သုပဏ္ဏက ဂဠုန်ရာဇာ<br>ထောင်မှူးကြီးသိန်းဝင်း | ၂၆ |
| ၃။ | ကြဲကြဲဖန်ဖန်<br>အောင်သာမိုး | ၅၀ |
| ၄။ | လူဆိုးထိန်းမောင်ကြီးနှင့် တုံးခေါက်တခွေ<br>မကွေးညိုစိမ့် | ၆၉ |
| ၅။ | ခဲဖိုး<br>ဝင်းနိုင်(ရွှေပြည်သာ) | ၉၃ |
| ၆။ | မုဆိုးလက်သင်<br>လေးမောင် | ၁၀၇ |
| ၇။ | စည်းခြားချစ်သူ<br>ထားဥသယ် | ၁၃၈ |
| ၈။ | ဝိညာဉ်ကစားပွဲ<br>နှောင်းဝေ | ၁၆၅ |
| ၉။ | အင်္ဂါရုပ်ကြည့် ကိုဖိုးသိ<br>ဩဝိသ | ၁၉၀ |


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

ကျွန်တော်သည် တိရစ္ဆာန်တို့ရဲ့ ဂမ္ဘီရဆန်းကြယ်လို ဖြစ်ရပ်များ၊ စိတ်နယ်လွန်ဖြစ်ရပ်ဆန်းကြယ်လို ကိစ္စရပ်များအကြောင်း စာတွေ့ရော ကိုယ်တွေ့ရော ကြုံတွေ့သိမြင်ရှိခဲ့ဖူးပါတယ်။

အဲဒီ ဖြစ်ရပ်ဆန်းကြယ်များအကြောင်းကို ဝတ္ထုသဖွယ် စီကုံးရေးသားခဲ့တာ ဝတ္ထုတိုပုဒ်ရေ မနည်းတော့ပါဘူး။

မြွေအကြောင်း၊ ခွေးအကြောင်း၊ နွားအကြောင်း၊ တိုက်ကျွဲအကြောင်း၊ တိုက်ကြက်, အိမ်မွေးကြက်များအကြောင်း၊ ဆင်အကြောင်း၊ ငှက်အကြောင်း အတော်စုံလင်ခဲ့ပါပြီ။

တစ်ခါတစ်ခါ စဉ်းစားကြည့်ပါတယ်။ ကွယ်လွန်သူ စာရေးဆရာကြီး ဆရာသော်တာဆွေလို (သတ္တဝါတို့၏သံသရာ)ဆိုသည့် ဝတ္ထုပေါင်းချုပ်လို (တိရစ္ဆာန်အချို့၏ ဘဝဖြစ်ရပ်ဆန်းကြယ်များ)ဆိုပြီး မဂ္ဂဇင်းပေါင်းစုံမှာ ပါဝင်ပြီးသည့် ဝတ္ထုတိုတွေကို သီးသန့်အတိုပေါင်းချုပ် ထုတ်ရကောင်းမလားလို့ပါ။

သီးသီးသန့်သန့် အမှတ်တရသဘောမျိုးပေါ့။ (စိတ်ကူးသစ်စာပေ) နဲ့ စကားပြော ဆွေးနွေးကြည့်ရမှာပါပဲ။

ကိုတင်ထွန်းကလည်း ဂမ္ဘီရဆန်းကြယ်တို့ ဖြစ်ရပ်ဆန်းကြယ်တို့ဆို အလွန်စိတ်ဝင်စားသူကိုး။

**စိတ်ကူးသစ်စာပေ**

www.burmeseclassic.com

www.burmeseclassic.com


"ကိုတင်ထွန်း ... မိုးကြိုးပစ်ခံရတဲ့သစ်ပင်ကြီးက ညဘက်သန်းခေါင်ရောက်ရင် လူစကားပြောသတဲ့ဗျာ"

"ဟုတ်လား ဆရာ၊ ဘယ်ရပ်ကွက်မှာလဲဟင်"

"စာရေးဆရာ ထောင်မှူးကြီးသိန်းဝင်းတပည့် ဘုန်းကြီးကျောင်းမှာလို့ ပြောတာပဲဗျ"

"ဒါဆို မြန်မြန်ရေးပါ ဆရာ။ ဆရာထောင်မှူးကြီးသိန်းဝင်း လက်ဦးသွားမှာစိုးလို့ပါ။ သုံးထောင်ကျပ်တန် လုံးချင်းဝတ္ထုရှည်လောက် ရေးနိုင်ရင် ဂန္ထဝင်တွင်ကျန်မှာ ဆရာ။ လက်မနှေးနဲ့နော်ဆရာ။ သစ်ပင်ကို ကျွန်တော်ကိုယ်တိုင် ဓာတ်ပုံရိုက်ပြီး ကာဗာမှာ ပန်းချီမြတ်မင်းဟန်ရဲ့ ကိုးရိုးကားရားလက်ရာနဲ့ အပီထုတ်မယ်ဆရာ"

ကိုယ့်လူကလည်း အဲဒီလို လက်ကျကမြန်ချင်တယ်။ အဲဒါ စာရေးဆရာကြီးထောင်မှူးကြီးသိန်းဝင်းလက်မဦးခင် ရေးဖို့ လျှို့ဝှက်လေ့လာစုံစမ်းလိုက်တော့ မိုးကြိုးပစ်ခံရတဲ့သစ်ပင်က လူစကားပြောတာမဟုတ်ဘူး။ သန်းခေါင်ရောက်ရင် အဲဒီသစ်ပင်ကြီးပေါ်ကို အရူးမောင်ချိုင်ဆိုတာတက်ပြီး အရွက်ကြားကနေ တောင်စဉ်ရေမရ စကားတွေ လျှောက်ပြောနေတာလို့ သိရတာနဲ့ ထုတ်ဝေသူမောင်တင်ထွန်းရော ကိုယ်ရော ခွင်ကောင်းလေးတစ်ခွင် လွတ်သွားရလေရဲ့။

ဒါနဲ့ ပြီးခဲ့သည့်လတုန်းက မောင်တင်ထွန်းစိတ်ကျေနပ်မှုရှိအောင် တိရစ္ဆာန်လေးကောင်ရဲ့ ဖြစ်ရပ်ဆန်းကြယ်ဘဝကို ဝတ္ထုတိုတစ်ပုဒ် ရေးပေးလိုက်ပါတယ်။

ကျွန်တော်တို့မိဘများ၊ မိသားစုများကိုယ်တိုင် မျက်စိရှေ့မှောက်မှာ ကိုယ်တွေ့ကြုံခဲ့ရသည့် လူနဲ့တိရစ္ဆာန်တို့ရဲ့ ဘဝရေစက်အကြောင်းပါ။

အဲဒီမှာ တိုက်ကျွဲကြီး တိုးမောင်၊

ကြက်ဘီလူးကြီး ငွေနား၊

ဆင်မကြီး မပန်နဲ့ ဦးခေါင်းမှာ ထိပ်ကွက်ခေါင်းကျားလေးပါသည့် ခွေးနက်ကလေးတစ်ကောင် အကြောင်းပါ။

အဓိကဇာတ်က ဒေးစွန်ပါတောင်ခြေက စာရေးဆရာမောင်စိန်လှိုင်(ဥဿာ)တို့ မမျှော်လင့်ဘဲရခဲ့သည့် ခွေးနက်ကလေးရဲ့ စိတ်နယ်လွန်ဖြစ်ရပ်ဆန်းအကြောင်းက အဓိကပေါ့။

အဲဒီမှာ ရှေ့ကနေကြိုပြီး တိုက်ကျွဲတိုးမောင်၊ ကြက်ဘီလူးငွေနားနဲ့ ဆင်မကြီးမပန်တို့ရဲ့ ဖြစ်ရပ်ဆန်းကြယ်ဘဝလေးများကို ခပ်တိုတို ပျိုးခေါ်



www.burmeseclassic.com

www.burmeseclassic.com


ဇာတ်ခင်းရင်း နောက်ဆုံး ခွေးနက်ကလေးရဲ့ စိတ်နယ်လွှန် ဖြစ်ရပ်ဆန်းကြယ်ကို ပုံဖော်ထားတာပါ။

ပြောရရင်တော့ တိရစ္ဆာန်လေးကောင်ရဲ့ ဘဝကိုယ်စီအကြောင်းကို တကယ် ရေးရင် ဝတ္ထုတိုတစ်ပုဒ်စီလည်း ဖြစ်နိုင်သလို ဝတ္ထုရှည်လုံးချင်းလည်း တစ်အုပ်စီ ရနိုင်အောင် သူတို့နဲ့ ကျွန်တော်တို့မိသားစုရဲ့ အခြေခံဘဝရေစက်က ရှိခဲ့လို့ပါပဲ။

ခပ်တိုတိုစာပိုဒ်သဘောမျိုးနဲ့ ကျွန်တော်ရေးခဲ့ရတာ အားမရလို့ အဲဒီ ဇာတ်ကောင်လေးကောင်အနက်က ကြက်ဘီလူးငွေနားကြီးအကြောင်းကို ခပ်ဖွဲ့ဖွဲ့ လေး ပြန်ချဲ့ရေးလိုက်ရတာပါ။

ပြောရရင် ...

ယနေ့တိုင် ... ကျွန်တော့်မျက်စိထဲမှာ ကြက်ဘီလူးငွေနားကြီးကို မြင်ယောင်နေတုန်းပါပဲလေ။

✿ ✿ ✿

[၂]

အမှန်က ကြက်ဘီလူးငွေနားကြီးလို့ တစ်နေ့ နာမည်ကြီးလာမည့် ကျွန် တော်တို့ကြက်ဖကြီးက မြန်မာတိုက်ကြက် မဟုတ်ဘူးခင်ဗျ။

ဒီကောင်က စစ်တကောင်းမျိုး၊ ငွေနားကြက်ဖကြီး။ အားလုံး သိတော်မူ သည့်အတိုင်းပါပဲ။ ကျွန်တော်တို့ မြန်မာကြက်ဖများက အလုံးအထည် မကြီးကြ ဘူး။ တိုက်ကြက်မျိုးကျတော့ ဆယ့်နှစ်ပြား၊ ဆယ့်သုံးပြားသာရှိပေမင့်။ အရောင် အသွေး လှတယ်။

တိုက်ကြက်မှာ ကြက်နီချိုပ်၊ ဥပန်း၊ မဂို၊ မဂဲ ဒီလို အရောင်အလိုက် အမည်ပေးကြတယ်။ ခွပ်လက်ခွပ်သားကောင်းအောင် နေ့စဉ် မနက်တိုင်း ရေပေး ယုယပြီး တိုက်ကြက်ဘဝရောက်အောင် မွေးရတာ။

သူက သန်မာတယ်။ ကျစ်လျစ်တယ်။ သတ္တိကောင်းတယ်။ ရန်လိုစိတ် ရှိတယ်။ ပြိုင်ဘက်ကို မရွေးဘူး။

(၁၉၅၀) ကျော်ဝန်းကျင်က ဟံသာဝတီအရှေ့ခြမ်းလို့ခေါ်သည့် ကျွန်တော် တို့မွေးရပ်မြေ (ဆေးလုံးကြီး)ကျေးရွာမှာ တိုက်ကျွဲပွဲ၊ တိုက် နွားပွဲ၊ တိုက်ကြက်ပွဲ အကြီးအကျယ်လုပ်ကြတာ။


www.burmeseclassic.com

www.burmeseclassic.com



ရွာသူကြီးကိုယ်တိုင် စီမံခန့်ခွဲပြီး နားလည်မှုထား ပြောဆိုလုပ်ကိုင်ကြတာ။ တိုက်ကွဲပြိုင်ခတ်ရင် စာချုပ်မှာ ဟိုဘက်ဒီဘက် လောင်းကြေးထည့်ရေးနှစ်ဖက်သဘောတူပြိုင်ကြတာ။

ဆေးလုံးကြီးနဲ့ ချောင်းစောက်ကျေးရွာကြားက ကွဲကွင်းမြေတလင်းဝန်းကျင်ဟာ ပွဲဈေးတန်းနဲ့ စည်မှစည်ပါ့ဗျာ။ ထမင်းဟင်းမျိုးစုံ၊ တောအရက်၊ ချက်အရက်မျိုးစုံ သရေစာမျိုးစုံ ရောင်းကြတာ။

တာဝကျေးရွာ၊ စစ်ပင်ကွင်းကျေးရွာ၊ ဆေးလုံးကြီး၊ ချောင်းစောက်၊ ငပကျေးရွာ၊ ကုန်းတန်းလို့ခေါ်တဲ့ . . ဟိုး . . ကတ္တရာလမ်းနံဘေးက ပျဉ်ထောင်ကျောင်း၊ နတ်စင်ကုန်း၊ လက်ယက်စမ်း၊ ဘုရားကုန်း စသည့်ကျေးရွာက စိတ်ဝင်စားသူ ကြားကြသမျှ လောင်းကြေးပိုက်ပြီး လာကြတာ။

အခုခေတ် နှစ်လုံးထီ သုံးလုံးထီ လောင်းကြေးအတွက် နာရီပေါင်၊ ထဘီပေါင်ဆိုတာ ဘာဆန်းလို့လဲ ခင်ဗျာ။

ကျွန်တော်တို့ရွာ ကွဲတိုက်ပွဲ၊ ကွဲခတ်ပွဲမှာဆိုရင် မုဆိုးမကအစ ထမင်းအိုး (ဒန်အိုး) ရောင်းထိုး၊ ပေါင်ထိုးတာ။

ကျွန်တော်တို့တိုက်ကွဲကြီး တိုးမောင်က နာမည်ကြီးပဲ။ ရှုံးပွဲမရှိ အနိုင်ချည်းပဲ။ နောက်ဆုံး တိုက်ကွဲဆိုးရဲ့ဒဏ်ကို ကျွန်တော်တို့အဖေလည်း လိုမ့်ခံလိုက်ရတာပဲ။

ထားတော့ဗျာ . . . ဒီအကြောင်း တစ်နေ့တစ်ချိန်ကျမှ ဝတ္ထုတစ်ပုဒ်ရေးပါ့မယ်။ ငွေနားကြီးအကြောင်း ဆက်ကြစို့ရဲ့။

ကျွန်တော်တို့အဖေက ရွာအိမ်မှာ ကြက်မျိုးစုံမွေးတာ။ တိုက်ကြက်ကို ဗမာကြက်ရော၊ ကြက်တိန်ညင်ပုလေးတွေရော၊ အကောင်ပေါက် အသားစားကြက်ရော မွေးတာ။ တစ်သုတ်တစ်သုတ် မြို့တက်ရောင်းရင် ကောင်ရေမနည်းဘူး။

ရွှေတစ်ကျပ်သားမှ သုံးလေးငါးရာရှိတာဗျ။

ဝီလီဂျစ်ကား တစ်စီးများ ထောင်ဂဏန်းပဲရှိတယ်။

ပဲဆီတစ်ဆယ်သား ပြားလေးဆယ်။

ပလေကတ်ပုဆိုးတစ်ထည်မှ ငါးမူး၊ သုံးမတ်။

ငါးပြားစေ့၊ ဆယ်ပြားစေ့ တစ်စေ့ရှိရင် ဘိန်းမုန့်၊ ဆီကြော်မုန့်၊ မုန့်ပျားသလက် ဝယ်စားလို့ရတယ်။ အဲဒီလို ငွေတန်ဖိုးက ရှိတာကလား။

မြို့ပေါ်က ရုံးစာရေးမှ တစ်လကို လစာ(၁၂၆)ကျပ်ပဲရတယ်။ အဲဒီငွေနဲ့ လင်မယားနှစ်ယောက် တစ်လဝ ိ ်စားတာ ငွေစုမိသေးရဲ့။



www.burmeseclassic.com

www.burmeseclassic.com


ခုများတော့ဗျာ . . . ကျွန်တော်တို့ တစ်လ သုံးသိန်းနီးပါးကုန်ပဲ။ ဒီကြား ထဲ မလောက်လို့ နှစ်ဆယ်တိုးနဲ့ ချေးရသေး။ အဲဒါ မြို့ပေါ်တက် ကြက်ရောင်းပြီး ရင် မြို့ဈေးကနေ ရွှေနားကပ်၊ ရွှေလက်စွပ် ကျွန်တော်တို့ မောင်နှမများအတွက် အမှတ်တရ ဝယ်လိုက်သေးရဲ့ခင်ဗျာ။

ဒီမှာ အဖေက ကြက်ကိုအသားတိုးအောင် ခုခေတ် စီပီကြက်များကဲ့သို့ ဓာတုဗေဒအားဆေး မပေါ်သေးလို့ မကျွေးနိုင်ဘူး။ ကြက်မျိုးစပ်ရတယ်။

အဲဒီအချိန်တုန်းက ဘီလပ်တို့၊ စစ်တကောင်းတို့က မျိုးယူလာသည့် ရွှေနား၊ ငွေနား ကိုယ်လုံးကြီး အသားတိုးကြက်ဖကြီးတွေ ရှိကြတာကိုး။

ကိုယ်လုံးကြီးတွေကလည်း ကြီးမှကြီးဗျာ။ တစ်ကောင်ကို သုံးပိဿာနီးပါး ရှိတာကိုး။

အမွေးအရောင်ကလည်း အနီ၊ အဖြူ၊ အနက် အချို့ ရောင်စုံရောလို့။ အမောက်ကြီးတွေကလည်း ဦးခေါင်းပေါ်မှာ ခွေးသွားစိပ်တပ်ထားသလို လက် ငါးချောင်းဖြန့်ထားသလို အမောက်ကြီးတွေ ထောင်ကားနီရဲနေတာကလား။

အချို့ စစ်တကောင်းကြက်ဖကြီးတွေက ရွှေနားတွဲကြီးနဲ့။ အချို့က ငွေရောင်နားတွဲ ဖွေးဖွေးကြီးတွေနဲ့။

အဲဒီ စစ်တကောင်းကြက်ဖကြီးတွေကို ရွှေနားခေါ်ကြ ငွေနားခေါ်ကြ ပေါ့ဗျာ။ လှမှလှပဲ သီလား။

အတက်ကြီးတွေဆိုလည်း ချွန်ရှည်ပြီး ကော့နေတာ။ အဲဒီ စစ်တကောင်း ကြက် ရွှေနားငွေနားကြီးတွေနဲ့ မြန်မာကြက်မနဲ့ မျိုးစပ်သားဖောက်လိုက်ရင် . .

ကြက်အကောင်ကြီးမျိုး မွေးရော။ အချို့ တောင်ပြန်ကြက်တွေ မွေးတယ်။ အချို့ အမွေးမရှိတဲ့ ကြက်လင်းတလို အသားတိုးကြက်ကြီးတွေ မွေးတယ်။ မြန်မာ ကြက်တစ်ကောင်ချိန်လိုက်ရင် အလေးချိန်တစ်ပိဿာ သာသာပဲရှိတာ။ စစ်တကောင်း မျိုးစပ် ရွှေနားငွေနားသားမျိုးဆိုရင် တစ်ကောင်ကို နှစ်ပိဿာအနည်းဆုံးပဲ။ စားရ တာလည်း အစပ်မျိုးဆိုတော့ ကောင်းမှကောင်းဗျာ။

အဲဒါ အဖေက ငွေနားစစ်တကောင်း ကြက်ဖကြီးတစ်ကောင် မျိုးဝယ် လာပြီး အိမ်မှာ သားစပ်ရောင်းတာကိုး။

အလုပ်ကတော့ ဖြစ်သလားမမေးနဲ့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၃]

ဒီမှာ ကျွန်တော်တို့ မျိုးကြက်စစ်တကောင်း ငွေနားကြက်ကြီးက ထူးထူး ခြားခြား အစွမ်းဗီဇတွေ ပြလာပါရောခင်ဗျ။

အမှန်က ...

ဘိလပ်ကြက်မျိုးခေါ် စစ်တကောင်း ငွေနား ရွှေနား ရောင်စုံ ကြက်ဖ ကြီးများသည် ကိုယ်လုံးကြီးရဲ့။ အရပ်မြင့်ရဲ့။ အတက်ချွန်ပါရဲ့။ တွန်သံရှည်လို့ နားထောင်ကောင်းပါရဲ့။

ဒါပေမဲ့ ဒီကောင်ကြီးတွေက ငတုံးကြီးတွေ။ မြန်မာတိုက်ကြက်ကိုတွေ့ ရင် သူ့ရောကိုယ်ရော မ,မာန်ချီပြီး မယားလုခွပ်ကြပေမဲ့ ရေတိုမှာပဲ ကိုယ်လုံး လေးသည့် စစ်တကောင်း ရွှေနား ငွေနားကြက်ဖကြီးတွေ ပြေးရရောလေ။

ပြိုင်ခွပ်ကြေးဆို မြန်မာကြက်ကို လုံးဝမယှဉ်နိုင်ဘူး။ ကျွန်တော်တို့ရွာမှာ အိမ်အတော်များများက အသားတိုးစပ်ဖို့ စစ်တကောင်း ရွှေနား ငွေနား ကြက်ကြီး တွေကို မွေးကြတာများတယ်။ ဒီကောင်ကြီးတွေ မနက်စောစောများတွန်ရင် သိပ် နားထောင်လို့ ကောင်းပါ့ဗျာ။

"အောက် .. အီ ... အီး ... အွတ် ..."

သင်းတို့က သံရှည်ဆွဲပြီး တွန်သကိုး။ ကျွန်တော်တို့ မြန်မာတိုက်ကြက်ဖ က သံတိုသံပြတ်ပဲတွန်တာ။ မြန်မာတိုက်ကြက် သံရှည်တွန်ရင် ကြက်ပိုင်းကို မသွင်းနဲ့။ ဟင်းအိုးထဲကို အာလူးကြီးကြီးနဲ့ ရောလိုက်။ မယုံလို့သွားတိုက်ရင် ခွက်ခွက်လန်ရှုံးပြီး အိမ်ကမယားပါ သူ့မယားဖြစ်သွားနိုင်တယ်။



www.burmeseclassic.com

www.burmeseclassic.com


ကြက်တိန်ညင်ကျတော့ အသံစူးစူးသေးသေးလေးနဲ့ ဟစ်ပြီး တွန်တာ။ ပုပုသေးသေးလေးတွေ။ အံမယ် ..ကြက်တိန်ညင်ကလည်း အရပ်ကြည့်တော့ ခြောက်လက်မနီးပါးသာရှိတာနော် ခွပ်ပြီဆိုရင် ကြက်တက်စူးသလားမမေးနဲ့။ တစ်ပေကျော်မြင့်တဲ့ မြန်မာတိုက်ကြက်တောင် ကြက်တိန်ညင်အတက်စူးလို့ ကန်းတာ သေတာ မြင်ခဲ့ဖူးရရဲ့ဗျာ။

ကြက်တိန်ညင်စွမ်းရင်လည်း အရိုးကျိုးပွဲသိမ်းပဲ။

ပြောခဲ့သလိုပါပဲ ... ကျွန်တော်တို့ စစ်တကောင်းငွေနား ရွှေနားတွေက လှတယ်။ ခန့်တယ်။ အလေးချိန်စီးတယ်။ သို့သော် ပြိုင်ခွပ်ကြေးပော့ဆိုရင် သူက အလျင်ရှုံးရော ပြေးရော။

အမိုက်ခံလို့ခွပ်ရင် အမောက်ကားကားကြီးတွေ အခြားကြက်အတက်စူးပြီး သွေးသံရဲရဲနှင့် စုတ်ပြတ်သပ် မြင်မကောင်းဗျာ။

သို့သော် သို့သော် သို့သော် ... ကျွန်တော်တို့ကောင် ငွေနားကြီးကား အံ့ဖွယ်ထူးလေစွ။ ငွေနားကြီးက ကြက်မဆယ်ကောင်ကို ထိန်းထားနိုင်တယ်။

တစ်နေ့ ...

ကိုကျော်သိန်းတို့အိမ်က တိုက်ကြက် 'ရှိင်ဖယ်' ဆိုတဲ့ကောင်ရယ် ... ကျွန်တော်တို့အိမ်က ကြက်မအုပ်ကို လာရစ်ပါရော။ ဒီမှာ ကျွန်တော်တို့ကောင် စစ်တကောင်းငွေနားကြီးက သူ့မယားကို လာလုရပ်ပါ့မလားဆိုပြီး တိုက်ကြက် ရှိင်ဖယ်ကို ခံခွပ်ပါရောဗျို့။

"ဟော့ ... ငွေနားကြီးနဲ့ရှိင်ဖယ် ခွပ်နေပလား"

"ငွေနားကြီး ... ချ ... ချ .."

"ရှိင်ဖယ်ကွနော်။ ရှိင်ဖယ် ... ချထား ... ခွပ်ထား"

"ငွေနားကိုနိုင်ရင် အားလုံး မင်းမယားချည်းပဲဟေ့"

အိမ်နီးနားချင်းများက ကြက်နှစ်ကောင်ခွပ်တာကို ကြည့်ပြီး မြှောက်ပေးကြပေါ့ဗျာ။ အဲဒီနေ့က အိမ်မှာအဖေမရှိဘူး။ ကျွန်တော်တို့ညီအစ်ကိုလည်း ကြက်ခွပ်ပွဲကြည့်ချင်လို့ ငွေနားကြီးနဲ့ရှိင်ဖယ် ခွပ်နေတာကိုကြည့်ပြီး ကိုယ့်ကောင်ဘက်က အော်ဟစ်အားပေးပေါ့ဗျာ။

"ဖြောင်း"

"အွတ်"

"ရှိင်ဖယ်ကွ"


www.burmeseclassic.com

www.burmeseclassic.com


“ဖျန်း”

“ဂွတ်”

“ငွေနားကွ ... ချထား ... ခွပ်ထား”

တစ်ပြန်တစ်လှည့် အားရပါးရ ခွပ်နေတာဗျ။ ရှိင်ဖယ်က တိုက်ကြက်ဆိုတော့ ခုန်အားပစ်အား တယ်ကောင်းပဲ။ တစ်ချက်ခုန်ပြီးပစ်လိုက်ရင် ကျွန်တော်တို့ငွေနားရဲ့ နားအုံကိုထိပြီး သွေးကို ရဲခနဲ စို့တာ။

ဒါပေမဲ့ ငွေနားကြီးက မပြေးဘူး။

မယားချော ကြက်မများရှေ့မှာ ရှုံးသွားလို့ပြေးရရင် လင်သူတော်ကောင်းကြီး သိက္ခာကျတယ်လို့များ ထင်လို့လားမသိဘူး။ သူ့ခြေထောက်တုတ်တုတ်အတက်ကားကားကြီးနဲ့ ပြန်ချတာ။

“ဖြောင်း ...”

“ဟာ ...”

“ငွေနားကြီးကွ ... ဖေ့သားကြီးကွ။ ချထား”

တစ်ချက်မှာ ငွေနားကြီးက သူခြေသလုံး တုတ်တုတ်ကြီးနဲ့ စုံညှပ်ပြီး ရိုက်လိုက်တာ ရှိင်ဖယ်နောက်ပြန်လန်ပြီး လဲပါရော။ ဒီမှာ ငွေနားက ပြေးသွားပြီး ခြေနဲ့ပစ်မလိုလုပ်ချိန်မှာပဲ ရှိင်ဖယ်က ဖြုန်းခနဲလှည့်ပြီး ပစ်လိုက်တာ။

“ဖြောင်း”

“အွတ် .. ဂွတ် .. အွတ်”

“ဟာ ...”

“သွားပဟေ့”

ကျွန်တော်တို့ကောင်ငွေနားရဲ့ အမောက်ပြားကြီး အတက်စူးပြီး သွေးပေါက်ပေါက်ကျပါရော။ ဒါပေမဲ့ ငွေနားကြီး မပြေးဘူး။ ဒီမှာပဲ ရှိင်ဖယ်က ပြေးလာပြီး ခုန်အခွပ် ...

ငွေနားကြီးက ခေါင်းလှည့်ရှောင်ပြီး သူ့ရဲ့ ရောမန္တတ်သီးချွန်နဲ့ ရှိင်ဖယ်ရဲ့ နားသားကို ပေါက်ဆိတ်ပြီး မလွတ်တမ်းကိုက်ထားလို့ ဆွဲယမ်းပစ်လိုက်တာ ..

“ဟာ ...”

“ဟယ် ...”


www.burmeseclassic.com

www.burmeseclassic.com



အားချင်းမမျှတော့ ရှိင်ဖယ်လဲရော။ ဒီမှာငွေနားကြီးက ရှိင်ဖယ်ရဲ့ လည်ပင်းကို ညာခြေနဲ့နင်းပြီး ရှိင်ဖယ်ရဲ့ ပါးသား၊ နားရွက်သား၊ မျက်ခုံးသားများ ကို နှုတ်သီးချွန်ရှည်ကြီးနဲ့ ပေါက်ပေါက်ပြီး စားပစ်လိုက်တာဗျာ။

"ဟ ‥ ဟ ‥‥ လုပ်ကြပါဦးဟ"

"ဟော့ကောင်တွေ ‥‥ ဆွဲကြပါဟ"

ဒီမှာပဲ ရှိင်ဖယ်ရဲ့ပိုင်ရှင် ကိုကျော်သိန်းပြေးလာပြီး သူ့ကြက်ကို လုကောက် ရပါရော။ ကြည့်စမ်းဗျာ ‥‥။

ငွေနားကြီးရယ် ‥‥ ဒေါသအရှိန် မပြေသေးဘူးသိလား။ ကောက်ပွေ့ ထားသည့် ရှိင်ဖယ်ရဲ့နောက်ကို လိုက်ပါရော။ အဲဒါ ကျွန်တော်တို့ မနည်းကို ဆွဲထားရတယ်။

"အောက် ‥‥ အီ ‥‥ အီး အွတ် ‥‥"

ကိုင်း ‥‥ ကြည့်တော့။ ဆွဲထားသည့်ကြားက ဒေါသတကြီး မာန်ကို ပြလို့ တွန်လိုက်သေးရဲ့။ သင်းခေါင်းလည်း ပေါက်ပြဒဏ်ရာနဲ့ သွေးခြင်းခြင်း ရဲနေသလို။

ကိုကျော်သိန်းရဲ့ရှိင်ဖယ်လည်း ငွေနားကြီး ဆိတ်ဆွကုတ်ဖဲ့ စားပစ်လို့ တစ်ခေါင်းလုံး အသားတွေပွဲပြီး မျက်စိတောင် မဖွင့်နိုင်ဘူး။ သွေးခြင်းခြင်း ရဲစို နေပြီ။

"ငွေနားကြီး ‥‥ တယ်ဟုတ်တဲ့ကောင်ပါလားကွ ဟင်"

"ဟော့ ‥‥ မောင်မှိုင်း မင်းတို့ကြက်က အာဂပဲကွ"

"ပြိုင်ခွပ်ရဲတာ ဒီတစ်ကောင်ပဲ တွေ့ဖူးသကွာ"

"သူ့မယားတွေရှေ့မှာ သိက္ခာဆယ်ပြတာဗျ ‥‥ ကိုမောင်ဦးရ "

"မင်းလည်း ငွေနားကြီးလို သိက္ခာဆယ်ဦး ဝင်းရ"

"ရန်ဖြစ်တိုင်း ခံခံနေရရင် မင်းမိန်းမကို မင်းနဲ့ကွာပြီး ငွေနားကြီးနဲ့ ပေးစားပစ်ရမယ်။ ကြားလား"

"ဟာဗျာ ‥‥ အစ်ကိုမောင်ဦးကတော့ လုပ်ပြီဗျာ"

ဒီမှာ အဖေရောက်လာပြီး အကြောင်းစုံသိသွားရော သူ့ကောင် ငွေနား ကြီးအတွက် အားရကျေနပ်ရှိသွားပြီ။ ဒဏ်ရာရ အနာအဆာများကို ရေအေးပက် ပွတ်ဆေးလို့ သွေးဆေးများသိပ်ပေးပြီး ခြံလှောင်ထားရလေရဲ့ခင်ဗျာ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၄]

ဘာကြာလိုက်လဲဗျာ ... ကျွန်တော်တို့ကောင် ငွေနားကြီး နာမည်ကြီးကိန်း ကြုံပါရောလား။

ကိုကျော်သိန်းတိုက်ကြက်ကြီး ရှိင်ဖယ်နဲ့ခွပ်လို့ အနာလည်း ကျက်ရော ကိုကျည်းတန်တိုက်ကြက်ကြီး မိုးကြိုးဆိုတဲ့ကြက်နဲ့ ခွပ်ကုန်ကြပါရော။

ကိုကျည်းတန်က မယုံလို့ လွှတ်ပေးတာဆိုပဲ။ (၁၅)မိနစ်ပဲ ခွပ်လိုက်ရပါတယ်ဗျာ။ ကိုကျည်းတန် သူ့ကြက်မိုးကြိုးကို ပြန်ကောက်ပြီး ပြေးရော။

ဘာလို့လဲဆိုတော့ ငွေနားကြီးက ထုံးစံအတိုင်း အနာခံခွပ်တယ်လေ။ သူက ကိုယ်လုံးကြီးတော့ တိုက်ကြက်လို မခုန်နိုင်ဘူးကိုး။ တစ်ချက်ကောင်း အခွင့်အရေးရခိုက်မှာပဲ သူ့နှုတ်သီးချွန်ကြီးနဲ့ အလစ်ဆွဲ ဆွဲဖွဲ့ ဆိတ်စားပစ်လိုက်တာ။

သုံးကြိမ်ရသည့် အခွင့်အရေးမှာ မိုးကြိုးနားပေါက်သား မရှိတော့ဘူး။ မျက်လုံးနံဘေးက မျက်ခုံးသား မရှိတော့ဘူး။ မျက်လုံးတောင် ကံကောင်းလို့ မကာန်းတာ။

အဲဒီအချိန်ကစပြီး အရပ်က ငွေနားကြီးကို ကြက်ဘီလူးငွေနားလို့ နာမည်ဝိုင်းပေးလိုက်တယ်ခင်ဗျာ။

ကြက်ဘီလူးငွေနားကလည်း မယုံလို့လာစမ်းသည့် ကြက်ဖမှန်သမျှကို ရဲရဲဝံ့ဝံ့ တုံ့ပြန်ခွပ်လေ့ရှိတော့ ကုန်ကုန်ပြောရရင် ကျွန်တော့်ရွာ ဆေးလုံးကြီးမှာရှိကြသည့် တိုက်ကြက်တွေရော တိုက်ကြက်မဟုတ်တဲ့ ကြက်ဖမှန်သမျှရော ကြက်ဘီလူးကြီးနဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



သွေးတိုးစမ်းရင်း တွေ့၊

မျက်စိလည်ရင်း တွေ့၊

ကြက်မ,လိုက်ရင်း တွေ့ကြရာက သူလဲကိုယ်ကွဲ ကြုံရာတွေ့ရာမှာ ချလိုက်တာဗျာ။

ကျွန်တော်တို့ကောင် ကြက်ဘီလူးငွေနားကြီးလည်း အမောက်ပြတ်၊ ဟိုကြက်တွေလည်း မျက်လုံးကန်းတဲ့ကြက်ကန်း။ မျက်နှာက မိမွေးတိုင်းဖမွေးတိုင်း မရှိတော့ဘဲ ပါးပွဲ၊ နားရွဲ့၊ နှုတ်ခမ်းပြတ်၊ မျက်ကြောလိုက် ရုပ်ပျက်ဆင်းပျက်ဖြစ်ပြီး အားလုံး ဒေါ်ပွကုန်ပါရော။

"သာဟန် ... မင်းကြက်ကို ရွာမှာ မထားနဲ့တော့ကွ"

"ဟ ... ငါ့ကြက် ငါ့အိမ်မှာငါမွေးတာ ဘာဖြစ်လို့လဲ"

"မင်းကြက် ငါ့တို့တိုက်ကြက်တွေကို သုံးစားမရအောင် ဒုက္ခပေးနေလို့ ပြောနေတာ"

"နေပါဦး ... ငါ့ကြက်ငွေနားက မင်းတို့ကြက်ကို လိုက်ရန်ရှာတာလား၊ မင်းတို့ကြက်တွေက ငါ့ကြက်ကို လိုက်ရန်ရှာလို့ ပြန်ခွပ်တာလား။ ပြော ... ပြောလေကွာ"

"မင်းကြက်က ကြက်ဘီလူးကြီးကွ"

"ကြက်ဘီးလူးပေမဲ့ လူသားမစားဘူးဟေ့"

"မင်းကြက်တော့ မြန်မြန်သေမှ အေးမှာပါကွာ။ ဟင်း ... တွေ့ကြသေးတာပေါ့။

✿ ✿ ✿

[၅]

တစ်နေ့သောအခါ ထူးခြားသောဖြစ်ရပ်တစ်ခုကို ကျွန်တော်တို့ကလေးများ မမျှော်လင့်ဘဲ မြင်လိုက်ရတော့တာပဲခင်ဗျာ။

ဦးကျော်သိန်းနဲ့ လူတစ်ယောက်ခင်ဗျ။ ကျွန်တော်တို့ရွာအိမ်ရှေ့ မြို့စည်း၊ ရိုးလမ်းမှာ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း ကျွန်တော်တို့အိမ်ဝိုင်းကို လှည့်ကြည့် လှည့်ကြည့် လုပ်နေတာရယ်။



www.burmeseclassic.com

www.burmeseclassic.com



အဖေနဲ့များ စကားပြောချင်လို့လား။

ဒါမှမဟုတ် အသားစားကြက် ဝယ်ချင်လို့လားလို့ ထင်နေတာ။ ဒီအချိန်မှာ ကျွန်တော်တို့ကြက်ဖကြီး ငွေနားနဲ့ ကြက်ဖ၊ ကြက်မတစ်အုပ်ကလည်း အိမ်ရှေ့စည်းရိုးဝန်းကျင်မှာ အစာရှာစားနေကြတာ ရယ်။

ကျွန်တော်ကလည်း မသိမသာလေး ကြည့်နေလိုက်တယ်။ ဦးကျော်သိန်းတို့နဲ့ အဖေနဲ့ ဟိုအပတ်က စကားအချေအတင်များထားတာ ရှိသကိုး။

ဒီမှာပဲ ဦးကျော်သိန်းက ခါးပိုက်ဆောင်ထဲက ပစ္စည်းတစ်ခုထုတ်လိုက်ပြီး ငွေနားကြီးတို့ကြက်အုပ်ရှိရာ မယောင်မလည်လှမ်းကြည့်ပြီး ပစ္စည်းတစ်ခုကို ပစ်ချလိုက်ပါရောဗျာ။

ငွေနားဖြူစစ်တကောင်းကြီးဟာ သူ့ရှေ့ရောက်လာသည့် ပစ္စည်းကို နှုတ်သီးနဲ့ ကောက်လိုက် ချလိုက်လုပ်ပြီး မစားဘဲနှင့် သူ့မယား ကြက်မချစ်ဇနီးများကို ကွပ်ကွပ်အော်သံပေးလို့ လာစားလှည့်ကြခေါ်နေတယ်ဗျာ။

ဒီမှာပဲ အစားဆို လက်ကျမြန်တဲ့ ကြက်ဖြူစပ်မလေးက ကပျာကယာ ပြေးလာပြီး အဲဒီစားစရာကို ကောက်ဝါးမျိုချလိုက်ပါရောလား။

ဦးကျော်သိန်းကြီးကလည်း ဟိုကြည့်ဒီကြည့်လုပ်ပြီး နောက်ထပ်စားစရာလို ပစ္စည်းတစ်ခုကို ကြက်ဖကြီးငွေနားရှေ့ ထပ်ပစ်လိုက်ပြန်ပါရောဗျို့။

ထုံးစံအတိုင်း ငွေနားကြီးက မစားဘူး။ သူ့မယား သူ့သားသမီး ကြက်မများ ကြက်ငယ်များကို အသံပြုလို့ ကိုက်လိုက်ချလိုက် လုပ်နေလေရဲ့။ အဲဒါ ဖင်ပြောင် အမွေးမရှိ၊ ကြက်ပေါက်ကြီးတစ်ကောင်က ပြေးလာပြီးကောက်စားလိုက်လေရဲ့။

အလို ...

ကြည့်နေတုန်းမှာပဲ ပထမကောက်စားလိုက်သည့် ကြက်မကြီးရယ် .. အတောင်တဖျပ်ဖျပ် လူးရင်း လိမ့်ရင်း မြေပြင်မှာ အကြောဆွဲလို့ လဲကျသွားပါရောဗျာ။

ဘာကြောလိုက်လဲဗျာ ...

ဖင်ပြောင် အမွေးမရှိ ကြက်ပေါက်ကြီးလည်း ကြက်မကြီးလိုပဲ လူးလွန့်အကြောဆွဲပြီး မြေပြင်မှာ ငြိမ်ကျသွားပါရော။

"အမေရေ .. အမေ ..."

"အစ်မကြီးရေ ... အစ်မကြီး ..."

"ဟဲ့ကောင်လေး ... ဘာဖြစ်လို့ အော်နေတာတုန်းဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မြန်မြန် ... မြန်မြန်လာပါဦး အမေရေ"

ကျွန်တော်ရဲ့ အလန့်တကြား အော်သံလည်းကြားရော ဦးကျော်သိန်းနဲ့ သူ့အဖော်လူဟာ ခြံစည်းရိုးနံဘေးကနေ လှစ်ခနဲ သုတ်ခနဲ ပြေးထွက်သွားကြပါရောဗျို့။

"သား လူလေး ဘာဖြစ်လို့တုံး"

"အမေ ... ဟို ... ဟိုမှာ ကြည့်စမ်း"

"ဟယ် ... ကြက်နှစ်ကောင် လဲလို့ပါလား။ ဘာဖြစ်လို့လဲဟဲ့ ... လူလေးရဲ့"

အမေက လဲကျ မလှုပ်တော့တဲ့ ကြက်နှစ်ကောင်ကို ကောက်ကြည့်ပြီး အံ့သြနေတယ်။

"သေသွားပြီ။ ဒါ ... ဒါ ... ဘယ်လိုဖြစ်တာတုံး"

ဒါနဲ့ ကျွန်တော်က ဦးကျော်သိန်းနဲ့ လူကြီးတစ်ယောက်ရဲ့ မသင်္ကာစရာ လှုပ်ရှားလုပ်ကိုင်ပုံကို ပြန်ပြောပြလိုက်ရော ...

"ဟင် ... ဒီလိုလား"

မြန်းဆို အမေက ခြံစည်းရိုးအပြင်ကို ပြေးထွက်ပြီး ဟိုဒီ ကြည့်လိုက်တော့ သူတို့ မရှိတော့ဘူး။ အခြား ဘယ်သူမှုလည်း မရှိတော့ဘူး။

အဖေပြန်လာလို့ ဒီအကြောင်းပြန်ပြောပြလိုက်တော့ အဖေက ကြက်နှစ်ကောင်ကို အမွေးနုတ်ပြီး ရင်ကို ဓားနဲ့ခွဲလို့ အစာအိမ်စလုတ်ကို ဖွင့်ခွဲကြည့်လိုက်ရောဗျာ ...

ပိုးဟပ်အသေနှစ်ကောင် တွေ့ရပါရော။

"တောက် ... အကြံပက်စက်လိုက်တဲ့ ကောင်တွေကွာ။ တွေ့ကြရောပေါ့"

ဝုန်းဆို အဖေက ဝါးရင်းတုတ်တစ်ချောင်းဆွဲပြီး ဦးကျော်သိန်းတို့နောက် လိုက်မလိုလုပ်ရော အမေနဲ့ ကြီးကြီးမလှကြည်တို့က မနည်းဆွဲပြီး တားကြရတယ်။

"ဒါ .. ဒါ ငါ့ကြက်တွေကို ပိုးဟပ်ထဲ အဆိပ်ထည့်ကျွေးပြီး အသေလုပ်တာကွ"

"ကိုသာဟန် ... မလုပ်ပါနဲ့တော်။ ဘာမဟုတ်တဲ့ ကြက်နှစ်ကောင်ကြောင့် လူအချင်းချင်း ဓားတစ်ပြက် တုတ်တစ်ပြက်ဖြစ်ရမယ့် အလုပ်ကို မလုပ်



www.burmeseclassic.com

www.burmeseclassic.com


ပါနဲ့တော်။ သူ့အကုသိုလ်ကံက သူ့ကို တစ်နေ့ အကျိုးပေးပါလိမ့်မယ်။ လာ ... ကြက်သေနှစ်ကောင်ကို ခွေးလည်း မစားမိစေနဲ့။ စားရင် ခွေးလည်းသေနိုင်တယ်။ ဝေးဝေးယူသွားပြီး မြေကြီးနက်နက်တူး မြေမြှုပ်ပစ်လိုက်တော့ ... နော်"

အမေက အကျိုးနဲ့အကြောင်းနဲ့ ပြောလိုက်လို့ အဖေဟာ ဒေါသကို ချုပ်တည်းပြီး ကြက်သေနှစ်ကောင်ကို ခြံနောက်ဘက်ရေတွင်းပျက် ချုံတွင်းနံဘေးမှာ သွားရောက်မြှုပ်နှံလိုက်တော့တယ်။

✿ ✿ ✿

[၆]

ပြောရရင်တော့ဗျာ ... အဲဒီအချိန်ကစပြီး ရွာထဲက တိုက်ကြက်သမားသုံးဦးဟာ ကျွန်တော်တို့ စစ်တကောင်း ငွေနားဖြူကြီးကို အမြင်ကပ်ကြည့်မရဖြစ်ပြီး အငြိုးထားကြသကိုး။

ငွေနားကြီးနယ်ကျော်ပြီး သူတို့ဝန်းကျင်ကို ရောက်လာရင် လေးခွ၊ အုတ်ခဲများနဲ့ ခြောင်းပစ်ကြတယ်ခင်ဗျာ။

အံ့သြစရာတော့ ကောင်းသားဗျာ။

ကျွန်တော်တို့ငွေနားကြီးက လောက်စာလုံး၊ အုတ်ခဲမှန်ရင် ပစ်လဲမကျဘူးဗျာ။ အသံကုန်အော်ပြီး ရှောင်ထွက်သွားတာပဲ။ တစ်ခုတော့ရှိတယ်။ သူ့ကိုအနီးကပ်ရန်ပြုထားသူကိုတော့ ခွေးများ၊ ဆင်များလို ဦးနှောက်မှတ်ဉာဏ်မှာ မှတ်ထားတေးထားလေ့ရှိတယ်။

ဆိုရရင် ...

ကိုကျော်သိန်းက သူ့သားငတိုးကြီးကို မြှောက်ပင့်ပေးထားတယ်လေဗျာ။ ငွေနားကြီးကို တွေ့ရာနေရာမှာ ပစ်ခတ်သတ်ပစ်။ သေသွားရင် ငွေငါးကျပ်ပေးမယ်တဲ့။

အဲဒီစကားက သူ့သား ငတိုးကြီးကိုသာမကဘူး ရွာထဲက လေးခွကိုင်လူငယ်ကလေးမှန်သမျှကို ပြောထားတာ။

တစ်နေ့ ... ငွေနားကြီးကို ငတိုးကြီးက အနီးကပ်ပြီး လေးခွနဲ့ပစ်ပါရော၊ ငွေနားကြီးကို ထိသွားတယ်။


www.burmeseclassic.com

www.burmeseclassic.com


ဘာပြောကောင်းမလဲဗျာ ...

ငွေနားကြီးက ငတိုးကြီးကို လိုက်ခွပ်ဆိတ်ပစ်တာ။ ကံကောင်းလို့ပေါ့။ ခုန်ပြီးကို ခွပ်တာတဲ့ခင်ဗျာ။

ငတိုးကြီး လက်ရောခြေရော ပေါက်ပြဲပြီး သွေးသံရဲရဲနဲ့ သူ့အိမ်အော်ပြီး ပြေးရပါကရောလား။

ဟား ... ဘာပြောကောင်းလဲဗျာ ...

သူ့အဖေ ကိုကျော်သိန်းနဲ့ ညီအစ်ကိုများရယ် တုတ်ဓားဆွဲပြီး အိမ်ရှေ့လာရန်လုပ်ပါရောဗျို့။

"ဟေ့ ... သာဟန်၊ သာဟန်ရှိလားဟေ့"

"သာဟန် ... အိမ်ရှေ့ကို ထွက်လိုက်ဟေ့"

"ဘာဖြစ်လို့တုံး ကျော်သိန်း"

"ဘာဖြစ်ရမလဲကွ ဒီမှာကြည့်စမ်း ...။ ငါ့သားငတိုးကြီး လမ်းကနေ သွားနေတာကို မင်းကြက်ဖခွေးဘီလူးကြီးက လိုက်ခွပ်တာ ပေါက်ပြဲကုန်ပြီ။ မင်းကိုရော မင်းကြက်ခွေးဘီလူးကြီးကိုရော ဒီနေ့ အပြတ်ရှင်းရမယ်။ လာခဲ့ ..."

အဲဒါ အိမ်ရှေ့မှာ အော်ဟစ်ဆဲဆို ဆူညံစီနီခေါ်နေကြတာ။ နောက်ဆုံး သူကြီးအိမ် ရောက်ပါရောလား။

သူကြီးဦးစံမြက မေးတာပေါ့။

"ငတိုးကြီး ..."

"ခင်ဗျာ ... ဘ ... သူ ... ကြီး"

"မင်းကို ခွေးကိုက်တာလား ကြက်ခွပ်လိုက်တာလား"

"ကြက်လိုက်ခွပ်တာပါ ... ဘသူကြီး"

"ဘယ်ကြက်တုံး"

"ဦးလေးကိုသာဟန်ရဲ့ ကြက်ဘီလူးကြီးပါခင်ဗျာ"

"မင်းကို ကြက်ကလိုက်ခွပ်ရအောင် မင်းက အဲဒီကြက်ကို ဘာသွားလုပ်လို့တုံး"

"ဘာ .. ဘာမျှမလုပ်ပါဘူး ခင်ဗျ။ သူ့အိမ်ရှေ့ကနေ ဖြတ်သွားတာနဲ့ အသားလွတ် လိုက်ခွပ်တာပါခင်ဗျာ"

"ဒါဆို မေးမယ်ကွာ။ သာဟန်ကြက် စစ်တကောင်းကြီးက သူ့အိမ်ရှေ့ လမ်းမက သွားသူတိုင်းကို အမြဲတမ်း လိုက်ခွပ်သလား"



www.burmeseclassic.com

www.burmeseclassic.com


ဝတိုးကြီး မဖြေနိုင်ဘူး။ ဒီမှာ သူ့အဖေကိုကျော်သိန်းက ဝင်ပြောရော။

"ကျွန်တော့်လည်း လိုက်ခွပ်တာပဲဗျာ။ ခွေးထက်ကိုဆိုးတဲ့ စစ်တကောင်း ကြီးပါ သူကြီး"

"ကျော်သိန်း ..."

"ခင်ဗျာ ..."

"မင်းကိုငါမေးတာ မဟုတ်ဘူး။ မင်းသားကို မေးနေတာ။ မင်း ဝင်လျှာ မရှည်နဲ့"

"ဟုတ် ... ဟုတ်ကဲ့ ... ဟို ... ပြောပြတာပါ"

"မင်းပြောစရာ မလိုသေးဘူး။ ငါစစ်မေးမယ်။ ဝတိုးကြီး ... ပြော လေ"

"လူတိုင်းကိုတော့ မဟုတ်ပါဘူး ... သူကြီး"

"မင်းကို လိုက်ခွပ်တာပေါ့"

"ဟုတ်ကဲ့ ... ခင်ဗျ။ အား ... ကျွတ် ကျွတ်"

"မျက်မြင်သက်သေ ဘယ်သူရှိတုံး"

"စံကုလားနဲ့ ဘုတိုရှိပါတယ်"

"စံကုလားနဲ့ ဘုတို ..."

"ခင်ဗျာ ... ဘသူကြီး"

"ဝတိုးကြီးပြောတာ အမှန်ပဲလား"

"ဟုတ် ... အဲ ... အဲ ... ဟုတ်ပါတယ် ခင်ဗျ"

"ဒါဆိုရင် ကြက်ဟာ ခွေးလား၊ လူလား"

"ကြက်ဟာ ... ကြက် ... ကြက် ... ပါ ... ပဲ ခင်ဗျာ"

"အဲဒီလို ကြက်တစ်ကောင်လိုက်ခွပ်တာကို မင်းတို့သုံးယောက်နိုင်အောင် လွတ်အောင် မရှောင်နိုင်တာ မပြေးနိုင်တာ ဘာကြောင့်လဲ ... ပြော"

"အဲ ... အဲ ... ဒါ ... ဒါက ..."

"ဒီကြက်ဖကြီးက ခွေးထက်ဆိုးတယ် ... ဘသူကြီး"

သူတို့က သူကြီးဦးစံမြကို မရဲတရဲကြည့်ပြီး ပြောကြတယ်။

"ဒီမှာဟေ့ ... ဝတိုးကြီးကို သာဟန်ရဲ့ကြက်ဘီလူးကြီး လိုက်ခွပ်တာ ဘယ်သူမြင်သေးသလဲ။ ပြောစမ်း ..."



www.burmeseclassic.com

www.burmeseclassic.com


ဘယ်သူမျှ တုတ်တုတ်မလှုပ်ဘူး။ နှစ်ခါသုံးခါထပ်မေးမှ ဒေါ်ကုလားမ ဆိုသည့် အကြော်သည်မိန်းမကြီးက ပြောရောဗျာ။

"ကျွန်မမြင်တယ် သူကြီး"

အားလုံးရဲ့ မျက်လုံးပေါင်းများစွာက ဒေါ်ကုလားမရဲ့မျက်နှာပေါ်သို့ စုပြုံ ရောက်ရှိ အာရုံစိုက်ကြရောလေ။

"ဘယ်လိုမြင်တုံး ဒေါ်ကုလားမ ... ပြော"

"အစ်ကိုသာဟန်ကြက် စစ်တကောင်းကြီးကို ငတိုးကြီးက အနီးကပ်သွား ပြီး လောက်လေးခွနဲ့ပစ်တာ။ ဒီမှာ ဟိုကြက်ဖကြီးက စိတ်ဆိုးပြီးလိုက်ခွပ်တာ"

"ခင်ဗျားနော် ... ဒေါ်ကုလားမ ... ခင်ဗျား ... မဟုတ်တာ ..."

"ဟော့ကောင် ... ကျော်သိန်း။ တိတ်တိတ်နေ"

ဒါနဲ့ ဒေါ်ကုလားမက ဖြစ်ကြောင်းကုန်စင် မြင်သမျှကို မခြွင်းမချန် ပြော ပြလိုက်ရော ဒီကောင်တွေ ကြက်ကိုရန်လုပ်လို့ ထူးဆန်းသည့် ကျွန်တော်တို့ ကြက်ဖ ကြီးက ပြန်ခုခံတိုက်ခိုက်ခြင်း သိသွားပါရောလေ။

ဒီမှာ ကျွန်တော်တို့အဖေကလည်း ငြိမ်မခံတော့ဘူး။ ငွေနားကြီးကို အဆိပ်သွင်း အစာကျွေးလုပ်ကြတဲ့ အကြောင်းမှသည် လူလစ်ရင်လစ်သလို ငွေနားကြီးကို ပစ်ခတ်လုပ်ကြသည့် အကြောင်းများ ပြန်တိုင်လိုက်ရော။ အားလုံး သဘောပေါက်ပြီ မျက်စိမျက်နှာ ပျက်ကုန်ပါရော ခင်ဗျာ။

"ကိုင်း ... ငါဆုံးဖြတ်မယ်။ သူ့ကြက် သူ့ဟာသူ ထူးထူးခြားခြား စွမ်းရည်ရှိတာကို မနာလိုဖြစ်ပြီး မင်းတို့ကလည်း မဟုတ်တာယုတ် လိုက်မလုပ် ကြနဲ့။ ကိုယ့်ရွာသားအချင်းချင်း သင့်သင့်မြတ်မြတ်ရှိပေါ့။ နောင်ကို သာဟန်ရဲ့ ကြက်ငွေနားစစ်တကောင်းကြီးက လမ်းသွားလမ်းလာ လူကြီးကလေးများကို အသားလွတ်လိုက်ခွပ်တာ မှန်ခဲ့ရင် ငါ့ကိုလာတိုင်။ ငါ ထိထိရောက်ရောက် အရေး ယူမယ်။ ဒီလိုမှမဟုတ်ဘဲ သူ့ကြက်ကို အသားလွတ်ရန်လုပ်ခဲ့ရင် လုပ်တဲ့လူအဆိုး ပဲ။ ကိုင်း ... ပြန်တော့"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၇]

အဲဒီလိုနဲ့ ကျွန်တော်တို့ ကြက်ဖကြီးငွေနားဟာ နာမည်ကြီးလာလိုက်တာဗျာ''

စစ်တကောင်းကြီး ...

မျိုးမစစ်ကြီး ...

ငွေနားကြီး ...

ကြက်ဘီလူးကြီး ...

ကြက်ခွေးဆိုးကြီးနဲ့ ... နာမည်ကို ရနေတာပဲ။ ပြောပါပကောဗျာ။ ကျွန်တော်တို့ အိမ်နီးနားချင်းကလေးများကို ဘယ်တုန်းကမှ လိုက်မခွပ်ပေါင်ပဲဗျာ''

မနက်အရုဏ်တက်ရင် ငွေနားကြီးက အသံအကျယ်ကြီးနဲ့တွန်တာ။ တစ်ရွာလုံး ကြားကြပ့်။ ဆေးလုံးကြီးကျေးရွာမှာ ဒီကောင်ကြီးထက်စောတွန်သည့်ကြက် မရှိပေါင်ဗျာ။ ဝီရိယကလည်း ကောင်းမှကောင်း။

သံရှည်ဆွဲပြီး တွန်တာမှ အသံလည်း သာယာပါ့ဗျာ။ တိုင်ကပ်နာရီကြည့်စရာမလိုဘူး။ ငွေနားကြီးတွန်ပြီးရင် ရွာဦးဘုန်းကြီးကျောင်းက အုန်းမောင်းနဲ့ ကြေးစည်ရိုက်ရော။

နောင်အခါ ငွေနားကြီးက တိုက်ကြက်တွေကို ပြိုင်ခွပ်ရဲသဟေ့ဆိုသည့် သတင်းက ရွာနီးချုပ်စပ်ကို ပျံ့သွားပြီး ကြက်တိုက်ဖို့ လာဆွယ်ပါရောဗျို့။ အဖေက ကနဦးမှာ လက်မခံပါဘူး။



www.burmeseclassic.com

www.burmeseclassic.com


ဦးလေးကျော်ခင် (အဖေ့ညီ) က တစ်ပွဲလောက် စမ်းကြည့်ပါရစေ အစ်ကို ရာလို့ အကြိမ်ကြိမ် နားပူနားဆာလုပ်လွန်းလို့ တိုက်ချင်လည်း တိုက်ကွာဆိုပြီး ခွင့်ပြုလိုက်တယ်။

အဲဒါ ချောင်းစောက်ကျေးရွာက ကိုမိုးကြိုးတို့ တိုက်ကြက် 'စတင်းဂန်း' နဲ့ လောင်းကြေးစားကြေးတိုက်တာ။

'စတင်းဂန်း' ကလည်း နာမည်ကြီးကြက်တဲ့ခင်ဗျ။

စတင်းဂန်းသေနတ်ပြောင်းဝက ကျည်ထွက်သလို ခွပ်တဲ့မြန်တဲ့ ကြက် ဆိုပဲ။ တိုတိုပြောကြပါစို့ဗျာ ... သုံးရေအရောက်မှာ ကိုမိုးကြိုးရဲ့ နာမည်ကြီး တိုက်ကြက် စတင်းဂန်းကြီး ပါးသား၊ နားသား၊ မျက်ခွံသား အကုန်ပြတ်ပြီး သွေးသံ ရဲရဲနှင့် ဘာမှမမြင်ရတော့ဘဲ စည်းဝိုင်းကနေ ပြေးရော။

အိုဗျာ ... အဲဒီနေ့တုန်းက ဦးလေးကျော်ခင်တို့ ပျော်ပုံများနှယ် လုံကွင်း မြှောက် အင်္ကျီမြှောက် ဦးထုပ်မြှောက်ပြီး ခုန်ကြကကြ ပျော်မြူးကြတာ။

ပြည်တော်သာကန်အောက်ဘက်က မချစ်ပုထန်းရည်ဆိုင်မှာ ရှိသမျှ ထန်းရည်ကုန်ရော။ နိုင်ကြေးနဲ့ သောက်ချင်တဲ့လူသောက် သဒ္ဒါကြီးလိုက်သကိုး။

အဲဒီနေ့ အဲဒီရက်ကစပြီး ကျွန်တော်တို့ စစ်တံကောင်းငွေနားကြီးဟာ တိုက်ကြက်ဘဝကို ရောက်သွားရော ဆိုပါစို့ဗျာ။

စစ်ပင်ကွင်းကျေးရွာက တိုက်ကြက် 'ဒုံးကျည်'၊

ပျဉ်ထောင်ကျောင်းကျေးရွာက တိုက်ကြက် 'နေတစ်စင်း'၊

သန်လျင်မြို့ကြီးပေါ် တရုတ်သူဌေးအလျောင်ရဲ့ တိုက်ကြက် 'ငရဲမီး'၊

တိုက်ကြက်သုံးကောင်စလုံး ကျွန်တော်တို့ စစ်တကောင်း ငွေနားဖြူ ခြေချက်၊ နှုတ်သီးချက်နဲ့ လင်းတမျက်ခွက်ဘဝရောက်ပြီး ရုပ်ပျက်ဆင်းပျက်ဘဝနဲ့ ရှုံးကုန်ကြရော။

ဦးလေးကျော်ခင်တို့အုပ်စုလည်း သောက်သောက်လဲ အနိုင်ငွေရတာပဲ။ အဖေလည်း ရလိုက်တာပဲ။

နောင်အခါ ... ပြောစမှတ်ပြုလာခဲ့ရတယ်။

ဆေးလုံးကြီးကျေးရွာက သာဟန်တို့၊ ကျော်ခင်တို့ တိုက်ကြက် စစ် တကောင်းကြီးနဲ့များ ယောင်လို့သွားမတိုက်နဲ့ လောင်းကြေးမယားချင်းထပ်ရင် ငါတို့မိန်းမတွေ သာဟန်တို့ညီအစ်ကို မယားဖြစ်ကုန်မယ်တဲ့ဗျာ။


www.burmeseclassic.com

www.burmeseclassic.com



ဒီကြက်ပွဲကြောင့် ကိုကျော်သိန်းတို့အုပ်စုလည်း အမြင်မှန်ရသွားတယ်။ ဘာလို့လဲ သိလား။ ကြက်ပွဲရှိရင် ကျွန်တော်တို့ ငွေနားကြီးဘက်က ဝင်ဝင်လောင်းလို့ပဲလေဗျာ။ ခုတော့ စစ်တကောင်းငွေနားကြီး အားလုံးကို အကျိုးပေးမှန်း သိသွားကြပြီ။ ချီးမွမ်းခန်းဖွင့်လေရဲ့။

ဒါနဲ့အတူ စပ်ပွဲလေးများရှာပြီး ဦးလေးကျော်ခင်ကိုရော အဖေ့ကိုရော မျက်နှာချိုသွေးကြသည့်အပြင် ငွေနားကြီးကိုလည်း တို့ရွာကို အကျိုးပေးတဲ့အကောင်ကြီးကွလို့ ဂုဏ်ယူစကားပြောကုန်ကြလေရဲ့ခင်ဗျာ။

✿ ✿ ✿

[၈]

ကုန်ကုန်ပြောရင် ဓာတ်သိကြက်သမားတွေကတော့ ကျွန်တော်တို့ငွေနားကြက်ဘီလူးကြီးနဲ့ အောက်ကြေးရော အထက်ကြေးရော ထပ်ပြီး စိန်ခေါ်မတိုက်ရဲကြဘူး။ တစ်ရပ်တစ်ကျေးက ဓာတ်မသိသူ မယုံသူတွေက လာစမ်းကြတာ။ စမ်းသမျှ ကြက်သမားလည်း မျက်ရည်သုတ် ပြန်ရတာချည်းပဲ။

အဲဒါ ငွေနားကြက်ဘီဘူးကြီးနဲ့ တိုက်ရဲသည့်ကြက် ဆေးလုံးကြီးရွာ အနီးဝန်းကျင်မှာ မရှိတော့ဘူး။ ပြောရရင် ... ငွေနားကြီး အနားရနေပြီ။

ဒီကောင်ကြီးက ခြိသိပ်လုံတာပဲ သိလား။ ပြောရင် ယုံပါ့မလားမသိဘူး။ ငွေနားကြီးက မြွေပါနိုင်တာဗျ။ တစ်ခါမှာ မြွေဟောက်နဲ့ ငွေနားကြီး ပြိုင်တိုက်နေတာကို အိမ်နီးနားချင်းများပါ မြင်လိုက်ကြရတာလေ။

ကြည့်စမ်းဗျာ ...

မြွေဟောက်က ငွေနားကြီးကို ပါးပျဉ်းထောင်ပြီး လှမ်းပေါက်တယ်။ ငွေနားကြီးက ရှောင်ပြီး ပြန်ခွပ်တယ်။ မြွေဟောက်ဦးခေါင်းနဲ့ ငွေနားကြက်ဘီလူးရဲ့ဦးခေါင်းဟာ ဘယ်ယိမ်းညာယိမ်း သူခေါ်ကိုယ်ခေါ် ဟန်ရေးများပြပြီး တိုက်ခိုက်သည့်မြင်ကွင်းဟာ အံ့သြစရာ အသည်းယားစရာ မြင်ကွင်းပါဗျာ။

ဒီမှာပဲ ပွဲသိမ်းမြင်ကွင်းကို အံ့ဖွယ်မြင်လိုက်ကြရပါရောဗျို့။



www.burmeseclassic.com

www.burmeseclassic.com


မြွေဟောက်ကပေါက် ငွေနားကြီးကရှောင်။ ငွေနားကြီးက ခြေနဲ့ပစ်ရင် မြွေဟောက်က နောက်ကိုဆုတ်။ ဒီလိုနဲ့ တစ်ကောင်နဲ့တစ်ကောင် သူ့ပညာ ကိုယ့်ပညာ အားပြိုင်ချောင်းမြောင်းနေချိန်မှာပဲ ...

ငွေနားကြီးက သူ့ဦးခေါင်းကို မြေမှာဝိုက်ပေးလိုက်ရော ဖြုန်းဆို မြွေဟောက်က အားကုန်ပေါက်ချလိုက်တာ ...

ငွေနားကြီးက ခေါင်းငဲ့လိုက်ပြီး ဖျတ်ခနဲ လှည့်အားယူလို့ သူ့ရဲ့နှုတ်သီးချွန်နဲ့ မြွေဟောက်ရဲ့ ဦးခေါင်းကိုဆိတ်ပြီး ခြေစွယ်တွေနဲ့ ဖိနင်း။ အဆက်မပြတ် ပေါက်ဆိတ်ဆွဲစား လုပ်ပစ်လိုက်တာ။

မြွေဟောက်ကြီး ခေါင်းကြွလို့မရဘူး။ ဒါနဲ့ မြွေမြီးနဲ့ လှမ်းပြီး ခြေကို ချိတ်ပေါက်တယ်။ ငွေနားကြီးခြေထောက်နှစ်ချောင်းက သံမဏိခြေထောက်လို မာတဲ့ခြေပဲဗျာ။ ဘယ်ရမလဲ။

နောက်ဆုံး မြွေဟောက်ကြီး ဦးနှောက်ဟောင်းလောင်းပေါက်ဖြစ်ပြီး လုံးဝ ကို ငြိမ်သက်သွားလေရော ခင်ဗျာ။

အဲဒီအချိန်ကစပြီး ...

စစ်တကောင်းငွေနားကြီးသည် အလွန်ကို အံ့သြထူးဆန်း ရဲစွမ်းသတ္တိနှင့် ပြည့်ဝသည့် ကြက်ဖကြီးအဖြစ် ကျွန်တော့်တစ်ရွာလုံးက အံ့အံ့သြသြ ဖြစ်ကုန်ကြပါရောခင်ဗျာ။

ပြောရဦးမယ် ခင်ဗျာ။

ကြက်ဘီလူးကြီးငွေနားက ခြံဝိုင်းထဲကို လူစိမ်းသူစိမ်း လုံးဝအဝင်မခံဘူး။ ဝင်လာရင် လိုက်ခွပ်တာ။ ဒီကောင်ကြီးခွပ်ရင် အသားကို ပေါက်ပြဲစုတ်ပြဲ ဖြစ်ရော။ ဓာတ်သိလူရင်းဝင်လာရင် ဘာမှမလုပ်ဘူး။ ခေါင်းမော့ပြီးရင် သူ့အစာသူ ရှာစားနေလျက်ပဲ။

အဲဒါကို ရွာတစ်ရွာက အလှူခံလာရင်း ဓာတ်မသိတော့ ခွေးကိုက်ခံရ သလို ပြေးရရော။

နောက် ညှိသည်စောင်သည်လာရင် ...

"ကိုသာဟန်ရေ ... ရှင့်ကောင်ကြီး ... ကြည့်ပါဦးဟ"

"မြရီရေ ... နင့်သားကို ထိန်းထားဦးဟဲ့"


www.burmeseclassic.com

www.burmeseclassic.com


အဲဒီလိုအသံပြုပြီးမှ ဝင်ရတယ်။ အိမ်မှာ ခွေးမွေးထားပေမဲ့ ဒီကြက်ဖကြီးက ပိုပြီး လုံခြုံစိတ်ချရတယ်။ ခြံထဲမှာ မြွေ၊ ကင်း၊ ကင်းလိပ်ချောမရှိဘူး။ ဝင်လာသမျှကို ငွေနားကြီးက အကုန်လိုက်ဖမ်းစားပစ်သကိုး။

အိပ်ရင်လည်း ကြက်ခြံထဲမှာ မအိပ်ဘူး။ ဟိုသရက်ပင်ကိုင်းပေါ် တက်အိပ်တာ။ မိုးလင်းမှ အပင်ပေါ်က ဆင်းလေ့ရှိတယ်။ ဒါပေမဲ့ ဒီကောင်ကိုခိုးယူဖို့က မလွယ်ဘူးလေ။

တစ်ည အိမ်အောက်ကနေ ဝုန်းဒိုင်းကွဲအသံများ ကြားရလို့ ကျွန်တော်တို့တစ်အိမ်သားလုံး နိုးကုန်ရော။

"ဖြောင်း ... ဖြောင်း ..."

"ကတော် ... ကတော် ... ကတော် ..."

"အမယ်လေးဗျာ ..."

"ဝုန်း ... ဝုန်း ..."

"ဖရန်း ... ဖရန်း ..."

"ဖြောင်း ..."

"အား ... ကယ်ကြပါဦးဗျာ။ အား ... အား ..."

လူအော်သံ၊ ကြက်ခွပ်သံ၊ ကြက်တွေလည်းအော်သံ ကြားရလို့ မီးထွန်းပြီး အိမ်အောက်ဆင်းကြည့်ရော ...

လူတစ်ယောက်ကို ကြက်ဖကြီးငွေနားက သဲကြီးမဲကြီး ခွပ်နေတာကို အံ့ဖွယ်မြင်ရပါရောဗျို့။ အောက်ကလူက မြေကြီးမှာ လိမ့်နေပြီး လက်နဲ့ကာရဲ့၊ မောင်းရဲ့၊ အော်ရဲ့။

အဲဒါ အဖေက ငွေနားကြီးကို မနည်းဆွဲပြီး မြေကြီးမှာ လူးလိမ့်အော်ဟစ်နေသည့် လူစိမ်းကို ပွေ့ထူမေးမြန်းရရော။ လူစိမ်းကိုယ်မှာ အတက်စူးရာ ကြက်ဆိတ်ရာနဲ့ သွေးခြင်းခြင်းရဲနေပြီ။

"ဟေ့ကောင် ... မင်းဘယ်သူလဲ"

"အား ... ကျွန်တော့်နာမည် ... င ... င ... ပိန်ပါ"

"မင်းဘယ်ကလဲ၊ ဘာလာလုပ်တာလဲ။ ပြော ..."

" ကျွန် ... ကျွန်တော် ( ...... )ရွာကပါ ခင်ဗျာ။ အား ... ပိုက်ဆံလို ... လိုလို့ ကြက်ဝင်ခိုး ... ရင်း ... အား ... ကျွတ် ကျွတ် ... ဟိုသစ်ပေါ်က


www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်ကြီးခုန်ဆင်းပြီး ... ခွပ် ... အား မလေး ... စပ်လိုက်တာဗျာ။ ကျွန်တော်မှား ... မှားပါပြီ ... အစ်ကိုကြီးတို့ရာ ... အား ... အား ..."

လက်စသတ်တော့ (....) ရွာက ကြက်သူခိုး ငပိန်ဆိုသူကိုး။ ကြက်ဝင်ခိုးတာ ငွေနားကြီးတွေ့ပြီးခွပ်လို့ အခု သွေးသံရဲရဲ ဒဏ်ရာစုတ်ပြဲနဲ့ အော်ဟစ်နေရပြီ။

နောက်ဆုံးတော့လည်းဗျာ ...

သူခိုးငပိန်ကို သူကြီးအိမ် မအပ်ရက်တော့ပါဘူး။ ဒဏ်ရာကို သန့်စင်ဆေးထည့်ပေးပြီး အဖေက သနားလို့တဲ့ ငွေနှစ်ဆယ်ပေးပြီး ပြန်လွှတ်လိုက်တယ်။

"နောင် ဒီရွာမှာ ဒါမျိုးလာမလုပ်နဲ့။ လုပ်ခဲ့ရင် မင်းကို သူကြီးကတစ်ဆင့်ရဲလက်အပ်ရလိမ့်မယ်။ ကြားလား"

"ဟုတ် ... ဟုတ်ကဲ့ပါဗျာ ... အား ... အား ... ကျွန်တော် ... အစ်ကိုကြီး၊ အစ်မကြီးတို့ကို ကန်တော့ပါရဲ့ဗျာ။ နောင် ဘယ်တော့မှ ဝင်မခိုးတော့ပါဘူး အစ်ကိုကြီးတို့ရယ်"

ပြောရရင် ကျွန်တော်တို့ စစ်တကောင်းငွေနားဖြူကြီးက အဲဒီလို ထူးဆန်းပြီး အားကိုးစိတ်ချရတာလေဗျာ။

တစ်ခုတော့ ရှိတယ် ... ဒီကောင်ငွေနားဖြူ ကြက်ဘီလူးကြီးမှာ အားနည်းချက်တစ်ခုရှိတယ်။ ဒီကောင် ရေအရမ်းကြောက်တယ်ခင်ဗျ။

မိုးသဲသဲမဲမဲရွာရင် အပြင်ကိုမထွက်ဘူး။ မိုးတွင်းရောက်လို့ မိုးရွာရင် သစ်ပင်ပေါ်ကဆင်းပြီး သူ့အတွက်လုပ်ပေးထားသည့် အိပ်တဲ မိုးလုံလေလုံမှာ အိပ်လေ့ရှိတယ်။

သူ့ခွပ်နေရင် ရေပုံးနဲ့ခပ်ပြီး ပက်လိုက်ရင် ဒီကောင်ပြေးရော။ ဘာလို့ရေကြောက်မှန်းမသိဘူး။ သူ့ကို ထိန်းမရ ပြောမရရင် ရေခွက်နဲ့ ရေခပ်ပြီးပက်လိုက်။ အနားကို မကပ်ရဲတော့ဘူး။

တစ်နေ့ ကျွန်တော်တို့အဖေ အိပ်မက်ဆန်းတစ်ခု မြင်မက်ခဲ့တယ်။

မိုးရွာရေအိုင်ထဲမှာ ငွေနားကြီး တောင့်ပြီးသေနေသည့် အိပ်မက်ပဲ။

အဲဒီအိပ်မက်ကို သာမန်လို့ပဲ ထင်ထားလိုက်တာ။

တစ်နေ့ အိမ်ရှေ့ ရေတွင်းဆီကနေ ဝုန်းခနဲ ကတော်ခနဲကြားလို့ ဘာများလဲဆိုပြီး ထမင်းစားရင်းကနေ ထကြည့်လိုက်ရော။ ရေတွင်းထဲကို ငွေနားကြီး ပြုတ်ကျသွားတာ ဖြစ်နေပါရော။



www.burmeseclassic.com

www.burmeseclassic.com


ဖြစ်ပုံကဒီလို . . .။ မျက်မြင်များပြောချက်အရ ကြက်မနောက် လိုက်တာတဲ့။ ကြက်မက မောင်းတက်ရေတွင်းက အရံတန်းပေါ်ကို ခုန်တက်ပြေး၊ ငွေနားကြီးက နောက်ကနေ ခုန်လိုက်ရင်း ဆွေးနေသည့် ရေတွင်းစည်းရိုးတန်းကျိုးပြီး အရှိန်လွန်လို့ ရေတွင်းထဲ ပြုတ်ကျသွားတာ။

ငုံ့ကြည့်လိုက်တော့ ရေတွင်းထဲမှ ငွေနားကြီး ရုန်းရင်းခတ်ရင်း အသံကုန် အော်ဟစ်နေတာမြင်ရရော။

ဒီမှာအဖေက မောင်းတက်နဲ့ ရေပုံးချိတ်ပြီး ရေတွင်းထဲကို အမြန်ထိုးချလိုက်တယ်။ ဒီကောင် ရေပုံးပေါ် မတက်နိုင်ဘူး။

ဒါနဲ့ မောင်းတက်ကိုကိုင်ပြီး အဖေက ရေတွင်းထဲကိုဆင်း။ ဒီကောင်ကြီးကို လက်တစ်ဖက်ကပွေ့ လက်တစ်ဖက်က မောင်းတက်ကိုင်ရင်း ဆွဲဟော့လို့ အော်ပြောရတယ်။

အဲဒါ ဦးလေးကျော်ခင်တို့လူစု မောင်းတက်ကို အပေါ်မ,တင်ပြီး ကူညီကြမှ ဒီကောင်ကြီး အပေါ်ရောက်တော့တယ်။ ချမ်းပြီး တုန်လို့ဗျာ။

ခမျာ အတောင်ကို ခါခါနေလိုက်တာ။ အဖေက ပုဆိုးနဲ့ သူ့ကိုယ်ပေါ်က ရေတွေသုတ်ပြီး နေပြပေးရတယ်။ တိုတိုပြောရရင် ဒီကောင် ရေအေးပတ်ပြီး ငိုင်တိုင်တိုင်ဖြစ်နေတယ်။ အစာလည်း ဟုတ်တိပတ်တိ မစားဘူး။

ကြက်မတွေ သူ့အနားလာရင်လည်း ဆိတ်လွှတ်ပြီး လင်းတကြီးလို ငေါင်တောင်တောင်နဲ့။

"အစ်ကိုသာဟန် . . . ဒီကောင် အအေးပတ်ပြီး ဖျားပြီနဲ့တူတယ်"

"ဘာလုပ်ပေးရင်ကောင်းမလဲ . . . ကျော်ခင်"

"ကျွန်တော် ကြက်ဆေး သွားရှာလိုက်ဦးမယ်"

"ရှာကွာ . . . မြန်မြန်သွား"

ဦးလေးကျော်ခင်ပြန်လာတော့ ကြက်သမားကြီးဦးခြို ပေးလိုက်သည့် ကြက်ဆေးကို ရေနွေးနွေးလေးနဲ့ ဖျော်တိုက်ပြီး ဂုန်နီအိတ်အခင်းပေါ်မှာ ချပေးထားလိုက်တယ်။

မနက်မိုးလင်းခါနီးရောက်တော့ ငွေနားကြီးရဲ့တွန်သံကို မကြားရဘူး။ အေးလေ . . . နေမကောင်းတော့ခမျာ မတွန်နိုင်ရှာဘူးပေါ့။ နေကောင်းရင် သံရှည်ကြီးဆွဲပြီး အားရပါးရတွန်မှာပါ။ မိုးစင်စင်လင်းလို့ ဆင်းကြည့်လိုက်ရော . . .


www.burmeseclassic.com

www.burmeseclassic.com


"ဟင် ..."

"ငွေနားကြီး ... သား ... ငွေ ... နား ... ကြီး ..."

"ကိုသာဟန် ... ဘာဖြစ်လို့တုံး"

"မြရီ ..."

"ဘာတုံး ... ငွေနား ... ဘာဖြစ်လို့တုံးတော်"

"ငွေ ... နား ... ကြီး ... အသက် .. မ .. ရှိ .. တော့ .. ဘူး"

"ဟင် ..."

"အမယ်လေး ... သားကြီး ငွေနားရဲ့။ ဟီး ... ဟီး ... ဖြစ်မှဖြစ်ရ လေခြင်းတော် ... သားရေ .. ငွေနား ... ဟီး ... ဟီး ..."

အမေလည်း ငို၊

ကျွန်တော်တို့လည်း ငို၊

အစ်မတွေလည်း မျက်ရည်ဖြိုင်ဖြိုင်ကျ။

အဖေနဲ့ ဦးလေးကျော်ခင်လည်း မျက်ရည်တဝဲဝဲ၊

အိမ်နီးနားချင်းများလည်း စိတ်မကောင်းကြဘူး။

ကြည့်စမ်းပါဗျာ ...

ပြိုင်ဘက်မှန်ရင် ဘယ်သူ့မှမိုလ်မထားသည့် စစ်တကောင်းငွေနားဖြူကြီး။

ခြံဝင်းထဲကို သူစိမ်းဝင်လို့မရအောင် ခွေးတစ်ကောင်လို လုံခြုံစိတ်ချရသည့် ငွေနားဖြူကြီး။

မြွေဟောက်ကိုတောင် ဦးနှောက်ဖောက်စားသည့် ကြက်ဖ ကြက်စွမ်း သူရဲကောင်းကြီးရယ် ...

တောင့်တင်းပြီး သေနေပြီ။

သူ့ရဲ့နှာခေါင်းနဲ့ ပါးစပ်ဝန်းကျင်ပေါ်မှာ ပုရွက်ဆိတ်အနီနဲ့ အမည်းများက ရဲရဲဝံ့ဝံ့တက်ရောက်ပြီး ရသမျှ အရေအသားအဆီတို့ကို အားရပါးရ စားသောက် ပွဲတော် တည်နေကြလေရဲ့ဗျာ။

မောင်ညိုမှိုင်း(သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[၁]

ကျွန်ုပ် အားလပ်ရက်တစ်ရက်တွင် သုံးဆယ်ဆရာတော်ဘုရားအား ဖူးမြော်ရင်း အဝေးပြေးကားထောင်ထားကြသော တပည့်ကျော်အောင်သန်းနှင့် မျောက်တင်သောင်းတို့ဖြင့် တွေ့ဆုံကြသည်။ ၎င်းတို့မှာ ယခင်က လယ်သမားမျိုးရိုး၊ သုံးဆယ်မြို့နှင့် (၁၀)မိုင်ခန့်ဝေးလှသော လှည်းလမ်းကူးရွာတွင် နေထိုင်ကြသည်။

တောတောင်များအတွင်း ရွာကလေးဖြစ်၍ မုဆိုးအလုပ်လည်း ကျွမ်းကျင်ကြသည်။ ယခုတော့ ကျွန်ုပ်ပံ့ပိုးထားသဖြင့် အဝေးပြေးကားပိုင်ရှင်များ ဖြစ်နေကြပြီး သုံးဆယ်မြို့တွင် တိုက်တစ်လုံးစီဆောက်၍ နေထိုင်နေကြပြီဖြစ်သည်။

ကျွန်ုပ်ကိုမြင်သည်နှင့် အောင်သန်းနှင့် တင်သောင်းတို့မှာ ပျာပျာသလဲ လှိုက်လှဲစွာ ခရီးဦးကြိုကြပါသည်။

"ဆရာရယ် ... မတွေ့ရတာ ကြာပေါ့။ ကားလည်းမပါဘူးလား။ တစ်ယောက်တည်း အဖော်လည်းမပါဘူး"

"ဟကောင်တွေရ ... ဒီခရီးနဲ့ ဒီခရီး၊ ဘာအဖော်လိုမလဲကွ။ ကားကလည်း အိမ်ရှေ့ကတက်စီးတာနဲ့ မင်းတို့ဆီရောက်တာပဲ။ မင်းတို့သာ ငါ့ကိုမေ့နေကြတာ ထင်ပါရဲ့"

"ကျေးဇူးရှင်ကို ဘယ်မေ့ပါ့မလဲ ဆရာရယ်။ လာမယ့်ပိတ်ရက်မှာ ဆရာ့ကို လာကန်တော့ဖို့ ပစ္စည်းတွေတောင် ဝယ်ထားပြီးပါပြီ"

"တော်ပါကွာ ...။ ကြုံမှကန်တော့တဲ့ ကောင်တွေ။ ကဲ ... ငါတည်းခိုဖို့ စီစဉ်ပေး။ နေ့လယ်စာလည်း မစားရသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာရယ် . . . ကျွန်တော်တို့သုံးဆယ်မြို့က ရန်ကုန်မြို့လို မဟုတ်ပေမဲ့ စားစရာသောက်စရာ ပေါပါတယ်။ ဒီမြို့မှာ သုံးဆယ်ဆရာတော်ဘုရားကြီးပေါ်လာတော့ ပိုတောင်စည်ကားပါသေးတယ်။ ကျွန်တော်တို့ ကားလိုင်းတွေလည်း အလွန်အင်မတန် ဝင်ငွေကောင်းတာပေါ့ . . . ဆရာရယ်။

အခုဆို ကျွန်တော်တို့ ကားတွေကို ကိုယ်တိုင်မမောင်းတော့ဘဲ ကျွမ်းကျင်တဲ့ ယာဉ်မောင်းစက်ပြင်တွေကို ငှားထားတယ် ဆရာ။ ဒါကြောင့် ကျွန်တော်တို့ အားနေတာ။ အသက်ကလည်း ကြီးလာကြပြီလေ ဆရာရဲ့"

"အေး . . . အေး . . . မင်းတို့ပဲကြီးကြ။ မင်းတို့အသက်တွေက (၅၀) လောက်စီပဲ ရှိကြဦးမှာပါ။ ငါဆို အသက် (၆၀) တောင်ကျော်ပြီ။ ခရီးယာယီက တော့ သွားကောင်းတုန်းပဲ"

"ဆရာက ခြေဖွေပါလို့ထင်ပါရဲ့။ ဆရာ့ဘဝတစ်လျှောက်လုံး ခရီးချည်း သွားနေရတာပဲနော်"

"အင်း . . . ဒါကတော့ ငါ့ဝါသနာပဲ။ ဒါကြောင့်လည်း ကျန်းမာတာပေါ့ကွာ"

"ဒါနဲ့ ဆရာအခုလာတာ ဆရာတော်ဘုရားကို ဖူးမြော်ရုံသက်သက်လား"

"မဟုတ်ဘူး . . . အောင်သန်းရေ မင်းတို့နဲ့လည်း တွေ့ချင်တယ်။ အရင် မင်းတို့နေခဲ့တဲ့ လှည်းလမ်းကူးရွာအပြင် ဆရာစံရဲ့အလံတောင်နဲ့ ဂျမြန်တပ်သားတွေ စခန်းချခဲ့တဲ့နေရာတွေကိုလည်း လေ့လာချင်လို့ပါ။ ငါအခု စာရေးနေတာ လည်း မင်းတို့သိပါတယ်"

"သိပ့် ဆရာရယ်။ လစဉ်ထုတ်မဂ္ဂဇင်းတွေမှာ ဆရာ့လက်ရာတွေကို ဖတ်ရပါရဲ့။ တစ်ခါတလေ ကျွန်တော်တို့နာမည်တွေတောင် ပါသေး"

"အေး . . . အေး . . . ရော့ . . . ရော့ . . . ဒါ နောက်ဆုံးထုတ် လုံးချင်း ဝတ္ထုတွေ။ မင်းတို့ ခွဲဝေယူကြပေတော့။ ကဲ . . . ငါရေချိုးမယ်။ ပြီးရင် ထမင်းစားမယ်"

"ဆရာ . . . ထမင်းကို အပြင်ဆိုင်မှာစားရအောင်။ ကျွန်တော်တို့ ဆရာ တပည့်တွေ လွတ်လွတ်လပ်လပ်စကားပြောရင်း စားကြသောက်ကြတာပေါ့နော်"

"ဟဲ့ကောင်တွေ . . . ငါခရီးပန်းလာတယ်။ အပြင်မထွက်ချင်တော့ဘူး။ ဒီအိမ်မှာပဲ စားမယ်။ ညနေကျမှ အပြင်ထွက်စားကြတာပေါ့"

"ဆရာ့အစီအစဉ် ကောင်းပါတယ်ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



မျောက်တင်သောင်းက အပြင်ထွက်၍ စားစရာသွားဝယ်စဉ် အောင်သန်းက ကျွန်ုပ်ရေချိုးနိုင်ရန် စီစဉ်ပေးသည်။ အိမ်တွင်း၌ ရေချိုးခန်းနှင့် အိမ်သာနှင့် ၎င်းတို့ဘဝလည်း အဆင့်မြင့်မားနေကြပြီ ဖြစ်သည်။

"အောင်သန်းရေ ... ကလေးတွေနဲ့ မင်းမိန်းမရော့ကွ"

"ကလေးနှစ်ယောက်က ကျောင်းတက်တယ်လေ ဆရာ။ မိန်းမကတော့ တင်သောင်းတို့အိမ် သွားနေတယ်။ မကြာပါဘူး လာပါလိမ့်မယ် ဆရာ"

နေ့လယ်(၁၂)နာရီအချိန်ခန့်တွင် တင်သောင်းနှင့်အတူ ၎င်းတို့၏မိန်းမများလည်း အထုပ်အပိုးကိုယ်စီဖြင့် ပါလာကြသည်။

"ဆရာရယ် ... အခုမှပဲ ပေါ်လာတော့တယ်။ ကျွန်မတို့က ဆရာ့ကို ကန်တော့ဖို့ စီစဉ်နေကြတာ။ သီတင်းကျွတ်ကျောင်းပိတ်ရက် လာကန်တော့ကြဖို့ပဲ။ ပစ္စည်းတွေတောင် ဝယ်ခြမ်းပြီးပါပြီ"

"အေး ... အေး ... ကန်တော့တာတော့ ကောင်းပါတယ်။ ငါ့အပြန် ပစ္စည်းတွေတစ်ပွေ့တစ်ပိုက်နဲ့ အလုပ်ရှုပ်လှတယ်"

"မပူပါနဲ့ ... ဆရာရယ်။ ဆရာ့တပည့် ကျွန်တော်တို့နှစ်ယောက်စလုံး လိုက်ပို့မှာပါ။ ကျွန်တော်တို့ကားတွေက သာယာဝတီနဲ့ရန်ကုန် ပြေးနေတာ အဆင်ပြေပါတယ်"

ကျွန်ုပ်အား ထိုနေ့ နေ့လယ်စာကို အောင်သန်းနှင့် တင်သောင်းတို့မိသားစုက ဖွယ်ဖွယ်ရာရာ တည်ခင်းကျွေးမွေးပါသည်။ နေ့လယ်စာစားကြရင်း စကားလက်ဆုံပြော၍မကုန်တော့ပါ။ ထမင်းစားအပြီး အချိုပွဲတည်းရင်း စကားပြောကြပြန်သည်။

"ဆရာ ... ဒီည ဒီမှာညအိပ်ရင်း နားပေါ့။ မနက်ဖြန်မနက်မှ ကျွန်တော်တို့ရွာနဲ့ အလံတောင်ဘက် သွားကြတာပေါ့"

"ဘာနဲ့သွားကြမှာလဲ။ မင်းတို့ရွာက ကားလမ်းပေါက်ပြီလား"

"ဆည်ကြီးဆောက်ထားတော့ ကားလမ်းလည်းပေါက်ပါ့ ... ဆရာရယ်။ ဒါပေမဲ့ အလံတောင်ဘက်တော့ ကားလမ်းမပေါက်သေးဘူး။ ကျွန်တော်တို့က ဆိုင်ကယ်နဲ့သွားမယ်လို့ စိတ်ကူးထားတာ"

"အေး ... အဲဒီအစီအစဉ် ကောင်းပါတယ်။ ဒါပေမဲ့ ငါ ဆိုင်ကယ်မစီးတာ အနှစ်(၂၀)လောက်ရှိပြီ။ ဖြစ်ပါ့မလား"

"ကယ်ရီဆိုင်ကယ်မဟုတ်ဘူး ဆရာ။ ကျွန်တော်တို့က ကိုယ်ပိုင်ဆိုင်ကယ်တွေနဲ့ သွားကြမှာ။ ဆရာကိုယ်တိုင် မောင်းချင်မောင်း၊ မမောင်းချင်လည်း နောက်



www.burmeseclassic.com

www.burmeseclassic.com



ကလိုက်ပေါ့။ ကျွန်တော်တို့က ကျွမ်းပါတယ်။ ဆိုင်ကယ်တွေကလည်း တရုတ်မဟုတ်ဘူး။ ယိုးဒယားဆိုင်ကယ် (DREAM 125) တွေပါ။ ဆွဲအားကောင်းပါတယ်။ တောင်ဆင်းတောင်တက်လည်း စိတ်ချရပါတယ်''

''အေး ... အေး ... ကောင်းပါတယ်။ ငယ်မူပြန်ကြသေးတာပေါ့''

''ဒါနဲ့ မင်းတို့ လှည်းလမ်းကူးရွာနားမှာ ဘာတောကောင်တွေ ရှိသေးသလဲ''

''အရင်လိုတော့ မပေါ်တော့ဘူးဆရာ။ ဆည်ကြီးဆောက်တော့ တပ်နဲ့လုံခြုံရေးချထားလို့ မျောက်နဲ့ချေလောက်၊ တောဝက်လောက်ပဲ ရှိပါတော့တယ်''

''မပစ်ချင်တော့ပါဘူးကွာ။ တောပြုန်းသွားပြီလားလို့ သိချင်တာပါ။ ငါလာတဲ့ အဓိကရည်ရွယ်ချက်က ဆရာစံနဲ့ ဂျူန်တပ်သားတွေအကြောင်းကို ကွင်းဆင်းပြီး လေ့လာချင်တာပါ။ ဓာတ်ပုံရိုက်မယ်၊ မှတ်တမ်းပြုစုဖို့ မေးမြန်းချင်တယ်။ ရှေ့မီနောက်မီလူကြီးတွေ ရှိကြသေးသလား''

''ကာယကံရှင်တွေတော့ ဘယ်ရှိတော့မလဲ ... ဆရာရယ်။ သားစဉ်မြေးဆက်တော့ ရှိကြပါသေးတယ်''

အောင်သန်းပြောနေစဉ် မျောက်တင်သောင်းက ဝင်ပြောလာသည်။

''ဒီနားက လိပ်အင်းရွာမှာလည်း ဆရာစံဂျူန်အဆက်တွေ ရှိပါတယ်ဆရာ။ နောက်ပြီး အစွန်ပိုင်းက လိပ်အင်းနဲ့ တောင်ပို့ရှည်ရွာတွေမှာလည်း ရှိကြပါတယ်။ ကျွန်တော်တို့ရွာနားက လမ်းဘေးမှာလည်း စခြဖြူစုရွာဆိုတာရှိတယ်။

အဲဒီရွာမှာလည်း အဘဘိုးသက်ရှည်ဆိုတာရှိတယ်။ ပခုံးမှာ ဂျူန်ရုပ်တွေနဲ့ အသက်(၉၀) လောက်ရှိပြီ။ ဆရာစံတပ်သားဟောင်းကြီးပေါ့။ သတိလည်းကောင်းသေးတယ်။ စကားပြောလည်း အလွန်ကောင်းတာ''

''အေး ... အေး ... အဲဒါဆိုရင် မင်းတို့လှည်းလမ်းကူးရွာ သွားရင်းဝင်ကြတာပေါ့။ တစ်ဆင့်စကားတစ်ဆင့်ကြားထက် ကိုယ်တိုင်ကြုံတဲ့သူပြောပြတော့ ပိုအဆင်ပြေတာပေါ့''

''ကောင်းပါတယ် ... ဆရာ။ လိပ်အင်းနဲ့ တောင်ပို့ရှည်ရွာတွေက အစွန်ပိုင်းဆိုတော့ ဝေးတယ်။ လမ်းလည်း မကောင်းဘူး။ အဘိုး ဘိုးသက်ရှည်နေတဲ့ စာဖြူစုရွာကတော့ လှည်းလမ်းကူးရွာသွားလမ်းဘေးမှာမို့ အဆင်ပြေတာပေါ့ နော ဆရာ''

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

[၂]

ထိုနေ့ညက သုံးဆယ်ချောင်းနံဘေးက တရုတ်ဆိုင်တွင် ကျွန်ုပ်တို့ဆရာ တပည့် စားကြသောက်ကြရင်း ငယ်မူပြန်ကြသည်။ တကယ်တော့ အောင်သန်းနှင့် မျောက်တင်သောင်းမှာ ၎င်းတို့နှစ်ဦး စားခုတ်မှုဖြင့် ထောင်ကျစဉ်အခါက ကျွန်ုပ်နှင့် သုံးတန်ကူးရဲဘက်စခန်းတွင် ဆုံတွေ့ကြပြီး ကျွန်ုပ်ပြောင်းရွှေ့ရသော မအူပင် ဆိပ်(၁) စခန်း၊ လှော်တုန်းစခန်းနှင့် လေ့လော့်အင်းစခန်းများသို့ အတူလိုက်ပါ ပြောင်းရွှေ့ ကြပြီး ကျွန်ုပ်အား ပြုစုခဲ့ကြသော တပည့်ရင်းခြာများ ဖြစ်ကြပေသည်။ ထို့ကြောင့် လည်း တစ်ဦးအပေါ်တစ်ဦး သံယောဇဉ်ရှိကြပြီး ချစ်ခင်တွယ်တာကြပါသည်။

ညစာစားပြီးတော့ အောင်သန်းနှင့်တင်သောင်းက ကျွန်ုပ်အား သူ့အိမ် အိပ်ရန်၊ ငါ့အိမ်အိပ်ရန် လု၍ ဖိတ်ခေါ်ကြပြန်ပါသည်။

''ဟဲ့ကောင်တွေ ... လုမနေကြနဲ့။ ဒီနေ့ည အောင်သန်းအိမ်မှာပဲ အိပ် မယ်။ အပြန်ကျမှ တင်သောင်းအိမ်မှာ အိပ်မယ်။ အခုညလည်း တင်သောင်းက ငါတို့နဲ့အတူ အောင်သန်းအိမ်မှာ လာအိပ်။ အပြန်ကျတော့ တင်သောင်းအိမ်မှာ ငါ အိပ်ရင် အောင်သန်းက တင်သောင်းအိမ်မှာ လိုက်အိပ်လှည့်။ ဒါမှညီမျှမယ်''

''ဒါအမှန်ပဲ ... ဆရာ။ လုံးဝမှန်တာတောင် ဒါလောက်မမှန်နိုင်ဘူး။ ဒါ အမှန်ပါပဲ''

အောင်သန်းက ခေတ်စကားဖြင့် နောက်ပြောင်လိုက်သည်။ တင်သောင်း ကတော့ ...



www.burmeseclassic.com

www.burmeseclassic.com


"ဆရာ့စကား နားထောင်မှာပါ ... ဆရာရယ်။ ကျွန်တော်တို့ကို အိမ်
ရာနဲ့ စီးပွားရေးအဆင်ပြေအောင် လုပ်ပေးတဲ့ ဆရာ့စကားကို မြေဝယ်မက
နားထောင်မှာပါဆရာ"

"အေး ... အေး ... ကောင်းပြီ"

ထိုညက အောင်သန်းမိန်းမ မတင်မိသုပ်ပေးသော လက်ဖက်သုပ်
စားကြကာ ကျွန်ုပ်တို့ဆရာတပည့် စကားပြောကြသည်မှာ ည (၁၂)နာရီပင် ထိုးသွ
တော့သည်။ မနက်ခရီးဆက်ရန်ရှိသေးသဖြင့် အိပ်ရာဝင်ကြရာ မနက်(၆)နာရီ
မှ တစ်ရေးနိုးတော့သည်။ အောင်သန်းက ကျွန်ုပ်ကြိုက်သော ကြက်ဥထမင်းကြေ
ကိုကြော်ပြီး လက်ဖက်ရည်ချိုဖြင့် ကျွေးမွေးသည်။ ကျွန်ုပ်တို့ ခရီးစထွက်ဖြစ်တော
မနက်(၇)နာရီပင် ရှိချေပြီ။

"ဆရာ ... ဆိုင်ကယ်ကို ဘယ်လိုစီးမှာလဲ"

"ဟ ... ဆိုင်ကယ်ပဲ ခွစီးရမှာပေါ့"

"အဲလိုပြောတာ မဟုတ်ဘူးဆရာ။ ဆရာတစ်ယောက်တည်း တစ်
စီးမလား။ ကျွန်တော်တို့တစ်ယောက်ယောက်နဲ့ တွဲစီးမလားလို့ မေးတာပါ"

"တင်သောင်းနဲ့ စီးမယ်ကွာ။ မျောက်တင်သောင်းက ခြေတံရှည်တယ
မင်းတို့ရွာတောလမ်းမှာ ဆိုင်ကယ်စီးရမှာ အန္တရာယ်များတယ်"

"ကျွန်တော်လည်း ကျွမ်းပါတယ် ... ဆရာရယ်"

"အေးပါ ... အောင်သန်းရယ်။ မင်းက စားစရာတွေ အသုံးအဆော
တွေ သယ်ရဦးမှာမဟုတ်လား။ ဒါကြောင့်ပါ"

"ကျွန်တော်တို့က ဆိုင်ကယ်တစ်စီးကို (၃)ယောက်တောင် စီးနေကျ
ဆရာရယ်။ ပစ္စည်းတွေက ရှေ့ခြင်းထဲ ထည့်ထားရင် ရတာပါပဲ"

"ဟဲ့ကောင် ... အောင်သန်းရဲ့ မင်းခြင်းထဲမှာ အရက်ပုလင်းတွေ
ဘီယာပုလင်းတွေရော စုံလှချည့်လား။ ဘိုးသက်ရှည်တို့နဲ့ စကားပြောရ
မလေးစားရာ ကျနေမယ်"

"ဆရာကလည်း ကျွန်တော်တို့က အကြောင်းသိတွေပါ။ အဘ ဘိုးသ
ရှည်က ကရင်လူမျိုး။ သူ့နာမည်အရင်းက ဦးစောကျော်လေ။ ခရစ်ယာန်ဘာသာ
အရက်ကြိုက်တတ်တယ်။ အသက်ရှည်လွန်းလို့ ဘိုးသက်ရှည်လို့ ခေါ်ကြတ
အရင်က လယ်သမား မုဆိုးဟောင်းကြီးပါ"

"အေး ... အေး ... ပိုကောင်းတာပေါ့ကွာ။ မုဆိုးအတွေ့အကြုံ
လည်း ဖလှယ်ရင်း စကားပြောကြတာပေါ့"


www.burmeseclassic.com

www.burmeseclassic.com



ခရီးစထွက်တော့ အောင်သန်းက ရှေ့ကစထွက်သည်။ ကျွန်ုပ်နှင့် တင်သောင်းက နောက်ကလိုက်သည်။ သုံးဆယ် ဆည်မြောင်းလမ်းဖြစ်၍ မြေလမ်း တော့မဟုတ်တော့။ ကျောက်ခင်းလမ်းဖြစ်နေပေပြီ။ ကားအသွားအလာတော့ နည်း သည်။ ဆိုင်ကယ်များသည်သာ ဥဒဟို ဖြတ်သန်းနေကြသည်။

"ဆရာ ... ကျွန်တော်တို့က သုံးဆယ်ချောင်းခေါ် ရေကြည်ချောင်း အတိုင်း လိုက်ကြရမှာ။ ကားလမ်းဘေး ချောင်းညာဘက်မှာ မန်ကျီးကုန်း၊ ကြိမ် ချောင်း၊ ပုလဲကိုး၊ သာယာကုန်း၊ လက်ပံတုံးရွာစဉ်တွေ ဆက်တိုက်ရှိနေတယ်။ လက်ယာဘက်အတွင်းထဲမှာတော့ လိပ်အင်း၊ ကိုကြီးကန်း၊ မကျီးကွင်း၊ ကရင်စု၊ နတ်စု၊ ငဖြူကလေး၊ လွှစင်၊ တောင်ပို့ရှည်၊ မန်ကျီးကွင်း၊ စာဖြူစု၊ ကြို့ကုန်း၊ သစ်သားကုန်း၊ မြောကွင်းကြီးရွာတွေ ရှိပါတယ်"

"ဒါနဲ့ မင်းတို့အစောပိုင်းကပြောတော့ စာဖြူစုရွာက ကားလမ်းဘေးမှာဆို တင်သောင်းရဲ့"

"စာဖြူစုက နှစ်ရွာရှိတယ်ဆရာ။ အတွင်းစာဖြူစုနဲ့အပြင် စာဖြူစုလို့ခေါ် တယ်။ ဘိုးသက်ရှည်နေတာက အပြင်စာဖြူစု၊ ကားလမ်းဘေးမှာပါ။ လက်ပံတုံး ကျော်ရင် စာဖြူစုရောက်တာပါပဲ"

ဟုတ်ပါသည်။ ကျွန်ုပ်တို့ (၈)မိုင်ခန့်မောင်းမိတော့ ဘိုးသက်ရှည်နေသည် ဟုဆိုသော မန်ကျည်းပင်ကြီးများအုပ်ဆိုင်းနေသည့် စာဖြူစုရွာသို့ ရောက်ကြသည်။ ရွာမှာ ရွာဟောင်းကြီးဖြစ်သော်လည်း ပျဉ်ထောင်အိမ်ကြီးများ ပေါ်များသည်။

ကားလမ်းဘေးဖြစ်၍ စားသောက်ဆိုင်နှင့် ကုန်စုံဆိုင်နှင့် ဆည်ကြီး ကြောင့် မီးရဟန်တူသည်။ အတော်ခေတ်မီ တိုးတက်နေသည်။ ကျွန်ုပ်တို့ ဆိုင်ကယ်နှစ်စီး ကျောက်ခင်းလမ်းမှဖဲ့ဆင်းပြီး နှစ်ထပ်ပျဉ်ထောင် အိမ်ကြီးရှိသည့် ခြံဝိုင်းကြီးတစ်ခုအတွင်း ဝင်ခဲ့ကြသည်။ ခြံဝိုင်းကြီးမှာ ကျယ်ဝန်းလှသည်။ မြေ ပြင်လင်းမှာ ပြောင်ရှင်းနေသည်။

အိမ်ရှေ့တွင် လူ(၃)ဖက်ခန့်ရှိ မန်ကျည်းပင်ကြီးရှိရာ မန်ကျည်းပင်ကြီးကို ပတ်လည်ဝိုင်း၍ ထိုင်ခုံတန်းများရိုက်ထားရာ ထိုင်ချင်စဖွယ် အေးမြလှသည်။ ပတ်ရပ်တံမြက်စည်းဖြင့် အဘိုးကြီးတစ်ဦး အမှိုက်လှည်းနေသည်။ အသက်က (၈၀)နှစ်ခန့်ဟုဆိုသော်လည်း သန်တုန်းမြန်တုန်းပင်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၃]

"ကြက်တောတို့ . . . လာကွယ့်၊ ထိုင်ကြလေ။ အဘိုး ရေနွေးကြမ်း
ချပေးမယ်"

"ကြက်တောတို့မဟုတ်ပါဘူး အဘိုး။ သုံးဆယ်က တင်သောင်းတို့
"သြော် . . . အဝေးပြေးကားပိုင်ရှင်တွေကိုး။ ထိုင်ကြကွယ့်။ လှည်း
ကူးရွာကို ပြန်လာကြတာလား"

"ဟုတ်ပါတယ် အဘိုး။ ရန်ကုန်က ကျွန်တော်တို့ဆရာ ညွှန့်သည်ပါလာ
အဘိုးနဲ့ တွေ့ချင်တယ်ဆိုလို့ပါ"

"ဟေ . . . ဘယ်သူတုံးကွယ့်"

"စာရေးဆရာ ထောင်မှူးကြီးသိန်းဝင်းပါအဘိုး။ ဂဠုန်ဆရာစံအကြော
အဘိုးကို မေးချင်လို့ပါ။ လူတွေမသိကြသေးတဲ့ ဆရာစံအကြောင်းကို အဘိုးဆီ
သိချင်တာပါ"

"ဒါနဲ့ စာရေးဆရာက ဆရာစံအကြောင်းကို ဘယ်လောက် သိထာ
ပြီလဲ"

"ကျွန်တော်က ထောင်အရာရှိလုပ်ဖူးခဲ့တော့ သာယာဝတီထော
ဆရာစံကို ကြိုးမပေးမီထားခဲ့တဲ့ ကြိုးတိုက်ခန်းကိုလည်း လေ့လာဖူးပါတယ်။ ပြ



www.burmeseclassic.com

www.burmeseclassic.com


မြို့က ဆရာစံတည်ခဲ့တဲ့ဘုရားလည်း ဖူးဖူးပါတယ်။ ဒေးဒရဲမြို့အနီးက ဆရာစံတို့အဖွဲ့ အင်္ဂလိပ်ကိုတော်လှန်ပြီး တိုက်ပွဲဖြစ်ခဲ့တဲ့ မရမ်းနဲ့ ထန်းတောရွာကိုလည်း ရောက်ဖူးပါတယ်။ ဆရာစံနဲ့အဖွဲ့ကိုဖမ်းမိခဲ့တဲ့ ရှမ်းပြည်နယ်ကို ရောက်ဖူးပေမဲ့ နေရာမသိလို့ မလေ့လာခဲ့ရပါဘူး ... အဘိုးရယ်''

''အေး ... မင်းဟာ စုံသားပဲကွယ့်။ ဒါနဲ့ ငါတို့ခေါင်းဆောင် ဆရာစံ ခြေကုပ်ယူခဲ့တဲ အလံတောင်ကိုရော နှံ့စပ်ပြီလားကွယ့်''

''ဟုတ်ကဲ့ ... အခုမှ လေ့လာဖို့သွားရမှာပါ အဘိုးရယ်''

''အေးကွယ့် ... သမိုင်းကြောင်းဆိုတာ အခြေခံကစပြီး လေ့လာရတယ်။ ငါ့မြေးက ခုန်ပျံကျော်လွှားပြီးမှ အခြေခံကို လေ့လာတာကိုး။ ကဲ ... ဘာသိချင်သလဲ မေးပါ။ အဘိုးက ဂျွန်တပ်သား အဆင့်ပဲရှိတာနော်။ ခေါင်းဆောင်ထဲမှာပါတာ မဟုတ်ဘူး။ ဆရာစံကိုလည်း နှစ်ခါသုံးခါပဲ တွေ့ဖူးခဲ့တာ။ အလွန်ကြည်ညိုစရာကောင်းတဲ့ ပုဂ္ဂိုလ်ကြီးပါကွယ်''

''အဘိုးက ဂျွန်တပ်သားအဆင့်ဆိုတော့ ဘာတာဝန်တွေ ထမ်းဆောင်ရပါသလဲ''

''အေးကွယ့် ... အဘိုးတာဝန်က တပ်သားသစ်စည်းရုံးရေးနဲ့ ရိက္ခာထောက်ပံ့ရေး တာဝန်ပါ။ စစ်မတိုက်ရပါဘူး။ တစ်ခါတစ်ရံတော့ ရွာတွေကိုဆင်းပြီး စာပို့ဆက်သားလုပ်ရတယ်။ စစ်မတိုက်ရလို့ အဘိုးလည်း ကျန်နေခဲ့တာ။ အင်္ဂလိပ်မင်းက အတော်ရမ်းသကွယ့်။

ဆရာစံနဲ့ ဆက်သွယ်ပတ်သက်သူမှန်သမျှ အကုန်ဖမ်းတာပဲ။ အဘိုးလည်း ရွာသူကြီးဦးငြေတို့ လက်ထောက်ချတာခံရပေမဲ့ ကြိုတင်သိပြီး ရှောင်နိုင်လို့ အဖမ်းမခံရဘဲ လွတ်သွားတာ။ ဒါတောင် ပဲခူးရိုးမပေါ်မှာ နှစ်ပေါက်အောင် ပုန်းခိုနေခဲ့ရသေးတယ်။ အဲဒီမှာ မုဆိုးဖြစ်တာပဲ''

''အဘိုးတို့ခေတ်မှာ ရိုးမပေါ်မှာ တောကောင်အလွန်ပေါမှာပဲနော်။ ဘာကောင်တွေ အတွေ့များသလဲ အဘိုး''

''ဟ ... လူကလေးရ။ အဲဒီတုန်းက တောကောင်ပေါချက်ကတော့ ကမ်းကုန်ပဲ။ ကျားနဲ့ဆင်တောင် အုပ်လိုက်နေတာ။ မောင်တင်သောင်းတို့နေကြတဲ့ လှည်းလမ်းကူးရွာဆိုရင် သဲဝါကြိုးဝိုင်းနဲ့နီးတော့ မကြာခဏ ဆင်နဲ့ကျားက ရွာထဲကို ဝင်တယ်။


www.burmeseclassic.com

www.burmeseclassic.com


တောဝက်တွေဆိုတာ ရွာပတ်လည်က ယာခင်းထဲမှာတင် အသိုက်လုပ်နေကြတာ။ သေနတ်၊ ဒူးလေးနဲ့ ပစ်စရာတောင်မလိုပါဘူး။ နင်းကိုင်းထောင်ပြီး လှံနဲ့ ထိုးရုံတင်ပါပဲ။ အလံတောင်က ရေကြည်ချောင်းဘေးမှာရှိပြီး နတ်ချောင်းနဲ့ သုံးဖက်ကွေ့က လျှိုမြောင် စိမ့်စမ်းတွေပေါလွန်းလို့ တောတိရစ္ဆာန်တွေ ခိုအောင်းရာနေရာပေါ့။

အဘိုးတို့က ဆရာစံတို့အဖွဲ့အတွက် စားနပ်ရိက္ခာပို့ရပေမဲ့ အသားရိက္ခာမပို့ရဘူး။ အသားရိက္ခာကို ဆရာစံမုဆိုးအဖွဲ့က သူတို့ဘာသာ တောထဲမှာရှာတာ။ တပ်သားထောင်ချီရှိတဲ့ ဆရာစံတို့ ဂဠုန်တပ်ဖွဲ့အတွက် နေ့စဉ် အသားစိုရိက္ခာ ဖူလုံတယ်ဆိုတော့ တောကောင်တွေ ဘယ်လောက်ပေါသလဲဆိုတာသာ ငါ့မြေးတို့ စဉ်းစားကြပေရော့။ အဘိုးတို့ကတော့ ရိက္ခာခြောက်တွေကို ညဘက်လှည်းနဲ့ပို့ပြီး အလံတောင်ပေါ်ကို လူအင်အားနဲ့ ထမ်းတင်ရတာ ပျော်စရာလည်းကောင်း၊ ဒုက္ခလည်း ရောက်ပေါ့ကွယ်''

''လက်နက်တွေကရော အဘိုး။ ဘာလက်နက်တွေ အသုံးများသလဲ''

''ဘာရှိမှာလဲ ငါ့မြေးရယ်။ အသုံးများတာကတော့ တောသူတောင်သားတိုင်း ကိုင်နိုင်ကြတာ ဓားပဲပေါ့။ ဆရာစံရဲ့ အထူးတပ်ဖွဲ့မှာတော့ အင်္ဂလိပ်စခန်းတွေကိုဝင်စီးပြီး ရထားတဲ့ ခေါင်းတိုရိုင်ဖယ်တွေနဲ့ လုပ်သေနတ်တွေပဲ ရှိပါတယ်။ အဲ ... နှစ်လုံးပြူးလည်း လေးငါးလက်ရှိသေးတယ်။ သေနတ်တွေရှိပေမဲ့ အဓိက က ကျည်ဆန်ပဲ။

ကျည်ဆန်ကိုမလုပ်တတ်တော့ သေနတ်တွေရှိပေမဲ့ အလကားပေါ့။ နောက်ပိုင်းမှာ ယမ်းစပ်ပြီးပစ်ရတဲ့ တူမီးသေနတ်တွေပေါ်လာတာ။ တူမီးသေနတ်ဆိုတာကလည်း ငါ့မြေးတို့သိကြတဲ့အတိုင်း ပြောင်းချောဆိုတော့ အနီးပဲပစ်လို့ရတာ အဝေးကိုတော့ ပစ်မရပြန်ဘူး။

ဒါကြောင့် အလံတောင်စောင်းတွေအပေါ်မှာ ရှေးရိုးနည်းအတိုင်း ကျောက်မောင်းတွေ ဆင်ထားရတယ်။ အင်္ဂလိပ်တပ်လာပိုင်းရင် ကျောက်မောင်းတွေကို ဖြုတ်ချဖို့ပေါ့ကွယ်''

ကျွန်ုပ်တို့ စကားကောင်းနေသဖြင့် နေ့လယ်စာစားချိန်ရောက်လာ၍ အဘိုးက သူ့မိသားစုအား ထမင်းကျွေးရန် စီစဉ်ခိုင်းသည်။ ထိုစဉ် အောင်သန်းက အသင့်ဝယ်လာသော အရက်၊ အမြည်းများနှင့် ခေါက်ဆွဲကြော်ထုပ်များကို ပြင်ဆင်ပေးသဖြင့် ကျွန်ုပ်တို့စားရင်းသောက်ရင်း စကားဝိုင်းဆက်ကြပြန်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com


"အဘိုးရော ... ထောင်ကျဖူးသလား"

"ထောင်တော့ မကျဖူးပါဘူး ... ငါ့မြေးရယ်။ မသက်ာမှုနဲ့ သူကြီးအိမ်က အချုပ်ခန်းနဲ့ ထိတ်တုံးစာကတော့ မကြာခဏမိတာပေါ့။ သူကြီး သမီးမေရီက အဘိုးရဲ့ရည်းစားဆိုတော့ အကူအညီပေးတယ်လေ။ ဒါကြောင့် သူကြီးက အဘိုးကို ကြာကြာမဖမ်းပါဘူး။ မသက်ာပေမဲ့ သက်သေမရှိဘူး။ တစ်ရွာလုံးက အဘိုးဘက်က ပါနေတာကိုး"

"အဘိုး ... အဲဒီအကြောင်းလေး ပြောပြပါလား"

"ရင်သိမ့်တုန် အချစ်ဇာတ်လမ်းလေးပေါ့"

"ဟဲ ... ဟဲ ... ရှက်တော့ အရှက်သားလားကွယ့်။ ဒါပေမဲ့ ဒီအားဆေးကလေးဝင်သွားတော့လည်း ရဲဆေးဖြစ်ပြီး ငယ်မူပြန်ချင်လာပြန်ကရောဟေ့"

✿ ✿ ✿

[၄]

အဘိုးတို့ စာဖြူစုရွာဆိုတာ မြန်မာဘုရင် လက်ထက်တော်ကြီးကတည်းက ရှိခဲ့တာလို့ သိရတယ်။ ကရင်လူမျိုးတွေ အနေများပြီး ခရစ်ယာန်သာသနာပြုတွေကြောင့် ခရစ်ယာန်ဘာသာကို ကိုးကွယ်သူတွေ များလာတယ်။ လက်ပံတန်း၊ သာယာကုန်း၊ ပုလဲကို၊ ကြပ်ချောင်းနဲ့ မန်ကျီးကုန်းရွာတွေကတော့ မြန်မာများပြီး ဗုဒ္ဓဘာသာကို ကိုးကွယ်ကြတာ များပါတယ်။

အဘိုးတို့ရွာက ရွာဆက်ဝေးတော့ သီးသန့်ရွာတစ်ရွာဖြစ်နေတယ်။ လုပ်ငန်းကတော့ လယ်နဲ့ တောင်ယာလုပ်ငန်းပါပဲ။ ဒါကြောင့်လည်း တောင်သူလယ်သမားအရေးတော်ပုံမှာ ဘာသာမတူ၊ လူမျိုး မတူပေမဲ့ အတူပါဝင် လက်တွဲခဲ့ကြတာပါ။

အဲဒီတုန်းက မောင်တင်သောင်းတို့နေကြတဲ့ လှည်းလမ်းကူးရွာဆိုတာက အိမ်ခြေနှစ်ဆယ်အစိတ်ပဲရှိတာ။ အဘိုးတို့ရွာက သူကြီးဩြက လှမ်းပြီး နှစ်ရွာအုပ်ချုပ်တာ၊ သူကြီးဩြဆိုတာက မြန်မာလူမျိုး အင်္ဂလိပ်အလိုတော်ရိပေါ့။


www.burmeseclassic.com

www.burmeseclassic.com


အဘိုးတို့ရွာမှာ မြန်မာလူမျိုးကနည်းပေမဲ့ သူက အဆက်အသွယ်ကောင်းတော့ သူကြီးဖြစ်တာ။ သုံးဆယ်မြို့ဆိုတာ အဲဒီတုန်းက ရွာကြီးတစ်ရွာအဆင့်ပါပဲ။ မြို့အုပ်မရှိဘူး။ သာယာဝတီမြို့ပိုင်အောက်က အုပ်စုရွာကြီးပေါ့။ သူကြီးငသြက သုံးဆယ်က ပြောင်းလာတာ။ သူတို့မှာ သမီးလေးတစ်ဦးရှိတယ်။ မေရီတဲ့။ ဘိုနာမည် မှည့်ထားတာ။ အဘတို့က သုံးဆယ်မူလတန်းကျောင်းမှာ ဆုံခဲ့ကြတာ။

အဘိုးတို့မိဘတွေကလည်း အဲဒီအချိန်တုန်းက လယ်ကေ များစွာပိုင်တော့ တောသူဌေးတွေပါပဲ။ ဒါကြောင့် အဘိုးက သုံးဆယ်ကို စက်ဘီးနဲ့ကျောင်းတက်တာ။ ဒီရွာကနေ သုံးဆယ်က (၈)မိုင်လောက် တော့ဝေးတယ်။ ငယ်စဉ်ကတော့ ဦးလေးက စက်ဘီးနဲ့ပဲ ကျောင်းကြိုကျောင်းပို့လုပ်တာ။ အဘိုး (၃) တန်းရောက်တော့ စက်ဘီး စီးတတ်ပြီလေ။ ဒါကြောင့် ကိုယ်ဘာသာပဲ စက်ဘီးစီးတော့တယ်။

(၄)တန်းအောင်တော့ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းက သာယာဝတီမြို့မှာပဲရှိတော့ အလှမ်းဝေးသွားပြီလေ။ သုံးဆယ်နဲ့ သာယာဝတီမြို့က (၁)မိုင်ပဲဝေးပေမဲ့ အဖေက ကားလမ်းပေါ်မှာ စက်ဘီးစီးရမှာကို စိတ်မချဘူး။ ဒါကြောင့် အဘိုးလည်း ပညာရေးကို လက်လွှတ်လိုက်ပြီး လယ်ယာလုပ်ငန်းပဲ ဝင်လုပ်တာပေါ့။ အဘိုးတို့ ခေတ်ကလည်း ပညာတတ်ပြီး စာရေးစာချီလုပ်တော့လည်း ဘာမှထူးလာမှာမှ မဟုတ်တာ''

အဲဒီခေတ်က အဘိုးတို့လေးတန်းအောင်တော့ မင်းတို့ခေတ်လို မဟုတ်ဘူးကွ။ အပျိုပေါက် လူပျိုပေါက်အရွယ် ဖြစ်နေပြီ။ ဒါကြောင့် မေရီနဲ့အဘိုး တွယ်တာခဲ့ကြတာ ဆိုပါတော့ကွာ။ နတ်တို့ဖန် ရေစက်အသင့် ကြာအသင့် ဆိုသလိုပေါ့ကွာ။ မေရီတို့အဖေ ဦးငသြက အဘိုးတို့ရွာကို သူကြီးအဖြစ်ပြောင်းလာပြီး သူကြီးအဖြစ် အုပ်ချုပ်တယ်။

နဂိုကတည်းက အဘိုးနဲ့သူ့သမီးက ကျောင်းနေဖက်ဆိုတော့ အဘိုးကိုပဲ စာရေးခိုင်းစရာ၊ စာပို့ခိုင်းစရာရှိရင် ခေါ်ခိုင်းတော့တာပဲ။ အဘိုးကလည်း မညည်း မညူလုပ်ပေးပါတယ်။ နှစ်ပေါက်ကြာလာတော့ သူ့အမျိုးတွေတပည့်တွေကို သုံးဆယ်ကခေါ်ပြီး လယ်မြေကွက်ချထားပေး နေရာပေး လုပ်တော့တာ။ အဘိုးကိုလည်း သူ့သမီးနဲ့ ရည်ငံနေမှန်းသိတော့ ခပ်ဖယ်ဖယ်လုပ်လာတယ်။ လူမျိုးဘာသာမတူတာလည်း ပါတာပေါ့လေ။

အဲဒီအချိန်က ဆရာစံ သူပုန်ထတဲ့ခေတ်။ အဘိုးကလည်း ရွာမှာ လူ့ခေါ်


www.burmeseclassic.com

www.burmeseclassic.com


ဆိုတော့ ဆရာစံရဲ့ ဂဠုန်တပ်ဖွဲ့ဝင်တစ်ယောက် ဖြစ်နေပြီလေ။ ဒါကြောင့်လည်း သူကြီးဦးငြေရဲ့ အခြေအနေကို အတွင်းသိ အစင်းသိဖြစ်လို့ လက်ထောက်ချနိုင်ခဲ့တယ်။ သူကြီးကလည်း ရိပ်မိဟန်ရှိပါတယ်။ ထစ်ခနဲဆို အဘိုးကိုဖမ်းတာပဲ။ ဒါပေမဲ့ ဘယ်တော့မှ သာယာဝတီဂါတ်ကို မပို့ဘူး။ အချုပ်ခန်းထဲထည့်ပြီး ထိတ်တုံးခတ်တာပါပဲ။

တစ်ခါတလေတော့ မေရီကိုတွေ့ချင်တာနဲ့ အဘိုးကလည်း ရွတ်တယ်။ ရွာသားတစ်ယောက်ယောက်ကို ပိုက်ဆံပေးပြီး ရိုက်တယ်။ သူကြီးကို တိုင်နိုင်းတယ်။ သူကြီးအိမ်မှာ အချုပ်ခံ ထိတ်တုံးအခတ်ခံရတော့ မေရီက ထမင်းလာလာကျွေးတယ်လေ။ ဟဲ ... ဟဲ ... ဒါ အမြတ်ပေါ့။

ဆရာစံတို့ကို အင်္ဂလိပ်တပ်က တိုက်တော့မယ်ဆိုတော့ အဘိုးက မေရီကတစ်ဆင့် ကြိုသိတယ်။ ဒါကြောင့် ဆက်သားနဲ့ ဆရာစံတို့ဆီကို ကြိုတင်ပြီး သတင်းပို့နိုင်တာ။ အင်္ဂလိပ်တပ်က လာတိုက်တော့လည်း ဆရာစံတို့ လွတ်မြောက်သွားတာ အဘိုးစနက်ပေါ့။ သူကြီးဦးငြေ အသတ်ခံရတာလည်း အဘိုးစနက်ပါပဲ။ သူရှိနေသရွေ့ အဘိုးနဲ့မေရီ မနီးစပ်နိုင်တော့ဘူးလေ။

✿ ✿ ✿

[၅]

"အဘိုး ... သူကြီးဦးငြေကို ဆရာစံက သတ်တာလား"

"ဆရာစံကိုယ်တိုင် မဟုတ်ပါဘူး။ ဆရာစံရဲ့လက်ရုံး အထူးတပ်ဖွဲ့ထဲက တစ်ယောက်ပါ။ ဦးခေါင်းမြတ်တဲ့။ သူကြီးငြေက လယ်ယာတွေသိမ်းပြီး လယ်သမားတွေကို နှိပ်စက်တယ်လို့ တိုင်စာရလို့ ဆင်းလာကြတာ။

သူကြီးငြေကလည်း ကြိုတင်သတင်းရလို့ စောင့်ပြီး သူကြီးသေနတ်လို့ ခေါ်တဲ့ နှစ်လုံးပြူးနဲ့ပစ်တာ ကျည်လုံးဝမထွက်ဘူး။ မီးမကူးဘူးပေါ့ကွယ်။ ဒါကြောင့် ဦးခေါင်းမြတ်အဖွဲ့က သူကြီးကို ဖမ်းခေါ်သွားပြီး နတ်ချောင်းအနီးမှာ ခေါင်းဖြတ်သတ်၊ ကျားစာကျွေးလိုက်တော့ အလောင်းပါ အစအနရှာမရအောင် ပျောက်သွားတော့တာပေါ့"


www.burmeseclassic.com

www.burmeseclassic.com



နှစ်လုံးပြူးသေနတ်က ကျည်ဆန်နှစ်တောင့်တောင် ပစ်လို့ရတာပဲ။ ဘာကြောင့် ကျည်ဆန်မထွက်တာလဲ အဘိုး''

''ကျည်အ,လို့ ဖြစ်မှာပေါ့ကွာ။ ဒါမှမဟုတ်လည်း ဦးခေါင်မြတ်က ဆရာစံရဲ့ လက်ရုံးတပည့်ပဲ။ ပြီးဆေးတွေထိုးထားလို့ ဖြစ်မှာပေါ့''

''အဲဒီဆေးဝါးတွေအကြောင်းကို အဘိုးယုံသလား။ လက်တွေ့ပြီးတာတွေကိုရော အဘိုး တွေ့ဖူးသလား''

''အင်း ... အဘိုးက ခရစ်ယာန်ဘာသာဝင်ဆိုပေမဲ့ ယုံတယ်။ ကြုံလည်း ကြုံဖူးတယ်။ ဒီမှာ အဘိုးကိုယ်ပေါ်မှာကြည့်။ ပခုံးနှစ်ဖက်ပေါ်မှာ ဂဠုန်ရုပ်ကို ဆေးအနက်နဲ့ ထိုးထားတယ်။ လည်ကုပ်က ဆေးနီအစက်(၃)စက်က ဓားပြီးတုတ်ပြီး ဆေး။ ခြေခွကြား၊ လက်ခွကြားတွေ မှာထိုးထားတဲ့ ဆေးနီစက်တွေက အဆိပ်အမျိုးမျိုးကို ပြီးစီးစေတယ်။

နွေမိုးမရှောင် နေ့နေ့ညည တောထဲတောင်ထဲ ရေထဲမိုးထဲ သွားလာနေရတဲ့ ဂဠုန်တပ်ဖွဲ့ဝင်တိုင်းကို ထိုးပေးထားတာ။ အဘိုး ကိုယ်တိုင်ခေါင်းကို မြွေ အရိုက်ခံရဖူးတယ်။ မကွဲဘူး။ မြွေလည်း ခဏမကြာ အကိုက်ခံရဖူးတယ်။ အဆိပ်မတက်ဘူး။ ဒါကြောင့် အဘိုးက ယုံတာပါ။ ဒါပေမဲ့ တပ်ဖွဲ့ဝင်တိုင်းတော့ မဟုတ်ဘူး။ ဆေးချက်မိမှ ပြီးတယ်လို့ သိရတယ်။ တချို့ မပြီးတဲ့သူတွေ အများကြီးရှိတယ်။ နက္ခတ်စုံမှ ပွဲတင်ပြီး ထိုးရတဲ့ဆေးဖြစ်တော့ လွဲတာတွေလည်း ရှိမှာပေါ့လေ''

''အဘိုးရဲ့ အချစ်ဇာတ်လမ်းကလေးကို ဆက်ပြောပါဦး''

''ဩော် ... အေး ... အေး ... သူကြီးဦးငြြဲဆုံးတော့ အဘိုးအဖေ ဦးစောလမွန်ကို သူကြီးတင်ကြတယ်လေ။ အဖေက တောသူဌေးဆိုတော့ ပစ္စည်းလည်းရှိ အာဏာလည်းရှိလာတာပေါ့။ ဒါကြောင့် သူကြီးသား အဘိုးနဲ့ မေရီတို့ အလွယ်ပဲ လက်ထပ်ထိမ်းမြားကြလေသတည်းပေါ့ကွာ''

''ဟာ ... အဘိုးဇာတ်လမ်းကလည်း တိုလိုက်တာ။ ကောင်းခန်းနှစ်ပါး သွားခွင်ကလေး ဘာလေး ကဦးမှပေါ့''

''ဟာ ... ဘာကစရာလိုတော့သလဲကွ။ သူကြီးဦးငြြဲမရှိတော့ မေရီတို့ သားအမိနှစ်ယောက်တည်း ကျန်ခဲ့တာ။ အားကိုးစရာမှ မရှိတော့တာ။ အဘွားကြီးက သုံးဆယ်ကိုပြန်ပြောင်းဖို့ လုပ်နေတုန်း အဘိုးက အပိုင်သိမ်းလိုက်တာပေါ့။ မေရီက အဘိုးဘက် ပါနေပြီးသားဟာကိုး''



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ အဘိုးတို့က ဘာသာမတူ လူမျိုးမတူတော့ ပေါင်းရသင်းရတာ အဆင်ပြေကြရဲ့လား"

"ပြေပါ့ မောင်ရာ။ ကလေး(၅)ယောက်တောင်ရလို့ အခုဆို အိမ်ထောင်ကိုယ်စီနဲ့တောင် ဖြစ်နေကြပြီ။ ဘာသာရေးကတော့ သူ့ဘာသာသူကိုးကွယ်၊ ကိုယ့်ဘာသာ ကိုယ်ကိုးကွယ်ပေါ့။ တစ်ခုကောင်းတာက အဘိုးတို့မိသားစုက ဘာသာရေး အစွန်းမရောက်ကြဘူး။ လွတ်လပ်ခွင့်ပေးထားတယ်။ အဘိုးကလည်း ဘာသာရေးလိုက်စားသူမဟုတ်တော့ ပြဿနာမရှိပါဘူး။ သားသမီးတွေကတော့ အမေ့ဘက်လိုက်ကြပြီး ဗုဒ္ဓဘာသာကို ကိုးကွယ်ကြတယ်"

"ဒါထက် အခု အဘွားဒေါ်မေရီမရှိဘူးလား အဘိုး"

"မရှိလို့ လွတ်လွတ်လပ်လပ် ပြောရဲတာပေါ့ ငါ့မြေးရယ်။ သားတွေက သုံးဆယ်မှာ မော်တော်ဆိုင်ကယ်ပြင်ဆိုင် ဖွင့်ထားတယ်။ သမီးတွေက ဆိုင်ကယ်အပိုပစ္စည်းဆိုင်နဲ့ စားသောက်ဆိုင်ဖွင့်ထားကြတယ်။ ဒီရွာမှာ လယ်တောတွေလည်း ရှိသေး။ တောလယ်ယာလုပ်ငန်းလည်း ရှိသေးတာပေါ့ကွာ။ မိသားစုလုပ်ငန်းတွေဖြစ်လို့ သမက်တွေက ဦးစီးလုပ်ကိုင်ကြပြီး ဒေါ်မေရီကတော့ သုံးဆယ်မြို့မှာ အနေများပါတယ်"

"အဘိုး ... ကျွန်တော်တို့က အလံတောင်ပေါ်အထိ သွားလေ့လာ ဓာတ်ပုံရိုက်ချင်လို့ အဘိုးလိုက်ပြရင်တော့ အလွန်ကောင်းမှာပဲ။ လိုက်ပြနိုင်ပါ့မလား"

"ရပေါ့ ... လူကလေးရယ်။ အဘိုးက ထိုးထားတဲ့ဆေးဝါးတွေကြောင့်လား မသိပါဘူး။ သန်တုန်းမြန်တုန်းပါပဲ။ မျက်စိလည်း မမှုန်သေး၊ နားလည်း ကောင်းပါသေးတယ်"

"အဘိုးအသက်ရှည်ပြီး ကျန်းမာတာ။ ဘာဆေးတွေစားလို့လဲ"

"ဆေးဝါးတွေ မသုံးစွဲပါဘူးကွယ်။ စိတ်ချမ်းသာပြီး လယ်ကွင်းထဲ မန်ကျည်းပင်အရိပ်မှာ အေးအေးချမ်းချမ်းနေရတော့ လေကောင်းလေသန့်ရပြီး ကျန်းမာရေးကောင်းနေတာ ထင်ပါရဲ့။ အဘိုးက အငြိမ်နေတာမှမဟုတ်ပဲ။ အားတာနဲ့ တံမြက်စည်းလှည်းတယ်၊ လမ်းလျှောက်တယ်လေ"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၆]

ကျွန်ုပ်တို့ ဆိုင်ကယ်နှစ်စီးဖြင့် ထွက်လာကြတော့ အဘိုးက အောင်သန်း၏ ဆိုင်ကယ်နောက်တွင် ပါလာသည်။ နှစ်မိုင်ခန့်စီးလာတော့ လှည်းလမ်းကူးရွာသို့ ရောက်လာသည်။ အိမ်ကြီးအိမ်ကောင်းပေါ်များသော ကျေးရွာအုပ်စု ရွာကြီးဖြစ်နေချေပြီ။

သုံးဆယ်ဆည်ကြီးကြောင့် လျှပ်စစ်မီးလည်း ရနေပြီဖြစ်သည်။ အချိန်မရသဖြင့် ကျွန်ုပ်တို့ ရွာထဲမဝင်တော့။ အလံတောင်သို့ ဆက်၍ လာခဲ့ကြပါသည်။ တောမှာ ပြုန်းတီးစပြုနေချေပြီ။ ဝါးပင်များသာ ပေါ်တော့သည်။ မိုးအကုန်ဆောင်းအကူးကာလဖြစ်၍ စိမ်းစိုတော့နေပါသေးသည်။

လှည်းလမ်းကူးရွာကျော်သည်နှင့် ဝါးတောကြီးအတွင်းရောက်ရှိပြီး တောင်တက်လမ်းက စတင်သည်။ လမ်းမှာ မြေလမ်းဖြစ်သော်လည်း ကားနှစ်စီးသွားသာရုံ ကျယ်ဝန်းပါသည်။

''လမ်းညာဘက်က သဲဝါကြိုးဝိုင်း ဆရာ။ သစ်ပင်ကြီးတွေ ကျန်ပါသေးတယ်''

ကျွန်ုပ်တို့ ဆက်လက်စီးလာရာ ချောင်းလေးတစ်ခုနှင့် မြစ်ဆုံတစ်နေရာသို့ ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ နတ်ချောင်းနဲ့ ရေကြည်ချောင်းဆုံနေရာ ... ဆရာ။ ရှေ့မှာ သုံးဖက်ကွေ့ပြီးရင် အလံတောင်ခြေရောက်ပြီ"

နတ်ချောင်းနှင့် သုံးဖက်ကွေ့အလံတောင်ခြေမှာ စိမ့်စမ်းနှင့် လျှိုမြောင်များ ပေါများသောနေရာ ဖြစ်ပေလိမ့်မည်။ သို့သော် ယခုတော့ သစ်ပင်ကြီးများ ပါးရှားနေချေပြီ။ ဝါးတောကြီးကသာ မင်းမူထားသည်။ သုံးဖက်ကွေ့အလွန် အလံတောင်ခြေတွင် ဆိုင်ကယ်များကို ရပ်ရသည်။ ရှေ့ခရီးက ခြေလျင်တောင်တက်ခရီးသာဖြစ်သည်။

ကျွန်ုပ် အလံတောင်ကို အောက်ခြေမှ ဓာတ်ပုံရိုက်ယူသည်။ ပြီးနောက် အလံတောင်ပေါ်သို့ ပတ်လမ်းအတိုင်း တရွေ့ရွေ့တက်ခဲ့ကြပါသည်။ အလံတောင်မှာ ပေ(၃၀၀)ကျော်ခန့်သာ မြင့်မည်ထင်ပါသည်။ တောင်ကမ်းပါးစောင်းတွင် လိုဏ်ဂူတစ်ခုတွေ့ရာ အဘိုးဦးသက်ရှည်က ...

"ဒီနေရာက လက်နက်တိုက်နဲ့ ဖိုကြီး။ ဖိုကြီးအတွက် လိုအပ်တဲ့ရေကို ရေကြည်ချောင်းက အဆင့်ဆင့် ခပ်ယူရတာ။ ထင်းကတော့ ဒီတောထဲမှာ အပေါဆုံးပဲ"

ကျွန်ုပ်တို့ တောင်ကမ်းပါးယံကိုပတ်၍ တက်လာကြရာ တောင်ထိပ်သို့ ရောက်လာသည်။ တောင်ထိပ်ကျောမှာ အတော်ရှည်လျားပြီး ကျယ်ပြန့်သည်။ တောင်ပတ်ပတ်လည်တွင် ကတုတ်နှင့် တာရိုးများကိုလည်း တွေ့ရသည်။ တောင်ထိပ်တစ်နေရာတွင် တောင်ကမူကို ထွင်း၍ထားသော ဂူတစ်ခုကို တွေ့ရသည်။ အတွင်း၌ (၅)ပေခန့်ကျယ်ပြီး ပေ (၂၀) ခန့်ရှည်လျားသော လိုဏ်ဂူဖြစ်သည်။ သဘာဝလိုဏ်ဂူမဟုတ်။ သူတို့ ထွင်းဖောက်ထားဟန်တူသည်။

"ဒါ ဆရာစံနေပြီး တရားကျင့်တဲ့လိုဏ်ဂူပေါ့။ တပ်သားတွေ တူးထားတာ။ သဘာဝလိုဏ်ဂူမဟုတ်ဘူး"

ကျွန်ုပ် ဓာတ်ပုံရိုက်ယူလိုက်ပါသည်။ ဂူအနီးတွင် ကျွန်းပင်ငုတ်တိုကြီးမှာ လူသုံးဖက်စာခန့်ရှိသော်လည်း ယခုတော့ မီးလောင်ငုတ်တိုကြီးအဖြစ်သာ ကျန်ရစ်တော့သည်။ အလံတောင်ပေါ်မှ စီးကြည့်လျှင် သုံးဆယ်ဆည်ကြီးကို အနီးကပ်မြင်နေရသည်။ နတ်ချောင်းနှင့် ရေကြည်ချောင်းများမှ ရေကို ဆည်ဖို့ထားခြင်းဖြစ်ပါသည်။ ဆည်ကြီး မှာ လှပသာယာသော်လည်း ပတ်ဝန်းကျင်သစ်တောများက ပြုန်းတီးစ ပြုနေပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တပ်သားတွေက ဘယ်မှာနေကြတာလဲ အဘိုး"

"သူ့အဆင့်နဲ့သူ တောင်ပေါ်မှာ အဆင့်ဆင့်နေကြတာ။ ဆရာစံနဲ့ အထူးတပ်ဖွဲ့သာ တောင်ထိပ်မှာနေကြတာ။ ဒီတောင်ထိပ်ပေါ်ကို အမိန့်မရဘဲ ဘယ်သူမှ တက်လို့မရဘူး။ ကုန်ကုန်ပြောရရင် သုံးဖက်ကွေ့မှာကတည်းက ဂျွန်တပ်သားအလုံးအရင်း ချထားတာ။ တောတောင်ထူထပ်ပြီး သားရဲပေါတော့ တော်တန်ရုံပုလိပ်တွေတောင် ဒီဘက်ကို မလာရဲကြပါဘူး"

"အဘိုး ... ဒီဂူထဲ ဝင်ကြည့်လို့ရမလား"

"မဝင်နဲ့တော့ လူကလေး။ အထဲမှာ ချုံနွယ်တွေနဲ့ပိတ်ဖုံးနေတာ။ အဆိပ်ရှိတဲ့သတ္တဝါတွေ ခိုအောင်းနေနိုင်တယ်။ အဘိုးလည်း တစ်ခါပဲ အထဲကို ရောက်ဖူးတယ်။ ဂူထဲမှာ အင်းအိုင်တွေနဲ့ ဆေးဝါးတွေ စီစဉ်ထားတယ်လို့ ပြောကြတယ်"

"ဟုတ်လိမ့်မယ် ... အဘိုး။ သာယာဝတီထောင်ထဲက ဆရာစံနေသွားတဲ့ အခန်းမှာလည်း အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ မန္တရားတွေကို နံရံမှာ ရေးခြစ်သွားတာ အန္တဲပဲ။ အခုအချိန်အထိ ပြတိုက်သဖွယ်ထားတယ်"

"ကောင်းပါလေ့ကွယ် ... အမှတ်တရပေါ့။ အဘိုးလည်း သာယာဝတီထောင်ထဲ ဝင်ကြည့်စမ်းချင်ဘိကွယ်"

အလံတောင်ပေါ်မှ အရပ်လေးမျက်နှာသို့ ကျွန်ုပ် ဓာတ်ပုံရိုက်ယူသည်။ အနောက်ဘက်တွင် ပဲခူးရိုးမတောင်တန်းကြီးက အုပ်စီးထားသည်။ မှိုင်းညို့ညို့တောင်တန်းများကို မြင်ရတော့လည်း ရှေးခေတ်ဟောင်းကို လွမ်းမောမိပါသည်။

အဘိုးဦးသက်ရှည်ကတော့ သုံးဖက်ကွေ့ဘက်သို့ မျှော်ကြည့်ရင်း ငြိမ်သက်နေပါသည်။ သူ ဆရာစံနှင့် တကယ်ကြုံတွေ့ခဲ့ရသူဖြစ်၍ ရှေးရှေးက အဖြစ်အပျက်များကို ပို၍ လွမ်းဆွေးနေပေလိမ့်မည်ဖြစ်သည်။

"အဘိုးကို ဖိုကြီးနားကကမ်းပါးယံမှာ ဆေးထိုးပေးတာကွယ့်။ ဆေးထိုးတာနာလွန်းလို့ ကွမ်းသီးလုံးကို ကိုက်ထားတာတောင် ကြေမွသွားတယ်။ တစ်ခါထိုးရင် လူကိုးယောက် နဝင်းကိုက်အောင်လုပ်ထားတာ။ ညကိုးနာရီ လပြည့်လကွယ်နေ့တွေမှာ ထိုးရတာ။ ကန်တော့ပွဲ ကိုးပွဲရှေ့မှာ သစ္စာလည်း ခံရသေးတယ်"

"အဘိုးတို့က အရေးတော်ပုံ ရန်ပုံငွေအတွက် ငွေ (၉)ကျပ် တင်ရတယ်။ မရှိလို့ (၉)ပြားတင်ရင်လည်း ရပါတယ်။ ဒီတောင်ပေါ်မှာ ကိုးနဝင်းက အတော်ကြီးစိုးတာကွယ့်"



www.burmeseclassic.com

www.burmeseclassic.com



"အင်္ဂလိပ်တပ်နဲ့ ဂဠုန်တပ်တိုက်ပွဲဖြစ်တော့ အဘိုးက ဘယ်ရောက်နေသလဲ။ ဒီမှာမရှိဘူးလား"

"အဘိုးက အရန်တပ်ဖွဲ့ဝင်လေကွယ်။ ရွာမှာပဲ ရှိတာပေါ့။ အထက်က ပြောခဲ့သလို ထောက်ပံ့ရေးနဲ့ ဆက်သားတာဝန်ပေါ့။ အဘိုး သတင်းပေးနိုင်လို့ ဆရာစံတို့ကြိုတင်သိပြီး ရှောင်ရှားနိုင်တာပေါ့။ အဲဒီတုန်းက အတော်သေကြတာပဲ။ အင်္ဂလိပ်စစ်ဗိုလ်တွေလည်း သေတယ်။ ဂဠုန်တပ်သားတွေလည်း သေကြတာပေါ့။ လက်နက်မှ မမျှပဲကိုး။ ဒီဘက်ခေတ်တွေလို လက်နက်ကောင်းတွေနဲ့ သူယှဉ်ကိုယ်တင် ယှဉ်လိုက်စမ်းချင်ပါရဲ့ လူကလေးရယ်။ အဘိုးတို့က အထက်စီးက နယ်မြေကျွမ်းတော့ နိုင်ကိုနိုင်ရမယ်"

"ဒါနဲ့ ဆရာစံက တောလမ်းအတိုင်း ပြည်ဘက်ကို ပြေးရတာပေါ့နော် အဘိုး"

"ဟုတ်ပ့ါကွယ် ... ပြည်ဘက်ကတစ်ဆင့် မရန်းနဲ့ထန်းတောဘက် ပြေးရင်း အင်္ဂလိပ်တွေနဲ့ အကြီးအကျယ် တိုက်ပွဲဖြစ်ကြသေးတယ်လေ။ မရန်း၊ ထန်းတောမှာ ဆရာစံက အင်္ဂလိပ်စစ်ဗိုလ်နဲ့ စစ်ဗာရီခေါင်း (၁၀)ခေါင်းကို ဖြတ်ခဲ့တယ်လို့ အဆိုရှိတယ်။

သူ့မှာ ကိုးသချိုင်းသံနဲ့ စီရင်ထားတဲ့ ဓားဖိုဓားမ (၂) ချောင်းရှိတယ်။ ငှက်ကြီးတောင် ဓားတွေပေ့ါ။ ဓားပြားပေါ်မှာ 'သုပဏ္ဏက ဂဠုနရာဇာ ဂဠုန်ဆရာစံ' လို့ ရေးထိုးထားသတဲ့။ အဘိုးလည်း မမြင်ဖူးပါဘူး။ ကြားဖူးရုံတင်ပါ"

"ဟုတ်ကဲ့ အဘိုး။ ကျွန်တော်လည်း မရမ်းနဲ့ ထန်းတောဘက်ကိုသွားရင်း ဒေးဒရဲမြို့က သူငယ်ချင်းကိုအုန်းသွယ်ပြောပြလို့ ကြားဖူးပါတယ်။ အလွန်အစွမ်းထက်တယ်တဲ့။ ဓားအိမ်ကထုတ်ပြီးရင် လူ့သွေးသောက်ရမှလို့ အဆိုရှိပါတယ်"

"ဟုတ်ပ့ါ ... လူကလေးရယ်။ ဂဠုန်ဆရာစံက အစီအရင် အရမ်းကောင်းတယ်လို့ အဆိုရှိတယ်။ အလွန်နှမြောစရာကောင်းတဲ့ ခေါင်းဆောင်ကောင်း တစ်ယောက်ပါပဲ"

"ကဲ ... ကျွန်တော်တို့ ပြန်ဆင်းကြစို့။ ညနေလည်း စောင်းပြီ။ တင်သောင်းတို့ လှည်းလမ်းကူးရွာကိုလည်း ဝင်ရဦးမယ်"

"အေးကွယ် ... လူကလေးတို့ခေါ်လာလို့သာ ရောက်ရတာ။ အဘိုး အနေနဲ့ လာဖို့မလွယ်တော့ဘူး။ နေဝင်ချိန် ရောက်ပြီလေကွယ်။ ဒီတောင်ပေါ်



www.burmeseclassic.com

www.burmeseclassic.com


မရောက်တာလည်း ကြာပါပြီ။ ဆရာစံအရေးအခင်းအပြီး အဘိုးတို့ကိုလိုက်ဖမ်းတော့ အဘိုးတို့အုပ်စု နတ်ချောင်းနဲ့ သုံးဖက်ကွေ့လျှိုထဲမှာ ပုန်းအောင်းနေကြရပြီး အမဲလိုက်စားရတာ နှစ်ပေါက်အောင်ပါပဲ။ အဲဒီတုန်းက ဒုက္ခရောက်ကြရပေမဲ့ အခုလို ပြန်တွေးတော့လည်း ပျော်စရာပါပဲ။ တစ်ခါတစ်ရံ ဆင်ရိုင်းတွေအော်လို့ အလံတောင်ပေါ်က ဆရာစံဂူထဲမှာ ပုန်းအိပ်ကြရသေးတယ်"

ကျွန်ုပ်တို့အုပ်စု အလံတောင်ပေါ်မှ တရွေ့ရွေ့ ပြန်ဆင်းခဲ့ကြပါသည်။ ညနေလည်း စောင်းချေပြီ။ အိပ်တန်းပြန်ငှက်များနှင့် ဒေါင်းတွန်သံ၊ မျောက်အော်သံများကိုတော့ ရိုးမဘက်ကကြားလာရသည်။ တစ်နေလည်း ဝင်တော့မည်ဖြစ်သည်။

တောင်ခြေတွင် ဆိုင်ကယ်များကိုစီး၍ အောက်သို့ တဖြည်းဖြည်းဆင်းခဲ့ကြသည်။ လျှိုမြောင်များကြောင့် ခရီးကမတွင်။ တင်သောင်းတို့ လှည်းလမ်းကူးရွာရောက်တော့ မိုးစုတ်စုတ်ချုပ်ပြီဖြစ်သည်။ အောင်သန်းတို့မိဘများအိမ်တွင် ဝင်နားကြသည်။ အောင်သန်းနှင့် တင်သောင်းက နှစ်အိမ်ပေါင်း၍ ညစာကို ချက်ချင်းစီစဉ်ကြသည်။

တောစပ်ရွာကြီးဖြစ်၍ တောဝက်သားနှင့် ချေသားခြောက်ကြော်ကတော့ စားရသေးသည်။ ထိုညက တောင်တက်ခရီးပန်း၍ထင့် ညစာစား၍ ထမင်းအလွန်မြိန်သည်။ ချဉ်ပေါင်သီးကြော်မှာ ခံတွင်းတွေ့လှသည်။ တောဝက်သားနှင့် ချေသားခြောက်ကြော်မှာ မဲဇလီဖူးဟင်းဖြင့် လိုက်ဖက်လှပေတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၇]

ကျွန်ုပ်တို့ ညစာစားသောက်ကြပြီးတော့ ည(၈)နာရီခန့် ရှိချေပြီ။ ကျွန်ုပ်တို့အား လှည်းလမ်းကူးရွာတွင် ညအိပ်ရန် အောင်သန်းနှင့် တင်သောင်းတို့၏ မိဘများက ဝိုင်းတားကြသည်။ ကျွန်ုပ်တွင် အချိန်ရှိသဖြင့် ညအိပ်လိုသော်လည်း အဘိုးဦးသက်ရှည်ကို သူ့အိမ်က စိတ်မချမှာစိုးသည်။

"ကဲ ... အဘိုး၊ ဘယ်လိုလုပ်ကြမလဲ"

"အေးကွ ... ငါလည်း ဒီရွာမှာ စကားပြောရင်း လူကလေးတို့နဲ့ အိပ်ချင်ပါတယ်။ ဒါပေမဲ့ အဘိုးက ခရီးမထွက်တာကြာတော့ အိမ်က စိတ်ပူနေမှာတော့ စိုးသကွယ့်"

"ဒီလိုလုပ်ချင်တယ် ... အဘိုးရယ်။ အဘိုးတို့နေတဲ့ စာဖြူစုရွာနဲ့ ဒီလှည်းလမ်းကူးရွာက (၂)မိုင်လောက်ပဲ ဝေးတာပါ။ ကျွန်တော်တို့ ဆိုင်ကယ်နဲ့ သွားပြောလိုက်ပါ့မယ်"

ဟု ကျွန်ုပ်ကပြောရာ ...

"နေဦးကွယ့် ... လူကလေးရဲ့။ မင်းတို့ကို အဘိုးက ဆရာစံခေတ်က ဓာတ်ပုံတွေပြပြီး စကားလည်း ပြောချင်တာ။ နောက်ပြီး အဘိုးကို ဆရာစံကိုယ်တိုင်ပေးခဲ့တဲ့ ဆေးစီရင်ထားတဲ့ ဂဠုန်ရုပ်ကလေးကိုလည်း လက်ဆောင်အဖြစ်ပေးချင်တာ။ ဒါဆို ဒီလိုလုပ်ရအောင်လားကွယ်။ အဘိုးတို့အိမ်ကြီးက ကျယ်ပါတယ်။ ရွာမှာလည်း ညစာစားပြီး စကားပြောပြီးပြီဆိုတော့ အားလုံးပဲ အဘိုးတို့အိမ်ကို လိုက်အိပ်ကြပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... အဲဒီအစီအစဉ်လည်း ကောင်းပါတယ်။ ကျွန်တော်က နေမယ်ဆို နေလို့ရသေးပေမဲ့ မနက်ဖြန် သောကြာနေ့၊ စနေနေ့မှာ စာအုပ်တိုက်မှာ ချိန်းထားတာလေးတွေရှိသေးတော့ သန်ဘက်ခါမှပြန်ရင် ကတိုက်ကရိုက်ဖြစ်ကုန်မယ်။ ဒါကြောင့် အဘိုးတို့အိမ်မှာ ဒီညလိုက်အိပ်ပြီး မနက်ဖြန်မှာပြန်ရင် အဆင်ပြေတာပေါ့"

"ကဲ ... အဲဒါဆိုရင်လည်း အချိန်ရပါသေးတယ်။ ထမင်းစားပြီး ဆတ်သား ခြောက်ဖုတ်ကလေးနဲ့ ရေနွေးကြမ်းကလေး မြည်းကြပါဦး။ ဟဲ့ ... အောင်သန်းနဲ့ တင်သောင်း၊ မင်းတို့ဆရာကို ကန်တော့ရအောင် ရွာထဲပတ်ပြီး အသားခြောက်တွေ ဝယ်ကြစမ်းကွယ့်"

အောင်သန်းအမေက ဝင်ပြောရာ အောင်သန်းနှင့်တင်သောင်း ရွာထဲသို့ ထွက်သွားကြစဉ် ကျွန်ုပ်တို့က စောင့်ဆိုင်းရင်း အမြည်းစား၍ ရေနွေးကြမ်းသောက်ရင်း အိမ်သူအိမ်သားများဖြင့် စကားပြောကြရပြန်ပါသည်။ အောင်သန်းနှင့် တင်သောင်းတို့၏မိဘများမှာ ကျွန်ုပ် ၎င်းတို့ထောင်ကျစဉ် ကြည့်ရှုကူညီခဲ့ပြီး ထောင်က လွတ်သော် အဝေးပြေးကားထောင်ရန် အရင်းအနှီးများ ထုတ်ထားပေးသဖြင့် ကျေးဇူးရှင်အဖြစ် ကျေးဇူးတင်နေကြခြင်းဖြစ်သည်။

တစ်နာရီခန့်ကြာတော့ အောင်သန်းနှင့်တင်သောင်းတို့ အသားခြောက်များ တစ်ပွေ့တစ်ပိုက်စီဖြင့် ပြန်ရောက်လာကြပါသည်။

"ကဲ ... အောင်သန်းနဲ့တင်သောင်းရေ၊ မင်းတို့ဝယ်လာတဲ့ အသားခြောက် တွေကို နှစ်ပုံပုံပြီး အဘိုးကိုလည်း တစ်ပုံကန်တော့ကွာ"

"ဟုတ်ကဲ့ ဆရာ"

"နေဦး ... လူကလေးတို့ရဲ့။ အဘိုးကလည်း တောရွာမှာနေတာ။ ဒီမှာ ပေါပါတယ်။ မြို့မှာတော့ ရှားတာပေါ့။ မင်းတို့ဆရာကိုပဲ ကန်တော့ကြပါကွာ။ အဘိုးအတွက် မလိုပါဘူး။ နောက်ပြီး အဘိုးက မဆင်းရဲပါဘူးကွယ်"

"သိပါတယ် အဘိုး။ ဒါပေမဲ့ ကျွန်တော်တို့ဆရာတပည့်က ဂါရဝတရား ရှေ့ထားပြီး ကန်တော့တာပါ။ အသိအမှတ်ပြုပြီး လက်ခံပါ အဘိုးရယ်နော်"

ကျွန်ုပ်ကလည်း အဘိုးသက်ရှည်အား ငွေ ၅၀၀၀/- ကျပ်ဖြင့် ကန်တော့ လိုက်ပါတော့သည်။ အဘိုးမှာ ခရစ်ယာန်ဘာသာဝင်ဖြစ်သော်လည်း ရှည်လျားစွာ ဆုပေးပါသည်။

ထိုညက ကျွန်ုပ်တို့ လှည်းလမ်းကူးရွာမှ ဆိုင်ကယ်ကိုယ်စီဖြင့် ည (၉)နာရီခန့်တွင် ထွက်ခဲ့ကြရာ ရွာထိပ်ကျောက်ခင်းလမ်းပေါ်ရောက်သော် အဘိုး



www.burmeseclassic.com

www.burmeseclassic.com


သက်ရှည်အား စိတ်မချ၍ လာကြိုသော ဆိုင်ကယ်နှစ်စီးဖြင့် ကြုံရတော့သည်။ အဘိုး၏ သားနှင့်မြေးများ ဖြစ်ကြပေသည်။

"အဘိုးရယ် ... စိတ်ပူလို့ လိုက်လာကြတာပါ။ ဘာဖြစ်နေလို့လဲ ... အဘိုး"

"ဘာမှမဖြစ်ပါဘူးကွာ။ ဒီလမ်းနဲ့ဒီခရီးက ငါသွားနေကျပါ။ ဘာပူစရာရှိသလဲ။ မောင်တင်သောင်းတို့ရွာမှာ ညစာစားရင်း စကားကောင်းနေကြလို့ ကြာသွားတာပါ။ ကဲ ... မင်းတို့ရှေ့က သွားနှင့်ကြ။ ဧည့်သည်တွေ ငါတို့အိမ်မှာ ညအိပ်ကြလိမ့်မယ်။ ပြင်ဆင်ထားနှင့်ကြ။ မင်းတို့အဘွားရော ပြန်ရောက်ပြီလား"

"ပြန်ရောက်ပါပြီ အဘိုး။ ကျွန်တော်တို့ သွားနှင့်မယ်"

"အေး ... အေး ... မြေးတို့ ကောင်းကောင်းသွားကြ။ သတိထားလည်း သွားကြဦး။ တောလမ်းမှာ တောဝက်အုပ်ကို ဝင်တိုက်မိဦးမယ်"

"ဟုတ်ကဲ့ပါ အဘိုး"

"တောဝက်တွေက ဒီလောက်တောင် ပေါသေးသလား အဘိုးရယ်"

"နေ့ဘက်မှာ မြင်ရခဲပေမဲ့ ဒီရာသီက စပါးပေါ်တဲ့ရာသီဖြစ်တော့ ညဘက်မှာ ပေါသကွယ့်။ ဆိုင်ကယ်မီးရောင်ကို လိုက်တတ်လို့ သတိထားရတယ်ကွယ့်။ သူတို့က အုပ်လိုက်ဝင်တိုးရင် ဆိုင်ကယ်မှောက်ပြီး အစွယ်နဲ့ပက်တတ်တယ်"

ဆိုင်ကယ်လေးစီး၏ ရှေ့ဆင့်နောက်ဆင့် အသံများကြောင့်လား မသိပါ။ ထိုညက တောဝက်အုပ်ဖြင့် မတိုးပါ။ အဘိုးသက်ရှည်တို့ရွာတွင် ထိုညက စကားပြောကြပြန်ရာ ညဥ့်သန်းခေါင်(၁၂)နာရီထိုးမှ အိပ်ရာဝင် ဖြစ်ခဲ့ပြန်ပါသည်။

နောက်တစ်နေ့မနက် ကျွန်ုပ်တို့ပြန်တော့ အဘိုးသက်ရှည်က ကျွန်ုပ်အား ပဥ္စလောဟာဟူသော သတ္တု(၅)မျိုးစပ်၍ ပြုလုပ်စီရင်ထားသော ဂဠုန်ရုပ်ကို လက်ဆောင်အဖြစ်ပေးပါသည်။ ဆရာစံတို့ အလံတောင်ကို အင်္ဂလိပ်တပ်က ဝင်ရောက်စီးနင်း တိုက်ခိုက်လိမ့်မည်ဟု အဘိုးသက်ရှည်က ကြိုတင်သတင်းပေးသောကြောင့် ဆုချသောအဆောင်ဟု သိရပါသည်။ ဂဠုန်ရုပ်အောက်ခြေတွင် 'သုပဏ္ဏကဂဠုန ရာဇာ' ဟု စာတန်းကလေး ထွင်းထားပါသတည်း။

တောင်ဖျားကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

'ချစ်စရာ ဆံသဆိုင်'

များစွာသော မြို့ငယ်များတွင်ရှိတတ်သည့် ဆံပင်ညှပ်ဆိုင်ကလေးများနှယ်ပင်၊ ကျွန်တော်တို့မြို့ကလေးရှိ 'ချစ်စရာဆံသဆိုင်'သည် လူငယ်တို့ဆုံစည်းရာ ရိပ်သာကလေး ဖြစ်၍နေလေသည်။

ဆိုင်ရှင်မှာ အသားအရေဖြူဖွေးဖွေး ကိုယ်ခန္ဓာလုံးကျစ်ကျစ်နှင့် လူဖလံလေးတစ်ယောက်ဖြစ်သည်။ သူ့နာမည်ကို မည်သူမျှမသိ။ မည်သူမျှမေးလည်း မမေးမိကြ။ သူ့ဆိုင်းဘုတ်ကို ကြည့်ပြီး 'ချစ်စရာ' ဟု ပိုင်းခေါ်လိုက်ကြရာမှ သူလည်း 'ချစ်စရာ' ဖြစ်လာခဲ့လေ၏။

သူသည် ရှိုးမတောင်ကြီးကိုဖြတ်ကျော်၍ ကုန်တင်ကားမောင်းနှင်သည့် ကိုကျော်ကြီးနှင့် မြို့တစ်မြို့၏ကားဂိတ်တွင် အသိအကျွမ်းဖြစ်ကာ သူ့မြို့တွင် ဆံပင်ညှပ်ဆိုင်မရှိကြောင်း ကိုကျော်ကြီးထံမှ သိရသဖြင့် သူ့ကားနှင့်ပင် လိုက်ပါလာခဲ့သည်။

ကိုကျော်ကြီးမှာ ကားဒရိုင်ဘာတစ်ယောက် ဖြစ်သည့်အား လျော်စွာ ဇာပေါင်းအသင်းဆံ့သည်။ မြူနီစီပယ်ရုံးတွင် လျှောက်လွှာတစ်စောင်တင်ပြီး သူ့ပေါင်းအသင်းတွေနှင့် ပိုင်းဝန်းဆောက်ပေးလိုက်ရာ မြို့လယ်ဈေးဝင်ပေါက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



မလှမ်းမကမ်းတွင် ကျွန်တော်တို့မြို့၏ ပထမဆုံး ဆံသဆိုင်ကလေး ပေါ်ပေါက်လာခဲ့လေသည်။

အမှန်က ကျွန်တော်တို့မြို့တွင် ဆံပင်ညှပ်ဆိုင်မရှိသော်လည်း ဆံပင်ညှပ်သမားကတော့ နှစ်ယောက်တောင်ရှိသည်။ လံဘားနှင့် ဖိုးအောင်တို့ဖြစ်သည်။ နှစ်ယောက်စလုံး ဟိန္ဒူအမျိုးသားကြီးတွေ ဖြစ်ကြ၏။

ကျွန်တော်တို့မြို့သားတွေက သူတို့ကို 'ဆံပင်ညှပ်သမား' 'ဆံသဆရာ' စသည်ဖြင့် မခေါ်။ 'လက်သာ'ဟုခေါ်သည်။ ထိုဝေါဟာရမှာ ရှေးရိုးစဉ်လာ အသုံးအနှုန်းဖြစ်သည်။ လံဘားနှင့် ဖိုးအောင်နာမည် ရှေ့တွင် 'လက်သာ' ဘွဲ့တပ်ကာ 'လက်သာလံဘား'၊ 'လက်သာဖိုးအောင်' စသည်ဖြင့် ခေါ်သည်။

လက်သာလံဘားနှင့် လက်သာဖိုးအောင်တို့မှာ ဆံပင်ညှပ်ဆိုင်ဟူ၍ သတ်သတ်မှတ်မှတ်မရှိ။ လမ်းလျှောက်ဆံပင်ညှပ်သူများ ဖြစ်သည်။ ဆံပင်ညှပ်ရာတွင် သုံးသည့် ကိရိယာတွေကို လွယ်အိတ်တစ်လုံးထဲထည့်ကာ တစ်လမ်းဝင် တစ်လမ်းထွက် လျှောက်သည်။

လံဘားကတော့ သည်လို တစ်လမ်းဝင်တစ်လမ်းထွက် လျှောက်သွားနေရသည့်ဘဝကို အလွန်ခုံမင်သည်။ ဖိုးသူတော် မျက်စိလည်လေ ဆန်ရလေဆိုသလိုပင်။ တစ်လမ်းဝင်တစ်လမ်းထွက် လျှောက်သွားရင်း ကြုံသည့်အရက်ပုန်းဆိုင်မှာ တစ်ခွက်စီတစ်ခွက်စီ ဝင်ဝင်မော့သွားတတ်သည်။ ဖိုးအောင်ကား အသောက်အစားကင်းသည်။

ကျွန်တော်တို့မြို့သားများ ဆံပင်ရှည်ပြီဆိုလျှင် အိမ်မှာပဲထိုင်နေတော့။ 'လက်သာ ။ ။' ဟူသော အသံနှင့်အတူ လံဘား (သို့မဟုတ်) ဖိုးအောင် ပေါက်ချလာလိမ့်မည်။ အိမ်ထဲကလှမ်းခေါ်ပြီး ခွေးခြေတစ်လုံးချ ထိုင်ပေးလိုက်ရုံပင်ဖြစ်သည်။ ယခုတော့ လံဘားမှာ အသက်ကလည်း ကြီးပြီ။ အသောက်ကလည်း များသည်။ လက်တုန်နေပြီ။ မျက်စိလည်း ကောင်းကောင်းမမြင်တော့။ ဆံပင်မညှပ်နိုင်တော့ပြီ။ ဖိုးအောင်တစ်ယောက်တည်း ကြဲနေရသည်။

သည်အချိန်မှာ ကိုချစ်စရာ ရောက်လာခြင်းဖြစ်၏။

ကိုချစ်စရာက ဆိုင်းဘုတ်လှလှကလေးချိတ်၍ ဆိုင်ကို အကျအန ဖွင့်လိုက်ခြင်းသည်ပင် ကျွန်တော်တို့မြို့၏ ကဏ္ဍသစ်တစ်ခုဖြစ်လေသည်။ ဆိုင်ထဲတွင် ဆုံလည်ကုလားထိုင်နှင့် နံရံကပ်မှန်ကြီးတစ်ချပ်စီ ရှေ့နောက်ညှပ်ထားသည်မှာ အမြင်ဆန်းသည်။



www.burmeseclassic.com

www.burmeseclassic.com


ပုလင်းထဲကရေကို လေမှုတ်ပိုက်ကလေးဖြင့် ဖွာခနဲ ဖွာခနဲ ရေမှုန်အဖြစ်မှုတ်ထုတ်ပြီး ဆံပင်ကို ရေဖျန်းခံရတာလည်း အရသာတစ်မျိုးဖြစ်သည်။ ပြီးတော့ ဓားမရိတ်မီ ဆပ်ပြာပွတ်တာတို့ ဓားရိတ်ပြီး ပေါင်ဒါရိုက်ပေးတာတို့မှာလည်း ကျွန်တော်တို့ မြို့သားများအတွက် အဆန်းဖြစ်နေသည်။ အဆုံးစွန်ပြောရလျှင် ခြုံထည်ပိတ်ဖြူဖွေးဖွေး သန့်သန့်လေးခြုံရတာပင် 'စမတ်' ကျလှသည်။

ဖိုးအောင်နှင့်လံဘားတို့က ခြုံထည်မသုံး။ ဆံပင်အညှပ်ခံမည့်သူက ကိုယ့်ပုဆိုးအဟောင်းတစ်ထည် ပခုံးပေါ် လွှားတင်ပေးလိုက်ရသည်။ တချို့ကတော့ သည်အတိုင်း ကျောပြောင်ပြောင်ဖြင့်ပင် ဆံပင်အညှပ်ခံကြ၏။

ကိုချစ်စရာသည် သူ့ဆိုင်ကလေး၏ အတွင်းဘက်နံရံများတွင် ကျွန်တော်တို့က 'ဘိုင်စကုပ်စာရွက်'ဟုခေါ်သော ရုပ်ရှင်လက်ကမ်း ကြော်ငြာစာရွက်များ ကပ်ထားသည်။ ရွှေဘာ၊ တင်ညွန့်၊ ကျော်ဆွေ၊ ဇေယျတို့ခေတ် ဖြစ်သည်။ ဆေးရောင်စုံ ပုံနှိပ်ထားသော ပိုစတာကြီးများလည်း ပါသည်။

ကျွန်တော်တို့မြို့တွင် မပြရသေးသော ဇာတ်ကားကြော်ငြာမှာများသဖြင့် လူငယ်လူရွယ်တွေ ကြော်ငြာသွားသွားကြည့်ကြရင်း ကိုချစ်စရာနှင့် အသိဖြစ်သွားကြသည်။ ခေါင်းပေါ်က ဆံပင်ရှည်လာပြီဆိုသောအခါ သူ့ဆိုင်မှာပင် ညှပ်ဖြစ်သွားကြသည်။

ကိုချစ်စရာသည် ဆိုင်နံရံတွင် စင်ကလေးရိုက်ကာ ရှုမဝ၊ သွေးသောက် စသည့်မဂ္ဂဇင်းများနှင့် ရုပ်ရှင်စာစောင်များ တင်ပေးထားသည်။ ဆံပင်ညှပ်ရန် စောင့်ဆိုင်းနေခိုက် အပျင်းပြေဖတ်ရန်ဖြစ်သည်။ သို့သော် ကျွန်တော်တို့က ဆံပင်ညှပ်ညှပ် မညှပ်ညှပ် တမင်တကာပင် သူ့ဆိုင်သို့သွားကြသည်။ မဂ္ဂဇင်းစာစောင်တွေ ဖတ်ကြသည်။ ပြောကြဆိုကြ ငြင်းခုံကြသည်။ အပြောင်အပြက်ရယ်စရာ မောစရာတွေ ပြောကြသည်။

ကျွန်တော်တို့ သည်လိုလာနေတာကို ကိုချစ်စရာကလည်း ကြည်ဖြူသည်။ ကျွန်တော်တို့စကားဝိုင်းထဲ သူပါ ဝင်ဝင်ရောတတ်သည်။ သူ့အတွေ့အကြုံတွေကို ဟာသနှော၍ ပြောတတ်သဖြင့် ကျွန်တော်တို့ကလည်း သူ့ကိုသဘောကျသည်။

ကိုချစ်စရာသည် ကျွန်တော်တို့လူသိုက် ခြေငြိမ်အောင်ဆိုကာ ကျားခုံတစ်ခုံ လုပ်ပေးသည်။ ကျားကစား သင်ပေးသည်။ စကားစပ်၍ ပြောရလျှင် ထိုစဉ်က တိုင်းပြည်အခြေအနေမှာ အေးအေးချမ်းချမ်း မရှိ။ ဟိုနေရာတစ်ကွက်၊ သည်


www.burmeseclassic.com

www.burmeseclassic.com



နေရာတစ်ကွက် ကျေးလက်ဒေသအချို့ကို လက်နက်ကိုင်အဖွဲ့အစည်းများက မင်းမူထားသည်။ တစ်ခါတစ်ရံ မြို့နှင့် မိုင်အနည်းငယ်အကွာအဝေးအထိ သွေးတိုးလာစမ်းတတ်သည်။ သေနတ်သံတွေ ရံဖန်ရံဖန် ကြားနေရသည်။ လူငယ်လူရွယ်တွေ ခြေလှမ်းမှားမည်ကို မိဘများ စိုးရိမ်နေကြသည်။

သည်လိုအခြေအနေမျိုးတွင် ကျွန်တော်တို့ လူငယ်လူရွယ်တစ်သိုက် ကိုချစ်စရာဆိုင်မှာ အပြစ်မဲ့စွာ ပျော်ရွှင်နေကြသည်ကို လူကြီးများက လိုလိုလားလား ရှိသည်။ သူတို့သည် ကိုချစ်စရာကိုပင် ကျေးဇူးတင်နေကြပုံရ၏။

ကိုချစ်စရာသည် ကျွန်တော်တို့မြို့ကလေးတွင် ဆံပင်ညှပ်ဆိုင် လာဖွင့်သည့်အချိန်မှ သုံးလေးလအတွင်းမှာပင် တစ်မြို့တစ်ရွာသားဟူသောအသွင် လုံးဝကွယ်ပျောက်ကာ သည်ဇာတိဖွား သည်မြို့သားစစ်စစ်အဖြစ် အသွင်အပြင် ရော စိတ်ဓာတ်ပါ ပြောင်းလဲသွားခဲ့လေသည်။

ကိုချစ်စရာဆိုင်မှာ လူစည်ကားပြီး အလုပ်အကိုင်ဖြောင့်နေသည်ကို မြို့ခံဆံပင်ညှပ်သမား ဖိုးအောင်ကလည်း အငြိုအငြင်မရှိ။ သူကပင် တကူးတက လာရောက်မိတ်ဆက်ပြီး ကိုချစ်စရာဆီမှာ ဆံပင်ညှပ်ခံသွားသေးသည်။ ကိုချစ်စရာက ဖိုးအောင်ပေးသည့် ဆံပင်ညှပ်ခကိုမယူဘဲ မိတ်ဖြစ်ဆွေဖြစ် အလကားညှပ်ပေးလိုက်သည်။ ဖိုးအောင်ကလည်း 'မဆိုင်ဘူး။ ဒါအလုပ်ပဲ' ဟုဆိုကာ အတင်းပေးနေသည်။

"နောက် ကျွန်တော့်ဆံပင် ရှည်လာတဲ့အခါ ကိုဖိုးအောင်ကတစ်လှည့် ပြန်ညှပ်ပေးလေ။ တစ်ယောက်တစ်လှည့်စီပေါ့"

ဆိုတော့မှ ဖိုးအောင်က သူအတင်းပေးနေသော ငါးမူးစေ့လေးကို အိတ်ထဲသို့ ပြန်ထည့်သည်။ ထိုစဉ်က ဆံပင်ညှပ်ခမှာ လူကြီးငါးမူး (ပြားငါးဆယ်)နှင့် ကလေးတစ်မတ်(နှစ်ဆယ့်ငါးပြား)ဖြစ်သည်။

ကိုချစ်စရာဆိုင်သို့ လံဘားလာသောအခါမှ ကျွန်တော်တို့မှာ တဝါးဝါး တဟားဟား ရယ်နေရလေသည်။

တစ်ခုသောနံနက်ခင်းတွင် လံဘားသည် ယိုင်တိုင်ယိုင်တိုင်ဖြင့် ကိုချစ်စရာ၏ဆိုင်ထဲသို့ ဝင်လာ၏။ မျက်လုံးတွေက မှေးစင်းစင်း။ လံဘားကား နံနက်လေးနာရီထိုးကတည်းက အရက်ထသောက်သူဖြစ်သည်။

"ဟေး ... ချီးကျုယာ"

သူပါးစပ်ဟလိုက်သည်နှင့် အရက်နံ့က ထောင်းခနဲ ပျံ့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"တို့ကိုချစ်စရာ နာမည်လှလှလေး လံဘားပါးစပ်ထဲရောက်မှ ပျက်ပါတော့တယ်"

ဟု တစ်ယောက်က ဝင်ထောက်လိုက်သဖြင့် ပွဲကျသွားသည်။

"ချီးကျယာ ... နင် ... နာ့ကို တိဒလား"

လံဘားက သူ့မျက်နှာကို သူ့လက်ညှိုးထိုးပြလျက် မေးနေသည်။

ကိုချစ်စရာသည် ခေါင်းလေးမော့ကာ မျက်နှာပြုံးတုံ့တုံ့ဖြင့် ...

"သိပါတယ် ... ဦးလံဘားရယ်၊ ဦးလံဘား ကျွန်တော့်ဆိုင်ရှေ့က ဖြတ်ဖြတ်သွားနေတာ ကောင်လေးတွေပြထားလို့ ကောင်းကောင်းသိနေပါတယ်"

"အေး ... ကောင်းတယ် ... ကောင်းတယ်။ ချီးကျယာ ... နင် နာ့ကို ဆံပင်ကိုက်ပေးစမ်း"

"ဗျာ ..."

လံဘားစကားကို ကိုချစ်စရာ နားမလည်မှန်း ကျွန်တော်တို့ သိလိုက်ကြသည်။

ကျွန်တော်တို့မြို့မှ ရှေးဆန်သော လူကြီးများသည် ပြည်မ, သုံးဝေါဟာရနှင့် မသိမသာကွဲပြားသော စကားလုံးအချို့ကို သုံးနှုန်းနေကြဆဲဖြစ်သည်။ ဆံပင်ညှပ်သည်ဟုမဆို။ 'ဆံပင်ကိုက်သည်'ဟုပြောသည်။ ရေဆွဲသည်ကိုရေ 'ငင်'သည်။ ဘောလုံးကန်သည်ကို ဘောလုံး 'ကျောက်'သည်တဲ့။

ယခု လံဘားက ကိုချစ်စရာကို ဆံပင် 'ကိုက်' ခိုင်းနေရာ ကိုချစ်စရာ ဘာလုပ်ရမှန်းမသိ။ ကျွန်တော်က စကားပြန်ဝင်လုပ်လိုက်တော့မှ ကိုချစ်စရာ သဘောပေါက်သွားသည်။

"ရတယ် ... ရတယ် ... ဦးလံဘား။ ကျွန်တော် ကောင်းကောင်းကိုက်ပေးမယ်"

ကိုချစ်စရာက ဆုံလည်ကုလားထိုင်ကို ဆွဲလှည့်ပေးသည်။

လံဘားသည် အကျအန ဝင်ထိုင်လိုက်၏။ ဖွေးဖွေးဖြူသော ခြုံထည်ကို လွှမ်းခြုံပေးလိုက်သောအခါ လံသား၏အသားမှာ နဂိုကထက် ဆယ်ဆလောက် ပိုမည်းသွားသည်ဟု ထင်မှတ်ရသည်။

ကိုချစ်စရာ စက်ကတ်ကြေးကို စချိုင်လိုက်သည်နှင့် တစ်ပြိုင်နက် လံဘားသည် ဖက်ကိုလိမ်ချလှည့်ကာ ကိုချစ်စရာကို မော့ကြည့်သည်။ ကိုချစ်စရာမှာ ဆံပင် စမညှပ်ဖြစ်သေးဘဲ လံဘား စကားပြောသည်ကို စောင့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com


"ချိုးကျယာ ... နင် လိမ္မာတယ်နော်။ လံဘားကို ဦးလံဘား ... ဦးလံဘား ခေါ်တယ်။ တိပ်တော်တယ်။ ဟောဒီကန်ကလေးတွေနော် အားကြီးမိုက်တယ်။ လံဘား ... လံဘား ခေါ်တယ်။ အဲဒါ မကာနိုးဘူး။ တစ်ခါတည်း အဝေးကြီးတွားမယ်"

"ဦးလံဘားက လူကြီးပဲလေ။ ဦးတပ်ခေါ်ရမှာပေါ့။ ဒီကောင်လေးတွေကို ကျွန်တော် ဆုံးမပါ့မယ်။ ဘယ်အဝေးကြီးကိုမှ ထွက်မသွားပါနဲ့ ဦးလံဘားရယ်"

ကိုချစ်စရာက လံဘားကို တောင်းပန်သည်။

တစ်ခုခုတော့ လွဲချော်နေပြီဟု ကျွန်တော် အတွေးပေါက်လိုက်ချိန်မှာပင် လံဘားက 'အဝေးကြီး မဟုတ်ဘူးလေ။ အဝေးကျိုး ... အဝေးကျိုး'။ ဟိုလေ မြေကြီးအောက်မှာ ပူတယ်လေ၊ လောင်တယ်လေ။ ဆီနဲ့ ကြော်တယ်လေ။ ဘာလဲ ... ဟို ... နရဲ ... နရဲ ..."

"ဩော် ... အဝီစိလား"

"အေး ... ဟုတ်တယ် ... ဟုတ်တယ်။ ဒီကန်ကလေးတွေ အဲဒီအဝေးကျိုးကို တွားမယ်"

ကျွန်တော်တို့မှာ လံဘားကို စိတ်မဆိုးနိုင်။ ရယ်နေရသည်။

ကိုချစ်စရာသည် မြက်ဖုတ်ကြားထဲသို့ ဘဲနွတ်သီးထိုးသလို သူ့စက်ကတ်ကြေးကို လံဘား၏နောက်စေ့အောက်နားက ဆံပင်များကြားထဲသို့ တစ်ချက် နှစ်ချက် ထိုးလိုက်ပြီးနောက် လံဘားတစ်သက်တာတွင် ဘယ်တော့မှ မှန်မှန်ကန်ကန် မဖြေနိုင်သော မေးခွန်းတစ်ခုကို ကောက်ကာငင်ကာ မေးလိုက်လေသည်။

"ဦးလံဘား ... အသက်ဘယ်လောက်ရှိပြီလဲ"

"မတိဘူးလေ ... ကြီးပြီပေါ့"

အမှန်ပင်ဖြစ်သည်။ လံဘားသည် သူ့အသက်ကို သူမသိပေ။ ကျွန်တော်တို့မြို့သို့ သူရောက်လာစဉ်က အရွယ်ဖြင့်ခန့်မှန်းပြီး လံဘား၏အသက်သည် ခုနစ်ဆယ်အောက် မလျော့နိုင်ကြောင်း လူကြီးတွေ တွက်ဆကြသည်။

"ဦးလံဘား ... ကိုယ့်အသက်မှ ကိုယ်မသိဘူးလား"

"ဟုတ်တယ် ... မတိဘူး။ လံဘား ကန်ကလေးအရွယ်မှာ ဒီကိုရောက်တယ်။ လံဘားအသက် ဘယ်လောက်လဲ ဘယ်သူမှမပြောလိုက်ဘူး။ အင်း ... ကြီးပြီပေါ့"


www.burmeseclassic.com

www.burmeseclassic.com



လံဘားသည် သူ့အသက်နှင့်ပတ်သက်လျှင် 'ကြီးပြီပေါ့'က လွဲ၍ ဘာမျှ မပြောတတ်။

"ဦးလံဘားကိုမွေးတော့ ဘယ်မှာမွေးလဲ"

"ဟိုး ... အဝေးကြီး"

"ဟာ ... အဝီစိမှာမွေးတယ်တဲ့"

ကျွန်တော့်သူငယ်ချင်းတစ်ယောက်က ဝင်ထောက်လိုက်ပြန်ရာ လံဘား ဒန့်ဒန့်ခါသွားသည်။

ကိုချစ်စရာသည် ညှပ်လက်စကတ်ကြေးကို လက်ရှိန်သတ်လိုက်ရ၏။

"ဟော့ ... လူမိုက်။ လူစကားကို ကန်းကန်းနားထောင်"

ဟုလှည့်မာန်ပြီးမှ လံဘားက ကိုချစ်စရာ၏မေးခွန်းကို ဆက်ဖြေသည်။

"ဟိုး ... အဝေးကြီးပဲ။ ဘင်္ဂလား ... နဝါခါလီမှာ မွေးတယ်"

"မြန်မာပြည်ကို ဘယ်တုန်းကရောက်တာလဲ"

"ကြာပြီပေါ့။ အဲဒီတုန်းက လံဘားလေ လူပျိုငယ်ငယ်လေး။ ဒီမှာ မလာ ခင်နော်။ ဟို ... မြမြလေ။ အဲဒီမှာနေတယ်"

"မြမြတို့အိမ်မှာ နေတယ်ပေါ့"

လံဘားခေါင်းခါသဖြင့် ကိုချစ်စရာက ကတ်ကြေးကိုင်ထားသော သူ့ လက်ကို ကပျာကယာ မြှောက်ထားလိုက်ရသည်။ ပြီးတော့မှ ကိုချစ်စရာ တွေးတွေး ဆဆ ဆိုသည်။

"မြမြမှာနေတယ်။ အဲ ... မြမြတို့အိမ်မှာနေတာလားဆိုတော့ ခေါင်းခါ တယ်။ သြော် ... သိပြီ ... သိပြီ။ ဦးလံဘား မြမြဆိုတဲ့ အမျိုးသမီးနဲ့ အိမ်ထောင် ကျခဲ့တာပေါ့"

"အား ..."

လံဘား ဆွေးသွားပုံရသည်။ နဖူးကိုလက်ဝါးဖြင့် 'ဖျောင်း'ခနဲ မြည်အောင် ရိုက်ပစ်လိုက်၏။

"မြမြဆိုတာ လူမဟုတ်ဘူးလေ။ အဲ ... မွေးမလည်းမဟုတ်ဘူး။ မြမြမြို့။ မတိဘူးလား။ လံဘားလေ ... ဘင်္ဂလားက သင်္ဘောနဲ့ လာတယ်နော်။ ဘထင်ကို ရောက်တယ်။ ဘထင် မသိဘူးလား"

ကိုချစ်စရာ စဉ်းစားနေဆဲတွင် ကျွန်တော်က ဝင်ဖြေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"သိသားပဲ ... ဦးဘထင်ဆိုတာ ယစ်မျိုးဘက်မှာ လုပ်တယ်။ ကျွန်တော့်ဘကြီးတော်တယ်"

"အူး ..."

လံဘား အော်သွားရပြန်သည်။

"ချီးကျယာ ဒီကန်ကလေးတွေ မကန်းဘူးနော်။ ဆိုင်ကိုမလာစေနဲ့"

လံဘားသည် ကိုချစ်စရာဘက်သို့လှည့်၍ တိုင်တောလိုက်ပြီးတော့မှ စကားဆက်သည်။

"ဘထင် ... ဆိုတာ သင်္ဘောဆိုက်တဲ့ မြို့အကြီးကြီးလေ။ ဘထင်က တွားတော့မှ မြမြကိုရောက်တယ်"

သည်တော့မှပင် ကိုချစ်စရာရော ကျွန်တော်တို့လူသိုက်ပါ သဘောပေါက်သွားကြသည်။

လံဘားသည် ဘင်္ဂလားမှ သင်္ဘောဖြင့်လာခဲ့၏။ ပုသိမ် (လံဘားစကားအရ ဘထင်)သို့ အလျင်ရောက်သည်။ ထိုမှတစ်ဆင့် မြောင်းမြ (လံဘားအသံထွက်တွင် မြမြ)သို့ ရောက်သွားသည်။ မြောင်းမြတွင် ကာလအတန်ကြာနေခဲ့ပြီးမှ ကျွန်တော်တို့မြို့ကလေးသို့ ပြောင်းရွှေ့လာခဲ့သည်။

ထို့နေ့မှစ၍ ကိုချစ်စရာဆိုင်သို့ လမ်းပေါက်သွားသည်။ ကမ်းနားလမ်းရှိ အရက်ဆိုင်သို့အသွားတွင် ဝင်ချင်မှ ဝင်သော်လည်း အရက်ဆိုင်မှ အပြန်တွင်တော့ ပုံမှန်ဝင်သည်။ အရက်ကလေးထွေထွေဖြင့် သူပြောချင်ရာ တောရောက် တောင်ရောက် ပြောနေတတ်၏။

ကျွန်တော်တို့အကောင်တွေကလည်း တစ်ချက်တစ်ချက် ဝင်ဝင်နှောက်သည်။ တဝါးဝါး တဟားဟား ဖြစ်နေတတ်သည်။ ကိုချစ်စရာဆိုင်သို့ လံဘားရောက်လာလျှင် ကျွန်တော်တို့ ပို၍ပျော်သည်။ လံဘားကား စ,လို့ကောင်းသည်။ ကျွန်တော်တို့နှင့် စကားအနိုင်လု၍ သူမနိုင်လျှင် ကိုချစ်စရာကို လှည့်၍ တိုင်မြဲဖြစ်သည်။

"ချီးကျယာ .. ဒီကန်ကလေးတွေ မကောင်းဘူး။ ဆိုင်ကိုမလာစေနဲ့"

ထိုအခါ ကိုချစ်စရာက ပြုံးပြုံးကလေးဖြင့် ...

"ဦးလံဘားရယ် ... ဒီကောင်လေးတွေက ဦးလံဘားကို ချစ်လို့ စ,တာပဲ။ ဦးလံဘား စိတ်ဆိုးသလား"



www.burmeseclassic.com

www.burmeseclassic.com



"အိုး ... လံဘားလေ အသက်ဒီလောက်ကြီးပြီနော်။ တစ်ခါမှ စိတ်မဆိုးဖူးဘူး။ လံဘား ဘုရားစကားကို နားထောင်တယ်။ စိတ်ကောင်းကောင်းထားတယ်။ ဟုတ်လား ... ချီးကျူးယာ"

"ဟုတ်တာပေါ့ ... ဦးလံဘားရယ်"

"မဟုတ်ဘူး ... ကိုချစ်စရာ၊ သူ ညာနေတာ။ ဘုရားစကား နားထောင်တယ်ဆိုပြီး သူ အရက်သောက်နေတာကျတော့ ဘာပြောမလဲ"

ဟု ကျွန်တော်က ဝင်၍တွတ်သည်။

'ဟိုက်' ခနဲအော်ကာ လံဘား ပါးစပ်ပြဲသွားလေသည်။ ပြီးတော့မှ ရယ်ကျဲကျဲဖြင့် ...

"ကန်ကလေး ... နင် ဘာတီဒလဲ။ လံဘား အရက်သောက်တယ်နော်။ အဲဒါ ကျန်းမာရေး ... ကျန်းမာရေး။ ခု ဒီမှာကြည့် ... လံဘားပါးစပ်ထဲမှာ သွားတွေမရှိတော့ဘူး။ အားလုံး ကြွေကျတွားပြီ။ လံဘားနော် ... အဖတ် မစားနိုင်တော့ဘူး။ အရည်ပဲသောက်နိုင်တယ် ... ဟား ... ဟား"

ဟုပြောကာ သွားဖုံးနီနီတွေကို လူမြင်အောင်ပါးစပ် ဟ,ပြနေ၏။

ကိုချစ်စရာသည် စိတ်ရင်းကောင်း၍ ယဉ်ကျေးသိမ်မွေ့သူဖြစ်သည်။ လူတစ်ဖက်သားအလိုသို့ လိုက်ရန် အစဉ်အသင့် ဖြစ်နေတတ်သူ။ အားနာတတ်သူဖြစ်ကြောင်း ကျွန်တော် သတိထားမိသည်။

တစ်နေ့ မွန်းတိမ်းစ,အချိန် ကျွန်တော်ရောက်သွားသောအခါ ကိုချစ်စရာ၏ဆိုင်လေးထဲက ခုံတန်းလျားပေါ်တွင် လူကြီးတစ်ယောက်အိပ်နေသည်ကို တွေ့လိုက်ရ၏။ ကိုချစ်စရာကတော့ လူရွယ်တစ်ယောက်ကို ဆံပင်ညှပ်ပေးနေသည်။

ကျွန်တော်က ခုံတန်းပေါ်အိပ်နေသူအနီးသို့ ကပ်သွားကာ ငုံ့ကြည့်လိုက်သည်။ အိပ်နေသူမှာ ဦးညိုမောင်ဖြစ်သည်။ သူသည် ကုန်ထမ်းသမားတစ်ယောက်ဖြစ်၏။ ကူးတို့ဆိပ်၊ ကားဂိတ်နှင့် ဈေးသည် သူ့အလုပ်ဌာနများဖြစ်သည်။ ဆံပင်ညှပ်ရန် စောင့်ရင်းမောမောနှင့် အိပ်ပျော်သွားသည်ဟု ကျွန်တော်ထင်သည်။ သူ့ခန္ဓာကိုယ်ကြီးနှင့် ခုံတန်းကျိုးကျမှာကိုပင် စိုးရိမ်ရသည်။

ကျွန်တော်သည် မဂ္ဂဇင်းတစ်စောင်ကို ဆွဲယူကာ ခွေးခြေတစ်လုံးတွင် ထိုင်ဖတ်နေလိုက်၏။ ခဏကြာတော့ ကိုချစ်စရာ ဆံပင်ညှပ်၍ ပြီးသွားသည်။ ကျွန်တော်လည်း ဝတ္ထုတိုတစ်ပုဒ်ထဲတွင် နစ်ဝင်သွားသည်။ ဝတ္ထုဆုံးသွား၍ ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ပြန်မော့လိုက်သောအခါ ကိုချစ်စရာသည် လူငယ်တစ်ယောက်နှင့် ကျားထိုင်ထိုးနေသည်ကို တွေ့ရ၏။ ဦးညိုမောင်ကား ခုံတန်းလျားပေါ်တွင် အိပ်ပျော်နေဆဲ။ ဟောက်၍များပင် နေလိုက်သေးသည်။

ကျွန်တော်က ကိုချစ်စရာအနီး သွားရပ်ပြီး ...

"ကိုချစ်စရာ ... ဦးညိုမောင်ကို မနှိုးသေးဘူးလား"

ဟုမေးသည်။ ကိုချစ်စရာက 'ရှူး' ဟု လေသံပြုလျက် နှုတ်ခမ်းပေါ် လက်ညှိုးကန့်လန့် ထောင်ပြသည်။ အသံမပြုနဲ့ဟူသည့် သဘောဖြစ်ကြောင်း ကျွန်တော်နားလည်သည်။ သူက လေသံသဲ့သဲ့မျှဖြင့် ကျွန်တော့်ကိုပြောသည်။

"သူ့ဘာသာသူအိပ်နေတာ ဘာလုပ်ဖို့ နှိုးရမှာလဲကွာ"

"သူ ဆံပင်ညှပ်ဖို့လာစောင့်နေတာ မဟုတ်ဘူးလား"

"ဟုတ်ပုံမရပါဘူးကွာ။ သူက ခုတင်က ညှပ်ပြီးသွားတဲ့လူရွယ် မရောက်ခင်ကတည်းက လာထိုင်နေတာ။ ညောင်းလွန်းလို့ ခဏလှဲချင်တယ်ကွာဆိုပြီး လှဲလိုက်တာ။ အိပ်ပျော်သွားတာပဲ။ သိပ်ပင်ပန်းသွားပုံရတယ်"

"ဒါလည်း ပါမှာပေါ့"

ကျွန်တော်က လက်မကိုထောင်ပြီး ပါးစပ်မှာ တော့ပြသည်။ ဦးညိုမောင်သည်လည်း အရက်သောက်သူပင်။

"ဒါပေါ့ ... ဒါပေါ့ ..."

ဟုပြောကာ ကိုချစ်စရာခေါင်းညိတ်၏။

အတန်ကြာတော့မှ ဦးညိုမောင် နိုးလာသည်။ ခုံတန်းပေါ် တွင်ထိုင်ရင်း အပျင်းဆန့်နေသည်။

"ဦးညိုမောင် ... နိုးပြီလား။ ဆံပင်ညှပ်မလို့လား"

ကိုချစ်စရာ လှမ်းမေးသည်။ ဦးညိုမောင် ခေါင်းခါသည်။

"ငါ ... မင်းဆီက အကူအညီတစ်ခုတောင်းမလို့ လာတာကွာ။ ခဏလေးဆိုပြီးလှဲလိုက်တာ အိပ်ပျော်သွားတယ်။ လာစမ်းပါဦးကွ။ မင်းနဲ့ တိုးတိုးပြောပါရစေ"

ကိုချစ်စရာက ဒါမျိုးဆို လျင်သည်။ သုတ်ခနဲထပြီး ဦးညိုမောင်အနား ကပ်သွားသည်။ ဦးညိုမောင်က သူ့နားနားကပ်လျက် တီးတိုးတီးတိုးပြောသည်။ ကိုချစ်စရာ ဆတ်ခနဲဆတ်ခနဲ ခေါင်းညိတ်သည်။ နောက်တော့ ကိုချစ်စရာသည်



www.burmeseclassic.com

www.burmeseclassic.com



အတွင်းခန်းသို့ဝင်သွားပြီး ပြန်ထွက်လာသောအခါ လက်တွင် ငွေစက္ကူတစ်ရွက်ခေါက်လျက် ကိုင်လာသည်။ ဦးညိုမောင်သို့ လှမ်းပေးသည်။

ဦးညိုမောင်လှမ်းယူ၍ သူ့ကာကီအင်္ကျီ ပခုံးစုတ်ကြီး၏ အိတ်ဖုံးကို လှန်ကာ ထည့်လိုက်သောပိုက်ဆံမှာ ငွေကျပ်တစ်ဆယ်တန်ဖြစ်နေသည်။ ကျွန်တော် မျက်လုံးပြူးသွား၏။ ထိုစဉ်ကာလက ငွေတစ်ဆယ်သည် နည်းနည်းနောနော မဟုတ်။ ထမင်းဆိုင်များတွင် အဝစား တစ်ကျပ်ခွဲခေတ်ဖြစ်သည်။

ဘာရယ်လို့မဟုတ်။ ထိုကိစ္စလေးကို ကျွန်တော် စိတ်ဝင်စားနေသည်။ ကျွန်တော်နှင့်ကိုချစ်စရာ နှစ်ယောက်တည်းရှိသော တစ်ချိန်တွင် ကျွန်တော် ထိုကိစ္စကို မေးသည်။ ကိုချစ်စရာက ရုတ်ခြည်းမဖြေ။ စဉ်းစားသည့်ဟန်ဖြင့် အတန်ကြာ တွေဝေနေသည်။ ပြီးတော့မှ . . .

"မင်း ဒီအကြောင်းကို ဘယ်သူ့မှ ပြန်မပြောနဲ့နော်။ သူ့ခမျာလည်း မတတ်သာလို့သာ ငါ့ဆီမှာ အကူအညီတောင်းရတာ။ သူ သူစိမ်းဆီမှာ မျက်နှာပြောင်တိုက်ပြီး ပြောရဆိုရတာ လွယ်တာမှတ်လို့။ ဒီလိုကွ . . . သူ့အိမ်က အဘွားကြီးကလည်း ကောင်းကောင်းနေမကောင်းရှာဘူး။ သူ့မှာ ကလေးတွေကလည်း များတယ်ဆိုကွ"

"ဟုတ်တယ်ဗျ . . . ရှစ်ယောက်လား မသိဘူး"

"အေးကွာ . . . ကလေးကလည်းများ မိန်းမကလည်း နေမကောင်း။ သူ့အလုပ်ကလည်း ပါးတယ်တဲ့ကွ။ အဲဒီအထဲ မနက်က ရတာလေးလည်း အရက်သောက်လိုက်မိတော့ ကုန်သွားတယ်။ ညနေ အလုပ်က မသေချာဘူး။ အိမ်ပြန်ရင် တစ်အိမ်လုံး ထမင်းငတ်တော့မှာကြောင့် ငါ့ဆီ ငွေလာချေးတာကွာ။ မင်း သူများတွေလျှောက်မပြောနဲ့နော်။ ဒီစကား သူ့နားပြန်ရောက်သွားရင် သူရှက်နေပါဦးမယ်။ ငါ့ကိုလည်း တလွဲထင်သွားလိမ့်မယ်"

"အင်းပါဗျာ . . . မပြောပါဘူး . . . စိတ်ချ"

ဦးညိုမောင်အကြောင်းကို ပြောပြနေစဉ် ကိုချစ်စရာ၏အသံသည် လေးတွဲ့တုံ့ဆိုင်းလျက် မျက်လုံးများက ရီဝေနေသည်။ 'ငါ သိပ်ကိုယ်ချင်းစာတယ်' ဟု ကြေကွဲသံဖြင့်ပြောကာ မျက်နှာကို တစ်ဖက်သို့ လှည့်ပစ်လိုက်၏။

နောင်အလျဉ်းသင့်သော တစ်ချိန်တွင် ကိုချစ်စရာက သူ့ဘဝကို အကျဉ်းချုပ်၍ ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့အဖေက ဆိုက်ကားသမားကြီးကွ။ အရက်လည်း သောက်တတ်တယ်။ ဟော့ဟော့ရမ်းရမ်းတော့ မဟုတ်ဘူးပေါ့ကွာ။ အမေက မီးယပ်ရောဂါသည်။ မွေးထားလိုက်တာကလည်း သားသမီးခြောက်ယောက်။ တို့ညီအစ်ကိုမောင်နှမတွေ ဘယ်သူမှ စာကောင်းကောင်း မသင်ခဲ့ရဘူးကွာ။

အဖေနဲ့အမေဆုံးသွားတော့ တို့တစ်တွေ တစ်ယောက်တစ်ကွဲစီ ဖရိုဖရဲဖြစ်ကုန်ကြတော့တာပါပဲ။ ငါလည်း စာမှဟုတ်တိပတ်တိမတတ်တော့ ဆံပင်ညှပ်တဲ့ပညာပဲ သင်ခဲ့ရတယ်။ အဲဒါ ... မင်းတို့လည်း စာကိုကြိုးစားကွ။ စာမတတ်လို့ကတော့ လောကမှာ ဆင်းရဲသံသရာက လွတ်မှာမဟုတ်ဘူး။

မင်းကြည့်လေ ... စာမတတ်ပေမတတ် ဆိုက်ကားသမားရဲ့သားက ဆံပင်ညှပ်သမားပဲ ဖြစ်ရတော့မှာပေါ့။ နေချင်သပေါ့ကွာ တိုက်နဲ့တာနဲ့။ ကိုယ်ပိုင်ကားနဲ့။ ဒါပေမဲ့ ငါ့လိုအကောင်က ဘယ်လိုအကြောင်းနဲ့မှ အဲလိုနေနိုင်ခွင့်ရစရာမရှိဘူး။ ဟော့ကောင်ရာ ... ဦးညို မောင်တို့ဘဝကိုလည်း ငါစဉ်းစားကြည့်တယ်။ ခုနေများ သူသေသွားရင် သူ့သားသမီးလေးတွေရဲ့ နေရေးစားရေးဟာ မတွေးရဲစရာပါလားကွာ"

ကိုချစ်စရာ၏အသံသည် ဆို့နင့်တိုးတိမ်သွား၏။

✿ ✿ ✿

[၂]

"ငါ့လူတို့ရာ ... မင်းတို့ကို ငါခင်မင်တယ်၊ တွယ်တာတယ်ဆိုတာ အကြောင်းမဲ့တော့ မဟုတ်ဘူးကွ။ အကြောင်းရှိတယ်။ အဲဒါ ငါ့ဘဝနဲ့ ပတ်သက်နေတယ်။ ကြားဖူးနားဝနဲ့ ပြောရရင်တော့ စိတ်ပညာသဘောဆိုပါတော့ကွာ။ အမှန်က ငါ့မှာ ညီအစ်ကိုမောင်နှမတွေ အများကြီးရှိတယ်။ ဒါပေမဲ့ ဖရိုဖရဲတစ်ကွဲတစ်ပြားစီ ဖြစ်နေတယ်။

အဖေနဲ့အမေဆုံးသွားတော့ တို့ညီအစ်ကိုမောင်နှမတွေ ဘယ်သူမှ လောကလောက်လားလား အရွယ်မရောက်ကြသေးဘူး။ အစ်ကိုအကြီးဆုံးတစ်ယောက်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ဆယ့်ခြောက်နှစ်လောက်ရှိဦးမယ်။ တစ်ဝမ်းတစ်ခါးအတွက် ဘယ်သူ့ဘယ်သူမှ အားမကိုးနိုင်ကြသေးဘူးပေါ့ကွာ။

တို့မောင်နှမတွေကို ဆွေးမျိုးနီးစပ်တွေက သူတစ်ယောက် ကိုယ်တစ်ယောက် ခေါ်မွေးကြတာ။ နေကြတာကလည်း နေရာအနှံ့အပြားဆိုတော့ ဟိုတစ်ယောက်ဒီတစ်ယောက် ဖြစ်ကုန်ကြတော့တာပေါ့။ ငါဟာ မိသားစုညီအစ်ကိုမောင်နှမတွေနဲ့ ချစ်ချစ်ခင်ခင် သိုက်သိုက်ဝန်းဝန်း နေခွင့်မရခဲ့ပါဘူး။ ငါ့အစ်ကိုက စစ်တပ်ထဲဝင်သွားတယ်။ ငါ့ညီလေးတစ်ယောက်က သူပုန်ဖြစ်သွားတယ်။ ခုတော့ အဲဒီသူပုန်ကောင်လည်း တိုက်ပွဲမှာ ကျသွားထင်ပါရဲ့ကွာ။

တိုင်းပြည်က မငြိမ်မသက်နဲ့ဆိုတော့ ငါလည်း ငါ့နှမလေးတွေဆီ ပြန်မရောက်နိုင်တော့ပါဘူး။ ဆိုလိုတာကကွာ လောကမှာ မိသားစုအသိုက်အဝန်းလောက်တွယ်တာမြတ်နိုးစရာကောင်းတာ ဘာမှမရှိဘူး။ ငါမင်းတို့ကို ခင်မင်တွယ်တာနေတာ ဒီသဘောပဲ။ မင်းတို့ကို ငါ့ညီလေးတွေလို သဘောထားတယ်”

မိုးကလေး တဖွဲဖွဲရွာနေသော နံနက်ခင်းတွင် ကိုချစ်စရာက ကျွန်တော်တို့အား ပြောပြနေသည်။ တစ်ချက်တစ်ချက်တွင် သူသည် တအိအိနိမ့်ဆင်းလာနေသော ခဲပုပ်ရောင်မိုးကောင်းကင်ကို လှမ်းကြည့်ကာ မျက်နှာညှိုးကျသွားတတ်သည်။ ဆံပင်ညှပ်မည့်သူ မလာသဖြင့် သူ အားလပ်နေချိန်ဖြစ်သည်။

ထိုစဉ် ကျွန်တော်တို့အရွယ် လူငယ်တစ်ယောက်ဆိုင်ထဲသို့ ဝင်လာသည်။ သူ့ကို ကျွန်တော်တို့သိသော်လည်း မည်သူမျှ နှုတ်မဆက်ကြ။ သူသည် ကျွန်တော်တို့အပေါင်းအသင်းထဲကမဟုတ်။ တစ်ကျောင်းတည်း တစ်တန်းတည်းဖြစ်သည့်တိုင် သူက ဘာသိဘာသာနေသည်။ ကျွန်တော်တို့ကလည်း သူ့ကို အရေးအရာမလုပ်။ သူ့အဖေသည် ကျွန်တော်တို့မြို့တွင် ဩဇာအရှိန်အဝါ ကြီးမားသူဖြစ် သည်။ သူတို့မိသားစုသည် မြို့အစွန်က တောင်ကုန်းလေးပေါ်တွင် သီးသန့်နေ ိုင်ကြသည်။ မြို့လူထုနှင့် ခပ်စိမ်းစိမ်းနေကြ၏။

ကျွန်တော်တို့ ရှိနေသောကြောင့်လားမသိ၊ သူက မျက်နှာကို ပစ်လိုက်သည်။ မလိုအပ်ဘဲနှင့် လက်နှစ်ဖက်ကို ခါးပေါ်တွင် ထော

“ကိုချစ်စရာ ဒီမနက်မှာ အိမ်ကိုလာခဲ့ပါလို့ အဖေက မှ

ကိုချစ်စရာ တအံ့တသြ သူ့ကိုကြည့်သည်။ ဖဝေဖဝါ

ရသည်။

“နေပါဦး . . . ညီလေးရ၊ မင်းအဖေက ဘယ်သူတုံ



www.burmeseclassic.com

www.burmeseclassic.com


"ကျွန်တော့်အဖေက ဦးကျော်ဖိုးသာဗျ"

"ဩော် ... ဩော် ..."

ကိုချစ်စရာ ခေါင်းညိတ်သည်။ အမည်ကိုကြားလိုက်ရုံဖြင့် သူက ဘယ်လို လူမျိုးဆိုတာ ကြားဖူးပြီး ဖြစ်နေလိမ့်မည်။

"ဒါထက် ... မင်းအဖေက အစ်ကို့ကို ဘာအတွက်ခေါ်တာလဲ ... ညီလေးရ ဟင်"

ကိုချစ်စရာက ရိုးရိုးသားသား မေးလိုက်ခြင်းဖြစ်သည်ကို ကျွန်တော်တို့ သိသည်။ သို့သော် သူ့ကိုပြန်ပြောသောလေသံက မောက်မာဝေါက်ဆတ်သည်။

"ဆံပင်ညှပ်သမားကိုခေါ်တာ ဆံပင်ညှပ်မလို့ပေါ့ဗျ"

ကျွန်တော်တို့သူငယ်ချင်းတစ်သိုက် တိုင်ပင်မထားဘဲ အကြည့်ချင်း ဆုံမိ သွားကြ၏။ တစ်စုံတစ်ရာ ပြဿနာပေါ်တော့မည်ဟု အလိုလို နားလည်နေသလို ရှိသည်။ ကိုချစ်စရာ မျက်နှာတစ်ချက် တည်သွားသည်။ သို့သော် တစ်စက္ကန့်ခေ အစိတ်အပိုင်းငယ်လေးတစ်ခုမျှတာ အတွင်းမှာပင် သူ့မျက်နှာပေါ်၌ အပြုံးရိပ်သည် ပြန်လည်ထင်ဟပ်လာ၏။

"ညီလေး ... အစ်ကိုက အိမ်လိုက်ပြီး ဆံပင်မညှပ်ပါဘူးကွာ။ အိမ်လိုက် ပြီး ဆံပင်ညှပ်နေတဲ့ ဦးဖိုးအောင်ရှိပါတယ်။ သူ့ကို ခေါ်ပါကွာ ... ဟုတ်လား"

မျက်နှာပေါ်ကအပြုံးနှင့်အတူ အသံသည်လည်း သိမ်မွေ့ချိုသာသည်။

သို့သော် တစ်ဖက်မှတုံ့ပြန်သံသည်ကား ဆန့်ကျင်ဘက်။

"ဖိုးအောင်ဆီမှာ မညှပ်ချင်လို့ ခင်ဗျားကို ခေါ်ခိုင်းတာပေါ့ဗျ"

ကိုချစ်စရာသည် ဘာမျှ ပြန်လည်ပြောဆိုရန် မရှိတော့သည့်အလာ လက်ထဲက သင်တုန်းဓားကလေးကို ကျောက်ပြားပေါ် အသာအယာတင်လျက် ဖွဖွလေး သွေးနေပြီးတော့မှ ခေါင်းတစ်ချက် ဆတ်ခနဲမော့ကာ ...

"အေးကွာ ... အစ်ကိုကတော့ ဘယ်သူ့အိမ်မှလိုက်ပြီး ဆံပင်မညှပ်ပါ ဘူး"

ဟု အေးစက်စက်ပြောသည်။ ထို့နောက် အေးအေးဆေးဆေးပင် ဓားသွေး နေလိုက်သည်။ သူ ဘယ်ကိုမျှ မကြည့်တော့။

သူ့ကိုလာခေါ်သောလူငယ်သည် အံတစ်ချက်ကြိတ်ပြီး ချာခနဲ လှည့်ထွက် သွားသည်။

"ကိုချစ်စရာကလည်းဗျာ လိုက်သွားလိုက်ရင် ပြီးတဲ့ဥစ္စာ"


www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်တော်တို့အထဲမှ တစ်ယောက်က ပြောသည်။

ကိုချစ်စရာက ခေါင်းကို လေးလေးတွဲ့တွဲ့ ယမ်းခါလျက် ပြန်ပြော၏။

"ငါက ဆိုင်ဖွင့်ထားတယ်လေကွာ။ ဆိုင်ဖွင့်ချိန်အတွင်းမှာ ဘယ်သူလာလာ ငါညှပ်ပေးမယ်။ အိမ်ကိုတော့ လိုက်မညှပ်ဘူး။ ဒါ ငါ့အလုပ်ရဲ့ စည်းကမ်းပဲ။ ဆိုင်ပိတ်ပြီးမှ ပြန်ဖွင့်ပြီး ညှပ်ခိုင်းတာပဲဖြစ်ဖြစ်၊ ဆိုင်ဖွင့်ချိန်ဖြစ်ပေမဲ့ အိမ်ကိုခေါ်ပြီး ညှပ်ခိုင်းတာပဲဖြစ်ဖြစ် ငါ လက်မခံဘူး။ ငါ့အလုပ်စည်းကမ်းကို ငါမချိုးဖောက်နိုင်ဘူး။ ပြီးတော့ ငါ့ကိုလာခေါ်တဲ့လူနောက်လိုက်ပြီး ဆံပင်ညှပ်ပေးရင် ဟို ... ဦးဖိုးအောင် ရဲ့အလုပ်ကို လုလုပ်သလို ဖြစ်မနေဘူးလား။ အဲဒီလိုဆိုရင် ငါကောင်းပါဦးမလားကွာ"

"အေး ... ဟုတ်တယ်။ ချီးကျူယာ ... နင် သိပ်တော်တယ်။ နင် ဉာဏ်ကန်းကန်းရှိတယ်။ ဒီကန်ကလေးတွေနော် .. အလကားပဲ။ ဉာဏ်မှုဆိဘူး"

ဘယ်အချိန်က ရောက်နေမှန်းမသိသော လံဘားက ဝင်ပြောလိုက်သောအခါ ကျွန်တော်တို့မှာသူ့ကို စိတ်မဆိုးသည့်အပြင် ဖိစီးတင်းကျပ်နေသောစိတ်တွေ ပြေလျော့သွားသည့်အတွက် ပြုံးနိုင်ရယ်နိုင် ရှိလာကြသည်။

လံဘားကား 'ဒီကန်ကလေးတွေ' မပါလျှင် စကားပြောတတ်ပုံမရ။ ကျွန်တော်တို့ကလည်း သူပြောသမျှ ဟာသဟုပဲ သဘောထားကာ ရယ်နေလိုက်ကြသည်။ စင်စစ် လံဘားသည် ကလေးချစ်တတ်သူတစ်ဦး ဖြစ်သည်။ သားသမီးမရတတ်သော လံဘားတို့လင်မယားမှာ တစ်လမ်းလုံး ကလေးတွေကို ထိန်းသိမ်းရှိုးလာခဲ့ကြသည်။

ထို့ကြောင့် သူတို့ဇရာထောက်လာသောအခါ တစ်လမ်းလုံး သူတို့သားသမီးတွေ ဖြစ်နေသဖြင့် သူတို့လင်မယားအား ကြည့်ရှုကြသည်။ ယခု လံဘားဆံပင်မညှပ်နိုင်တော့သောအချိန်တွင် ပို၍ သိတတ်ကြသည်။ လံဘားမိန်းမကလည်း အလကားမနေ။ လမ်းထိပ် ညောင်ပင်ရိပ်တွင် ခုံကလေးချကာ နံနက်ခင်း၌ တို့ရှေလုပ်ရောင်းသည်။ ညနေချမ်းများတွင် အာပုံလုပ်သည်။

ယခု နေညိုစောင်းပြီ။

လံဘားသည် ကိုချစ်စရာအား သူ့သွားဖုံးနီနီတွေပေါ်အောင် ရယ်ပြလျက် 'ချီးကျူယာ' ဟုခေါ်ကာ လက်ညှိုးတစ်ချောင်းထောင်ပြသည်။

ကိုချစ်စရာက အလိုက်သိစွာ ငွေတစ်ကျပ် ထုတ်ပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



လံဘား ကမ်းနားလမ်းဘက်သို့ ဆင်းသွားသည်။ အရက်တစ်အာတာဖိုး ရသွားပြီ။ ယခု အရက်ဈေးတွေ တက်နေသည်။ တစ်ပုလင်းကိုနှစ်ကျပ်ဟု လံဘား ပြောတာ ကျွန်တော်မှတ်မိနေသည်။

ထိုစဥ် ရုပ်ရှင်ကြော်ငြာမောင်းခတ်သော ဦးပန်းမောင်ကြီးသည် မောင်းကို ချိုင်းကြားတွင်ညှပ်ကာ ဆိုင်ထဲသို့ ဝင်လာ၏။

"ရှောပေါ့ ... ချစ်စရာ ... နင့်ဆိုင်မှာ ကပ်ဖို့"

ဦးပန်းမောင်က 'ဘိုင်စကုပ်စာရွက်'တစ်ရွက် ပေးသွားသည်။ ကျွန်တော်တို့ ဝိုင်းကြည့်လိုက်ကြ၏။ တစ်ပြိုင်တည်းလိုပင် အသံတွေ ထွက်သွားသည်။

"ဝရမ်းညီနောင် ..."

"ရွှေဘသုံးကိုယ်ခွဲ"

ကျွန်တော်တို့အချင်းချင်း ညှိနှိုင်းနေစရာမလို။ သည်ည ရုပ်ရှင်ကြည့်ဖြစ်ရန် သေချာသွားပြီ။ ကျွန်တော်ကား ရုပ်ရှင်မကြည့်ရသေးခင်ပင် စိတ်ကူးဖြင့် ပျော်နေသည်။ 'ရွှေဘ'သည် တစ်ကိုယ်တည်းကားတွေမှာပင် အသေအလဲ အကွဲ အပြဲ ထိုးသတ်ခဲ့လေရာ ယခု သုံးကိုယ်တောင်ခွဲမှာဆိုတော့ ရုပ်ရှင်ရုံကြီးတောင် ပွင့်ထွက်သွားနိုင်သည်ဟု ကလေးဆန်ဆန် ကျွန်တော်တွေးသည်။

"ဒါနဲ့ ... ဝရမ်းဆိုတာ ဘာလဲဟျ ... ကိုချစ်စရာ"

"အင်္ဂလိပ်စကားလား ဘာလားမသိပါဘူးကွာ။ လူသတ်မှု၊ ဓားပြမှု၊ လုယက်မှု။ အဲ ... ရာဇဝတ်မှုတွေပေါ့ကွာ။ အဲဒါတွေ ကျူးလွန်ပြီး ပုလိပ်အဖမ်း မခံရအောင် ထွက်ပြေးနေတဲ့လူကို ဝရမ်းပြေးလို့ ခေါ်ကြတာပဲကွ"

(ထိုစဥ်က 'ရဲ'ဟု အမည်မပြောင်းသေး 'ပုလိပ်'ဟု ခေါ်ကြဆဲဖြစ်သည်။)

ကိုချစ်စရာ စကားပြတ်သွားသည်။ ပြတ်သွားရသည့်အကြောင်းကား ဆိုင်ထဲသို့ လံဘားနှင့်ဦးညိုမောင် နှစ်ယောက်တွဲ ဝင်လာသောကြောင့်ဖြစ်သည်။ သူတို့အရက်ဆိုင်မှာ တွေ့လာခဲ့ကြပုံရသည်။ အရက်နံ့လေးတွေ တသင်းသင်းဖြင့် ခုံတန်းမှာ ဝင်ထိုင်ကြသည်။

ဦးညိုမောင်က ...

"ချစ်စရာ ..."

ဟုခေါ်ပြီး သူ့နားလာထိုင်ရန် လက်ရိပ်ပြသည်။ ကိုချစ်စရာ သူ့နံဘေးတွင် ကပ်ထိုင်သည်။

ဦးညိုမောင်က ...



www.burmeseclassic.com

www.burmeseclassic.com



"ဟိုကိစ္စဟာ ဒီလိုနဲ့ အေးမသွားဘူးထင်တယ်ကွ"

ဟု အရင်းအဖျားမရှိ စကားကိုဆိုသည်။

ကိုချစ်စရာ ကြောင်တောင်တောင်ဖြင့် ဦးညိုမောင်မျက်နှာကို ကြည့်သည်။

"ဘယ်ကိစ္စပါလိမ့်ဗျာ"

"ဟို ... ဦးကျော်ဇံသာက ဆံပင်ညှပ်ဖို့ခေါ်တာ မင်းလိုက်မသွားတဲ့ကိစ္စ ပေါ့ကွာ။ အဲဒီပုဂ္ဂိုလ်က တော်တော်ကို ဒေါကန်နေတယ်ဆိုပဲကွ။ ငါ သူ့တပည့် တစ်ယောက်နဲ့ ခုပဲတွေ့လာခဲ့တယ်"

ကိုချစ်စရာသည် တစ်ခုခုကို တွေးတောမိသလို အတန်ကြာ ငေးနေ၏။ ထို့နောက် သက်ပြင်းတစ်ချက်ချကာ ...

"ဘယ်တတ်နိုင်ပါ့မလဲ ဦးညိုမောင်ရယ် ... သူဒေါကန်လည်း ကန်ပေါ့။ ကျွန်တော်က သူ့ကို စော်ကားတာမှမဟုတ်ပဲ"

ဟု တိုးသဲ့သဲ့ ပြောနေသည်။

✿ ✿ ✿

[၃]

'ဝရမ်းညီနောင်' ဇာတ်ကားမှာ ညီ လူဆိုးလူမိုက်နှစ်ယောက်အား အစ်ကို ကြီးဖြစ်သူ ပုလိပ်အရာရှိက လိုက်လံရှာဖွေဖမ်းဆီးသည့် ဇာတ်လမ်းဖြစ်သည်။ ညီ လူဆိုးလူမိုက်နှစ်ယောက်လည်းရွှေဘ၊ အစ်ကိုပုလိပ်အရာရှိလည်း ရွှေဘပင်ဖြစ် သည်။ ရွှေဘသုံးကိုယ်ခွဲ တကယ့်ဇာတ်ကြမ်းကားကြီးဖြစ်၏။

အသံတိတ်ခေတ်ဖြစ်၍ တီးဝိုင်းကလည်း 'ဗိန်းဗောင်း' ကို အဆက်မပြတ် တီးပေးနေရသည်။ ပရိသတ်၏ လက်ခုပ်သံနှင့် လက်ခေါက်မှုတ်သံတို့သည် ဗိန်းဗောင်းသံနှင့်ရောကာ ရုပ်ရှင်ရုံတစ်ရုံလုံး ပွက်လောညံနေ၏။

ထိုညက ကျွန်တော်သည် ရုပ်ရှင်အရသာကို တစိမ့်စိမ့်ခံစားကာ နှစ်နှစ် ခြိုက်ခြိုက်ကြီး အိပ်ပျော်သွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ ကျွန်တော် အိပ်ရာနိုးလာသောအခါ အလွန်ထူးဆန်းသော သတင်းတစ်ခုသည် ကျွန်တော်တို့မြို့ကလေးပေါ်တွင် တဟိုးဟိုးကျော်လျက် ရှိလေတော့သည်။ မယုံကြည်နိုင်သော သံသယများဖြင့် အချင်းချင်း မေးကြမြန်းကြ၏။

"ချစ်စရာကို ပုလိပ်ဖမ်းသွားတယ်ဆို။ ဟုတ်သလား"

"ဟုတ်တယ်၊ လံဘားနဲ့ညီ့မောင်တို့တောင် ပါသွားသတဲ့"

"ဘာအတွက်ဖမ်းတာတဲ့လဲ ... ဟင်"

"ချစ်စရာက ဝရမ်းပြေးဆိုပါလား"

"နို့ ... ဟိုနှစ်ယောက်ကကော"

"ဝရမ်းပြေးမှန်းသိလျက်နဲ့ ဆက်ဆိုင်ရာကို တိုင်ကြားသတင်းပေးဖို့ ပျက်ကွက်မှု။ အဲ ... ထိမ်ချန်မှုတဲ့ဗျာ"


"ကြဲကြဲဖန်ဖန် ..."

၁၉၅၀ ဝန်းကျင် ကာလများဆီက ဖြစ်လေသည်။

အောင်သာမိုး

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# [၁]

"ဒေါင်ဒေါင် ... ဒေါင်ဒေါင် ... ဒေါင်ဒေါင် ... ဒေါင်"

နာရီသံချောင်းခေါက်သံ (၇)ချက်ကြားလိုက်ရသည်နှင့် ယူနီဖောင်းအပြည့် အစုံနှင့် အမေရိကန်ရိုင်ဖယ်သေနတ်များ ကိုင်ဆောင်လျက် မြို့မရဲစခန်း၏ရှေ့ သတ် မှတ်ထားသော ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံတော်ရှေ့တွင် တပ်ကြပ်မှစ၍ ဒုတပ်ကြပ်၊ တပ်ကြပ်နှင့်တပ်သားတို့ တန်းစီရန် အပြေးအလွှားရောက်ရှိလာ၏။

ညက တာဝန်ကျခဲ့သော အကြပ်တပ်သားများနှင့် ယနေ့တာဝန်ယူရမည့် အကြပ်တပ်သားများ ကင်းသစ်ကင်းဟောင်းလဲကြမည်လည်း ဖြစ်၏။

ယနေ့ ထူးထူးခြားခြား လက်နက်များကိုင်ဆောင်လာရခြင်းမှာ ဌာနာအုပ် ကိုယ်တိုင် အရေးကြီးသောစကားများ မှာကြားမည်ဖြစ်သဖြင့်လည်းကောင်း၊ ကိုင်ဆောင်သောလက်နက်များကို စစ်ဆေးမည်ဖြစ်သဖြင့်လည်းကောင်း စခန်းရှိ လူစုံအကုန်လာကြရခြင်းဖြစ်၏။

"ရှိ ... ရှိ ... ရှိ ..."

"တပ်ဖွဲ့ ... တန်းစီ"

"တပ်ဖွဲ့ ... သတိ"

"တပ်ဖွဲ့ ... ညာညှိ"

"တပ်ဖွဲ့ ... အမှတ်စဉ်မှတ်"



www.burmeseclassic.com

www.burmeseclassic.com


"တိတ် ... နိပ် ... တုံး ... လေး"

တပ်ဖွဲ့ဝင်ငါးဆယ်ကျော်တို့၏ အစဉ်လိုက် အမှတ်စဉ်ရေတွက်ခဲ့ရာ မြန်လွန်းသဖြင့် (တစ်၊ နှစ်၊ သုံး၊ လေး) ပင် မပီသတော့ပါ။ လူငါးဆယ်ကျော်ရေတွက်နေသည်မှာ အတော်ကြာ၏။

"တပ်ဖွဲ့ ... သတိ"

"တပ်ဖွဲ့ ... နိုင်ငံတော်သီချင်းဆို"

တပ်သားငါးဆယ်ကျော်၏ နိုင်ငံတော်သီချင်းကို သံပြိုင်ဟစ်ကြွေးလိုက်သည်မှာ နားထောင်ရသူများ မွေးညင်းများထလာသည့်တိုင် အကြောစိမ့်အောင် ပီတိဖြစ်ရ၏။

(ကမ္ဘာမကြေ ...) သီချင်းဆုံးသွားသောအခါ (သစ္စာ) (သမာဓိ) (သတ္တိ) ဟူသော ရဲတို့၏အမိဋ္ဌာန် (၃) ချက်ကိုဆိုကြရ၏။

သစ္စာအမိဋ္ဌာန် (၃) ချက်ကို ဆိုပြီးချိန်တွင် နိုင်ငံတော်အလံကို အလေးပြုကြ၏။ အလေးပြုပြီးသောအခါ ရှေ့မှ ညွှန်ကြားနေသူက ဌာနာအုပ်ရောက်ရှိလာပြီဖြစ်၍ တန်းစီနေသူများကို သက်သာအနေအထားမှာ နေစေလိုက်သည်။

"တပ်ဖွဲ့ ... သတိ"

"ဖျောင်း ...."

ခြေထောက်နှစ်ချောင်းကပ်လိုက်သဖြင့် ထွက်လာသောအသံမှာ မိုးကြိုးပစ်လိုက်သကဲ့သို့ ထွက်လာ၏။

"တပ်ဖွဲ့ ... ဗိုလ်ကြီးကို ... အလေးပြု"

"ဖျောင်း ... ဖျောင်း ဖျောင်း ..."

ညာဘက်ဖြင့်ကိုင်ထားသော ရိုင်ဖယ်သေနတ်များကို မိမိ၏မျက်နှာရှေ့တည့်တည့်သို့ ရောက်အောင်မယူပြီးနောက် သေနတ်များကို ဘယ်ဘက်ပခုံးပေါ်သို့ တင်လိုက်ကြရ၏။ ပခုံးပေါ်သို့ သေနတ်များရောက်သွားသောအခါ သေနတ်၏ ကျည်ဆန်ထည့်သော ဖလုပ်ကို မိမိ၏နားနားတွင် ကပ်ထားရပြီး ဘယ်ဘက်လက်မှ သေနတ်၏ (ဒင်) ကို ဆုတ်ကိုင်လိုက်ရပြီး ညာဘက်လက်ဖဝါးဖြင့် သေနတ်ဒင်ကို ဖျောင်းကနဲ နေအောင်ရိုက်၍ အလေးပြုလိုက်၏။

"သေနတ်အောက်ချ"

"သက်သာ"


www.burmeseclassic.com

www.burmeseclassic.com


သေနတ်ကို ပခုံးပေါ်မှ အောက်သို့ချရာတွင် သေနတ်ခင်အား မိမိ၏ညာခြေဘိနပ်အနီးကပ်ထားရပြီး သေနတ်ပြောင်းကို ရှေ့သို့ မိမိညာလက်အရှည်ရှိသလောက် ဆန့်ထုတ်လိုက်ရသည်။

ဌာနာအုပ်ကလည်း အလေးပြုသော တပ်ဖွဲ့ဝင်များကို ပြန်၍ အလေးပြု၏။ ထို့နောက်မှ ပြောစရာမှာစရာရှိသည်များ ဆက်လက်မှာကြားလေ၏။

"တပ်ဖွဲ့ဝင် ညီအစ်ကိုအားလုံး ကျန်းမာကြရဲ့လားဟေ့"

"ကျန်းမာပါတယ် . . ဗိုလ်ကြီး"

"မင်းတို့ရဲ့ မိဘနှစ်ပါးနဲ့ဇနီးသားသမီးများကော ကျန်းမာကြရဲ့လားဟေ့"

"ကျန်းမာကြပါတယ် . . . ဗိုလ်ကြီး"

"အေး . . . ငါနဲ့ငါ့မိသားစုအားလုံးလည်း ကျန်းမာကြတယ်ကွ"

"အေး . . . မကျန်းမာဖြစ်နေတာကတော့ ငါတို့အုပ်ချုပ်နေတဲ့ မြို့မရဲစခန်းကြီးနဲ့ . . . ငါတို့အပိုင် နယ်မြေတွေပဲကွ"

"အခုတလော အမှုကြီးရှစ်မျိုးထဲက တိရစ္ဆာန်ခိုးမှုက တော်တော်ဆိုးနေတယ်ကွ။ ဟိန္ဒူမှုတူးရဲ့ နို့စားနွားမတွေကို သတ်ပြီး အသည်းတွေ ကလီစာတွေနဲ့ အသားကို လိုသလောက်ပဲယူသွားပြီး အကောင်ကြီးကို ဒီအတိုင်းထားခဲ့တယ်လို့ ကြားရတယ်ကွ"

"တရုတ် . . . အဟိန်ရဲ့ ဝက်ခြံကဝက်တွေကလည်း တစ်နေ့တစ်ကောင် ပျောက်နေတယ်လို့ ကြားရတယ်။ အဆိုးဆုံးက ဝက်ချုပ်ချောင်းပတ်ဝန်းကျင်က ပစ္စည်းတွေ အပျောက်အရှများနေတယ်။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး အမှုလိုက် မောင်ပိုက်နဲ့ ဆားပုလင်းမြသင်း သိသလောက်ရှင်းပြစမ်းပါဦး"

"ဒါက ဒီလိုရှိပါတယ် . . . ဗိုလ်ကြီး"

အမှုလိုက်မောင်ပိုက်က ရှေ့သို့တစ်လှမ်းထွက်လာပြီး တင်ပြ၏။

"အင်း . . . ဆိုစမ်းပါဦး"

"အခုဒီရက်ပိုင်းအတွင်းမှာ ကျွန်တော်တို့ပိုင်နယ်မြေအတွင်း အလွန်ဆိုးသွမ်းတဲ့ တရွေကြီးတစ်ကောင် ပေါ်နေတယ်"

"ဟေ . . . ဘာကွ . . . တရွေတစ်ကောင်ပေါ်နေတယ် . . . ဟုတ်စ"

"ဟုတ်ပါတယ် . . . ဗိုလ်ကြီး အဲဒီတရွေကြီးက သူလာတော့မယ်ဆိုရင် တုံတုံတုံတုံနဲ့ တုံးခေါက်ပြီး ရပ်ကွက်ထဲဝင်လာခဲ့ပြီး နွားတွေ . . . ဝက်တွေကို အနိုင်


www.burmeseclassic.com

www.burmeseclassic.com


လတ်လတ် စားသွားသတဲ့ ... ဗိုလ်ကြီး"

"နင့်မေကလွှား ... ဟုတ်ပါ့မလား ... မောင်ကာလုရဲ့"

"ဒါ့ထက်တောင် ပိုသေးလို့ ပြောရမှာပဲ ... ဗိုလ်ကြီး၊ အခုလို ဗိုလ်ကြီး ကြားသိရသလိုပဲ နွားတွေဝက်တွေတော့ ပျောက်နေတာ ဗိုလ်ကြီးကြားရတဲ့အတိုင်း ပါပဲ"

"အဲဒီ တုံးခေါက်တစ္ဆေကြီးကို မင်းတို့မိအောင် မဖမ်းဘူးလား"

"ဟာ ... တစ္ဆေဆိုတာ အကောင်အထည်မရှိတော့ ဖမ်းမရဘူး ... ဗိုလ်ကြီးရ"

"ဒါဖြင့်ဒီလိုပဲ ကျွန်တော်တို့ နွားတွေ ဝက်တွေ ဆုံးရှုံးခံနေရတော့မှာပဲလား စခန်းမှူးကြီးရဲ့"

ရဲစခန်းအဝင်တံခါးဆီမှ အရပ်လူကြီး (ဦးထွန်းညို) ၏အသံကို ကြားရသဖြင့် တပ်ဖွဲ့ဝင်များအားလုံး စခန်းအဝင်လမ်းကို ကြည့်မိကြ၏။

ရပ်ကွက်လူကြီး ဦးထွန်းညိုခေါင်းဆောင်လာသော အရပ်သား (၅) ဦးတို့သည် ရဲတပ်ဖွဲ့ဝင်များ တန်းစီနေရာသို့ စခန်းမှူးကို တင်ပြဆွေးနွေးရန်အတွက် လာကြ ခြင်းဖြစ်၏။

"ဂါတ်စာရေးကြီး လုပ်စရာရှိတာ ဆက်လုပ်ဗျာ ... ကျုပ်ဒီလူတွေကို ဧည့်ခန်း ခေါ်သွားလိုက်မယ် ... လက်ဖက်ရည်နဲ့ မုန့်တွေယူခဲ့ဦး"

စခန်းမှူးကြီးက ဂါတ်စာရေးကို တာဝန်ယူပေးလိုက်ပြီး အရပ်လူကြီးများ အား ကြိုဆိုလိုက်၏။

"လာဗျို့ ... ဦးထွန်းညို နယ်မြေအခြေအနေကို သိချင်နေတာနဲ့ အတော် ပဲဗျ။ လာလာ ကျွန်တော့်ဧည့်ခန်းကို လိုက်ခဲ့ဗျို့"

ဤသို့ဖြင့် (ဝက်ချုပ်ချောင်း) နယ်မြေတစ်လျှောက် (ချောင်းနိမ့်) ရပ်ကွက် ပိုင်လူကြီး ဦးထွန်းညိုကိုခေါ်၍ စခန်းထဲသို့ ဝင်ခဲ့ကြလေ၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၂]

ဤအဖြစ်အပျက်ကလေးမှာ လွန်ခဲ့သော (၆၃) နှစ်ခန့်က ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်အမှန်ဖြစ်ပါသည်။

စာရေးသူ၏အသက် (၁၂) နှစ်သားအရွယ် (ဟယ်ရီတန်) (၆) တန်းနှစ်က ဖြစ်ပျက်ခဲ့သော တုံးခေါက်တချွေက်စွကလေးပါ။ (ဟယ်ရီတန်) (၆) တန်းကိစ္စကို စာရေးသူ ရှင်းပြချင်ပါသည်။ ထိုနှစ်က (၇)တန်းကျောင်းသား (ဟယ်ရီတန်) ဆိုတဲ့ ကျောင်းသားတစ်ယောက်ဟာ ကျောင်းသားသပိတ်မှောက်ကြရာမှ သေနတ်မှန်ပြီး သေဆုံးခဲ့သဖြင့် ထိုခေတ်က (၇) တန်းကျောင်းသားအားလုံးကို စာမေးပွဲမဖြေရဘဲ စာမေးပွဲအအောင်ပေးခဲ့ရသဖြင့် (၇) တန်းကျောင်းသားအားလုံး တန်းလုံးကျွတ် အောင်မြင်ခဲ့ပါသည်။

ထို့ကြောင့် (၆) တန်း။ (၅) တန်း။ (၄) တန်း။ (၃) တန်း။ (၂) တန်း။ (၁) တန်း ကျောင်းသားများလည်း တန်းလုံးကျွတ်အအောင်ရရှိခဲ့ကြပြီး အထက်သို့ (၁) တန်း တက်ကြရပါသည်။ ထိုစဉ် စာရေးသူသည် ရေနံချောင်းမြို့ (ဝက်ချုပ်) ကျောင်း တွင် (၆) တန်းတွင် စာသင်ကြားနေရာမှ စာမေးပွဲမဖြေရဘဲ (၇) တန်းသို့ တက်ခဲ့ ရပါသည်။

စာရေးသူ၏ဖခင်မှာ လူဆိုးထိန်းမောင်ကြီးဖြစ်ပါသည်။ ဤတုံးခေါက်တချွေ ပြဿနာတက်နေစဉ်က စာရေးသူ၏ဖခင်မှာ မကွေးတိုင်း၊ ရေနံချောင်းမြို့ မြို့မ ရဲစခန်းတွင် ဌာနာအုပ်အဖြစ် အမှုထမ်းနေစဉ်ကာလဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က မကွေးလက်အောက်ခံ မဟုတ်ပါ။ ရေနံချောင်းမြို့ကြီးသည် ရုံးပေါင်းစုံထားရှိသော မြို့ဖြစ်၍ ချောက်၊ အောင်လံ၊ သရက်၊ မင်းဘူး၊ စကု၊ ပွင့်ဖြူနှင့် မကွေးမြို့တို့မှာ ရေနံချောင်းမြို့လက်အောက်ခံဖြစ်ပါသည်။

✿ ✿ ✿

[၃]

မြို့မရဲစခန်း ညည်ခန်းထဲသို့ရောက်၍ ထိုင်မိကြသောအခါ ရပ်ကွက်လူကြီး ဦးထွန်းညိုက အောက်ပါအတိုင်း ရှင်းပြလေ၏။

"စခန်းကို ကျွန်တော်တို့ကိုယ်တိုင်လာရတဲ့ အကြောင်းရင်းကိစ္စကတော့ ကျွန်တော်တို့ရပ်ကွက်ထဲမှာ (တုံး) ကိုခေါက်ပြီး လာလာချောက်နေတဲ့ တဈေတစ်ကောင် သောင်းကျန်းနေပါတယ်"

"ကျွန်တော်တို့ရပ်ကွက်ထဲမှာ ကြောက်လွန်းလို့ နေဝင်ရင် မီးမှိတ်ပဲ။ ကြက်တွေ၊ ဝက်တွေကို ဒီကောင်ကြီးက တဂျွတ်ဂျွတ်နဲ့ ဝါးစားပြနေတာ ကျွန်တော်တို့ကိုယ်တိုင် မျက်ဝါးထင်ထင်မြင်ရတယ်။ တစ်ခါတစ်ခါ သူစားနေတာကို အကျန်လေးများ စားရမလားလို့ စောင်နေတဲ့ခွေးကိုတောင် ကိုက်ပြီးသတ်သွားသေးတယ်။ ညကပါဆိုရင် ခွေးသုံးကောင် ရှိသွားပြီး"

ဦးထွန်းညိုက မမောပန်းပြောပြ၏။ နောက်မှ လိုက်လာသူများကလည်း ခေါင်းတညိတ်ညိတ်ဖြင့် ထောက်ခံနေ၏။

"အင်း ... ဦးထွန်းညို ပြောပြတာတွေက ကိုယ်တွေ့လက်တွေ့ဆိုတော့ အငြင်းရခက်သားဗျ။ ဒါပေမဲ့ သရဲတဈေဆိုတဲ့ကိစ္စက ယုံရခက်လှတယ်။ နောက်ပြီး ကျွန်တော်တို့ အစိုးရလခစားဆိုတာတွေက ထင်ကြေးနဲ့စွတ်လုပ်လို့ မရဘူး ဦးထွန်းညို"

ဟု လူဆိုးထိန်းမောင်ကြီးတစ်ဖြစ်လဲ စခန်းမှူးဦးကြီးက အကျိုးအကြောင်းပြောပြ၏။

"အခုပဲ အဲဒီကိစ္စကို အမှုလိုက်မောင်ပိုက်ကို မေးနေတာဗျ။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဦးထွန်းညိုကိုယ်တွေ့ကိစ္စကလေး ပြောပြစမ်းပါဦး တော်တော်လေး စိတ်ဝင်စားဖို့ကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ဝင်စားဖို့ကောင်းဆို အခုဆိုရင် ကျွန်တော်တို့ရပ်ကွက်တစ်ခုထဲတင် မဟုတ်တော့ဘူး။ ရေနံချောင်းတစ်မြို့လုံး ဒီတုံးခေါက်တစ္ဆေရဲ့ဒဏ်ကို ခံနေရပြီ . . . ဗိုလ်ကြီးရ"

"အင်း . . . ပြောစမ်းပါဦး"

"လက်မှတ်ကုန်းရပ်ကွက် တွင်းကုန်းရပ်ကွက် ယာကြီးပြင်ရပ်ကွက်၊ ဘေးမဲ့ရပ်ကွက်၊ ချောင်းနိမ့်ရပ်ကွက်၊ ရွှေဘုံသာရပ်ကွက်၊ ဆေးရုံကြီးရပ်ကွက်၊ ဓာတ်ခွဲကုန်းရပ်ကွက်၊ ညောင်လှရပ်ကွက်တွေကိုတောင် ကျော်ပြီး ပင်းချောင်းနဲ့ဒေါင်းသေချောင်းရပ်ကွက်တွေတောင်မှ တုံးခေါက်တစ္ဆေက ကိုယ်တွေခွဲပြီး ချောက်နေပြီး ဗိုလ်ကြီးရ"

ဟု ရှည်ရှည်ဝေးဝေး ရှင်းပြ၏။

"ရက်တိုတိုနဲ့ ဒီတစ္ဆေသရဲက တော်တော်ခြေဆန့်နိုင်တာပါပဲလား"

"ခြေဆန့်ဆို . . . ဗိုလ်ကြီးရ၊ ပင်းချောင်းနဲ့ ဒေါင်းသေချောင်းဖက်မှာဆိုရင် နိုင်းနွားတွေ မေထုံလိုက်ဖို့မွေးထားတဲ့ ဝက်သိုးကြီးတွေကိုတောင်မှ ဖမ်းပြီး စားသောက်နေသတဲ့"

ဦးထွန်းညိုတစ်ယောက် ပါးစပ်မှအမြှုပ်ထွက်လုသည့်တိုင် ရှင်းပြနေ၏။

"အေးဗျာ . . . စဉ်းစားစရာတော့ ဖြစ်နေပြီ ဦးထွန်းညို ဒီတုံးခေါက်တစ္ဆေရဲ့ သွားတတ်ပုံလာတတ်ပုံနဲ့ ဘယ်လိုချောက်တယ်၊ ဘယ်အချိန်မှာစပြီး လှုပ်ရှားတတ်တယ်ဆိုတာ ကျွန်တော့်ကို သေသေချာချာ ပြောပြစမ်းပါဦး။ ဒါမှ ယင်းချောင်းကိုပိုင်တဲ့ လက်မှတ်ကုန်းရဲစခန်းနဲ့ ဒေါင်းသေချောင်းနဲ့နီးတဲ့ ညောင်လှရဲစခန်းက ဌာနာအုပ်တွေကို အကြောင်းကြားပြီး ဒီတုံးခေါက်တစ္ဆေကိစ္စ ရှင်းရမှာဖြစ်ပါတယ်"

"ကြိုတင်တွေးဆနိုင်အောင် လိပ်ပတ်လည်အောင် ရှင်းပြပါဗျာ။ ခင်ဗျားရဲ့ ပြောပြချက်ကို ကောက်နုတ်ပြီး ဒီညပဲ ကျွန်တော်တို့ကိုယ်တိုင် ခင်ဗျားတို့နဲ့ ဒီတုံးခေါက်တစ္ဆေကို လိုက်ဖမ်းမယ်"

ဟု ဌာနာအုပ်ဦးကြီးက ဦးထွန်းညို အားတက်သရောဖြစ်လာအောင် ကတိပေးလိုက်၏။

ဦးထွန်းညိုကလည်း အောက်ပါအတိုင်း မိမိတို့တွေ့ကြုံခဲ့ရသမျှရှင်းပြ၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၄]

"ဒီတုံးခေါက်တစ္ဆေစဖြစ်ပုံက ဒီလိုပါ ... ဗိုလ်ကြီး၊ တနေ့ညလသာသာမှာ ကျွန်တော့်ရပ်ကွက်ထဲက ကလေးတွေဟာ ထုပ်ဆီးတိုးတမ်း၊ ဖန်ခုန်တမ်း ကစားနေကြပါတယ်။ ဒီလိုကစားနေလို့ ည (၁၂) နာရီလောက်ရှိတော့ တုံတုံ–တုံတုံ နဲ့ မြည်နေတဲ့ မဲမဲအရိပ်ကြီးတစ်ခုဟာ (ROC) (အာရ်အိုစီ) ကုန်းခေါ်တဲ့ (ဓာတ်ခွဲကုန်း) ကုန်းမြင့်ကြီးပေါ်ကနေပြီး တရွေ့ရွေ့နဲ့ ကလေးတွေကစားနေတဲ့ နေရာဆီကို ဆင်းလာပါလေရော"

"အဲဒီကစားနေတဲ့ ကလေးတွေက သူတို့ဆီကို လာနေတဲ့ မဲမဲအရိပ်ကြီးကိုလည်းမြင်ရော သူတို့တတွေ လန့်အော်ကြတော့တာပါပဲ။ အဲဒီလို လန့်အော်တော့ ရပ်ကွက်ထဲမှာရှိနေတဲ့ ကာလသားတသိုက်လည်း ဘာဖြစ်ကြတာပါလိမ့်လို့ ထွက်ပြီးကြည့်ကြတော့ မဲမဲအရိပ်ကြီးဟာ ပထမနေရာမှာ မရှိတော့ဘဲ ပျောက်သွားသတဲ့ ... ဗိုလ်ကြီး"

"အဲသလို ပထမနေရာမှာမရှိပေမဲ့ ဘေးမဲ့ရပ်ကွက်ဆီလောက်ကတော့ 'တုံတုံ ... တုံတုံ' နဲ့ အသံမြှင်းမြှင်းကလေး အဆက်မပြတ် ကြားနေရတာပဲတဲ့။ နေရာပြောင်းတာ ဘယ်လောက်မြန်သလဲဆိုတာ စဉ်းစားသာကြည့်တော့ ဘယ်လောက် အံ့ဩဖို့ကောင်းသလဲ"

ဦးထွန်းညိုသည် အမှန်ပင် အံ့ဩစွာဖြင့် ရှင်းပြခဲ့သည်။

**စိတ်ကူးသစ်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



"ဦးထွန်းညိုတို့က အဆုံးအစသိအောင် မလိုက်ကြဘူးလား"

လူဆိုးထိန်းမောင်ကြီးက မေးလိုက်သည်။

"ကျနော်တို့ကလည်း အစကလိုက်ကြဖို့ပဲ။ ဒါပေမဲ့ ခရီးကဝေးသွားတယ်။ ကြိုတင်ပြင်ဆင်မှုကလည်း ဘာမှမလုပ်ရသေးတော့ မလိုက်ရဲကြဘူးဖြစ်နေတယ်။ နောက်မှပဲ လူစုပြီးလိုက်ကြတော့မယ်လေဆိုပြီး အဲဒီညက လူစုခွဲလိုက်ကြပါတယ်"

ဦးထွန်းညိုက မိမိဆက်ပြီးမလိုက်ခဲ့ကြောင်း ပြောကြားလိုက်သည်။

"ကျွန်တော်တို့က ညက လိုက်ခဲ့သေးတယ်။ တော်တော်ရယ်ဖို့ကောင်းတယ်ဗျာ ... တစ္ဆေက ကျွန်တော်တို့ကို အမျိုးမျိုးလှည့်စားသွားတယ်။ ကျွန်တော်တို့လည်း ကြောက်ကြောက်နဲ့ လိုက်ကြတာဆိုတော့ မိတော့မလို မိတော့မလိုနဲ့ သီသီကလေးချည်း လွတ်လွတ်သွားခဲ့တယ်ဗျာ"

လူငယ်တစ်ဦးက အားပါတရ ဝင်၍ပြောခဲ့သည်။

"ဆက်ပြောစမ်းပါဦး ... ငါ့ညီရ ညက ဖြစ်ပျက်ခဲ့တဲ့ မင်းတို့အဖြစ်အပျက်ကလေးတွေကို ခရေစေ့တွင်းကျ ပြောပြစမ်းပါ"

လူဆိုးထိန်းမောင်ကြီးသည် ရေလာမြောင်းပေးစကား ပြောလိုက်သည်။ လူငယ်ကလည်း (ငိုချင်ရဲ့လက်တို့) ဆိုသကဲ့သို့ ညကဖြစ်ပျက်ခဲ့သော သရဲလိုက်ပွဲအကြောင်းကို အောက်ပါအတိုင်း ပြောပြတော့သည်။

စာရေးသူအနေဖြင့် ဝတ္ထုသဖွယ် ရေးသားတင်ပြအပ်ပါသည်။

✿ ✿ ✿

ညဥ့်ဆယ့်တစ်နာရီခွဲ။

ကြာသပတေးနေ့။

လကွယ်နေ့ညဖြစ်သဖြင့် ရေနံချောင်းတစ်မြို့လုံးမှာ အမှောင်ထုက ကြီးစိုးမင်းမူခြင်းခံနေရတော့သည်။ ထိုသို့ အမှောင်ထုက ကြီးစိုးမင်းမူခြင်းခံနေရသော ရပ်ကွက်ထဲတွင် လျှပ်စစ်မီးမရှိသော မန်ကျည်းလေးပင်ရပ်ကွက်မှာ အများတကာ ရပ်ကွက်များထက်ပင် မှောင်မည်းလျက်ရှိတော့သည်။

ထိုသို့မှောင်မဲနေသည့်ကြားမှ အိမ်တိုင်းလိုလိုလည်း မီးများကိုမှိတ်၍ အိပ်ရာသို့ ဝင်ကြပြီဖြစ်သဖြင့် ၎င်းရပ်ကွက်တစ်ခုလုံး တစ္ဆေချောက်သည်ဟု သတင်းပြေးခဲ့သည့်နေ့မှစ၍ ညခုနစ်နာရီထိုးပြီဆိုလျှင် အိမ်တိုင်းရှိ ဝင်းတံခါးများကို ပိတ်၍နေကြသည့် အလေ့အထတစ်ခု စွဲကပ်လျက်ရှိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကလေးသူငယ်များလည်း ခါတိုင်းနေ့များကဲ့သို့ ချောင်းစပ်သို့ဆင်း၍ ထုပ်ဆီးတိုးခြင်း အစရှိသည့် ကစားနည်းများကိုလည်း မကစားကြရတော့ပေ။ ကလေးများကလည်း မကစားရဲကြတော့ပေ။

ထို့ကြောင့်ပင် မန်ကျည်းလေးပင်ရပ်ကွက်တစ်ခုလုံးမှာ သုသာန်တစ်စပြင် တစ်ခုပမာ တိတ်ဆိတ်ခြောက်ကပ်၍ နေတော့သည်။ တစ်ခါတစ်ရံ ခွေးများက ရှည်လျားစွာ ဟောင်သံ အူသံများမှအပ အခြားဘာမျှ မကြားရတော့ပေ။

"လှမောင် ... လာခါနီးပြီထင်တယ်ကွ"

ငွေမောင်းက နှစ်ကိုယ်ကြား တိုးတိုးကလေးပြောသည်။

"အေးကွ ... နာရီဝက်လောက်ပဲ လိုတော့တယ်။ သည်းခံပြီး စိတ်ရှည်ရှည်နဲ့ စောင့်ကြတာပေါ့ကွာ"

"ထွန်းသာတို့လူသိုက်ကော သူတို့ထားတဲ့နေရာမှာ ရှိကြပါ့မလား မသိဘူး"

ငွေမောင်းကပြောသည်။ အမှန်မှာ ယနေ့ညအဖို့ မန်ကျည်းလေးပင်ရပ်ကွက်သားများမှာ တစ္ဆေဖမ်းပွဲကြီး ကျင်းပနေကြပြီဖြစ်၏။ မောင်ငွေမောင်း၊ မောင်လှမောင်နှင့် အခြားရွာသားလေးယောက်တို့က ချောင်းရိုးအတွင်းရှိ ချုံပုတ်များကို အကာအကွယ်ယူ၍ စောင့်၍နေကြသကဲ့သို့ မောင်ထွန်းသာတို့ လူငါးယောက်ကလည်း အာရ်အိုစီကုန်းဝင်း လှည်းလမ်းကွက်ကြီးဖြစ်နေသော ချောက်ကမ်းပါးကြီးအတွင်းမှ အသင့်စောင့်မျှော်လျက် ရှိကြတော့သည်။

ရပ်ကွက်တစ်ခုလုံးမှာ အပ်ကျသံကိုပင် ကြားရတော့မလောက် တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ လှမောင်တို့လူသိုက်မှာ အသက်ကိုပင် ပြင်းစွာမရှူဝံ့ကြဘဲ၊ တတုံ့တုံ့နှင့် အသံပေး၍လာမည်ဖြစ်သော တစ္ဆေကိုသာ စောင့်မျှော်လျက် ရှိကြသည်။

"ဒေါင်ဒေါင် ... ဒေါင်ဒေါင် ... ဒေါင်ဒေါင်"

တိတ်ဆိတ်ငြိမ်သက်လျက်ရှိသော ညကို မြို့မဂိတ်မှ ခေါက်လိုက်သော နာရီသံချောင်းသံက ကြီးစိုးသွားတော့သည်။

"ဟေ့ ... ဆယ်နာရီတော့ ထိုးပြီ၊ မင်းတို့ သတိဝီရိယနဲ့ စောင့်ကြ တစ္ဆေကြီး လာခါနီးပြီဟေ့"

လှမောင်က သတိပေးလိုက်သည်။ လှမောင်ပေးလိုက်သော သတိစကား သံပင် မဆုံးသေးမီ အာရ်အိုစီကုန်းမြင့်ဆီမှ 'တုံ့တုံ့–တုံ့တုံ့' နှင့်မြည်သောအသံကြ



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာတော့သည်။ ထိုအသံကြားရသည်နှင့်တစ်ပြိုင်နက် လှမောင်သည် တရှေ
စောင့်နေကြသော ကာလသားများ ကြားနိုင်သည့်အသံဖြင့် ...

"လိုက်ကြဟေ့ ... လိုက်ကြကွ ... မလွတ်စေနဲ့ဟေ့"

ဟု ညာသံပေးကာ မိမိဦးဆောင်၍ အသံကြားရာဆီသို့ တက်ညီလက်ည
လိုက်ကြတော့သည်။

"ငွေမောင်းရေ ... မင်းတို့ဆီ ပြေးလာလေရဲ့ဟေ့ ... မလွတ်စေနဲ့ကွ
မလွတ်စေနဲ့"

ထွန်းသာတို့ဆီမှ အော်ဟစ်သံနှင့်အတူ ခဲဖြင့်ပစ်သံများမှာလည်း ကာလ
ပျက်သည့်နှယ် တအုံးအုံး တဒိုင်းဒိုင်း မြည်ဟီး၍ ဆူညံသွားတော့၏။

ထွန်းသာတို့လူသိုက်မှာ မီးတုတ်ကြီးများ တဝင်းဝင်းဖြင့် နောက်မှညာသ
ပေး၍ တစ္ဆေဟုထင်နေသော သတ္တဝါကြီး၏နောက်မှ ထက်ကြပ်မကွာ လိုက်လျက်
ရှိသည်။ ၎င်းတို့၏ရှေ့မှ ပြေးနေသော သတ္တဝါကြီးကလည်း အသက်ဘေးမှလွတ
အောင် ပြေးနေရခြင်းဖြစ်သဖြင့် လေးကိုင်းမှလွှတ်လိုက်သောမြားပမာ တစ်ရှိန်ထို
ပြေးလျှက်ရှိသည်။

"ရှဲ ..."

ငွေမောင်းသည် မီးခြစ်ကိုခြစ်လျက် မိမိတို့ကိုင်ထားသော မီးတုတ်များက
မီး ရှို့လိုက်သည်။ ၎င်းနောက် မိမိတို့၏ရှေ့တည့်တည့်သို့ ပြေးလာသော ထိုမဲမဲသတ္တ
ကြီးအား စောင့်လျက်ရှိသည်။

မဲမဲသတ္တဝါကြီးမှာ 'တုံတုံ-တုံတုံ' အဆက်မပြတ် အော်မြည်လျက
အားသွန်ခွန်စိုက် ပြေးလာသော်လည်း ငွေမောင်းတို့၏ ဆီမီးကို မြင်လိုက်သဖြ
ခေတ္တရပ်ပြီးနောက် မဲမဲသတ္တဝါကြီးမှာ နှစ်ကိုယ်ခွဲလိုက်ပြီးလျှင် တစ်ကိုယ်က
ချောင်း၏ အရှေ့ဘက်သို့လည်းကောင်း၊ မဲမဲတစ်ကိုယ်သည် ချောင်း၏အနောက
ဘက်သို့လည်းကောင်း လမ်းခွဲ၍ ထွက်ပြေးကြသည်။

ထိုသို့ထွက်ပြေးသည်ကို ကာလသားများမြင်ကြရသောအခါ အလွန်အမင
ထိတ်လန့်အံ့ဩလျက် ...

"ဟာ နှစ်ကိုယ်ခွဲသွားပြီဟေ့ ... တချို့က အနောက်က ကောင်ကြ
နောက်ကိုလိုက်ကြ၊ တချို့က အရှေ့ဘက်ကကောင်ကြီးနောက် လိုက်ကြကွ"

ဟု အော်ဟစ်သတိပေးလျက် နီးစပ်ရာနီးစပ်ရာ လိုက်ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



လမိုက်ညဖြစ်သဖြင့် တစ်ခါတစ်ရံ မဲမဲအကောင်ကြီးနှစ်ကောင်မှာ လိုက်ကြသူများ၏ရှေ့မှ ပျောက်၍ပျောက်၍ သွားပြန်၏။

ထို့ကြောင့်ပင် လိုက်ကြသူများမှာ မဲမဲအကောင်ကြီးများ မိမိတို့၏ မျက်စိရှေ့မှ ပျောက်ကွယ်မသွားရန် အတော်ပင် ကြိုးစားကြည့်ရှုကြရ၏။

မဲမဲအကောင်ကြီးတစ်ကောင်မှာ ဝက်ချုပ်မှူလတန်းကျောင်းဘက်သို့ ကွေ့ဝင်ပြီး ထိုအကောင်ကြီးနောက်သို့ ငွေမောင်းတို့လူသိုက်က လိုက်ကြသည်။ ငွေမောင်းတို့၏ မီးရောင်ကြောင့် မဲမဲအကောင်ကြီးမှာ အိမ်သာဘက်ဆီသို့ ထပ်မံ၍ ပြေးသွားပြန်သည်။ ထိုအခါ ငွေမောင်းတို့က အပျောက်မခံဘဲ ထိုမဲမဲအကောင်ကြီး ဝင်သွားသော အိမ်သာဘက်ဆီသို့ ထက်ကြပ်မကွာ လိုက်ပြန်သည်။

ငွေမောင်းတို့အဖွဲ့ အိမ်သာအနီးသို့ရောက်သောအခါတွင် မဲမဲအကောင်ကြီးမှာ ဝက်ကြီးအသွင်သို့ ပြောင်းသွားတော့သည်။ ထိုဝက်ကြီးမှာ သာမန်ရိုးရိုးဝက်များနှင့်မတူဘဲ မိမိတို့၏ ခါးဝက်သာသာမျှ ကြီးမားလွန်းလှသဖြင့် အနားသို့ပင် မကပ်ရဲကြဘဲ အဝေးမှ အုတ်ခဲကျိုးအစရှိသည့် ရရာလက်နက်များဖြင့် ပစ်ပေါက်ကြတော့သည်။ ဝက်ကြီးမှာလည်း ကြီးသည်ထက် ကြီးလာပြီးနောက် ချောင်းရိုးတစ်လျှောက် ဆင်းပြေးပြီးလျှင် ငွေမောင်းတို့ မျက်စိအောက်မှ ပျောက်ကွယ်သွားတော့သည်။

ထိုနည်းတူစွာ အခြားတစ်ဖက်သို့ လိုက်သောလူသိုက်မှာလည်း ဓာတ်ခွဲကုန်း ဘီအိုစီ မီးသတ်စင်ကြီးအရှေ့ဘက်သို့ ရောက်သာအခါ မဲမဲအကောင်ကြီးမှာ ဝက်ကြီးအသွင်သို့ ပြောင်းလဲသွားပြီးလျှင် တအုံးအုံးပစ်ပေါက်နေသော အုတ်ခဲများကြားမှ ချောက်ထဲသို့ ခုန်ဆင်းပျောက်ကွယ်၍ သွားပေတော့သတည်း။

လူဆိုးထိန်းမောင်ကြီးအား ပြောပြနေသော လူငယ်၏နောက်ကြောင်းပြန်တစ္ဆေလိုက်ပွဲမှာ ဤနေရာတွင် ပြီးဆုံးသွားတော့သည်။

"စိတ်ဝင်စားစရာတော့ အတော့်ကိုကောင်းတာပဲဗျို့။ ဒီအမှုမှန် ပေါ်ရင်တော့ ကျွန်တော်တို့ နာမည်တော်တော် ကြီးသွားနိုင်တယ်"

ဌာနာအုပ်က စိတ်ပါဝင်စားစွာ ပြောလိုက်သည်။

"ဟာ ... ဒီကိစ္စကတော့ ကျနော်ကိုယ်တိုင်ဦးစီးပြီး လိုက်တာမို့ ရဲရဲဝံ့ဝံ့ ပြောရဲတာပါ ... ဗိုလ်ကြီးရာ၊ လုပ်ကြံတဲ့ဇာတ် မဟုတ်ပါဘူး။ သေသေချာချာ မျက်စိနဲ့ မြင်ရတာပါ"

ဟု ငွေမောင်းက ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦး ... အဲသလို ဝက်ကြီးချောက်ကမ်းပါးထဲ ကျသွားတော့ အုန်းခနဲ မမြည်ဘူးလား၊ ခင်ဗျားတို့ကကော ဘာကြောင့် ဆက်ပြီးမလိုက်သလဲ"

လူဆိုးထိန်းမောင်ကြီးက ဖြတ်၍မေးလိုက်သည်။

"ချောက်ကမ်းပါးကြီးက တော်တော်နက်တယ်ဗျ၊ ဒါကြောင့် ကျွန်တော်တို့လည်း ဆက်ပြီး မလိုက်ရဲကြဘူးလေ။ ချောက်ထဲကနေပြီး ဂရှူးဂရှူးနဲ့ တအား မြည်နေတဲ့အသံ ကြားနေရတယ်။ နောက်ပြီး အဲဒီအော်သံ ပျောက်သွားပြန်တော့ ဓာတ်ခွဲကုန်းဘက်ဆီကို 'တုံတုံ-တုံတုံ' နဲ့ တုံးခေါက်ပြီး တက်သွားတာကို တွေ့မြင်လိုက်ရပါတယ်"

ဟု ငွေမောင်းက ယုံကြည်စွာဖြင့် ပြောဆိုလိုက်သည်။

"ဒါနဲ့ စောစောကပြောတုန်းက ခင်ဗျားတို့လိုက်တဲ့ ဝက်ကြီးက ချောင်းထဲမှာ ပျောက်သွားတယ်ဆို အခုပြောတော့ ချောက်ထဲကျသွားတဲ့ ဝက်ကြီးက ဘယ်က ပေါ်လာပြန်တာလဲ"

လူဆိုးထိန်းမောင်ကြီးက မေးလိုက်သည်။

"ဝက်က နှစ်ကိုယ်ခွဲပြီး ထွက်သွားတာပါ ... ဗိုလ်ကြီး၊ အနောက်ဘက်ကိုတစ်ကောင် အရှေ့ဘက်ကိုတစ်ကောင် ထွက်သွားကြတာလေ"

ငွေမောင်းက ရှင်းပြသည်။

"ဟုတ်ပါပြီ ... တခြားဝက်တစ်ကောင်ကကော ဘယ်ရောက်သွားသေးသလဲ"

လူဆိုးထိန်းမောင်ကြီးက ထပ်မံမေးလိုက်ပြန်သည်။

"ချောင်းရိုးထဲမှာ ပျောက်သွားတဲ့ဝက်က နောက်တစ်ခါ ချောင်းဟိုဘက်ကမ်းကို တက်သွားပြီး ဂေါက်ကွင်းဘက်ကို ဆက်ပြေးပြန်တယ်။ ကျွန်တော်တို့လည်း ထက်ကြပ်မကွာလိုက်ကြတာဘဲ မျက်နှာဖြူတွေ ဂေါက်ရိုက်တဲ့ကွင်းဘက်လည်းရောက်လို့ ဒလဝမ်အဘိုးကြီးအိမ်နားလည်းရောက်ရော ဝက်ကြီးက ပျောက်သွားပြန်ရော"

တစ္ဆေလိုက်ဖက် အခြားတစ်ယောက်က ဝင်ရောက်ရှင်းပြပြန်သည်။ ၎င်းတို့၏ မျက်နှာအမူအရာကို ကြည့်ခြင်းအားဖြင့် ဤတစ္ဆေကို များစွာယုံကြည်နေကြကြောင်း လူဆိုးထိန်းမောင်ကြီးသည် ရိပ်မိပြီဖြစ်သည်။ ထို့ကြောင့် ၎င်းတို့အဖွဲ့၏ အကြောက်အကန်ငြင်းနေပါကလည်း အချည်းနှီးသာဖြစ်မည်ဖြစ်သဖြင့် ဆက်လက်၍ ငြင်းမနေတော့ဘဲ သိချင်သည့်ကိစ္စကိုပင် ဆက်လက်၍ မေးမြန်းလိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း ... ကိုင်း ... ခင်ဗျားတို့ပြောတဲ့အတိုင်းပဲ ထားပါတော့။ အဲဒီညက ဘာပစ္စည်းတွေများ ပျောက်သွားတယ် ကြားရသေးသလဲ"

ဟု မောင်ကြီးက မေးလိုက်သည်။

"ထွေထွေထူးထူးတော့ မပျောက်ပါဘူး၊ ထဘီလေး သုံးလေးထည်နဲ့ ဝက်မတစ်အုပ်ပဲ ပျောက်ပါတယ်"

ဟု ဦးထွန်းညိုက ရိုးသားစွာ ဝန်ခံလိုက်၏။

"ကောင်းပြီ ... ဦးထွန်းညို၊ ဒီလောက်တောင်မှ သောင်းကျန်းနေတဲ့ ဒီတုံးခေါက်တစ္ဆေကို မရရအောင် ကျွန်တော်ဖမ်းပေးပါ့မယ်။ ဒီတစ်ခါ ခင်ဗျားတို့လည်း အံ့ဩသွားရမယ်ပေါ့ဗျာ"

အဓိပ္ပာယ်များစွာပါသော စကားကို လူဆိုးထိန်းမောင်ကြီးက ပြောလိုက်တော့သည်။ လူဆိုးထိန်းမောင်ကြီးသည် အတွေ့အကြုံရင့်ကျက်သည့်အပြင် အမှုမျိုးစုံ၊ တရားခံမျိုးစုံ၊ လူမျိုးစုံတို့ကို ရင်ဆိုင်ပညာပြိုင်ခဲ့ရသူပီပီ ဤတုံးခေါက်တစ္ဆေနှင့် ပတ်သက်၍ စိတ်နဲနဲထင့်နေ၏။ ထို့ကြောင့် ယနေ့ညတွင် ထိုတစ္ဆေအား အပြတ်လိုက်ရန် စိတ်ပိုင်းဖြတ်လိုက်ပေသတည်း။

✿ ✿ ✿

[၅]

ဖန်နဝါရီလ၊ ညဆယ့်တစ်နာရီ။

"တုံတုံ ... တုံတုံ ... တုံတုံ"

တုံးခေါက်သံသည် အခါတိုင်းရက်များကဲ့သို့ မန်ကျည်းလေးပစိရပ်ကွက်တစ်ခုလုံး သိမ့်သိမ့်တုံအောင် ကြောက်လန့်မှုကို ဖြစ်စေခဲ့သည်။

"ဟေ့ ... လှမောင်၊ အောင်သိန်း။ ကံလှနှင့်မြသောင်း ရှေ့စဥ်မှာ အထွက်ပြဖော့ ... သေနတ်နှစ်လက်နဲ့ လောက်လေးဂွ တစ်ယောက်တစ်လက် ယူခဲ့ကွာ။ သံလောက်စာလုံးလည်း ယူခဲ့ဖို့ မမေ့နဲ့"

လူဆိုးထိန်းမောင်ကြီး၏စကားက ဆန်းကြယ်သည်။ သေနတ်နှစ်လက်ထဲ ယူခဲ့ရမယ်တဲ့။ နောက်ပြီး သံလောက်စာလုံးလည်း ယူခဲ့ရမည် ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



သံလောက်စာလုံး ...

မှန်၏။ သံဂဟေဆော်နှင့် တွင်ခုံများတွင် အသုံးပြုသော သံချောင်းများမှ ပို၍ဖြတ်ထားသော သံချောင်းအတိုအစများကို လောက်စာလုံးကဲ့သို့ (တွင်ခုံ) လှည့်စက်ဖြင့် ချောမွေ့နေအောင် လုပ်ထားသော လောက်စာလုံးများဖြစ်၏။

ထိုလောက်စာလုံးသည် လူ၏နဖူးတွင် တည့်တည့်မှန်ပါက မူးမေ့သွားနိုင်၏။ တော်တော်တန်တန် ခွေးနှင့်ဝက်ပေါက်များ သေနိုင်ပေသည်။ သေနတ်နှစ်လက်မှာမူ အရေးကြီးက အသုံးပြုရန်ဖြစ်သည်။ လုံးဝမလိုအပ်ပါက သေနတ်ကို မသုံးလိုပေ။

"လှမောင်နဲ့အောင်သိန်း ...ငါ့နောက်လိုက်ခဲ့။ ကံလှနဲ့မြသောင်းက ဂေါက်ကွင်းက ဒလဝမ်အိမ်အနီးမှာ သွားစောင့်ပါ။ သေနတ်မသုံးနဲ့ အတတ်နိုင်ဆုံး လောက်လေးဂွသုံးပါ၊ ကိုယ့်ကိုအန္တရာယ်ပေးလာမှ သေနတ်ကိုသုံးပါ။ မင်းတို့နှစ်ယောက်သွားတာကို ဘယ်သူမှမသိစေနဲ့။ ဒလဝမ်အဘိုးကြီးလည်း မသိစေနဲ့။ ကိုင်း ...သွားကြ၊ သေနတ်တစ်လက်ယူသွား"

လူဆိုးထိန်းမောင်ကြီးက အလုပ်ခွဲတမ်းချလိုက်သည်။ လူစု၍ ကိုယ်ကျသည့်တာဝန်ကို သက်စွန့်ကြိုးပမ်းအမှုထမ်းရန်အတွက် ထွက်သွားကြလေတော့သည်။

လူဆိုးထိန်းမောင်ကြီး၊ လှမောင်နှင့် အောင်သိန်းတို့သည် အများစုရုံးရောက်ရှိနေမည်ဖြစ်သော ဝက်ချုပ်မူလတန်းကျောင်း ဆရာကြီးရုံးခန်းဆီသို့ ရှေး၍ ထွက်လာကြသည်။

ဝက်ချုပ်ကျောင်းရုံးခန်းတွင် ဦးထွန်းညိုခေါင်းဆောင်သော ကာလသားဆယ်ယောက်တို့သည် တုတ်၊ ဓား လက်နက်စုံလင်စွာဖြင့် လူဆိုးထိန်းမောင်ကြီးတို့အလာကို စောင့်နေကြသည်။ ထိုသို့စောင့်မျှော်နေဆဲ ပုလိပ်သုံးယောက်လာနေသည်ကို တွေ့မြင်ရသဖြင့် များစွာမှ အားတက်သွားတော့သည်။

"ဟာ ... ဆရာတို့လာတာ အကိုက်ပဲဗျို့။ စောစောတုန်းက တုံးခေါက်သံတော့ တစ်ကြိမ်ကြားရပြီ။ ဒီကောင်ကြီး ဒီဘက်ကို ဆင်းလာဖို့ပဲရှိတော့တယ်။ ကျွန်တော်တို့ ဒီဘက်ကပဲ စောင့်ကြစို့ရဲ့"

ဦးထွန်းညိုက အားရဝမ်းသာ ဆီး၍ပြောလိုက်သည်။

"ဒီကနေ စောင့်နေရင်တော့ ပြေးရလွှားရနဲ့ သက်သာမှာမဟုတ်ဘူး၊ ဒီတော့ အသံကြားရာဆီကိုသာ ကျွန်တော်တို့က ဦးဆောင်သွားပြီး ဖမ်းကြစို့"



www.burmeseclassic.com

www.burmeseclassic.com


မောင်ကြီးသည် (လာမဲ့ဘေးပြေးတွေ) ဆိုဘိသကဲ့သို့ တတုံတုံနှင့် ကြား နေရသော (ROC) အာရ်အိုစီကုန်းမြင့်ဆီသို့ စောင့်နေသော ရပ်ကွက်မှလူငယ်များ ကို ခေါ်၍ မိမိကဦးဆောင်ကာ ထွက်လာခဲ့ကြတော့သည်။

ညဥ့်နက်လှ၍ တိတ်ဆိတ်လှပေပြီ။ တုံးခေါက်တစ္ဆေဖမ်းမည့် လူအုပ် ခြေသံကြောင့် အိပ်ငိုက်လျက်ရှိသော ခွေးလေခွေးလွင့်အချို့သာ လန့်ဖျန့်နိုးကာ တဝုန်းဝုန်းထ၍ ဟောင်သည်မှအပ အခြားမည်သည့်အသံမှ မကြားရပေ။

သို့သော် ခွေးဟောင်သံများထက် ကြောက်လန့်ဖွယ်ရာ စူးစူးဝါးဝါး ထွက်လာသော အသံမှာမူ တုံးခေါက်တစ္ဆေ၏ တတုံတုံခေါက်နေသော အုန်းမောင်း သံပင်ဖြစ်တော့၏။

"တုံတုံ ... တုံတုံ ... တုံတုံ"

တုံးခေါက်သံမှာ တတုံတုံနှင့် မြည်လျက်ပင်ရှိသေးသည်။ မောင်ကြီးနှင့် အဖွဲ့မှာလည်း ၎င်းတုံးခေါက်သံကြားရာဆီသို့ ဦးစိုက်မတ်ပါ လိုက်ခဲ့ကြသည်။ တုံးခေါက်သံမှာမူ မောင်ကြီးရှေ့မှ ဝေးရာဆီသို့ ပြေးလျက်ရှိတော့သည်။

"ထူးဆန်းတယ်ဗျို့ ... အသံကတော့ အာရ်အိုစီကုန်းပေါ်က လာတာပဲ။ အပေါ်ကိုတက်ပြီး ကြည့်ကြစို့ရဲ့"

မောင်ကြီးက မိမိနှင့်ကပ်လျက်ပါလာသော ဦးထွန်းညိုကို လေသံနှင့် ပြောလိုက်သည်။ ထိုအခါ ဦးထွန်းညိုကလည်း မိမိထင်ကြေးကို ပြောလိုက်သည်။ နောက်မှ လိုက်ပါလာသူများကလည်း ခေါင်းဆောင်လုပ်သူများအပေါ် စိတ်ဝင် တစားဖြစ်နေကြသည်။

"ဟုတ်တယ် ... ဆရာကြီး။ ကျွန်တော်လည်း အာရ်အိုစီကုန်းပေါ်ကလို့ ထင်တာပဲ။ ပိုပြီးသေချာအောင် တက်ကြည့်ကြတာပေါ့။ လာကြဟေ့ ... ခြေသံ လုံကြပါစေ"

ဦးထွန်းညိုသည် မောင်ကြီးကို ထောက်ခံပြောဆိုပြီး အာရ်အိုစီကုန်းပေါ် သို့ ရှေ့ဆောင်၍ တက်သွားသည်။ သူရဲဖမ်းအဖွဲ့အားလုံး သတိကြီးစွာဖြင့် အာရ်အိုစီ ကုန်းပေါ်သို့ တက်သွားသည်။ မောင်ကြီးတို့တက်သွားသော အာရ်အိုစီကုန်းပေါ် (ဗြိတိသျှဘားမား) ရုပ်ရှင်ရုံပိုင်ရှင် (ဦးကွံစံ) အမည်ရှိ သူဌေးကြီးပိုင်ဆိုင်သော သွပ်မိုးသွပ်ကာ ပေါင်မှုံ့ပုံသဏ္ဌာန်ရှိသော ရုပ်ရှင်ရုံပျက်ကြီးတစ်ခုရှိ၏။

၎င်းရုပ်ရှင်ရုံပျက်ကြီးအတွင်းတွင် အင်္ဂလိပ်များပိုင်သော အမိုးတန်ဆောင် ထောင်ပရိဘောဂနှင့် အခြားရေနံမြေသုံး သံထည်ပစ္စည်းများရှိသဖြင့် ၎င်းအဆောက်


www.burmeseclassic.com

www.burmeseclassic.com



အဦးကြီးနှင့် ဆယ်ပေပတ်လည်အကွာမှ ခိုင်ခန့်သော သံဇကာဝန်းထရံကြီးကို လည်း ထူထပ်သေသပ်စွာ ကာ၍ထားလေသည်။

ငှင်းရုပ်ရှင်ရုံပျက်ကြီး၏ ဝန်းထရံဘေးတွင် ကန္တာရဆူးပင်များနှင့် ထနောင်း ပင်များ ထူထပ်စွာပေါက်နေသဖြင့် ထိုအဆောက်အဦး၏ ပတ်ဝန်းကျင်မှာ ပိုမို၍ ကြောက်မက်ဖွယ်ရာအဖြစ်ကို သဘာဝက ဖန်တီးလျှက်ရှိတော့သည်။

"တုံတုံ ... တုံတုံ ... တုံတုံ"

"ဟော .. ဟော ဟိုဘက်ကကြားရတယ်၊ ဟိုဘက်ကို လိုက်ကြစို့ရဲ့"

တစ္ဆေဖမ်းအဖွဲ့ထဲမှ တစ်ယောက်ကပြောလိုက်သည်။ လိုက်လာသူများ အားလုံး အသံကြားရာဆီသို့ သတိဝီရိယကြီးစွာဖြင့် လိုက်သွားကြသည်။

"ဟာ ... ဟိုမှာကြည့်စမ်း၊ နည်းတဲ့အကောင်ကြီး မဟုတ်ဘူး"

တတုံတုံဖြင့် ကြားနေရသော အသံဆီသို့ လှမ်း၍ကြည့်လိုက်သည်တွင် မဲမဲအကောင်ကြီးကို မြင်လိုက်ရသဖြင့် အလန့်တကြားထ၍ အော်မိခြင်းဖြစ်သည်။ သတ္တဝါကြီးမှာလည်း တစ်သက်နဲ့တစ်ကိုယ် မမြင်ဖူးလောက်အောင် ထူးဆန်း အံ့သြဖွယ်ကောင်းလှပေသည်။

ထိုသတ္တဝါကြီးသည် ဦးထွန်းညိုပြောလေ့ရှိသော သတ္တဝါကြီးကဲ့သို့မဟုတ်၊ ဝက်ပုံနှင့်လုံးဝမတူ၊ အပေါ်ပိုင်းမှာမဲလျှက် ခါးဝက်လောက်ဆီတွင် ဖြူနေပြီးလျှင် တစ်ဖန် ပေါင်လယ်လောက်ဆီတွင် မဲနေပြီး နောက်ခြေထောက်ဆီတွင် ဖြူနေ ပြန်၏။

မြင်ကြရသူအပေါင်းမှာ ကြက်သီးမွေးညင်းများထလျှက် သေနတ်ကိုင်သော ပုလိပ်တစ်ဦးသာ မပါခဲ့လျှင် ထွက်၍ပြေးမိမည်မှာ အမှန်ပင်ဖြစ်၏။ အဖြူတစ်ပိုင်း အမဲတစ်ပိုင်းမြင်နေရသော ထိုသတ္တဝါကြီးမှာ မောင်ကြီးတို့ကို သတိမမူဘဲ လက်ထဲ တွင်ပါလာသော မည်သည့်အရာဟုမသိရသည့် ပစ္စည်းတစ်ခုကို တတုံတုံမြည် အောင်ခေါက်လျှက် မောင်ကြီးတို့နှင့်ဝေးရာ ဆက်လက်ထွက်ခွာသွားတော့သည်။

ထိုတုံးခေါက်တစ္ဆေကြီး မိမိတို့နှင့် ဝေးသွားသောအခါတွင် သေနတ် ကိုင်ထားသောရဲသည် သေနတ်နှင့်ပစ်ရန် မောင်းတင်လိုက်သည်။ ထိုသို့ သေနတ် မောင်းတင်သံကြားသောအခါ လူဆိုးထိန်းမောင်ကြီးသည် မပစ်ရန် အချိန်မီတားဆီး နိုင်သည်။

ထိုသို့တားလိုက်သည်ကို သေနတ်ကိုင်နေသော ပုလိပ်သည် သိပ်ပြီး မကြိုက်လှ။ ချက်ကောင်းကို မိမိရရ ပစ်လိုက်ချင်သည်။ ထို့ကြောင့် တုံးခေါက်တစ္ဆေ ကြီးနောက်သို့ ဖွတ်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com


သစ်တောတိုးသံ၊ ခလုတ်တိုက်သံ၊ ကိုင်းခြောက်များကို တိုက်မိသည့်အသံများသည် တိတ်ဆိတ်နေသောည၏ အကျည်းတန်ဘဝကို ပိုမို၍ အရုပ်ဆိုးနေစေတော့သည်။ ဤသို့နောက်မှ ဆူညံနေသောအသံများကို ရှေ့မှ တုံးခေါက်တစ္ဆေကြီး ကြားသိသောအခါတွင် ထိတ်လန့်တကြားနောက်သို့လှည့်၍ ပြန်မေးလိုက်သည်။

"အရေး ... ဘယ်ဒူတေဒုံး"

တုံးခေါက်တစ္ဆေကြီးသည် မြန်မာသံမပီမသဖြင့် နောက်သို့လှည့်မေးလိုက်သည်။ ထိုသို့ မေးသံကြားရသောအခါ နောက်မှ အရေးတကြီးလိုက်လာကြကုန်သော တစ္ဆေဖမ်းအဖွဲ့မှ လူများမှာ အံ့ဩမဆုံး ဖြစ်ကုန်ကြရတော့သည်။ လူဆိုးထိန်းမောင်ကြီးသည် စဉ်းစားမျှော်မြင်တတ်သောသူပီပီ ဤကုလားသည် ရုပ်ရှင်ရုံကြီးကို စောင့်ရှောက်နေသော ညဒလဝမ်ကုလားကြီးဖြစ်ရမည်ဟု တွေးမိကာ ...

"မြို့မဂါတ်က တာဝန်ကျပုလိပ်ပတ္တယောင်တွေဟေ့ ... ဒီနားမှာ သရဲဖမ်းစရာရှိလို့ လာတာကွ"

ဟု အသံပေးအော်ဟစ်လိုက်သည်။

"အရေး ... ဆပ်၊ အပ္ပနားနော် ... ရှယ့်ကိုးရက်နေ့ကစပြီး စောင့်ဒယ် ဘယ်တီယဲမှ မလာဘူးဆပ် ... ဘယ်တီခိုးမှလည်း မရှိဘူးဆပ်"

ကုလားကြီးကလည်း ၎င်းသည် ဆယ့်ကိုးရက်နေ့ကစပြီး စောင့်ခဲ့ကြောင်း၊ မည်သည့်သူခိုးနှင့် မည်သည့်သရဲမှ မတွေ့ကြောင်းပြန်လည်၍ ပြောလိုက်သည်။ ၎င်း၏စကားကို ကြားရသောအခါ တစ္ဆေဖမ်းအဖွဲ့မှာ ဝိုအားထက် ရယ်အားသန်နေကြတော့သည်။

"ဒါနဲ့ နေစမ်းပါဦး .... အပ္ပနားရဲ့၊ မင်းက အုံးမောင်းခေါက်ပြီး ဘယ်နေရာတွေအထိ သွားနေရတာလဲ"

လူဆိုးထိန်းမောင်ကြီးက သိချင်တာကို မေးလိုက်သည်။

"အပ္ပနားနော် ... ဒီယုတ်စင်ရုံကို ဆောင့်ဒယ်ဆပ်၊ ဒီက တစ်ဖဝါးမှ မခွာဘူး ... ဆပ်၊ ဒီထဲမှာ တီညလုံးရှိတယ် ဆပ်"

ဟုပြန်ဖြေ၏။

"ဟုတ်ပြီး .. ဦးထွန်းညိုရေ၊ ကျွန်တော်ထင်တဲ့အတိုင်းတော့ ဖြစ်နေပြီ။ ည လူခြေတိတ်ချိန်လည်းဖြစ်ပြန်၊ ကျွန်တော်တို့မြို့က ချိုင့်ဝှမ်းတွေ၊ ကမူတွေ တောင်ကုန်းတွေကလည်းရှိပြန်၊ နောက်ပြီး ညအိပ်နေတုန်းမှာ အသံကြားရတာက တစ်မျိုး၊ ထထိုင်ပြီး နားထောင်ပြန်တော့ အသံကတစ်မျိုး ဟိုဟိုဒီဒီ လွင့်နေတာတတ်တယ်လေ၊ အသံတွေဟာ ပဲ့တင်သံတွေကြောင့် ဖြစ်ပေါ်လာတဲ့သဘောပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"တုံးခေါက်တဲ့သူက တစ်မိုင်ရှည်တဲ့ ခြံဝိုင်းကြီးထဲမှာ လှည့်ပတ်ခေါက်နေတာဆိုတော့ တောင်ကုန်းတွေ ပြန်ထွက်လာတဲ့ အသံကြောင့် လိုက်တဲ့လူတွေက ဟိုကလိုလို ဒီကလိုလိုနဲ့ ဖြစ်ကုန်ရတာလေ။ ပိုပြီး အထင်မှား နားကြားလွဲစေတာက တုံးခေါက်သံတွေက အပွနားသွားလေရာ လှည့်ပတ်ပါနေတော့ ...

လူတွေက ယုန်ထင်ကြောင်ထင် ထင်ကုန်ကြတော့တာပေါ့"

ဟု လူဆိုးထိန်းမောင်ကြီးက ရှင်းပြလိုက်သည်။ ထိုသို့ ရှင်းပြသည်တွင် ဦးထွန်းညိုက မိမိသိလိုသည်ကို လူဆိုးထိန်းမောင်ကြီးအား မေးမြန်းလေတော့သည်။

"ဒီလိုဆိုရင် ကျွန်တော်တို့လိုက်ကြတုန်းက ရှေ့ကနေ . တုံးခေါက်ပြီး ပြေးသွားနေတဲ့ မဲမဲအကောင်ကြီးကရော ဘာကောင်ကြီးလဲ ... ဦးကြီးရဲ့"

ဟု ဦးထွန်းညိုက မေးပြန်သည်။ ထိုသို့ မေးနေစဉ်တွင်ပင် မန်ကျည်းလေးပင်ရပ်ကွက်ဆီမှ 'တုံတုံ–တုံတုံ' နှင့် တုံးခေါက်သံကြားရပြန်သဖြင့် တစ္ဆေလိုက်အဖွဲ့မှာ များစွာ အံ့သြခြင်းဖြစ်ကြရပြန်သည်။ အကြောင်းမှု ဒလဝမ်ကုလားကြီးသည် မိမိတို့ရှေ့မှာပင် ရှိနေသေးသောကြောင့် ဖြစ်ပေသည်။

"ကိုင်း ... ဦးထွန်းညို၊ ခင်ဗျားသိချင်တဲ့အချက် မကြာခင်ပဲ သိရတော့မယ်ဗျို့။ လာ ... ကျွန်တော်တို့ တုံးခေါက်သံအသစ်ဆီကို လိုက်ကြစို့"

ဟုပြောကာ မောင်ကြီးနှင့်အဖွဲ့သည် တုံးခေါက်သံကြားရသော မန်ကျည်းလေးပင်ရပ်ကွက်ဆီသို့ အပြေးကလေး ထွက်ခဲ့ကြတော့သည်။ အားလုံးလိုလိုလည်း စိတ်ဝင်စားနေကြသည်။ ဒီတစ်ခါမိလိုက်ရင်တော့ အသေသတ်လိုက်မည်ဟု ကြိမ်းထားသူများက ဒုန်းဒေး။ တဟေးဟေးနှင့် ညာသံပေး၍ပင် လိုက်သူကလိုက်နေကြပေပြီ။

'တုံတုံ–တုံတုံ' နှင့် မြည်နေသော တုံးခေါက်သံမှာ မည်သည့်နည်းနှင့်မျှ သရဲတစ္ဆေမဖြစ်နိုင်ကြောင်း လူဆိုးထိန်းမောင်ကြီး သိပေပြီ။ သို့သော် သေချာတိကျစွာ ယုံကြည်ချက်ပြင်းစွာဖြင့် ပြောနေသော အရပ်သားတို့ကို အကြောက်အကန် မငြင်းဆန်ချင်သည့်အတွက် လက်တွေ့ဖြင့် သက်သေပြမည်ဟု သန္နိဋ္ဌာန်ချထားပြီး ဤသို့ မိမိကိုယ်တိုင် ခေါင်းဆောင်လာခဲ့ခြင်းဖြစ်သည်။

တစ္ဆေဆိုသည်မှာ လူသေမှဘဝပြောင်း၍ ဖြစ်ကြရခြင်းဖြစ်၏။ ထိုသို့ဘဝပြောင်းသည်ဆိုရာတွင်လည်း နောက်ဘဝတွင် မှီခိုတွယ်တာစရာ အမှီသဟဲကလေး ရှာရဦးမည်ဖြစ်၏။ လူကောင်းသူကောင်း သက်ရှိထင်ရှားရှိနေသော လူများကို



www.burmeseclassic.com

www.burmeseclassic.com


ခြောက်လှန့်နေရန်ဝေးစွ၊ ၎င်းတို့ကိုယ်တိုင်ပင် ဘယ်ပုံဘယ်နည်းနေရမည်ကို မသိရှာကြပေ။ ထို့ကြောင့် မည်သည့်နည်းနှင့်မှ တစ္ဆေသူရဲတို့က ခြောက်လှန့်ခြင်းမဖြစ်နိုင်ဟု လူဆိုးထိန်းမောင်ကြီးက သိနှင့်စဉ်းစားထားနှင့်ပြီး ဖြစ်လေသည်။

လူဆိုးထိန်းမောင်ကြီးသည် အနီးကပ်ဆုံး တွေးတောမိသည်မှာ ဘိန်းစားသူခိုး၊ အရက်သမားသူခိုးတို့က အလွယ်တကူ ထဘီအင်္ကျီတို့ကို အလစ်သုတ်နိုင်ရန် တီထွင်ကြံဆထားခြင်းဖြစ်ရမည်ဟု တွေးမိ၏။ ထို့ကြောင့် တစ်ချက်ခုတ် နှစ်ချက်ပြတ်သဘောဖြင့် ဤသူရဲတစ္ဆေဖမ်းပွဲကြီးကို လိုက်လာခဲ့ခြင်းဖြစ်သည်။

"တုံတုံ . . . တုံတုံ"

"ဟောဟော . . . ဟိုရှေ့မှာ တစ္ဆေကြီးဟေ့ . . . လိုက်ကြကွ၊ မလွတ်စေနဲ့ . . . လိုက်ဟေ့"

မောင်ကြီးနှင့်အဖွဲ့သည် တတုံတုံနှင့်ခေါက်၍ သွားနေသော မဲမဲသတ္တဝါကြီး၏နောက်သို့ ညာသံပေး၍လိုက်နေတော့သည်။ ရှေ့က သတ္တဝါကြီးကလည်း အသက်ဘေးနှင့် နီးကပ်နေသဖြင့် အားသွန်ခွန်စိုက် ချောင်းရိုးကိုဖြတ်၍ ဝက်ချုပ်ကျောင်းဘက်ဆီသို့ ပြေးသွားနေတော့သည်။

"ခဲပျံ"

"တုတ်ပျံ"

အုတ်ခဲကျိုးပျံတို့က တစ္ဆေကြီး၏ရှေ့မှလည်းကောင်း၊ နောက်မှလည်းကောင်း တဘုံးဘုံးကျနေသည်။ တချို့ခဲတို့က တစ္ဆေကြီး၏ ကိုယ်ခန္ဓာကြီးကို တအုံးအုံး မှန်နေတော့သည်။ သို့သော် တစ္ဆေကြီးမှာ အပြေးမရပ်သေး။ ပြေးဆဲ။ လွတ်အောင် ပြေး၍နေဆဲဖြစ်၏။

လူဆိုးထိန်းမောင်ကြီးသည် လောက်လေးဂွကို ထုတ်လိုက်သည်။ သံလောက်စာလုံးကိုလည်း ထုတ်လိုက်သည်။ မိမိရရ ခေါင်းဆီသို့ ချိန်၍ ပစ်ထည့်လိုက်သည်။ တိကျ၏။ သေချာ၏။ လေ့ကျင့်ထားချက်များသည် ဤနေရာတွင် အသုံးဝင်ပေပြီ။ သံလောက်စာလုံးသည် ရှေ့မှပြေးနေသော တစ္ဆေကြီး၏ ဦးခေါင်းကို တည့်တည့်သွားမှန်တော့သည်။

ထိပြီ။ တစ္ဆေကြီး မပြေးနိုင်တော့ပေ။ ဟပ်ထိုးလဲကျသွားပြီ။

"အောင်မယ်လေးဗျာ . . . ကြောက်ပါပြီဗျ . . . အသက်ကို ချမ်းသာပေး တော်မူကြပါ။ တော်လို့ အကြံအဖန်လုပ်ရတာပါခင်ဗျ"


www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှ ဟတ်ထိုးလဲကျသွားသော မဲမဲအကောင်းကြီးက အော်ဟစ်နေတော့သည်။

"သူ့ရဲက လူလိုအော်တယ်ဟေ့ ... ဖမ်းဟ ရိုက်ကြဟ"

တစ္ဆေလိုက်သူတို့က အားတက်သရော ဖြစ်လာကြသည်။ ကြောက်စိတ်မရှိတော့။ မထနိုင်တော့သည့် လူကို အပိုင်ရိုက်ကြရမည်ဖြစ်သဖြင့် ကိုယ်တွင် ဘာမျှအန္တရာယ်မဖြစ်နိုင်မှန်းသိ၍ တစ္ဆေကို ညာသံပေး၍ အသေရိုက်ကြပေတော့မည်။

"မလုပ်ကြပါနဲ့ဗျာ ... ကျွန်တော် တစ္ဆေမဟုတ်ပါဘူး၊ ဘိန်းစားဖိုးဝပါ။ အခု ထဘီရှုတ်ပြီး ပြေးလာတာပါ။ ဒီမှာ ပစ္စည်းတွေအားလုံးရှိပါတယ်။ အကုန်လုံးပြန်ပေးပါ့မယ်။ အသက်ကိုတော့ ချမ်းသာပေးကြပါခင်ဗျာ"

ဘိန်းစားဖိုးဝသည် သေရမှာ အလွန်အမင်းကြောက်နေပေပြီ။ သေမှာမကြောက်တဲ့သူကလည်း လူ့ဘဝမှာ ခပ်ရှားရှား။ သေမှာကြောက်၍ အငတ်မခံနိုင်၊ အငတ်မခံနိုင်၍ ခိုးမယ်၊ တိုက်မယ်၊ လုမယ်ဆိုသည့် ဇာတ်ခင်းနေကြရခြင်းဖြစ်သည်။

"ဟုတ်လိုက်လေကွာ ... ဟား ဟား ဟား ... ငါတို့မှာတော့ ထိတ်လို့ ကြောက်လို့ ကလေးတွေတောင်မှ အပြင်ထွက်ပြီး မကစားရကြရဘူး ... ဟား ဟား ဟား အကြံပိုင်ပေတယ် ... ဟာ ဟား ဟား"

ဦးထွန်းညိုက အားပါးတရ ရယ်လိုက်သည်။ သူ့ခိုးကိုလည်း မရိုက်ကြတော့ရန် တားဆီးထားသည်။ ၎င်းနောက် သိချင်သည့် အချက်အလက်များကိုသူခိုးအား မေးလိုက်သည်။

"နေစမ်းပါဦး မင်းတို့ ဒီလိုလုပ်တာ ဘယ်လောက်ကြာပြီလဲကွဟင်"

"တစ်လလောက်ရှိပါပြီ။ တုံးခေါက်တစ္ဆေရှိတယ်လို့ ကျွန်တော်ပဲ သတင်းလိုက်ဖြန့်တာပါ၊ ဟိုနေ့က ဆရာကြီးတို့ ကျွန်တော့်နောက်အလိုက်မှာ ကျွန်တော်အိမ်သာထဲဝင်ပြေးတော့ အိမ်သာအောက်မှာ ချီးစားနေတဲ့ဝက်တွေက ကျွန်တော့်လန့်ပြီးထွက်ပြေးတော့ ဆရာကြီးတို့က ဝက်တွေနောက်လိုက်သွားကြလို့ ကျွန်တော့်ကို မမိကြတာပါ၊ ဒီတစ်ခါလည်း ကျွန်တော် အိမ်သာဆီ ပြေးတာပါပဲ။ အသက်ကိုတော့ ချမ်းသာပေးကြပါဗျာ"

ဘိန်းစားဖိုးဝသည် ကြောက်ရွံ့စွာဖြင့် ရှင်းပြနေသည်။

"ဂါတ်ကိုဖမ်းခဲ့ကွာ ... ညဥ့်နက်လှပြီ သွားကြစို့"



www.burmeseclassic.com

www.burmeseclassic.com


မောင်ကြီးသည် ဖိုးဝကို လက်ထိတ်ခတ်လိုက်သည်။ မြို့မဂါတ်သို့ ရောက်သောအခါ ရပ်ကွက်မှ လူငယ်များပြန်ကုန်ကြသည်။ မောင်ကြီးမှာမူ မပြန်နိုင်သေး။ လိုအပ်ချက်များ ရေးသွင်းနေသေးသည်။

ဂေါက်ကွင်းမှာ ကင်းစောင့်ကျသူ ကံလှနှင့်မြသောင်းတို့လည်း ဂါတ်သို့ ရောက်နှင့်နေကြသည်။ ၎င်းတို့နှင့်အတူ သူခိုးနှစ်ယောက်လည်း ပါလာသည်။

"ဟော့ ... မင်းတို့ မိလာတာကကော ဘာကောင်တွေလဲကွ"

"အရက်သမားကုလားနဲ့ လှသောင်းတို့ပါ၊ ဒီကောင်တွေ တုံးခေါက်တစ္ဆေ ယောင်ဆောင်ပြီး ဝက်ကိုခိုးသတ်ပြီး ရောင်းစားနေကြတာလေ၊ ဂေါက်ကွင်းစောင့် အဘိုးကြီးကို သက်သေထားပြီး ဒီကောင်နှစ်ကောင်ကို ဖမ်းခဲ့တာပါပဲ"

ကံလှတို့ကရှင်းပြသည်။ ဌာနာပိုင်ကြီး ဟားတိုက်၍ရယ်ရပေပြီ။ ဦးထွန်းညို၏အရိပ်အယောင်ကို မမြင်ရတော့။ ရှက်သွားဟန်တူသည်။ ၎င်းတို့သည် အစွဲအလမ်းကြီးစွာဖြင့် အမှန်ပင် သူရဲတစ္ဆေဟု ထင်နေကြ၏။ လျှာလိတ်ပလိတ်ဖြင့် ယုတ္တိတန်တန် သူရဲတစ္ဆေအကြောင်း အာဘောင်အာရင်းသန်သန်နှင့် အာချောင်ထားကြသူများမဟုတ်ပါလား။ ယခုတော့ ဘိန်းစားသူခိုးနှင့် အရက်သမားသူခိုးတို့၏ မလိမ့်တပတ်မှုကို ခံကြရသည်တွင် များစွာ ဒေါသဖြစ်နေကြရတော့သည်။

ဘိန်းစားများ ဤကဲ့သို့ ကြံစည်ရသည်မှာလည်း မန်ကျည်းလေးပင်ရပ်ကွက်သားများကြောင့်ပင် ဖြစ်၏။ သူရဲတစ္ဆေဆိုသည်မှာ ဖြစ်နိုင်၏၊ မဖြစ်နိုင်၏ မစဉ်းစားမတွေးတော။ အရမ်းကာရော ပြောဆိုလေသံလွှင့်ခြင်းကြောင့် မည်မည်ရရ လုပ်ကိုင် မစားချင်ကြသော လက်ကြောတင်းအောင် အလုပ်မလုပ်ချင်ကြသော သောက်စားမူးယစ်ခြင်းဖြင့် အချိန်ကုန်နေကြသော လူ့ပေါ်ကြော့ လူလေလူလွင့်တို့ အတွက် အကွက်ကောင်းတွေ၍ ဤတုံးခေါက်တစ္ဆေယောင်ဆောင်ပြီးလျှင် ရပ်ကွက်လူထုကို လှည့်စား၍ အချောင်ခိုးယူနေကြခြင်းဖြစ်၏။

ဦးထွန်းညိုတို့လိုက်စဉ်က ထွက်ပြေးခဲ့သော မဲမဲအကောင်ကြီးများမှာ ချောင်းနိမ့်တွင်ရှိသော ပြည့်တန်ဆာအိမ်များမှ ကိစ္စပြီး၍ပြန်လာကြသော ဘောင်းဘီဝတ်မျက်နှာဖြူ လူတန်းစားနိုင်ငံခြားသားများဖြစ်ပြီး အုတ်ခဲဒဏ်ကို မခံနိုင်၍ ချောက်ကြိုချောက်ကြား အနာခံကာ ခုန်ချထွက်ပြေးကြရခြင်းဖြစ်သည်။

မည်သည့်ကိစ္စရပ်မဆို မစဉ်းမစား မတွေးမတောဘဲ အလျှင်စလို လုပ်ကြသည်ထက် တွေးတောဆင်ခြင်၍ ဖြစ်နိုင်၏၊ မဖြစ်နိုင်၏ကို ဝေဖန်သုံးသပ်ပြီး


www.burmeseclassic.com

www.burmeseclassic.com



လုပ်သင့်ကြပေသည်။ ထိုကိစ္စရပ်တို့ကို လူဆိုးထိန်းမောင်ကြီးသည် သာကေပြ၍ ရှင်းလင်းလိုက်ပေသည်။

ဝက်ချူပ်မှုလတန်းကျောင်းအနီးရှိ သဲသောင်ပြင်ချောင်းထဲတွင် ညအခါများ၌ ယခင့်ယခင်ညများကဲ့သို့ ထုတ်စည်းတိုးသူများ။ ဖန်ခုံတန်းကစားသူများ၊ အတင်းအဖျင်းပြောသူများဖြင့် ပြန်လည်စည်ကားသိုက်မြိုက်လျက် ရှိတော့သည်။ လသာရက်များတွင် ယခင်ကကဲ့သို့ပင် ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ကြပေတော့သတည်း။

မှတ်ချက် ။ ။ အဖြစ်မှန်ဖြစ်၍ အမည်များ ပြောင်းထားပါသည်။

သဗ္ဗေ၊ အနိစ္စာ၊ သခါရ

**မကျွေးညိုစိမ့်**

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

ဤစကားလုံး၏ အဓိပ္ပာယ်ကို ယခုခေတ်ကလေးများ ကြားဖူးချင်မှ ကြ
ဖူးကြတော့ပေမည်။ ကျွန်တော် အပါအဝင် လူလတ်ပိုင်း လူကြီးပိုင်း ကျေးလ
တောရွာနေသူများကတော့ ခဲဖိုးဟူသည့်စကားကို ကြားလည်းကြားဖူးကြသည်
အဓိပ္ပာယ်ကိုလည်း ကောင်းစွာသိရှိကြသည်။ ကြုံလည်း ကြုံဖူးခဲ့ကြသည်။ ဤခဲဖိ
ကြောင့် ပြဿနာများ တက်ခဲ့ကြသည်။ တုတ်ဆွဲ၊ ဓားဆွဲ၊ သတ်မည်ဖြတ်မည် ဖြ
ကြသည်။ ရုံးရောက် ဂါတ်ရောက်ဖြစ်ခဲ့ကြသည်။ ငွေကုန်လူပန်း ဖြစ်ကြရသည်
ဤကဲ့သို့ ဖြစ်ခဲ့ရသော ခဲဖိုးဆိုသည်မှာ အမှန်တော့ ကျေးလက်တောရွာမျ
တွင် မင်္ဂလာဆောင်ကြသည့်အခါ သတို့သားဖြစ်သူဘက်မှ မိန်းကလေးရပ်ရွာ
ကာလသားအဖွဲ့ထံသို့ ပေးရသော ကာလသားကြေးပင် ဖြစ်ပါသည်။

ကျေးလက်တောရွာများတွင် ရှေးအခါက လူငယ်လူရွယ်များ ပါဝင်သေ
ကာလသားအဖွဲ့၊ မိန်းမပျိုကလေးများပါဝင်သော အမျိုးသမီးအဖွဲ့ဟူ၍ လူမှုရေ
အဖွဲ့များ ဖွဲ့ထားကြသည်။ ထိုအဖွဲ့ကို အိမ်ထောင်မကျသေးသော အပျို လူပျိုမျ
သာ ပါဝင်ရသည်။ အမျိုးသမီးအဖွဲ့ကို အပျိုကြီးများက ဦးဆောင်ရသလို ကာလ
သားအဖွဲ့ကိုလည်း လူပျိုကြီးများက ဦးဆောင်ရသည်။ ကာလသားအဖွဲ့ကို ဦးဆေ
သူကို ကာလသားခေါင်းဟု ခေါ်သည်။ ထိုသူသည် အားလုံးအပေါ် ဩဇာညော



www.burmeseclassic.com

www.burmeseclassic.com



သူဖြစ်သလို ရွာခလေ့အရ မိုက်ဂုဏ်ရှိသူလည်းဖြစ်ရသည်။ အရက်သောက်သုံးမှု ကတော့ ထုံးစံအတိုင်းပေါ့။

ကာလသားအဖွဲ့သည် ရွာ၏ အလှူမင်္ဂလာဆောင်၊ သာရေး၊ နာရေးတို့ကို လူကြီးများနှင့်အတူ ပူးပေါင်း၍ ဆောင်ရွက်ရသည်။ ပွဲတစ်ခုခုရှိလျှင် မဏ္ဍပ်ထိုးသည့်ခံ၊ ချက်ပြုတ်၊ ကျွေးမွေးမှုအစ အပြီးသတ်သိမ်းဆည်းသည့်အထိ တာဝန်ယူလုပ်ကိုင်ကြသည်။ လိုအပ်သည့်အသုံးအဆောင်များကိုလည်း အိုးခွက်ပန်းကန်ရေနွေးအိုး၊သံပုံးမှအစ ဝယ်ယူသုံးစွဲပြီး ထိန်းသိမ်းစောင့်ရှောက်ရသည်။ လိုအပ်လျှင် ထပ်ဝယ်ရသည်။

ထိုသို့ဝယ်ယူရန်အတွက် လိုအပ်သောငွေကြေးကို ဤခဲဖိုးရငွေမှတစ်ဆင့် သုံးစွဲကြသည်။ ခဲဖိုးသည် ကာလသားအဖွဲ့အတွက် မရှိမဖြစ်လိုအပ်သောငွေကြေးပင် ဖြစ်ပါသည်။ ခဲဖိုးကို အလှူပွဲ၊ နာရေးပွဲနှင့် အခြားပွဲများတွင် မရရှိကြဘဲ မင်္ဂလာဆောင်ပွဲများတွင်သာ ကောက်ခံရရှိကြပါသည်။

မင်္ဂလာပွဲတွင်လည်း နှစ်မျိုးရှိသည်။ ရွာသူရွာသားအချင်းချင်း မင်္ဂလာဆောင်သော မင်္ဂလာပွဲနှင့် မိမိရွာသူရွာသားနှင့် အခြားရွာသူရွာသားများ ဆောင်သော မင်္ဂလာပွဲတို့ ဖြစ်သည်။ မိမိတို့ရွာသူရွာသားချင်း ဆောင်သောမင်္ဂလာပွဲကိုမူ အချင်းချင်းညှိနှိုင်း၍ ခဲဖိုးသတ်မှတ်ကြသော်လည်း အခြားရွာသားနှင့် မိမိတို့ရွာသူ မင်္ဂလာဆောင်သောပွဲတွင်မူ ကြိုက်ကြေးတောင်းကြတော့သည်။ ခဲဖိုးနှင့်ပတ်သက်၍ ကာလသားခေါင်းက အခြားသူများနှင့်တိုင်ပင်ပြီး သတ်မှတ်သည်။

ချမ်းသာသော အခြားရွာသားဆိုလျှင်တော့ မျိုးမျိုးမြက်မြက်ရအောင် တောင်းကြတော့သည်။ ရလည်း ရကြသည်။ ခဲဖိုးနှင့် ပတ်သက်၍ အဆင်မပြေလျှင် လူကြီးများက ဝင်ညှိပေးကြသည်။ သို့သော် ဆုံးဖြတ်မှုအာဏာပိုင်မှာ ကာလသားခေါင်းသာ ဖြစ်သည်။ ခဲဖိုးအဆင်မပြေဖြစ်ခဲ့ပါက ...

လွန်ခဲ့သောနှစ်ပေါင်းသုံးဆယ်ကျော်အချိန်က စာရေးသူကိုယ်တိုင် ကြုံခဲ့ရသော ခဲဖိုးနှင့် ပတ်သက်ပြီး ဖြစ်ခဲ့ရသော အတွေ့အကြုံတစ်ခု ဖြစ်ပါသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၂]

"တူလေးရေ ... တူလေး"

"ကိုရဲနိုင်တူလေး"

တပည့်ကျော် သံလုံးတို့အဖွဲ့နှင့်အတူ ကောက်ပေါက်ပြီး ရေနွေးကြမ်း သောက်နေကြစဉ် နောက်ဖက်မှ ခေါ်သံကြား၍ လှည့်ကြည့်လိုက်ရာ ရွာအရှေ့ပိုင်းမှ ဦးတိုးကြီးနှင့်ဖနီးဖြစ်သူ ဒေါ်ညွန့်ကို တွေ့လိုက်ရသည်။ ထို့ကြောင့် ကျွန်တော်က–

"ဪ ... ဦးလေး ဦးတိုးကြီးတို့ လာကြပါ"

"ဘာကိစ္စရှိလို့လဲ"

"မင်းနဲ့လည်း တိုင်ပင်ချင်လို့ကွာ။ ပြီးတော့လည်း အကူအညီတောင်း ချင်လို့"

"ဟုတ်ကဲ့ပါ ... ပြောပါဦး ကိစ္စကို"

"ဒီလို ကိုရဲရ၊ မင်းညီတော်မောင် လွန်ခဲ့တဲ့ တစ်ပတ်ကျော်က ဟိုထန်း တစ်ပင်ရွာက ကလေးမလေးကို ခိုးလာတယ်ကွာ။ အဲဒါကို မိသားဖသားပီပီ ဝင်ပြီး ထွက်ဖို့ပြောဆိုပြီး မင်္ဂလာဆောင်ပေးချင်လို့"

"အဲဒါများ ဦးလေးရယ်၊ လူကြီးတွေခေါ်ပြီး သွားလိုက်ပေါ့"

"ဒါတော့ ဟုတ်တာပေါ့ တူလေးရာ။ ဒါပေမဲ့ ငါသားယောက္ခမတွေလည်း အဲဒီရွာမှာ လူကုံထံတွေဆိုပေမဲ့ ရွာနဲ့ သဟဇာတသိပ်မတည့်ကြဘူးလေကွာ။ အဆိုး



www.burmeseclassic.com

www.burmeseclassic.com



ဆုံးကတော့ သူ့တူအရင်းဖြစ်တဲ့ ကာလသားခေါင်း ချွန်တွန်းနဲ့ မတည့်တော့ ကာလသားတွေက ပြဿနာရှာမယ်လို့ ပြောနေကြတယ်"

"ဟာ ... မဟုတ်သေးပါဘူး ဦးရယ်"

"ဟုတ်တယ်ကွ ... အဲဒီကာလသားခေါင်း ချွန်တွန်းက ငါ့တူကိုရဲနဲ့ ရင်းနှီးတယ်လေကွာ။ အဲဒါကြောင့် ပြောတဲ့ဆိုတဲ့အခါ အဆင်ပြေအောင်လို့ မင်းကို လာခေါ်တာပါ"

အင်း ... သူ ပြောလို့သာ နားထောင်နေရသည်။ သူတို့မိသားစုကရော ရွာမှာ ဘယ်သူနှင့်မှ သိပ်သဟဇာတမတည့်။ လယ်ပိုင်ရှင်တွေဖြစ်ပြီး မောက်မာနေသူတွေ သူ့ကိစ္စရှိမှ အကူအညီတောင်းသူတွေ၊ ဘာမှမထူး၊ တွေ့ကြုံပြီပေါ့။ နှစ်ဖက်မိဘ၊ ကာလသားခေါင်းသူငယ်ချင်း မဟုတ်မခံသူ။

"ကဲပါ ... လူလေးရယ်၊ မင်းကို အားကိုးလို့ လာခေါ်တာပါ"

ကျွန်တော် မငြင်းနိုင်တော့။ ပြီးတော့ အဲဒီရွာကို မရောက်တာကြာပြီလေ။

"ဟုတ်ကဲ့ပါ လိုက်ပေးပါ့မယ်။ ဘယ်တော့ သွားမှာလဲ"

"သဘက်ခါသွားမယ်ကွာ။ အဲဒီနေ့က ရက်ကောင်းတယ်"

"ဟုတ်ကဲ့ပါ ... ဦးလေး"

✿ ✿ ✿

## [၃]

ချိန်းဆိုထားသောရက်သို့ ရောက်သောအခါ ကျွန်တော်တို့အဖွဲ့ ထန်းတစ်ပင်ရွာသို့ လှည်းသုံးစီးဖြင့် ထွက်လာခဲ့ကြသည်။ မင်္ဂလာမောင်မယ်အပြင် သတို့သားမိဘများ အဘထိတ်တုံးရွှေအမှူးပြုသော လူကြီးများ၊ ကျွန်တော်နှင့် ရွာမှ ကာလသားခေါင်း မောင်ဦးတို့ လိုက်ပါလာကြသည်။ နံနက် (၇)နာရီခန့် ထွက်လာခဲ့ရာ ထန်းတစ်ပင်ရွာသို့ နံနက် (၈)နာရီခွဲခန့် ရောက်ရှိလာကြသည်။ ထန်းတစ်ပင်ရွာနှင့် ကျွန်တော်တို့က ရင်းနှီးနေကြသည်။ ပြီး ကျွန်တော့်သူငယ်ချင်း အောင်သာကျော်၏ ယောက္ခမရွာဖြစ်သည်။ ကျွန်တော့်အတွက်မှု နှစ်ရွာတစ်ရွာဖြစ်နေပြီး အားလုံးနှင့် ရင်းနှီးနေသဖြင့် ကျွန်တော့်ကို အပါခေါ်ခဲ့ဟန်တူပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုရွာသို့ရောက်သောအခါ မင်္ဂလာမောင်နှံကို အောင်သာကျော် ယောက္ခမ အိမ်တွင် ခေတ္တထားခဲ့ပြီး သတို့သမီးအိမ်သို့ သွားကြသည်။ ကျွန်တော်တို့လာကြ သော သူငယ်ချင်းကာလသားခေါင်း၏ ဦးဆောင်ရာကို လိုက်ပါလာကြသည်။ နေရာ ထိုင်ခင်းယူပြီး အမောအပန်းဖြေပြီးနောက် ဝင်ဖို့ထွက်ဖို့ပြောရန်နှင့် မင်္ဂလာကိစ္စ စကားပြောကြရန် စီစဉ်ကြတော့သည်။

နှစ်ဖက်မိဘများ၊ ရပ်ရွာအကြီးအကဲများ၊ လူငယ်ကာလသားအဖွဲ့များ စုံညီပြီးနောက် ကျွန်တော်တို့နှင့်ပါလာသော ဦးပြားကြီးက ...

"ကဲ ကဲ ... လူကြီးမင်းအပေါင်းနှင့် ညှိပရိသတ်စုံလင်ပြီဖြစ်ပါ၍ မင်္ဂလာစကားပြောကြားခွင့် ပြုပါခင်ဗျာ"

"ဝေး ... ဖြောင်း ... ဖြောင်း ... ဖြောင်း"

"ပြောပါခင်ဗျာ ... ပြောပါ၊ ဒါပေမဲ့ ... တိုတိုပြောပါ"

"ဟော့ကောင် ... ကြွက်နီ။ မင်းက ဘာဖြစ်လို့ စကားကို တိုတိုပြော ခိုင်းတာလဲ"

"အေ့ ... ဝေါ့"

"ဒီလိုပါ ခင်ဗျာ၊ ညကတည်းက အမူးလွန်သွားလို့ ညစာ မစားရသေး ပါဘူး။ ကြာနေရင် ဗိုက်က ဆာနေလို့ပါ ခင်ဗျာ"

"မသာကာလနာ အမူးလွန်ပြီး အန်ဖတ်ဆို့သေမဲ့ကောင်"

"ကဲ ... ကဲ ... မိသားဖသားပီပီ ဒီကလေးနှစ်ယောက်ကို လာရောက် အပ်ပြီး ဝင်ဖို့ထွက်ဖို့ လာပြောတာပါ ခင်ဗျ"

"ဟုတ်ပါပြီ ... ပြီးတာတွေ ပြီးခဲ့ပြီမို့ မပြောလိုပါဘူး။ ကဲ ... ဘယ်လို ဆောင်ရွက်ကြမလဲ သိချင်ပါတယ်"

"ဟုတ်ကဲ့ပါ"

"ကျွန်တော်တို့ ယောက်ျားလေးဘက်က မင်္ဂလာဆောင်စရိတ်အားလုံး ကျခံပါ့မယ်"

"ဟ ... ယောက်ျားလေးဘက်က အကုန်အကျမခံလို့ ငါတို့က ခံရမှာ လားကွ"

ကလေးမလေး အဖေကလည်း လူ့ခွစာ ...

"ဟုတ်ကဲ့ပါ ... ခင်ဗျ။ အဲဒီအပြင် လယ်ကေနှစ်ဆယ် နွားလေးကောင် နဲ့ ရွှေတစ်ဆယ်သား ခန်းဝင်ပစ္စည်းအဖြစ် ထည့်ပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီ ... ဒါဆို မင်္ဂလာရက်ကို သတ်မှတ်ပါ"

"ကဲ ... နှစ်ဖက်ပြေလည်ပြီဆိုတော့ မင်္ဂလာဆောင်တဲ့အခါ ရပ်ရွာ ခလေ့ထုံးစံအရ ခဲဖိုးကိစ္စကို ပြောရအောင်"

"ကဲ .. ကာလသားခေါင်း ချွန်တွန်းပြောပါ၊ ဘယ်လောက်ပေးရမလဲ"

ချွန်တွန်းကလည်းရှုတည်တည်၊ သတိုးသမီးအမေ၏ တူအရင်းဖြစ်သော် လည်း အဒေါ်နှင့်ရော သူ့ယောက်ျားနှင့်ပါ မတည့်၊ စကားသိပ်မပြောကြ။

"ခင်ဗျားတို့နှစ်ဖက်စလုံးက ချမ်းသာတဲ့လူတွေဗျာ"

"ဟေ့ကောင် ... အပိုတွေမပြောနဲ့ လိုရင်းပြော"

သတိုးသမီးအဖေက ဝင်ဟောက်သည်။ မျက်ထောက်ကလည်း နီနေ သည်၊ စောစောစီးစီး ဖြေထားပုံရသည်။

"ဒါဆိုလည်း တစ်ထောင်ပေးဗျာ"

"ဘာကွ ... စဉ်းစဉ်းစားစားလည်းပြောပါဦး"

ကျောင်းဆရာ ဆရာမလစာမှ ၂၂၅/-ရသောအချိန်၊ တစ်ထောင်ဆို သောငွေမှာ မနည်း။

"မပေးနိုင်ဘူးကွာ"

"မပေးနိုင်ရင် အဲဒီမင်္ဂလာဆောင်မှာ ကျုပ်တို့ကာလသားအဖွဲ့ ဘာမှ မလုပ်ဘူးဗျာ"

"လာမလုပ်လည်း အကြောင်းမဟုတ်ဘူးကွ။ ငါ့အဖွဲ့ ငါ့လူငှားတွေ အများကြီးရှိတယ်။ သူတို့ကို ခိုင်းမယ်"

"ဟ ... ဟ ... နေကြပါဦး။ အဲလိုမလုပ်ကြပါနဲ့"

"ဦးလေးကလည်း စိတ်လျှော့"

"သူငယ်ချင်းချွန်တွန်း မင်းကလည်း မင်းညီမဝမ်းကွဲ မင်္ဂလာဆောင်လေ ကွာ"

"ဟုတ်ပါတယ် ... သူငယ်ချင်း။ ယောက်ျားလေးဘက်က ပေးရတာ။ သူပေးရတာလည်း မဟုတ်ဘဲနဲ့"

"ငါ ပေးရတာမဟုတ်လည်း အတူတူပဲကွ။ မင်းတို့ဟာ ခဲဖိုးလို့သာပြော တာ၊ ဓားပြတိုက်နေတဲ့အတိုင်းပဲ။ ပြီးတော့ မင်းတို့အရက်ဖိုးထဲ ရောက်သွားတာ ပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး ... ခင်ဗျာ၊ မဟုတ်တာ မပြောနဲ့။ အဲဒီခဲဖိုးငွေတွေကို ရပ်ရွာအတွက် လိုအပ်တဲ့နေရာမှာသုံးတာ၊ စာရင်းဖယားနဲ့ထားတာဗျ"

"ကဲပါဗျာ ... တော်ကြပါတော့၊ ကျွန်တော် ပေးပါ့မယ်"

သတို့သားအဖေ ဦးတိုးကြီးက ဝင်ပြောသည်။ သို့သော် ... သတို့သမီးအဖေက လက်မခံ။

"ကိုတိုးကြီး ... မပေးနဲ့ဟေ့၊ ချွန်တွန်း ... ငါးရာပဲပေးမယ် ... ဟေ့ကောင်"

"လက်မခံဘူးဗျာ ... မရဘူး"

"မရ မပေးဘူးကွာ"

"မပေးလည်းနေဗျာ ... ပြန်မယ်"

"ပြန်ပေါ့ကွာ ... ငါ့လူတွေနဲ့ မင်္ဂလာပွဲလုပ်မယ်ကွ"

ပွဲက ထိန်းမရတော့။ ကာလသားခေါင်းချွန်တွန်းသည် ထပြန်သွားသည်။ ဘယ်လိုမှညှိမရ။ ကျွန်တော်တို့အုပ်စုလည်း တခြားရွာ၏ ထုံးစံဓလေ့ဖြစ်၍ အတင်း ဝင်မပြောကြ။ ဤသို့ဖြင့် ဝင်းဖို့ထွက်ဖို့ပြောဆိုပြီး မင်္ဂလာရက်သတ်မှတ်ကာ မအီမလည်နှင့် ပြန်လာခဲ့ကြတော့သည်။ ပွဲကတော့ ဘယ်လိုလာဦးမလဲမသိ။

✿ ✿ ✿

[၄]

ဤသို့ဖြင့် သတ်မှတ်ထားသော မင်္ဂလာရက်သို့ ရောက်ရှိကြလေသည်။ နှစ်ဖက်စလုံးကလည်း ကြေးရေတတ်အသိုင်းအဝိုင်းများ။ အကျွေးအမွေးကလည်း အလျှံပယ်။ ကျွန်တော်တို့အုပ်စုကလည်း နှစ်ရွာတစ်ရွာလို ဖြစ်နေကြသဖြင့် အလုပ် အကိုင်နေ့ကတည်းက ရောက်နေကြသည်။

မင်္ဂလာပွဲအတွက် ပြင်ဆင်ချက်ပြုတ်နေသူများထဲတွင် ချွန်တွန်းခေါင်း ဆောင်သော ကာလသားအဖွဲ့ကိုမတွေ့ရ၊ ဆွေမျိုးအသိုင်းအဝိုင်းများနှင့် အလုပ် သမားများက ဦးဆောင်လုပ်ကိုင်နေကြသည်ကို တွေ့ရသည်။ လူချမ်းသာမိသားစု များ ဖြစ်ကြသောကြောင့် အပြင်အဆင် အကျွေးအမွေးက အလျှံပယ်။ လိုအင်ဆန္ဒ မရှိ ဆိုရလောက်အောင်ပင်။



www.burmeseclassic.com

www.burmeseclassic.com



ညနေစောင်းတွင် သူငယ်ချင်း အောင်သာကျော်တို့အိမ်တွင် ကျွန်တော်တို့ကို ညှော်ခံကြသည်။ ထုံးစံအတိုင်း အရက်ဝိုင်းဖွဲ့ကြသည်။ အမြည်းပေါင်းစုံဖြင့် သောက်ကြသည်။ ကျွန်တော်တို့လည်း ထိုအိမ်တွင် မကြာခဏသောက်နေကျအထိ ရင်းနှီးနေကြသောကြောင့် အားမနာတမ်းသောက်ကြသည်။ ထိုဝိုင်းတွင် အောင်သာကျော်အပြင် ကာလသားခေါင်းချွန်တွန်းကပါ ကျွန်တော်တို့ကို ညှော်ခံသည်။

"သောက်ဗျာ ... ကိုရဲ ... ချ"

"အေးပါကွာ ... သောက်တာပေါ့"

"ကျွန်တော်ကတော့ သောက်ရမယ်၊ ဒီညမူးမှ ဖြစ်မှာ"

"အေးပါကွာ ... သောက် သောက်"

သူပြောသည့်စကားအဓိပ္ပာယ်ကို ကျွန်တော်က သဘောမပေါက်။ ခေါင်းရင်းတွင် ထိုင်နေသော အောင်သာကျော် ယောက္ခမကြီးက ...

"ဟေ့ကောင် ... ချွန်တွန်း။ အရက်သောက်ပြီး မဟုတ်တာတွေ လျှောက်မလုပ်နဲ့နော်။ မင်းညီမ မင်္ဂလာဆောင်နော်"

"မလုပ်ပါဘူး ... ဦးလေးရ"

"ကဲ ... သောက်သောက် ... လိုတာပြော"

ထိုစဉ် ကျောင်းမှပြန်ရောက်လာသော အောင်သာကျော် ခယ်မလေး ခင်ယဉ်ကျေးက ကျွန်တော်တို့ကို မြင်သောအခါ ဝမ်းသာအားရဖြင့် ...

"ဟယ် ... အစ်ကိုရောက်နေတယ်၊ ဝမ်းသာလိုက်တာ"

"ဟုတ်တယ် ... နင့်အစ်ကို နေ့ခင်းထဲက ရောက်နေတာ"

"ဒီညနေစာ အိမ်မှာစားနော်"

"အေးပါ ... အေးပါ"

"နင်ကသာပြောနေ ဒီကောင်ကိုရဲက အရက်ကနည်းနည်း။ အမြည်းတွေချည်း ထိုင်စားနေတာ။ ထမင်းတောင် စားနိုင်ပါ့မလား မသိ"

"အစ်ကို ချွန်းတွန်းနော်၊ သူ့ဟာသာ စားတာဘာဖြစ်လဲ"

"ဘာမှမဖြစ်ပါဘူးဗျာ ... စားစား ... ဟဲဟဲ"

ခင်ယဉ်ကျေးက ချွန်တွန်းကို မျက်စောင်းထိုးပြီး အခန်းထဲဝင်သွားသည်။

"ကိုရဲ ... သောက်ပါကွ။ အမြည်းလည်းစား။ ငါက ဝါ့ညီမကို တမင်စတာပါ"



www.burmeseclassic.com

www.burmeseclassic.com


"အေးပါ ... ငါသိပါတယ်"

"ဒီအမြည်းက တော်တော်ကောင်းတယ်။ ငါးသလောက်ကို ပေါင်းပြီး အသားကို ပြန်သုပ်ထားတာ"

ငါးသလောက်ပေါင်း အမြည်းတဲ့။ ပေါင်းပြီး ပြန်သုပ်ထားတာတဲ့။ ကျွန်တော် တစ်စုံတစ်ခုသောကိစ္စရပ်တစ်ခုကို သွားပြီး သတိရလိုက်သည်။

"သူငယ်ချင်းတို့ ... ငါးသလောက်ပေါင်းကို သုပ်ထားတဲ့ အမြည်းဆိုတော့ ငါတစ်ခု သတိရလိုက်တယ်ကွ"

"အေး ... ပြောစမ်းပါဦး ... ကိုရဲရ"

"ဟိုတစ်နှစ် ငါရန်ကုန်မှာ ကျောင်းတက်နေတုန်း အဘထိတ်တုံးရွှေက ငါ့ကို သတိရလို့ဆိုပြီး ငါ့ဆီကို လာလည်တယ်ကွ။ ညနေဘက်ကျတော့ အဘက သူ တောခိုတုန်းက သူငယ်ချင်းတစ်ယောက် ထောက်ကြန့်မှာရှိတယ် တွေ့ချင်တယ် ဆိုလို့ သွားကြတယ်။ ထောက်ကြန့်ဆိုတာ အနာကြီးရောဂါသည်တွေ အရက်ချက် ရောင်းကြတာ။ နာမည်ကြီးနေရာလေ"

သူ့သူငယ်ချင်းအိမ်ရောက်တော့ ထုံးစံအတိုင်း အရက်ဝိုင်းနဲ့ ဧည့်ခံကြ တာပေါ့။ အဲဒီဝိုင်းမှာ ငါးသလောက်ကိုပေါင်းပြီး ပြန်သုတ်ထားတာတဲ့။ အမြည်းက စားလို့ကောင်းလိုက်တာကွာ။ အရက်နဲ့ အရမ်းလိုက်တာပဲ။ ငါနဲ့ အဘထိတ်တုံးရွှေ တို့ တီးလိုက်ကြတာ ထည့်မလောက်ပဲ။ မူးလာပြီး သေးပေါက်ချင်တာနဲ့ အိမ်သာ ကိုသွားတော့ မီးဖိုခန်းက ဖြတ်သွားရတယ်။ အဲဒီအခန်းထဲမှာ လူတစ်ယောက်က ဇလုံကြီးနဲ့ အမြည်းကို လက်နှစ်ဖက်နဲ့ စိတ်ကြိုက်နယ်ပြီး သုပ်နေတယ်။ ငါ့ကို တွေ့တော့ သူကပြောလိုက်သေးတယ်။

"ခင်ဗျားတို့ရျာ ချားလိုက်ကြတာ ကျူပ် တုတ်လို့ကို မနိုင်ဘူးတဲ့"

သူ့အသံကြားတော့ ကျူပ် မျက်လုံးနည်းနည်း ကျယ်သွားတယ်။ ဒါနဲ့ ဇလုံထဲသုပ်နေတဲ့ လက်နှစ်ဖက်ကိုကြည့်လိုက်တော့ လက်ချောင်းတွေက နှစ်ဖက် စလုံးမရှိတဲ့ အနာကြီးရောဂါသည်။ စားထားတာတွေ ရင်ခေါင်းထဲကို ဖျို့ဖျို့တက်လာ လို့ အိမ်သာထဲ ပြေးအန်လိုက်တာကုန်ရော။ ဒါနဲ့ အရက်ဝိုင်းပြန်ရောက်တော့ အဘကို တိုးတိုးလေးကပ်ပြောတော့ အဘကလည်း နောက်ဖေးခန်းဝင်ကြည့်၊ သူလည်း ငါ့လို အိမ်သာထဲ ဝင်အန်တော့တာပဲ။ ဒါနဲ့ပဲ တူဝရီးနှစ်ယောက် အိမ်ရှင် ကိုခွင့်တောင်းပြီး ပြန်လာကြတာ လမ်းတစ်လျှောက်လုံး အဲဒီလူပြောတဲ့ 'ခင်ဗျား


www.burmeseclassic.com

www.burmeseclassic.com



တို့ဂျာ . . . ချားလိုက်ကြတာ ကျုပ်တုပ်လို့ကို မနိုင်ဘူး' ဆိုတဲ့စကားနဲ့ သူ့လက်နှစ်ဖက်ကိုမြှင့်ပြီး တစ်လမ်းလုံး ကားပြတင်းပေါက်က တူဝရီးနှစ်ယောက် အန်လာခဲ့ကြတော့တာပဲ"

"ခွိး . . . ခွိး . . . ဟီး . . . ဟီး"

"ဟား . . . ဟား . . . ဟား"

ဟာ . . အစ်ကိုလေးကလည်း သောက်ထားတဲ့ အရက်တွေသီးကုန်ပြီ"

"ဒီအသုပ်ကတော့ သန့်ပါတယ်ကွ။ ငါ့မိန်းမတွေ သုပ်ထားတာပါ"

"အေးပါကွာ . . . ငါတို့ ကြုံခဲ့ရတာကို ပြောတာပါ"

"ဟား . . . ဟား . . . ဟား"

ကျွန်တော်တို့အုပ်စု ပျော်ရွှင်စွာ စားသောက်ပြီး ပိုင်းသိမ်းခါနီးတွင် ကာလသားခေါင်း ချွန်တွန်းက ကျွန်တော့်အား မင်္ဂလာဆောင်အိမ်တွင်မအိပ်ဘဲ ယခုပိုင်းဖွဲ့သော အောင်သာကျော် ယောက္ခမများအိမ်တွင် အိပ်ရန်မှာကြားသွားသည်။ အဘယ်ကြောင့် မှာကြားသွားကြောင်း ထိုအချိန်က ကျွန်တော် မတွေးမိခဲ့။

✿ ✿ ✿

[၅]

တောရွာမင်္ဂလာဆောင်ဖြစ်သော်လည်း နှစ်ဖက်မိဘများက ကြေးရေတတ်များ ဖြစ်ကြသောကြောင့် အတော်စည်ကားလှသည်။ အသဲချို့စက်ကို ဆူညံစွာ ဖွင့်ကြသည်။ ညကိုးနာရီကျော်သောအခါ မိုက်တပ်၍ ရွာသူရွာသားများက သီချင်းဆိုတော့သည်။ တီးဝိုင်းမပါဘဲ ဒီအတိုင်းဆိုကြခြင်း ဖြစ်သည်။ သူ့အရပ်နှင့် သူ့ဖာတ်ကတော့ ဟုတ်နေတော့သည်။ ညဆယ်နာရီကျော်ထိ ဘာမှမဖြစ်သေး၊ ကျွန်တော်တို့လည်း ည (၉)နာရီခွဲခန့်တွင် မင်္ဂလာဆောင်အိမ်မှ သူငယ်ချင်းအောင်သာကျော်၏ ယောက္ခမများအိမ်သို့ ပြန်လာပြီး ပိုင်းဖွဲ့စကားပြောနေကြသည်။ ည (၁၁) နာရီခန့်အချိန်တွင် မင်္ဂလာဆောင်ဘက်မှ . . .

"အုန်း"



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း ... ဝုန်း"

"ဖြောင်း ... ဖြောင်း"

"အုန်း ... အုန်း ... အုန်း"

ဟာ ဘာသံတွေလဲဟ၊ ဘာဖြစ်တာလဲဟ ...

"ဟော့ ... ဘယ်က အသံတွေလဲဟ"

တအုန်းအုန်း တဖြောင်းဖြောင်း ပစ်ခတ်သံများက ညအချိန်တွင် ဆူညံစွာ ထွက်ပေါ်လာခဲ့သည်။ ထိုအသံများနှင့်အတူ ဆဲဆိုသံများလည်း ထွက်ပေါ်လာသည်။

"ဘယ်ခွေးသူတောင်းစားတွေလဲကွ ... ဟော့ ... ခဲနဲ့လာပစ်ရအောင်။ သတ္တိရှိရင် အထဲလာခဲ့ကွာ"

"အုန်း ... အုန်း ... အုန်း"

"ဟော့ ... ငါ့သားတွေ ... မှီလို့ ခဲနဲ့ထုရတာလားကွ"

ဆဲဆိုသံများ ခဲနှင့်ထုသံများ အိမ်ခေါင်မိုးသွပ်ပေါ်သို့ ခဲကျသဖြင့် ထွက်ပေါ်လာသောအသံများမှာ ဆယ်မိနစ်ခန့် ဆူညံပွက်လောရိုက်နေတော့သည်။ ကျွန်တော် အဘထိတ်တုံးရွှေတို့ကို သတိရ၍ စိတ်ပူပြီး မင်္ဂလာဆောင်အိမ်သို့ သွားရန်ပြင်သောအခါ အောင်သာကျော်နှင့် သူ့ယောက္ခမကြီးမှ ...

"လူလေး ... မသွားနဲ့၊ ခုချိန်မှာ ထိတ်တုံးရွှေတို့လည်း ရိပ်မိပါတယ်၊ အန္တရာယ်မရှိပါဘူး။ ဒါ ဟိုကောင်ချွန်တွန်းတို့ လက်ချက်နေမှာ"

ထိုအခါမှပင် ကျွန်တော် ဇာတ်ရည်လည်တော့သည်။ ကာလသားအဖွဲ့က ခဲဖိုးကိစ္စနှင့် ပတ်သက်၍ မကျေနပ်သောကြောင့် မင်္ဂလာဆောင်ကို ခဲဖြင့် ပေါက်ကြခြင်းဖြစ်သည်။ ခဲပေါက်သည့်နေရာတွင် ကျွန်တော်ရှိပါက တစ်ခုခုဖြစ်မည်စိုး၍ မင်္ဂလာဆောင်တွင် ကျွန်တော့်ကို မအိပ်ရန် တားခဲ့ခြင်းဖြစ်သည်။

ခဲကျသံ၊ ခဲပေါက်သံ၊ ဆဲဆိုသံ၊ အော်ဟစ်သံများ နည်းပါးသွားသောအခါ ကျွန်တော်တို့လည်း မင်္ဂလာဆောင်အိမ်သို့ ရောက်ခဲ့ကြတော့သည်။ မင်္ဂလာဆောင်သို့ လာရောက်ကြတော့ ကျွန်တော်တို့ ရွာသားများလည်း ရှိသေးသောကြောင့် စိတ်ပူရသေးသည်။ ကျွန်တော်တို့ ရောက်သွားသောအခါ ပေါက်သောခဲများ အုတ်ခဲများကို စုပုံ၍ ၎င်းအပျက်အစီးများကို ရှင်းလင်းပြင်ဆင်နေသည်ကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးဖခင်ကတော့ တပည့်သုံးယောက်နှင့်အတူ ဓားကိုင်၍ ချွန်တွန်းကို တစ်ရွာလုံးလိုက်ရှာနေသည်။ ဘယ်တွေ့တော့မလဲ လစ်ပြီပေါ့။ လူအများအပြားရှိသော်လည်း ဒဏ်ရာရသူမရှိ၊ ပြေးလွှားရင်း ပွန်းပဲ့ပေါက်ပြဲတာလောက်ပဲ ရှိသည်။ လူကို အန္တရာယ်မပြုဘဲ မဏ္ဍပ်နှင့် အိမ်အမိုးကိုသာ အဓိကပစ်သွားခြင်းဖြစ်သည်။ အဘထိတ်တုံးရွှေတို့အုပ်စုကို ကြည့်လိုက်တော့ ထမင်းဟင်းချက်သည့်နေရာတွင် အသောက်ပိုင်းက မပျက်။ ကျွန်တော်က ...

"အဘ ... ဘာဖြစ်သွားသေးလဲ"

"ဘာမှမဖြစ်ပါဘူး ... လူလေးရ"

"အဘ ... ကြိုသိနေတယ် မဟုတ်လား။ ဒီလိုဖြစ်မယ်ဆိုတာ"

"ထင်နေတာပါကွာ .. ဟိုကောင်ချွန်တွန်းက လူလေးကို ဒီမှာ မအိပ်ဖို့ပြောတော့မှာ သေချာပြီဆိုပြီး ရွာကလူတွေကို (၉)နာရီလောက်ကတည်းက အိမ်ပေါ်ကအောက်ကိုမဆင်းဖို့ မှာထားတာ။ ဒါပေမဲ့ ဒီကောင်တွေက လူကိုမပစ်ပါဘူး"

"အဘတို့ကရော အိမ်ပေါ်တက်မနေဘူးလား"

"မတက်ပါဘူး ... လူလေးရာ၊ အဘတို့ဆီ ခဲလာတော့လည်း ဟောဒီအိုးတွေ ခေါင်းဆောင်းထားလိုက်ရုံပေါ့"

သူညွှန်ပြတာကို ကြည့်လိုက်တော့ ထမင်းဟင်းချက်သည့် အဝသုံးပေခန့်ရှိသည့် သံဒယ်အိုးကြီးများ ဟုတ်တော့ဟုတ်သည်။ ဒီအိုးကြီးများက လူတစ်ယောက်ကို ကောင်းကောင်း အကာအကွယ်ပေးနိုင်သည်။ ထိုနေ့ညက ပေါက်သောခဲနှင့် အုတ်ကျိုးမှာ လှည်းနှစ်စီးတိုက်စာလောက်ရသည်။

နောက်ပိုင်းတွင် ပြဿနာတစ်စုံတစ်ရာမရှိဘဲ မင်္ဂလာပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။ နောက်နေ့များတွင်လည်း ချွန်တွန်းတို့ကို မတွေ့ရပေ။

ပြဿနာက ဒီမျှနှင့် ပြီးမသွား။ အဓိကအပိုင်းက ယခုမှပင်စတော့သည်။ ခဲပေါက်ခံရသော သတို့သမီး၏မိဘများက မင်္ဂလာဆောင်အပြီးတွင် မြို့နယ်ရဲစခန်းနှင့် တရားရုံးတို့တွင် ကာလသားခေါင်းချွန်တွန်းအပါအဝင် ကာလသား (၇)ဦးကို ခဲပေါက်မှု အကျိုးဖျက်ဆီးမှုတို့ဖြင့် တိုင်တန်းခဲ့ပါသည်။ ရဲစခန်းမှလည်း လာရောက်ဖမ်းဆီးပြီး တရားစွဲတင်ပို့ခဲ့ပါသည်။

တစ်ရွာတည်းသား ဆွေမျိုးသားချင်းများ ဖြစ်ကြသော်လည်း မည်သို့မျှကြားဝင်စေ့စပ် ညှိနှိုင်းတောင်းပန်၍မရဘဲ အမှုကို ရင်ဆိုင်ခဲ့ကြရသည်။ ထိုအချိန်



www.burmeseclassic.com

www.burmeseclassic.com



က လမ်းပမ်းဆက်သွယ်ရေး မဖွံ့ဖြိုးသေးသောကြောင့် မြို့နယ်တရားရုံးသို့ အမှုဆိုင်သွားရာတွင် နွေအခါ၌ အကြောင်းမဟုတ်သော်လည်း မိုးအခါ၌ မြို့သို့ ပြေးသော တစ်စီးတည်းသော စက်လှေတွင် တရားခံရော၊ တရားလိုရော ရှေ့မျက်နှာနောက်ထားပြီးစီးကြရသည်။

အမှုမှာ နှစ်နှင့်ချီ၍ ကြာမြင့်ခဲ့သောကြောင့် တရားလိုဘက်က ကြေးရေတတ်ဖြစ်၍ ရှေ့နေခမှအစပြု၍ ကုန်ကျစရိတ်အတွက် မထောင်းသာသော်လည်း ကာလသားခေါင်း ချွန်တွန်းတို့အတွက် ငွေကုန်လူပန်း အလုပ်အကိုင်ပျက်ဖြစ်ပြီး ထိခိုက်လာကြတော့သည်။

ကျွန်တော်အပါအဝင် အဘထိတ်တုံးရွှေ၊ အောင်သာကျော်ယောကျ်ာမများ၊ ရပ်ရွာလူကြီးများက ကြားဝင်စေ့စပ်ပေးပါသော်လည်း မိန်းကလေး၏ မိဘများက လုံးဝလက်မခံခဲ့ကြပါ။ ဤသို့ဖြင့် အမှုမှာ တစ်နှစ်ခွဲခန့်ကြာပြီးမှသာ စီရင်ချက်ချနိုင်ခဲ့တော့သည်။

နောက်ဆုံးတွင်တော့ ထိုအမှုနှင့်ပတ်သက်၍ ကာလသားခေါင်း ချွန်တွန်းအပါအဝင် (၇) ဦးမှာ ထောင်ဒဏ် (၃)လစီ ကျခံခဲ့ရတော့သည်။

တရားဝင်အဖွဲ့အစည်းအဖြစ် သတ်မှတ်မထားသော်လည်း ရပ်ဓလေ့ရွာဓလေ့ လူမှုရေးအရဖွဲ့ထားသော အဖွဲ့တစ်ခုမှ မခံချင်စိတ်ကို ဦးစားပေးမိသောအခါ နစ်နာဆုံးရှုံးခဲ့ရခြင်းများ ဖြစ်ပါသည်။

ခဲပေါက်ခံရသော မိသားစုမှာလည်း တစ်သက်လုံး အရှက်ရစေသကဲ့သို့ မခံချင်စိတ်ဖြင့် ပြုလုပ်ခဲ့သော လူငယ်များမှာလည်း ထောင်ထွက်ဟူသော ဝိသေသတစ်ခု အတပ်ခံရသည်မှလွဲ၍ အမြတ်အစွန်းမထွက်။

ထိုအဖွဲ့များသည် ယခုအချိန်ထိ ကျေးလက်တောရွာများတွင် ရှိနေသေးပြီး ထိုခဲဖိုးဟူသောကိစ္စသည်လည်း အချို့ဒေသများတွင် ယနေ့တိုင် ကျင့်သုံးနေသေးကြောင်း သိရပါသည်။

စာရေးသူဒေသတွင် တကယ်ဖြစ်ခဲ့သော ဖြစ်ရပ်မှန်တစ်ခုကို ခံစားတင်ပြခြင်းဖြစ်ပါသည်။

ဝင်းနိုင်(ရွှေပြည်သာ)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[၁]

တောတောင်တွေထဲ ကျွန်တော်တို့အဖွဲ့ အမဲသားကောင်တို့ကို ဝါသနာအရ လိုက်လံပစ်ခတ်သတ်ဖြတ်နေကြသည့် အလုပ်ဆိုသည်က တကယ်တမ်း ပြန်လည်စဉ်းစားတွေးတောကြည့်တော့ လွယ်သည့်အလုပ်တော့ဖြင့် မဟုတ်။

တောတောင်များအတွင်းမှာ သေနတ်အားကိုးနှင့် နားနှင့်မျက်စိကိုဖွင့်၊ သတိဝီရိယကို ရှေ့တန်းတင်၊ တောတွင်းနေသားကောင်တို့နှင့် စိတ်ခတ်ခြင်း။ သတ္တိချင်း အပြိုင်လုလျက် အပြန်အလှန်အသေသတ်၊ အလဲထိုးကာ ယှဉ်ပြိုင်တိုက်ခိုက် အနိုင်လုကြသည့် ပွဲတွေဖြစ်သည်ဆိုသည်ကို သားတော်မောင် အငယ်ဆုံးကောင် ထွန်းထွန်းဝင်းတစ်ယောက် ဘယ်လိုသဘောပေါက်ထားသည်တော့ မသိ၊ တစ်နေ့ ...

ယခုတစ်ပတ်အမဲပစ် မထွက်နိုင်ကြ၊ အဘယ့်ကြောင့်ဆိုသော် အဖွဲ့သားတို့မှာ ကိုယ်ရေးကိုယ်တာကိစ္စများ ရှိနေကြသည့်အတွက်ပင် ဖြစ်သည်။ သို့သော်လည်း အိမ်တွင် သည်အတိုင်းထိုင်၍ မနေနိုင်သူ ကျွန်တော်က လူငယ်အဖွဲ့သားများဖြစ်ကြသည့် ကုလားကြီးသန်းညွန့်၊ မွန်၊ အာလူးနှင့် ဉာဏ်ကျယ်တို့(၄)ဦးအား ခေါ်ဆောင်က ငှက်ပစ်ခရီးနှင့် ငါးမျှားခရီးကို ထွက်ကြဖို့ စီစဉ်လိုက်ရခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com


ထိုခရီးစဉ်ကလည်း ဝေးဝေးတော့ဖြင့်မဟုတ်၊ သဃ်န်းကျွန်းလမ်းအတိုင်း ပဲခူးဘက်ဆီသို့ သွားလိုက်လျှင် လှည်းကူးမြို့နှင့် တံပိုးတန်းမှာရှိသည့် ဆားတလင်း လမ်းဆုံအထိရယ်သာ။ ထိုနေရာဝန်းကျင် လေးဘက်လေးတန်ကား ကြည့်လေတိုင်း တစ်မျှော်တစ်ခေါ် မြင်တွေ့ရသည့် လယ်ကွင်းများအတွင်း ယခုလို စပါးမှည့်ချိန်မျိုး တွင် စပါးများကို လာရောက်စားသောက်ကြသည့် ဘဲငန်းရိုင်း၊ တောဘဲရိုင်း(ဟသ်ာ)၊ ခရုစုပ်၊ ဝံပို၊ ဒုံး၊ ကြိုးကြာ၊ ကရကတ်၊ တင်ကျီး၊ ဦးဘမ်း၊ စနိုက်၊ ချိုးငှက်များ တို့၏ စားကွင်းစားကွက်ကြီးဖြစ်သလို ထိုလမ်းကြောတွင်ရှိသည့် ကျေးရွာများ ဖြစ်ကြသော သိမ်ကုန်း၊ မလစ်၊ ရှမ်းတဲကြီး(ငှက်အောက်)၊ အဝိုင်း၊ ဖိုးရင်လေး၊ နပဲပင်ကျေးရွာတို့တွင် ကျွန်တော့်မုဆိုးများ နေထိုင်ကြသလို ချိုးငှက်တို့ပေါများပြီး အမြဲတမ်းလို ချိုးကူသံညံနေသည့် ရွာများပင်မဟုတ်လား။ ရွာခံမုဆိုးတို့လည်း ရှိနေသည့်အတွက် အဆင်ပြေလှသည်။

အထူးသဖြင့် ရှမ်းတဲကြီးအောက်ရွာတွင် ရွာခံမုဆိုးများဖြစ်ကြသည့် ခင်ဝင်း၊ စံရင်ညီအစ်ကို၊ ကိုသိန်း(ကျောင်းအုပ်ကြီး)၊ ကိုဝင်းလှိုင်၊ ကိုမောင်ကံ (အုတ်ဖုတ်)သူတို့အပြင် ကိုညွန့်ရွှေ(အဝိုင်းကျေးရွာဥက္ကဋ္ဌ)တို့ကလည်း အမြဲတမ်း လိုလို မှာကြားသည့်အတွက်ဖြစ်ပေသည်။ သို့အတွက် ထိုခရီးကို မနက်သွားညနေ ပြန်အဖြစ် ရွေးချယ်လိုက်ရခြင်းပင်။

"ဖေကြီး ... သားလည်း လိုက်ခဲ့မယ်"

သားအငယ်ကောင်က ပြောပြောဆိုဆိုနှင့် အိမ်တွင်းမှ ပြေးထွက်လာပြီး ကားပေါ်သို့တက်လာသည်။ ကျွန်တော်က သားငယ်ထွန်းထွန်းဝင်းကို တအံ့တသြ ကြည့်လိုက်ရင်း ...

"လူလေး ... မင်းအမေကြီး သိရဲ့လား၊ ပြောလိုက်ဦးလေ"

"သိတယ် ... မေမေခွင့်ပြုလို့ သားလိုက်တာ"

ဆက်မေးမနေတော့။ အကြီးမက ခြံတံခါးကို ထွက်ပိတ်ရင်း လိုလို လားလား လက်ပြနှုတ်ဆက်နေသည့်အတွက် ကားကို ဦးတည်ရာဆီသို့ မောင်းကာ ထွက်ခဲ့ပေတော့သည်။ ကျွန်တော့်တွင် သားသမီး(၃)ဦး ရှိသည့်အနက် ထိုအကောင် ပေါက်ထွန်းထွန်းဝင်းက အငယ်ဆုံးအကောင်ပင်။ အသက်က (၁၇)နှစ်၊ ဥပဒေ နောက်ဆုံးနှစ်ဖြေထားသူ၊ ကျွန်တော်ကဲ့သို့ အမဲပစ်သည့်လုပ်ငန်းကို ဝါသနာပါ သော်လည်း ပညာရေးဆုံးခန်းမတိုင်သေးသည့်မို့ မျိုးသိပ်ကာ သူ၏ ကျောင်း သင်ခန်းစာကိုသာ အပတ်တကုတ်ကြိုးစားနေသူ၊ တစ်ခါတစ်ရံမှသာ ကျွန်တော့်


www.burmeseclassic.com

www.burmeseclassic.com


အိမ်ဘေးတွင် တပ်ဆင်ထားသည့် သေနတ်ပစ် လေ့ကျင့်စင်ရှိရာဆီသို့လာကာ ဝင်ရောက်ပစ်ခတ်နေသည့်အဆင့်။

ယခုအချိန်သည် စာမေးပွဲကိုလည်း ဖြေပြီးသလို သူ့တာဝန်လည်းကြေပြီး အားလပ်နေသည့်အချိန်မို့ တစ်နေ့တာခရီး ကျွန်တော်တို့ငှက်ပစ် ငါးရှာရာဆီသို့ ဗဟုသုတသော်လည်းကောင်း၊ အပျင်းပြေဖြစ်သော်လည်းကောင်း မိခင်ကို ခွင့်ပ ပြီး တက်လိုက်လာသည့်ဟန်ပင်။

ကားကိုသယ်နီးကျွန်း (စံပြရွာ)လမ်းအတိုင်း မောင်းနှင်ခဲ့ပြီး ဘယ်ဘက် ကို ချိုးကွေ့ကာ ငမိုးရိပ်တံတားကို ကျော်ဖြတ်လျက် မောင်းနှင်လာခဲ့ရင်း ယခင် သနက(၄)တပ်ရှေ့ကို လွန်ကာ ငါးဖာလုံလောက်အရောက်တွင် လမ်းဘေးတွင် ကားကို ထိုးရပ်လျက် လမ်းဘေးဝဲယာ ကောင်းကင်ထက်ဆီသို့ မော့ကြည့်လိုက်ရ ငှက်အုပ်ကြီးတို့ လယ်ကွက်များအထက်တွင် သူ့အုပ်စုနှင့်သူ ပျံသန်းနေသည်ကို တွေ့လိုက်ကြရသဖြင့် ကုလားကြီးသန်းညွန့်က မှန်ပြောင်းနှင့် လိုက်ကြည့်နေသလို ကျွန်တော်တို့ကလည်း ယူဆောင်လာကြသည့် သေနတ်တို့ကိုထုတ်ကာ ပစ်ခတ်ကြ ရန် အနေအထားမျိုးထိ ပြင်ဆင်လိုက်ကြပေသည်။ ထိုစဉ် ...

"ငှက်အုပ်တွေက ဆားတလင်းဘက်ကို ဦးတည်ကြတယ်ဗျ"

ကုလားကြီးသန်းညွန့်က ပြောလိုက်သည်။ သူပြောသည့်အတိုင်းကလည်း ဟုတ်ပေမည်။ ကျွန်တော်တို့ ငှက်အုပ်ကြီးတွေ ဦးတည်ပျံသန်းရာဘက်ဆီကို လိုက်လံကြည့်ရှုလိုက်ကြရာ ခရုစုပ်ငှက်အုပ်၊ ဟသ်ာငှက်အုပ်၊ ဝံပိုငှက်အုပ်၊ တော ဘဲငန်းရိုင်းအုပ်၊ ငှက်ကြီးဒုံးစပ်အုပ်တို့မှာ ဆားတလင်းဘက်ဆီသို့ ဦးတည်ပျံသန် နေကြသည်ကို တွေ့ရပေသည်။ ထိုနေရာသည် လယ်ယာမြေများ တပြန့်တပြေ ကွင်းနှင့် ပြန့်ကျယ်သလို အင်းအိုင်ချောင်းမြောင်းတို့ ပေါများပြီး သူတို့အတွက် ဘေးကင်းသောနေရာအဖြစ် သတ်မှတ်ကာ ဦးတည်နေခြင်းပင်၊ အန္တရာယ်မရှိ ဘေးကင်းမည့်နေရာတို့တွင် ကျက်စားတတ်ကြသည့် ငှက်အုပ်ကြီးတို့၏ သဘာဝ ပင် မဟုတ်ပါလား။

"အဖေကြီး ... ဟိုမှာ ကြက်ဖကြီးနှစ်ကောင် စပါးတွေစားနေကြတယ် ထိပ်တွေကလည်း ရဲနေတာပဲ"

ကျွန်တော့်အနီးတွင် ရပ်တန့်ကာ လယ်ကွက်များအတွင်း လိုက်လံကြည့် နေသည့် သားတော်မောင်ထွန်းထွန်းဝင်းက လယ်နှစ်ကွက်သာသာ ဟိုဘက်


www.burmeseclassic.com

www.burmeseclassic.com



အစပ်တွင် စပါးတို့ကို စားသောက်နေသည့် ငှက်ကြီးနှစ်ကောင်ကို လက်ညှိုးထိုးပြနေသဖြင့် လှမ်းကြည့်လိုက်စဉ် မွန်က ...

"အဲဒါ ကြက်ဖတွေ မဟုတ်ဘူးကွ၊ ခရုစုပ်ငှက်ကြီးတွေလို့ ခေါ်တယ်။ မင်း သူတို့ရဲ့ နှုတ်သီးတွေကိုကြည့်စမ်း။ ကြက်နှုတ်သီးမျိုးနဲ့ တူသလားလို့ဆိုတာကို"

"မတူဘူး ... သူတို့နှုတ်သီးတွေက ရှည်ပြီး ကောက်ကောက်ကြီးနဲ့။ အကောင်ကလည်းကြီးပြီး ခြေတံကလည်း ရှည်တယ်။

"အေး ... ဟုတ်တယ်။ သူ့ဦးခေါင်းကရဲပြီး ထိပ်ကပြောင်နေလို့ ကြက်နဲ့တူတာကလွဲရင် ကျန်တာအားလုံး ကွာခြားတယ် ... မှတ်ထား။ သူ့အသားက စားလို့တော့ကောင်းတယ် ... ကွ"

မွန်က ပြောပြောဆိုဆိုနှင့် အာလူးပခုံးတွင် လွယ်ထားသော သေနတ် (ပွိုင့်တူးတူးဘရူနိုလ်)ကလေးကို လှမ်းယူလိုက်ပြီး ထိပ်ဖူးတွင် အခေါင်းပေါက်ပါသည့် ဟောလိုး(HOLLOW) ကျည်တစ်တောင့်ကို ပြောင်းရင်းသို့ ထိုးသွင်းကာ ဘိုးလ်တံကို ရှေ့သို့ တွန်းပို့မောင်းတင်လိုက်ရင်း ကားစက်ဖုံးပေါ်မှေးတင်ကာ ချိန်ရွယ်လိုက်သည်။ သို့သော် မပစ်ခတ်သေး။

မွန်ပစ်မည့် သေနတ်က ငှက်ပစ်သေနတ်၊ ကျည်ဆန်ကလည်း ကျည်ချွန်ဖြစ်ပြီး ထိပ်ဖူးတွင် အခေါင်းပေါက်ပါသည့် ကျည်ဆန်ဖြင့် ပစ်ခတ်မည်ကို ကျွန်တော်သိလိုက်သည်။ ငမ်းတိုက်ကာ စပါးကိုစားနေသည့် ခရုစုပ်ငှက်ကြီးနှစ်ကောင်ကို ကျည်လမ်းကြောင်းအတွင်း တစ်ဖြောင့်တည်း မရောက်ရှိသေးသဖြင့် မပစ်ခတ်သေးဘဲ စောင့်စားနေဟန်ပင်။

ထိုသေနတ်နှင့် ကျည်ဆံမျိုးတို့ဆိုသည်က နှစ်လုံးပြူးသေနတ်များကဲ့သို့ နယ် ဖလုတ်တိုက်ပစ်ခတ်လို့ရသည့် သေနတ်မျိုးမဟုတ်။ ကျည်သွားရာ လမ်းကြောင်းအတွင်းရှိသည့် သားကောင်ကို ပစ်ခတ်လျှင်ပင် အလွန်ဆုံးနှစ်ကောင်လောက်သာ ရသည်။

ပွိုင့်တူးတူးသေနတ်ကို ကိုင်ဆောင်ကြသည့် မုဆိုးတို့မှာ ယခုကဲ့သို့ သားကောင်ကို ပစ်ခတ်ကြရာတွင် ကျည်(၂)မျိုးကို သုံးစွဲပစ်ခတ်ကြလေ့ရှိသည်။ တစ်မျိုးက ဆောလစ်ကျည်ချွန်(SOLID)၊ နောက်တစ်မျိုးက ယခု မွန်ပစ်ခတ်မည့် ထိပ်ဖူးတွင် အခေါင်းပေါက်ပါသည့် ဟောလိုးကျည်တောင့်ပင်ဖြစ်ပေသည်။

အဘယ့်ကြောင့် ထိုကျည်ဆန်မျိုးနှင့် ပစ်ခတ်ရသနည်းဆိုသော် ခရုစုပ်ငှက်ကြီးတို့မှာ အကောင်ကြီးပြီး ငါးပိဿာကျော်ရှိသည့် အကောင်ဖြစ်ကာ သူ၏



www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်အတွင်း ကျည်ဆန်ဖြတ်သန်းဖောက်ထွင်းသွားခြင်းကို ခံလိုက်ရပါက အရှိန်နှင့် ထိလိုက်လျှင် နောက်တစ်ဆင့် ထပ်မံကွဲသည့်အတွက် ထိချက်ပိုနာသည့်အတွက် ဖြစ်ပေသည်။

ယခုလည်း မွန်က တစ်ကောင်လျှင် ငါးပိသာကျော်သော ခရုစုပ်ငှက်ကြီးနှစ်ကောင်ကို အတွဲလိုက်ပစ်ခတ်ရန် စောင့်စားနေသော်လည်း ငမ်းတိုက်စားနေသည့် ငှက်ကြီးနှစ်ကောင်မှာ အတွဲလိုက်ပစ်ခတ်မရသည့်အတွက် တစ်ကောင်တည်းကိုသာ အတောင်နှစ်ဖက်ကို ချပ်၍ ကိုယ်လုံးအတွင်း ပစ်သွင်းလိုက်ပေသည်။

ရိုးဟိုဘက်မှ သည်ဘက်ဆီသို့ ပြေးလွှားကာ အစာကိုစားနေသည့် ငှက်ကြီးမှာ လှမ်းလက်စခြေလှမ်းကို ရပ်တန့်လိုက်ပြီး မြေပြင်သို့ ဘေးတိုက်ပစ်လဲသွားသော အချိန်တွင်မှ ...

"ဖန်း"

သေနတ်သံကလေးက ထွက်လာသည်။ ကျည်သွားနှုန်းက အသံထက်မြန်သည့်သဘောပင်။ သို့အတွက် ပွိုင့်တူးတူးသေနတ်မျိုးဆိုလျှင် (ဘရူနိုလ်) သေနတ်မျိုးကို မဆိုးတို့ကိုင်ဆောင်ပစ်ခတ်ကြခြင်းပင်။ ကျန်ခရုစုပ်ငှက်ကြီးတစ်ကောင်က သူ့အဖော်အစာစားနေရင်း ရုတ်ခြည်းမြေပြင်ငှက်ဆီသို့ လဲကျကာ လူးလိမ့်ငြိမ်သက်ကာ သွားသည်ကို တအံ့တသြကြည့်လိုက်ရင်းက နေရာမှပြေးထွက်သွားပြီး ဟိုဘက်ရိုးဆီသို့ ရောက်တော့မှ ကောင်းကင်ထက်ဆီသို့ ပျံသန်းပြေးထွက်သွားသည်ကို တွေ့မြင်လိုက်ရပေသည်။

မှတ်ချက်။ ။ ကိုယ်လုံးကြီးထွားပြီး အကောင်ကြီးသော ငှက်ကြီးတို့သည် နေရာမှ ရုတ်ခြည်းပျံသန်းလို့မရ၊ ပြေးလွှားအရှိန်ယူပြီးမှ လိုရာဆီသို့ ပျံသန်းလို့ရသည်။ ထိုအဖြစ်မျိုးကို တွေ့ရဖန်များနေသည့်အတွက် ကျွန်တော်တို့အတွက် ရိုးနေသော်လည်း အထူးအဆန်းဖြစ်နေသူကတော့ သားတော်မောင်ထွန်းထွန်းဝင်းတစ်ယောက်ပင်။

ခရုစုပ်ငှက်ကြီးကို သွားရောက်ကောက်ယူလာခဲ့သော ဉာဏ်ကျယ်က–

"ကဲ ... သွားလိုက်ကြရအောင်။ ဒီငှက်တစ်ကောင်ဆို ကျွန်တော်တို့အဖွဲ့ မနက်စာဖူလုံနေပြီ။ ရှမ်းတဲကြီးက ခင်ဝင်းတို့အိမ်မှာ အထိုင်ချပြီးမှ ငှက်ပစ်ထွက်ကြတာပေါ့။ ဦးသိန်းတို့အိမ်ရှေ့က ကန်မှာလည်း ငါးမျှားလို့ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



ခရုစုပ်ငှက်ကြီးကို တင်ကာ ရှမ်းတဲကြီးအောက်ရွာရှိ ရွာခံမုဆိုးခင်ဝင်း နှင့် စံရင်တို့ညီအစ်ကို နေထိုင်ရာဆီသို့ ဦးတည်လိုက်ကြသည်။ ကျွန်တော်တို့ အဖွဲ့ရောက်တော့ သူတို့ညီအစ်ကိုနှစ်ယောက်မှာ ဝမ်းပန်းတသာ အိမ်မှာမွေးထား သည့်ကြက်ကို ရိုက်ချက်ဖို့တကဲကဲ၊ ပစ်ခတ်လို့ ရရှိလာသည့်ငှက်ကို အချက်နိုင်း လိုက်ပြီး ချိုးကူသံတညံညံရှိနေသော ရွာဝန်းကျင်ဝါးရုံတောများအတွင်းသို့ ချိုးငှက် တို့ပစ်ခတ်ကြရန် သူတို့ထွက်သွားကြပေသည်။ ကျွန်တော်ကလည်း သားတော်မောင် ထွန်းထွန်းဝင်းအား ကျွန်တော့လေသေနတ်ကိုပေးကာ အဖော်တစ်ဦးနှင့် လိုက်လံပစ် ခိုင်းလိုက်ပေသည်။

သားတော်မောင်ကို ပေးလိုက်သည့် လေသေနတ်ကလေးက ကျွန်တော် အမဲပစ်ခတ်ရန် သွားသည့်အခါတိုင်း ယူဆောင်သွားသည့် သေနတ်ဖြစ်သလို သူတို့ ကိုင်ဆောင်ကြသည့် သေနတ်တို့ကလည်း သူတို့ကိုယ်ပိုင်သေနတ်များဖြစ်ကြသည်။ လေသေနတ်က ထူးထူးခြားခြားသေနတ်မဟုတ်။ တရုတ်နီဘေးဆွဲနံပါတ်(၁)ကလေး ပင်။ ပြောရမည်ဆိုလျှင် ထိုသေနတ်ကလေးကို မုဆိုးကိုင်လေသေနတ်အဖြစ်ဟုဆို လိုက်လျှင် လွန်အံ့မထင်။ ကျွန်တော့မုဆိုးကိုင်လေသေနတ်ကို သားငယ်အားပေးပြီး အပစ်ခိုင်းလိုက်သည်ဟုဆိုလျှင် ကြီးကျယ်ရန်ကောကွာ၊ လေသေနတ်ကိုများ ကြီးကြီး ကျယ်ကျယ်လုပ်ပြီး ပြောသည်ဟု ထင်ကောင်းထင်ပေမည် ဖြစ်ပေသည်။

လေသေနတ်ဆိုသည့်အမျိုးက ခဲစေ့ကို ပါးစပ်ထဲငုံ၊ ပြောင်းရင်းသို့ ခဲစေ့ သွင်းမောင်းတင်ပစ်လျှင် နှံပြည်စုပ်၊ စာကလေး၊ ဆက်ရက်၊ ကျီးကန်းလိုအကောင် မျိုးလောက်ကို ပစ်ခတ်လို့ရသည်ဟု အထင်ရှိကြပေသည်။

သို့အတွက် ကျွန်တော်က ထိုသေနတ်မျိုးနှင့် မတူသည့်အတွက် မုဆိုးကိုင် လေသေနတ်အကြောင်းကို အမွှမ်းတင်ပြောပြနေရခြင်းဖြစ်ပေသည်။

အဲဒီသေနတ်(၂) မျိုးမှာ မောင်းတင်စံနစ် (LEVEL ACTION) နှင့် အောက်ဆွဲစံနစ် (UNDER LEVEL)နှစ်မျိုးတို့ပင်။

ထိုအချိန်တွင် မြန်မာနိုင်ငံအားကစားလောကတွင် လေသေနတ်အားကစား ကဏ္ဍတစ်ခု တိုးလာသည်။ သို့အတွက် သေနတ်ပစ်အားကစားသမားများ လေ့ကျင့် ပစ်ခတ်ရန်သက်ဆိုင်ရာ ဝန်ကြီးဌာနတို့မှာ နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်အရမှာ ယူတင်သွင်းခဲ့သော သေနတ်တို့မှာ ...



www.burmeseclassic.com

www.burmeseclassic.com


လေထိုးပစ်သည့်သေနတ်(AIR CONPRESSOR TYPE)

မောင်းတင်ပစ်သည့်သေနတ်(LEVEL ACTION)

အောက်ဆွဲစံနစ်သေနတ်(UNDER LEVEL)

ဓာတ်ငွေ့သုံးသေနတ်(GAS TYPE CO2)

စသည့်သေနတ်များပင် ဖြစ်ပေသည်။ နောက်တစ်ခု တင်ပြလိုသည်က ထိုသေနတ်များနှင့် ပြိုင်ပွဲဝင်ရန် လေ့ကျင့်သော သေနတ်ပစ်အားကစားသမားတို့အဖို့ လေ့ကျင့်ပစ်ခတ်ရန် ကျည်ခဲလုံး(ခဲစေ့)အကျပ်အတည်း ဖြစ်ခြင်းကြောင့်ပင်။ လေ့ကျင့်ရန်အတွက် ပေးသော်လည်း ကျည်ခဲလုံးကို လုံလောက်စွာ မပေးနိုင်သည့်အတွက်ပင်။

ပြောရမည်ဆိုလျှင် ကျွန်တော်တို့နိုင်ငံက အခြားနိုင်ငံများကဲ့သို့ လက်နက်မျိုးစုံနှင့် ကျည်ဆံမျိုးစုံကို စတိုးဆိုင်ကြီးတွေဖွင့်ပြီး ရောင်းချသည့် နိုင်ငံမျိုးမဟုတ်။ ကန့်သတ်ပစ္စည်းအဖြစ် သတ်မှတ်ထားသည့်နိုင်ငံ၊ ပြင်ပကုန်စုံဆိုင်တို့တွင် လွတ်လပ်စွာ ဝယ်ယူသုံးစွဲလို့ ရသည်ဆိုသော်လည်း ပြိုင်ပွဲဝင်စံချိန်မီ တန်းဝင်သည့် ကျည်မျိုးမဟုတ်၊ နှစ်မျိုးတော့ ရှိသည်။

တစ်မျိုးက 'လင်းယုန်' တံဆိပ်နှင့် အလုံမြို့နယ်က ထုတ်လုပ်သည့် ကျည်ခဲလုံးတို့ရယ်သာ။ နောက်တစ်မျိုးက 'ခြသေ့်' တံဆိပ်နှင့် သုဝဏ္ဏမြို့နယ်က ထုတ်လုပ်သည့် ကျည်ခဲတို့ရယ်သာ။

သေနတ်ကို ကိုင်ဆောင်ပစ်ခတ်လေ့ကျင့်ကြသည့်အခါ သဘာဝအရဖြစ်တတ်သည့် လေပြည်၊ လေညှင်း။ လေပြင်းစသည်တို့ဒဏ်ကို ထိုကျည်ခဲလုံးတို့က မကျော်လွှားနိုင်၊ လေပြင်းကိုလည်း ထွင်းဖောက်အားနည်းသဖြင့် ထိချက်က မတိကျ၊ မရေရာ။

ထိုအချိန်တွင် ပြိုင်ပွဲဝင်ကျည်(R.W.S)ကို အတုယူလျက် ကျည်ဆန်တစ်မျိုးပေါ်လာသည်။ ထိုကျည်ဆန်ကို လေသေနတ်တံဆိပ်နှင့် တောင်ဥက္ကလာပမြို့နယ်က စီးပွားရေးသမားတစ်ဦး ထုတ်လိုက်ခြင်းပင်။ သို့အတွက် သေနတ်ပစ်အားကစားသမားတို့အတွက် လေ့ကျင့်ပစ်ခတ်ကြရာတွင် အလွန်အဆင်ပြေသွားသည်။ ထိုကျည်ခဲလုံးမှာ ပြိုင်ပွဲဝင်ကျည်ဆန်နှင့် ပုံစံတူသော်လည်း ကျည်ခဲလုံးအလေးချိန်၊ လေကိုဖြတ်ခွင်းသွာ အား အနည်းငယ်ကွဲပြားသော်လည်း ယနေ့တိုင်


www.burmeseclassic.com

www.burmeseclassic.com



သေနတ်ပစ်အားကစားများအတွက် ပေါပေါများများ လေ့ကျင့်ပစ်ခတ်လို့ရနေသည့် အခြေအနေမျိုး။

ထိုအချိန်တွင် ကျွန်တော်တို့နိုင်ငံအတွင်းသို့ နောက်ထပ်လေသေနတ်(၂) မျိုးဝင်လာပြန်သည်။ ထိုသေနတ်တို့က တရုတ်နီ(ဘေးဆွဲနှင့်ခေါက်ဆွဲ)တို့ဖြစ်သည်။ တရုတ်ပြည်သို့သွားကြသည့် မှောင်ခိုသမားတို့နှင့် ကားပြာကြီးတို့နှင့်တစ်ဆင့် သယ်ဆောင်ယူငင်လာကြခြင်း ဖြစ်ပေသည်။ ကျည်ခဲဘူးကလေးတို့ကိုလည်း သေနတ်ဒင်အတွင်းထည့်လျက် သူတို့ နိုင်ငံသူတို့လူမျိုးအတွက် ထုတ်လုပ်ထားသည့် သေနတ်မို့ ကျွန်တော်တို့နှင့် အံ့ဝင်ဂွင်ကျမရှိလှသော်လည်း ကျွန်တော်တို့ ပစ်ခတ်လို့ရအောင် သေနတ်ဒင်ကို ကိုယ်လိုသည့်ပုံစံအတိုင်းခုတ်၊ စက်ပရိန်၊ ဝါရှာ ကို ပြောင်းလဲလိုက်သည့်အခါ အဆိုပါ(တရုတ်နီဘေးဆွဲနံပတ် ...၁) လေသေနတ်သည် ကျွန်တော်တို့လို မုဆိုးများအတွက် သားကောင်တို့ကိုပစ်ခတ်လို့ အလွန်ကောင်းသည့် မုဆိုးကိုင်လေသေနတ်တစ်လက်အဖြစ်သို့ ရောက်ရှိလာခဲ့သည့် သေနတ်မျိုးပင်ဖြစ်ပေသည်။

နေ့လယ်ပိုင်း(၁)နာရီခန့်လောက် ချိုးပစ်သွားကြသည့် လူငယ်အဖွဲ့အသီးသီး ထမင်းစားရန် ပြန်ရောက်လာသည့်အခါ သူတို့ပစ်ခတ်လာခဲ့သည့် ချိုးကောင်ရေ (၇၀)ကျော်ရခဲ့ပေပြီ။ သားတော်မောင်ကား ထမင်းစားရာတွင် ကြက်သားဟင်းကိုပင် မစား၊ ခရုစုပ်ငှက်ကို အမွှေးနှုံ့သာများဖြင့်ရောပြီး အချက်ကောင်းသော မောင်စံရင်နှင့် မောင်ခင်ဝင်းတို့လက်ရာကို ပြောမဆုံးပေါင် တောသုံးတောင်ပင်။

ထမ်းစားသောက်ကြပြီး သူတို့လူငယ်(၅)ဦး လေသေနတ်ကိုယ်စီကို ကိုင်လျက်ထွက်သွားလိုက်ကြရာ အနီးအနားရွာများဖြစ်ကြသည့် ရှမ်းတဲကြီး (ငှက်/အောက်)သိမ်ကုန်း၊ မလစ်၊ ဖိုးရင်လေး၊ အပိုင်း၊ နဘဲပင် ကျေးရွာများတို့တွင် နောက်ထပ်(၆)လခန့် ချိုးကူသံကို မကြားရတော့သဖြင့် ရွာသူရွာသားတို့၏ ဆဲဆိုခြင်းကို ခံနေရသည်ကို ရွာခံမုဆိုးများပြောပြချက်အရ သိလိုက်ရပေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၂]

မှဆိုးပိုးဝင်သွားသော သားတော်မောင်ထွန်းထွန်းဝင်းက ကျွန်တော့်နား ထိုင်ရင်း မေးသည်က . . .

"အမေကြီး"

"ဟေ"

"မသိလို့ မေးတာနော်၊ ချိုး ဘယ်နှစ်မျိုးရှိသလဲ"

"ငါးမျိုးရှိတယ်ကွ"

"အဲဒီ ချိုးငါးမျိုးကို ဘယ်လိုခွဲသလဲ။ အသွေးအရောင်နဲ့လား။ အကြီး အသေးလိုက် ခွဲတာလား"

"အသံနဲ့ ခွဲတာကွ"

"ဘာ . . . အသံနဲ့ ဟုတ်လား။ ချိုးဆိုတာ တကူကူးဆိုပြီး အော်တဲ့ အသံကို ဘယ်လိုခွဲတာလဲ။ ပြောပြပါဦး . . . အမေကြီးရဲ့"

သားငယ်ဖြစ်သူက နယ်နယ်ရရအကောင်တော့မဟုတ်။ ဥပဒေနောက်ဆုံး နှစ်စာမေးပွဲဖြေထားသူ၊ လျှာကျောကခပ်ရှည်ရှည်၊ မဖွယ်မရာဖြေလို့ကလည်းမရ။ သို့အတွက် ညင်ညင်သာသာပင် သိသလောက်ပြောလိုက်သည့်စကားတို့က . .

"လူလေးရဲ့ . . . ချိုးဆိုကာ ငါးမျိုးရှိတယ်ကွ . . . မှတ်ထား . . . အမျိုး အစားတွေက ချိုးစိမ်း၊ ချိုးပိန်းတူး၊ ချိုးလင်းပြာ၊ ချိုးလယ်ပြောက်နဲ့ ချိုးနီ ပဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ ငါးမျိုးရှိတယ်ဆိုပေမဲ့ သား ရှမ်းတဲကြီးကိုသွားတုန်းက လိုက်ပစ်ခဲ့တဲ့ ချိုးတွေက တစ်ပုံစံထဲပါပဲလားဟင်။ ဘယ်လိုခွဲတာလဲ"

"အေးလေ ... မင်းကို ငါပြောခဲ့ပြီးပြီပဲ။ အကောင်တွေက ပုံစံတွေတူပေလို့ ချိုးတွန်သံချင်းတူပေမဲ့ သေသေချာချာနားထောင် ကွဲတယ်လေကွာ"

ကျွန်တော်က တတ်သိနားလည်သလောက် ပြောပြလိုက်ပေမဲ့ သည်အကောင်ငယ်စိတ်ဘဝင်ကျပုံမရ။ ထပ်မံအထွန့်ထက်လိုက်ပုံကပညာပါသည်။

"ပြောပြပါဦး ... အဖေကြီးရဲ့ ဘယ်လိုအသံမျိုးနဲ့ ချိုးအမျိုးအစားကို ခွဲတယ်ဆိုတာ၊ သားအတွက် ဗဟုသုတအဖြစ်ပေါ့"

ကျွန်တော် သူ့အမေးကြောင့် နည်းနည်းတင်းသွားသည်။ သို့သော် စိတ်လိုက်မာန်ပါပြောလို့မရ၊ ဖန်ခွက်အတွင်း အရက်လက်ကျန်ကို မော့သောက်လိုက်စဉ် သူ့အမေက ကျွန်တော့အကြိုပ်အတည်းကို သဘောပေါက်သွားသည့်မို့ သားကို ချော့မော့ရင်း ပြောလိုက်သည်က ...

"ကဲ ဖေကြီးရေ၊ မိသားစု စုံစုံလင်လင် ထမင်းစားလိုက်ကြရအောင်"

စကားကို အစားဘက်ကို လွှဲပြောင်းလိုက်သော်လည်းမရ၊ သည်အကောင်ငယ်ကလေးက ...

"ဟုတ်ကဲ့ မေမေ၊ စားလိုက်ကြတာပေါ့။ ဒါပေမဲ့ ဖေကြီး ဖြေဦးလေ"

သူ့အပြောကြောင့် ကျွန်တော်က ...

"ချိုးစိမ်းဆိုတဲ့ အကောင်တွန်သံက 'တကုကူး ကူးကူး' တဲ့ကွ။ ချိုးပိန်းတူးမတွန်သံက တကုကူးဆိုပေမဲ့ လေးလေးနက်နက်နဲ့ ပျင်းစရာအလွန်ကောင်းတဲ့ အသံမျိုး။ ချိုးလင်းပြာအသံက ပျော့ပျော့ပြောင်းပြောင်း နားထောင်လို့ အလွန်ကောင်းတဲ့ အသံမျိုးလေကွာ။ ချိုးလယ်ပြောက်အသံက အေးမြကြည်လင်တယ်ကွာ။ မင်းအမေရဲ့အသံမျိုး"

ကျွန်တော်ပြောသည့် စကားကြောင့် ဇနီးသည်က ထမင်းပွဲပြင်ရင်း မျက်စောင်းလှမ်းထိုးလိုက်သည်ကို တွေ့လိုက်ရပေသည်။

"နောက်ဆုံး အမျိုးအစားကတော့ 'တကုကူး၊ ကုကုကူး။ ကုကု ကူး' ဆိုပြီး ချိုးရိုက်သမားတွေက အသံနဲ့ အမျိုးအစားကို ခွဲကြတယ်လို့ ဆိုတယ်ကွာ။ ငါတို့ကတော့ ချိုးတွန်သံကြားရင် ကြားတာလောက်ပဲ သိကြတာလေ။ ချိုးရိုက်သမားတွေလို အသံကို မခွဲခြားတတ်ဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



သားငယ်ကား ဘာမျှဆက်မပြော၊ ချိုးသားဟင်းနှင့် ထမင်းကို စားနေလိုက်သလို ကျွန်တော်လည်း စားနေလိုက်မိပေသည်။

သားတော်မောင်ထွန်းထွန်းဝင်းကား ထိုအချိန်မှတစ်ဆင့်တိုးကာ နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ကျွန်တော်လေ့ကျင့်ပစ်ခတ်နေသည့် အိမ်ဘေးရှိသေနတ်ပစ်စင်တွင် သေနတ်ပစ်နည်းကို တိုး၍ လေ့ကျင့်သလို သေနတ်ကိုလည်း တစ်စချင်းဖြုတ်ကာ ပြုပြင်တပ်ဆင်နိုင်သည်အထိ ကျွမ်းကျင်အောင် လေ့ကျင့်နေခဲ့သည်ကို တွေ့နေရပေသည်။

မုဆိုးပိုး ဝင်သွား၍လားတော့ဖြင့်မသိ၊ သူ့မိခင်ကြီးထံမှတစ်ဆင့် တောထဲသို့ အမဲပစ်ခတ်ရန် လိုက်လိုကြောင်း ပြောလာသည်။ ထို့အပြင် သားတော်မောင်ကလည်း မနားတမ်းပူဆာလာသလို ဇနီးသည် မအေးကြည်ကလည်း လိုလိုလားလား ခွင့်ပြုချက်နှင့်မို့ မျက်နှာလိုမျက်နှာရ၊ အထိုင်ကောင်းမည့်ရွာကလေးတစ်ရွာသို့ အမဲပစ်ခရီးထွက်ရင်း ခေါ်သွားလိုက်မိပေသည်။ ထိုရွာကလေးကား–

✿ ✿ ✿

[၃]

ရေသိုးဆိုသည့် ရွာကလေးသို့ပင်။

ရေသိုးဆိုသည့် ရွာကလေးက ရှမ်းလူမျိုးတို့ စုပေါင်းနေထိုင်ကြသည့် ရွာကလေးပင်။ တိုက်ကြီးနှင့် မြောင်းတကာအကြား ဖူးကြီးရေလှောင်တမံဘေး၊ ထိုကျေးရွာကလေးတွင် ကျွန်တော်တို့ရွာခံမုဆိုး အောင်စိုးနှင့်ထွန်းတင် အမာခံရှိနေကြသည်။ ရိုးမကြီးအတွင်းဆီသို့ သိပ်ပြီး တိုးမဝင်ရဘဲ ထိုရွာကလေးတွင် အထိုင်ချကာ လိုရာသို့ သွားရောက်ပစ်ခတ်လို့ ရသည်။ အထက်သို့တက်လျှင် တိုက်ကြီး (ရေပြာစမ်းဆင်စခန်းဝန်းကျင်)၊ ဖလုံနှင့် ရိုးမကြီးအတွင်းပိုင်းဆီသို့ ဝန်းကျင်တွင် ဖူးကြီးရေလှောင်တမံ၊ အောက်ကိုပြန်ဆင်းလျှင် မြောင်းတကာဝန်းကျင်။

တောဝင်ပြီး အထိုင်ကောင်းသည့် ရွာကလေးတစ်ရွာဖြစ်သည့်အပြင် ဂျိုးဖြူကန်ကြီးနှင့်လည်း နီးသည်မို့ ယခုလို နွေရာသီအချိန်တွင် သားကောင်များ



www.burmeseclassic.com

www.burmeseclassic.com



အတွက် အလိုအပ်ဆုံးသောက်သုံးကြရန် ရေကို ထိုကန်ကြီးကို အမှီပြုနေရသည်မို့ ထိုဝန်းကျင်တွင် အမဲသားကောင်တို့ကို အချိန်မရွေးတွေ့ရတတ်သလို မြေပေါ်ပျံသွားကျေးငှက်သာရကာများ ပေါများစုံလင်သည်။ ထိုနေရာတွင် ဥဒေါင်း၊ သမင်၊ မျောက်ဝံ၊ လူဝံ၊ ကြွံတို့မရှိ။ အထိုင်ချခြင်းပင်။

"တစ်တီတူး ခါး ... တစ်တီတူး ခါး"

"ရှေ့ကြည့် ... ရှေ့ကြည့်"

ခါငှက်ကလေးတစ်ကောင်က ခြံအပြင် သခွပ်ပင်ကြီးငှက်ကိုင်းခြောက်တစ်ခုပေါ် နားခိုရင်း တွန်သံပေးနေသလို ခြံအတွင်း ခေါင်းရင်းဘက် မလှူပင်ထက်ဆီမှ ပြည့်ကျိုးငှက်ကလေးတစ်ကောင်ကလည်း ရှေ့ကြည့်ဆိုကာ လူတွေစကားပြောသည့် အသံမျိုးနှင့် ထပ်ပြန်တလဲလဲ ဟစ်ကြွေးအော်မည်သံပေးနေသည်။ ဘယ်သဘောကို ဆောင်နေသည်တော့ဖြင့် မသိ။

ရှမ်းရွာကလေးတို့၏ ထုံးစံမို့ နံနက်ခင်းကောက်ညှင်းပေါင်းနှင့် ငါးကြော်တို့နှင့် ညှော်ခံသည်။ ကောက်ညှင်းက အဖြူရောင်မဟုတ်။ အနက်နှင့် အဖြူရောထားသည်မို့ အစေးကပိုသည်။ ကောက်ညှင်းပေါင်း၊ ငါးကြော်တို့ကို စားသောက်ရင်း စကားပြောနေစဉ် သားတော်မောင်က အိပ်ရာနိုးလာသဖြင့် မျက်နှာသစ်ပြီး ကျွန်တော်တို့ဝိုင်းအတွင်း လာထိုင်ရင်းက အဘကောင်းအား ပြောလိုက်သည့်စကားက ..

"အဘကောင်းကို တစ်ခုလောက်တော့ မေးကြည့်ချင်တယ်။ အဖေကြီးပြောပြလို့ ချိုးငါးမျိုးရှိတယ်ဆိုတာတော့ သိရပြီလေ"

"အေး ... မေးလေကွာ။ ငါသိတာဆိုရင် ဖြေမှာပေါ့ကွ"

အဘကောင်း ပြန်ပြောလိုက်သည့်အတွက် ...

"ချေဆိုတဲ့အကောင် ဘယ်နှစ်မျိုးရှိသလဲဆိုတာ ပြောပြပါလား။ ဗဟုသုတအဖြစ် မှတ်သားထားချင်လို့ပါ"

သူမေးလိုက်သည့် မေးခွန်းကြောင့် အဘကောင်းတွေသွားသည်။ အတန်ကြာကြာစဉ်းစားလိုက်ပြီးမှ ဖြေတော့မည့်အလုပ် ဥဏ်ကျယ်ကကြားဖြတ်လျက်–

"ချေဆိုတာ နှစ်မျိုးရှိတယ်လေ ကောင်လေးရယ်"

ထိုသို့ ပြောလိုက်စဉ် အဘကောင်းက ဝင်ပြောလိုက်သည့်စကားက–

"မဟုတ်တာကွာ ... ချေဆိုတာ(၄)မျိုးရှိတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်ကျယ်တစ်ယောက် သူ့ အဖြေမှားသွားသဖြင့် ဖက်ပုသွားသလို သားတော်မောင်ကလည်း . . .

"ကျွန်တော်မှတ်သားချင်လို့ ပြောပြပါလား . . . အဘရယ်"

"အေး . . . များသောအားဖြင့်တော့ ချေဆိုတဲ့အကောင်ကို ရှီးရှီးပဲသိထားကြတာ များတယ်ကွ။ ငါတို့လည်း နေရာစုံအမဲသားကောင်တွေကို လိုက်ပစ်ခတ်ရင်း ကိုယ်တွေ့အရ နှစ်မျိုးလောက်ပဲ တွေ့ကြရတာလေ။ ဒါကြောင့် ဉာဏ်ကျယ်က (၂)မျိုးလို့ဆိုတာ အပြစ်ပြောလို့လည်း မရဘူးကွ။ သူမြင်ဖူးတာက နှစ်မျိုးပဲကိုး။

ငါတို့ မုဆိုးလောကမှာ စကားတစ်ခုရှိတယ်ကွ။ အဲဒါက ဘာလဲဆိုရင် ချေတစ်ဆယ်၊ ဒရယ်အစိပ်၊ ဆတ်လေးဆယ့်ငါးဆိုတဲ့ စကားပဲ။ ဆိုလိုရင်းကတော့ ချေတစ်ကောင်ဟာ အချိန်တစ်ဆယ်ရှိသလို ဒရယ်တစ်ကောင်ကလည်း အလေးချိန် နှစ်ဆယ့်ငါး၊ ဆတ်ဆိုတဲ့အကောင်က လေးဆယ့်ငါးအထိ ကြီးထွားနိုင်မှန်းကို ဆိုလိုတာပေါ့လေ။

မုဆိုးလုပ်သူတစ်ယောက်အတွက် ဒီစကားကို သိထားတာနဲ့အတူ ဘယ်အကောင်ဟာ အလေးချိန်ဘယ်လောက်ထိ ရှိတယ်ဆိုတာကို သိကြတာပေါ့ကွာ။ ဒါပေမဲ့ ချေဆိုတဲ့အကောင်ကို ပုံသေတွက်လို့မရဘူး။ များသောအားဖြင့် ငါတို့ မုဆိုးတွေပစ်ခတ်လို့ရတဲ့ အကောင်တွေက အလွန်ဆုံး အချိန်(၁၀)လောက် အကောင်ကို ရတာများကြတာကိုး။ နောက်ထပ်ရှားရှားပါးပါးရတဲ့ ချေတစ်မျိုးက တောကြီးချေလို့လည်း ခေါ်တယ်။ ငါတို့ကိုယ်တိုင်တောင် ငါးခါလောက် ပစ်လို့ရခဲ့ဖူးတာ။ သူ့အလေးချိန်က အချိန်(၂၀)နီးပါးပဲ။ (၁၇နဲ့ ၂၀)ကြားပေါ့ကွာ။

စောစောက ဉာဏ်ကျယ်ပြောတာ အဲဒီနှစ်မျိုးကို ပြောတာလေ။ တကယ်တော့ မကဘူးကွ။ နောက်နှစ်မျိုး ကျန်သေးတယ်။ အဲဒီ နောက်နှစ်မျိုးက ဂမ္ဘီရလည်း ဆန်တယ်ကွ။ ရှားလည်း အလွန်ရှားတဲ့ အကောင်တွေပဲ"

အဘကောင်းပြောပြနေသည့် စကားကို ကျွန်တော်တို့ပါ စိတ်ဝင်တစားဖြစ်ကြသည်မို့ ဆက်လက်နားထောင်နေလိုက်ကြစဉ်

"နောက်နှစ်မျိုးထဲက ပထမမျိုးက ချေလျောင်လို့ ခေါ်ကြတယ်ကွ။ သူ့ရဲ့ အင်္ဂါအရပ်က ချေတစ်ကောင်ပုံစံအတိုင်း ချွတ်စွပ်ပဲ။ ဟောက်သံပေးပုံကလည်း ချေတစ်ကောင်ဟောက်သံပဲ။ ဒါပေမဲ့ ထူးခြားချက်က သူ့အရွယ်အစားက လယ်ကြွက် နီးပါးလောက်ပဲ ရှိတယ်ဆိုတဲ့အချက်ပဲကွ။ အတော်အံ့သြစရာ ကောင်းပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဂမ္ဘီရဆန်တဲ့ ထူးခြားချက်က အဲဒီအကောင်ကလေးကို တွေ့လို့ သေနတ်နဲ့ ဘယ်နှစ်ချက်ပစ်ပစ်၊ ကျည်မထွက်ဘူးကွ။ မကျေနပ်လို့ မိုးပေါ်ကို သေနတ်ထောင်ပစ်ရင် ကျည်ထွက်တယ်။ သူ့ကို ချိန်ပစ်ရင်ကျည်မထွက်ဘူးလေ။ အကောင်သေးပေမဲ့ အလွန်မြန်တယ်။ လှစ်ကနဲဆို မြားတံကို ပစ်လိုက်သလိုပဲ ပျောက်သွားတာပဲကွ။ ငါ့ကိုယ်တွေ့အရပဲ။

အဲ ... နောက်တစ်မျိုးက ခြေလက်ဝက်ကားလို့လဲ ခေါ်တယ်။ အချို့က တစ်ပင်တိုင်ချေလို့လဲ ခေါ်ကြတဲ့ ချေပဲကွ။

ခြေလက်ဝက်ကားလို့ ဘာကြောင့်ခေါ်သလဲဆိုတာတော့ မသိဘူးကွာ။ ဒါပေမဲ့ ငါ့စိတ်ထင်ကို ပြောရရင် ချေ၊ ဒရယ်၊ ဆတ်နဲ့ တောဝက်တွေရဲ့ ခြေရာတွေဟာ မြေကြီးမှာ စူးချွန်နဲ့ ထိုးစိုက်သလို ကျန်ရစ်ခဲ့ကြတယ်။ ပုံစံလည်း တူသလို ခွာရာလည်း တူကြတယ်။ အဲဒီမှာ ပုံစံအနည်းငယ်တူတာက တောဝက်ခြေရာနဲ့ဆင်ပြီး နဲနဲလေးဘေးကို ကားထွက်နေလို့ ခြေလက်ဝက်ကားလို့ ခေါ်ကြတယ်လို့ ထင်တယ်။

နောက်တစ်မျိုး တစ်ပင်တိုင်ချေလို့ ခေါ်ရတဲ့အကြောင်းက အခြားချေတွေလို သူ့မှာ ဦးချိုနှစ်ချောင်း မထွက်ဘူးကွ။ ဦးချိုတစ်ချောင်းထဲ ထွက်တဲ့အကောင်မို့ တစ်ပင်တိုင်ချေလို့ ခေါ်ကြတယ်လို့ထင်တယ်။

အဲဒီချေ ဂမ္ဘီရဆန်ပုံက ဘယ်လောက်သေနတ်နဲ့ပစ်ပစ် ကျည်လွဲတယ်။ မထိဘူးကွ။ ငါ့ကိုယ်တွေ့ (၃)ချက်ပစ်တာ အစားမပျက်ဘူး။ ပြီးတော့မှ တန္ခွဲ့နွဲ့နဲ့ သူလိုရာခရီးကို ဆက်ပြီးသွားတာပဲ မရလိုက်ဘူးလေ"

"ဟုတ်လား အဘ၊ အဲဒီအကောင်က ဘယ်လောက်ကြီးသလဲ ဟင်"

"အချိန်(၁)တန် ရှိးရှိးအကောင်လောက်ပဲ ကြီးတယ်ကွ။ ဦးချိုသာ တစ်ချောင်းထဲရှိတာ"

"အဲဒီလေးမျိုးက ငါတရားဝင်သိထားတဲ့ လေးမျိုးပဲ။ နောက်ထပ် တရားမဝင်ပစ်ခတ်လို့ရတဲ့ ချေက (၄)မျိုးလောက် ရှိသေးတယ်ကွ။ အဲဒီအကောင်တွေကို ဘယ်မှာပစ်လို့ရသလဲ မေးရင် တို့ခုရောက်နေတဲ့ ပဲခူးရိုးမကြီးရဲ့ ဟိုးဘက်မှာ ဖလုံနဲ့ ရေပြာစမ်းဆင်စခန်းဘက်တွေမှာပဲလေ"

"ဟုတ်လား ... အဘကောင်း။ ဘယ်လိုချေမျိုးတွေလဲဟင်"

သားတော်မောင်ထွန်းထွန်းဝင်းက သိလိုဇောဖြင့်မေးလိုက်တော့ ...

"တစ်မျိုးက အဝါရောင်ချေ၊ နောက်တစ်မျိုးက အဖြူရောင်ချေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ... အဘ၊ အဝါရောင်နဲ့ အဖြူရောင်နော်။ ဘယ်အရွယ်တွေလဲဟင်"

"စောစောကပြောခဲ့တဲ့ တောကြီးချေ(ဒူးမဲ)လိုပဲ အချိန်ကတော့ (၁၇) ပိဿာလောက်ရှိတဲ့ အကောင်ကြီးတွေကွ။ နောက် ထူးထူးဆန်းဆန်းနှစ်မျိုးက သူ့အသားအလွန်ချဉ်တဲ့ အရသာရှိသလို နောက်တစ်မျိုးက ခါးလွန်းလို့ စားလို့တောင် မရတဲ့ ချေနှစ်မျိုးကိုလည်း ပစ်ခတ်လို့ ရခဲ့ဖူးတယ်။ ဘယ်လိုချေအမျိုးအစားတွေဆိုတာကိုတော့ ငါလည်း မသိသလို တောနေမုဆိုးတွေလည်း မသိကြဘူး။ တအံ့တဩဖြစ်ရတာက အမှန်ပဲလေ"

"ဟုတ်လား .. အဘ၊ ဆန်းလိုက်တာနော်။ ဘယ်လိုကြောင့်တုံးဟင်"

"အေး ... ဘယ်လိုကြောင့် ဒီလိုဖြစ်ရတယ်ဆိုတာကို ငါလည်း စဉ်းစားတာပဲကွ။ ချေသားချဉ်တာကတော့ ခုလိုချိန် ရာသီစားပင်တွေ သီးတဲ့အချိန်မှာ သားကောင်က ကင်မလင်းသီးတွေ၊ ဇီးဖြူသီးတွေ၊ ကနစိုးသီးတွေ၊ သပြေသီးတွေ၊ ဝွေးသီးတွေကို စားပြီး သူတို့အသား ချဉ်သွားသလို ခတ်အုန်းသီးတွေကို စားကြတဲ့ ချေရဲ့အသားကလည်း ခါးကြတယ်လို့ ထင်တယ်ကွ။ သူတို့အရောင်ဖြူတာနဲ့ နနွင်းလို ဝါထိန်နေကြတာတော့ ဘာဖြစ်လို့မှန်း မသိဘူး"

အဘကောင်း ဖြေလိုက်သည့်အပေါ် သားတော်မောင် အတော်ကလေးနှစ်ခြိုက်သဘောကျသွားဟန်နှင့်မို့ ခေါင်းတညိတ်ညိတ်နှင့် စဉ်းစားနေသည်ကို တွေ့လိုက်ရပေသည်။

"ရေကြီးပြည့်တော့မယ်ဆို"

ဘုတ်ငှက်(ငှက်ယဉ်ကျား)ကလေးတစ်ကောင်၏ အော်မည်သံကို ကြားလိုက်ရသလို ...

"မယ်ဇက်ကယ်ဆို ဈေးရောင်းလိုက်ပါဦး တစ်ခွက်ဖိုး"

ငှငှက်(ဘုမ္မတီးငှက်)တို့မှာ ခြံခေါင်းရင်းဘက် အုန်းနဲ့သီးပင်ကြီးတွင် မှည့်နေသောအသီးတို့ကို စားကြရင်း တေးဆိုနေသည့်အသံကို ကြားလိုက်ရသဖြင့်-

"ဟာ ... ဒီငှက်တွေက လူလိုချည်း စကားပြောကြတယ်နော်။ ဘယ်သူတွေက သင်ပေးထားကြသလဲ မသိဘူး"

ထွန်းထွန်းဝင်း အမှတ်တမဲ့ပြောလိုက်သည့် စကားကြောင့် ကျွန်တော်တို့ ဝိုင်းဝန်းရယ်မောလိုက်မိကြသလို ကောက်ညှင်းပေါင်းနှင့် ငါးကြော်တို့ကို ထည့်ပေး



www.burmeseclassic.com

www.burmeseclassic.com


နေသည့် အောင်စိုးနှင့် ထွန်းတင်တို့၏ ညီမကလေးများတို့ကပါ ဝိုင်းဝန်းရယ်မောလိုက်ကြပေတော့သည်။

နံနက်ခင်းမှ လေပြည်တို့နှင့်အတူ တောပန်းတောင်ပန်းရနံ့တို့ကို ရရှိနေသဖြင့် အဆုတ်တွင်းရောက်သည့်တိုင် ရှူရှိုက်လိုက်စဉ် အဘကောင်းက ...

"ကဲ ... အောင်စိုးနဲ့ ထွန်းတင်၊ ဒီနေ့မင်းတို့ ဘာလုပ်ကြမယ် စိတ်ကူးထားကြသလဲ ပြောပါဦး"

ယနေ့ အမဲပစ်ခတ်ရေးအစီအစဉ်ကို မေးလိုက်ခြင်းဖြစ်သည်မို့ အောင်စိုးက ...

"ရွာနောက်ကျောတောထဲမှာ အကောင်တွေကပ်နေတယ် ... အဘရဲ့၊ မနက်ပိုင်းတောမောင်းလိုက်ရင် ချေနှစ်ကောင်လောက်တော့ ဒီအနားတွင် ကျိန်းသေမယ်။ ညပိုင်းကို မီးလယ်လိုက်ကြတာပေါ့"

"အေး ... ဒါဆိုလည်း လုပ်လိုက်ကြရအောင်ကွာ"

"ခဏနေဦး ... အဘရဲ့၊ မြသိန်းနဲ့ ထင်ကျော်တို့အုပ်စု ခွေးတွေခေါ်ပြီး တောမောင်းပေးဖို့ မှာထားတယ်။ သူတို့လာရင် သွားလိုက်ကြတာပေါ့"

အတန်ကြာ စောင့်နေလိုက်သောအခါ ခွေးဟောင်သံများကို ကြားလိုက်ရသဖြင့် အပြင်ကို လှမ်းကြည့်လိုက်တော့ တောခြောက်အဖွဲ့နှင့် ခွေးနှစ်ကောင်တို့ ရောက်ရှိလာကြသဖြင့် အိမ်ပေါ်သို့ခေါ်ကာ ကောက်ညှင်းပေါင်းနှင့် ငါးကြော်တို့ကို အဆာပြေကျွေးမွေးသလို ခွေးနှစ်ကောင်ကိုလည်း ထမင်းကျွေးပြီး အစ်ကိုကြီးဦးသိန်းလွင်ခေါင်းဆောင်ကာ တောမောင်းအဖွဲ့တို့ ထွက်ခွာသွားသည်ကို တွေ့လိုက်ရပေသည်။

အဘကောင်း ကျွန်တော်နှင့် သားတော်မောင်တို့ကား အိမ်တွင်နေခဲ့ကြပေသည်။ အဘယ့်ကြောင့်ဆိုသော် ယခုမောင်းနှင်ခြောက်ထုတ်မည့် တောတို့သည် ရွာနားနီးပြီး ခိုကပ်နေကြသည့် သားကောင်တို့ဖြစ်သည့်အပြင် တောကလည်း ခပ်ကျဉ်းကျဉ်းတောများဖြစ်ကာ သေနတ်စည်း ပိုနေသည့်အတွက် နေခဲ့ကြခြင်းဖြစ်ပေသည်။

"အဘတို့အားနေရင် မြွေဟောက်တောင်ဘက်ကို လိုက်ခဲ့ကြပါလား။ မျောက်အုပ်တွေလည်း ရှိတယ်၊ ငှက်တွေလည်းပေါပြီး အကောင်တွေလည်း ပစ်ခတ်လို့ ရတာပေါ့"

အိမ်မီးဖိုခန်းအတွင်းမှ ရှမ်းသံဝဲဝဲကလေးနှင့် ပြောလိုက်သည့်အသံကို ကြားလိုက်ရသဖြင့် လှမ်းကြည့်လိုက်တော့ စောစောက ကောက်ညှင်းပေါင်းနှင့် ငါးကြော်


www.burmeseclassic.com

www.burmeseclassic.com



တို့ကို လိုလေသေးမရှိအောင် လိုက်လံဖြည့်ဆည်းပေးနေသည့် အိမ်ရှင်မဆိုး'အောင်စိုးနှင့်ထွန်းတင်'တို့၏နှမကလေးတွေ ဖြစ်နေသည်ကို တွေ့လိုက်ရသဖြင့် ကျွန်တော်ကဘာမှ ပြန်မပြောဘဲ အဖန်ရည်သောက်နေသည့် အဘကောင်းမျက်နှာကို လှမ်းကြည့်ကာ သဘောထားတောင်းလိုက်တော့ လိုက်ပါသွားကြရန် မျက်ရိပ်ပြလိုက်သည့်အတွက် ကျွန်တော်က ...

"အေး ... လိုက်ခဲ့မယ်ကွာ။ ငါတို့လည်း ထိုင်နေကြရမဲ့အစား အပြင်းပြေပေါ့။ ဒါနဲ့ နင်တို့က မြွေဟောက်တောင်ကို ဘာသွားလုပ်ကြမလို့လဲ"

"မှိုကျင်းဖော်မလို့လေ ... ပတာပ်စာနဲ့ ကင်ပွန်းချဉ်ခူးရင်းပေါ့"

ကျွန်တော်တို့သုံးယောက်သား နှစ်လုံးပြူးတစ်လက်၊ ပိုင့်တူးတူးတစ်လက်နှင့် လေသေနတ်ကို ကိုင်လိုက်ကြရင်း တောင်းကလေးများကို ခေါင်းပေါ်သို့ ရွက်ကာသွားနေသည့်သူတို့ ညီအစ်မနောက်က လိုက်ပါခဲ့ကြပေသည်။

မြွေဟောက်တောင်ကြီးတည်ရှိရာကား ဟိုယခင်က ကျွန်တော်တို့ မျောက်များကို သွားရောက်ပစ်ခတ်နေကြသည့် နေရာမို့ လူကို အန္တရာယ်ပေးနိုင်လောက်သည့် သားကောင်ကြီးကြီးမားမားမရှိဟု ဆိုသော်လည်း တောင်ခြေကိုတော့ တောဆင်ရိုင်းတို့ ယခုလိုအချိန်အခါမျိုးတွင် ရောက်ရှိလာတတ်ကြသည်။

ယခုတစ်လော ပေတာလူအမည်တွင်သော ဟိုင်းဆင်ကြီးတစ်ကောင် မကြာခဏဆိုသလို ရောက်လာတတ်သည်ဟု ရွာခံများပြောထားသဖြင့် သိထားရသည်။ သို့သော် ကျွန်တော်တို့သွားမယ့်နေရာသည် မိန်းမပျိုကလေးများကိုယ်တိုင်ပင် ရဲရဲဝံ့ဝံ့သွားလာနေကြသည့် တောင်ခြေနေရာဖြစ်သည့်အတွက် စိုးရိမ်စရာတော့မရှိ။

မြွေဟောက်တောင်ကြီးကား မြင့်မားသည်။ တောကလည်း အနက်ပိုင်းနှင့်နီးသည်မို့ တောင်ခြေဝန်းကျင်တွင် သစ်တော၊ ဝါးတော၊ ချုံနွယ်တောကြီးတို့က ထူထပ်သည်။ ထိုနေရာဆီသို့ လူသူအရောက်အပေါက်ကလည်း နည်းပါးသဖြင့် အချိန်မရွေး သားကောင်တို့နှင့် တွေ့ဆုံနိုင်သလို မျောက်အုပ်နှင့် ကျေးငှက်သာရကာတို့ ပေါများသည်။ ထိုတောင်ကြီးမှာ ကျောက်သားဆန်သော တောင်ကြီးဖြစ်သဖြင့် တောင်ခြေဝန်းကျင်သည် နက်ရှိုင်းပြီး အချို့နေရာများတို့သည် မက်စောက်သော ချောက်ကမ်းပါးကြီးတို့အပြင်လျှိုနှင့် မြောင်တို့ကလည်း ရှိနေကြပြန်သေးသည်။

ကျွန်တော်တို့ငါးဦးသား တောင်ပေါ်သို့ စတင်တက်ရောက်ခဲ့ကြသည်။ ရှေ့မှဦးဆောင်ကာ တောင်းကလေးတွေရွက်လျက် ရှမ်းပျိုဖြူကလေးနှစ်ဦးကို သွား



www.burmeseclassic.com

www.burmeseclassic.com



ထားကြည့်မိလိုက်သည်။ အကြီးမအသက်က (၂၀) ဝန်းကျင်၊ အငယ်မိန်းကလေးနှင့် ကွာလှ (၂)နှစ်ခန့်ပင် ဖြစ်ပေမည်။

အကြီးဟုထင်သော မိန်းမပျိုကလေးကို ကျွန်တော်နောက်မှလိုက်ရင်း စူးစူးစိုက်စိုက်ကြည့်လိုက်မိသည်။ ရှည်လျားသော ဆံပင်က နက်မှောင်ပြီး ရင်နှစ်မြွာကချီနေသည်။ ဝိုင်းစက်သော မျက်လုံးအစုံ၊ ဒေါင့်သွယ်ညီနေသော မျက်ဝန်းအိမ်၊ ပိန်ချိုင့်ခွက်ဝင်မနေသော မျက်နှာအကျ၊ သွယ်လျပြီး အချိုးညီသော ကိုယ်ခန္ဓာ၊ အသေအချာကြည့်တော့မှ အငယ်မထက်စာလျှင် ထိုကလေးမအလှက ပိုမိုပြီး ပေါ်လွင်နေသည်ကို သတိထားလိုက်မိသည်ဆိုသော်လည်း အငယ်မအလှကလည်း ခပ်ခြာခြာတော့ဖြင့်မဟုတ်၊ သူကလေးကလည်း ဆံပင်အုံက ခပ်ကောင်းကောင်း၊ အသားအရည်က ညိုညက်ညက်၊ ကပြားရုပ်ကလေးမို့ သနားကမား၊ လုံးကြီးပေါက်လှပင်၊ အချိုးအစားကျနေသောခန္ဓာကိုယ်ကို ပိုင်ဆိုင်ထားသော သူလေးမို့ ဝိုင်းဝိုင်းလည်မည့်ပုံ။

သူတို့နှစ်ဦးကို ကြည့်ရင်း ကျွန်တော့်အတွေးတို့တွင် သူတို့ကလေးများခမျာ ဘဝပေးကုသိုလ်အကျိုးမပေးရှာသဖြင့် ယခုကဲ့သို့ တောရွာကလေးတစ်ရွာတွင် ဆင်းရဲနွံခြာစွာ ဘဝပေးဖြင့် ယခုလို မှိုကျင်းရှာ၊ ပတာပ်စာတူး၊ ချဉ်ပေါင်ရွက်ခူးနေရပေမဲ့ သူတို့ကုသိုလ်ကံတရားကြောင့် သည်အလှကလေးများကို ပိုင်ဆိုင်ထားကြသူများဖြစ်နေပြီး အထိုက်အလျောက် ချမ်းသာကြွယ်ဝပြီး မြို့ကြီးပြကြီးအတွင်းနေထိုင်ကြပါလျှင် သူကလေးတို့အလှကား ပိုမိုပေါ်လွင်မည်ကို စဉ်းစားကာ လျှောက်လှမ်းနေလိုက်စဉ် မှိုကျင်းရှိရာဆီသို့ ငါးဦးသားလျှောက်လှမ်းခဲ့ကြပေတော့သည်။

"အဖေကြီး ... ဟိုမှာ ပုတ်သင်ညိုကလေးတွေ ဟိုပန်းလေးတွေကို စားနေတယ်"

တောင်ပို့ကြီးအနီး မြေသားပြင်ငုတ်တွင် ထိုးထိုးထောင်ထောင် ပွင့်ဖူးနေကြသော ပတာပ်စာပန်းဖြူဖြူကလေးတို့ကို စားသောက်နေကြသည့် ပတာပ်ကောင်ကလေးတွေကို မမြင်ဘူးရှာသော သားတော်မောင်က ပုတ်သင်ညိုအထင်နှင့် မေးလိုက်သည့်အတွက် မိန်းကလေးနှစ်ယောက်က ပါးစပ်ကို ပုဆိုးဟောင်းကလေးများနှင့်အုပ်ကာ ခွက်ထိုးခွက်လန် ရယ်မောနေသည်ကို တွေ့လိုက်ရသဖြင့် ကျွန်တော်က ...



www.burmeseclassic.com

www.burmeseclassic.com


"အဲဒါ ပုတ်သင်ညိုမဟုတ်ဘူးကွ။ ပတပ်စာပန်းကိုစားကြတဲ့ ပတပ်ကောင်လို့ ခေါ်တယ်။ သေသေချာချာကြည့်ရင် မတူဘူးကွ။ စားလို့ကောင်းတယ်"

ကျွန်တော်က သားတော်မောင်အား ရှင်းပြနေစဉ် အဘကောင်းက ..

"မှိုကျင်းက ဒီနေ့မှတ်ရက်စေ့တဲ့ နေ့လားကွ"

တောသူတောင်သားများအဖို့ တောတောင်များအတွင်း မှိုကျင်းကို ယခုလို ရှာဖွေတွေ့ရှိလျှင် မည်သူ့ကိုမှ အသိမပေးဘဲ နှုတ်ယူပြီး နောင်နှစ် ယခုလို နေ့ရက်မျိုးတွင် ပြန်လည်နှုတ်ယူလို့ရသည့် အနေအထားမျိုးမို့ မေးလိုက်ခြင်းပင်။

အဘကောင်းကား မှိုကျင်းရှိရာသို့ တိုးကပ်သွားကာ ချုံနွယ်ပင်တို့ကို ရှင်းလင်းဖယ်ရှားကာ ကြည့်လိုက်သည်။ မှိုပွင့်တို့ကား ဖူးလျက်နှင့် အနေတော်ကို တွေ့လိုက်ရသည်။ မှိုကျင်းတွင် အခြားအန္တရာယ်ပေးလောက်သည့် မြွေ၊ ကင်းတို့ မရှိလောက်သည်မို့ မိန်းမငယ်နှစ်ယောက်အား မှိုကို အနှုတ်ခိုင်းလိုက်ပေသည်။

ကျွန်တော်က မိန်းကလေးနှစ်ယောက် အားရဝမ်းသာစွာနှင့် မှိုနှုတ်နေသည်ကို ဘေးမှ ရပ်ကြည့်နေသည့် အဘကောင်းအား ...

"ကဲ ... အဘကောင်း၊ ရောက်တုန်းရောက်ခိုက် သားတော်မောင်ကို ဖက်စုပ်ပစ်ခတ်နည်းလေး သင်တန်းပို့ချလိုက်ချင်တယ်၊ လိုက်ဦးမလား"

"မလိုက်တော့ဘူး၊ မိန်းကလေးတွေ မှိုနှုတ်ပြီး ပြန်လိုက်သွားမယ်။ လေသေနတ်ပေးခဲ့၊ သူတို့ကို စောင့်ရင်း ပုတပ်ကောင်ပစ်သွားမယ်။ အမြည်းလုပ်လိုက်ရအောင်"

ထွန်းထွန်းဝင်းကိုင်ဆောင်ထားသည့် လေသေနတ်ကို သူ့သေနတ်နှင့် လဲလိုက်ပြီး မိန်းကလေးနှစ်ယောက်ကို စောင့်ရင်း တောချုံပုတ်တစ်ခုအတွင်း သူဝင်ထိုင်လိုက်ကာ ပတပ်ကောင်တို့အလာကို စောင့်စားနေလိုက်သည်ကို တွေ့မြင်လိုက်ရသည်။

အမှန်တော့ ပုတပ်ကောင်ကလေးတို့မှာ ယခုလိုချိန် ပုတပ်စာပန်းဖြူဖြူကလေးတို့ပေါ်သည့် အချိန်တွင် တွေ့ရတတ်သည့် အကောင်မျိုးကလေးတွေပင်။ ရုတ်တရက်ကြည့်လိုက်ပါက ပုတ်သင်ညိုလို အကောင်မျိုးပင်။ အသေအချာကြည့်က ကွဲပြားသည်။ ကျင်းဝတွင် သစ်ရွက်အကျောကို ဖောက်ပြီး ထောင်လျှင်မိသည်၊ ဒါမှမဟုတ် သူဝင်ရောက်သွားသော ကျင်းကို တူးဆွလျှင်လည်း ရပေသည်။ ကိုခွဲ၊ ဆားနယ်ပြီး ကင်စားလျှင် ကောင်းသလို ချက်ပြုတ်စားလျှင်လည်း နေကြ


www.burmeseclassic.com

www.burmeseclassic.com



ပြီး အလွန်ကောင်းသည်။ တောတွင်းနေ လူတန်းစားမိသားစုတို့၏ ဖေးဘရိတ်ဟင်း တစ်ခွက်ဖြစ်သလို အရက်သမားတို့၏ အကြိုက်လည်းဖြစ်သည်။

ဟိုယခင် အမဲပစ်ထွက်သည့် ခရီးတို့တွင် စခန်းစောင့်တို့က အနီးဝန်းကျင်တွင် လိုက်လံရှာဖွေကာ ကျွေးမွေးသဖြင့် စားခဲ့ဖူးသည်။ လူသားတို့က သူတို့ကို အမျိုးမျိုး ရှာဖွေဖမ်းဆီးစားသောက်ကြတတ်သဖြင့် ထိုအကောင်တို့ကလည်း လူနံ့ကိုရသည်နှင့် လုစ်ကနဲ ရှောင်ပုန်းတတ်ကြသည့်အတွက် အများအပြားမရ၊ တစ်နေ့လုံး ရှာဖွေဖမ်းဆီးပါမှ (၁၀) ကောင်ပင် မပြည့်တတ်။

သို့အတွက် အဘကောင်းက ချုံတောအတွင်း ဝင်ပုန်းကာ ထိုအကောင်ငယ်တို့ထွက်လာလျှင် တောချုံပုတ်အတွင်းမှ လေသေနတ်နှင့် ပစ်ခတ်ယူရန်အတွက် ယခုလို စီမံလိုက်ခြင်းဖြစ်ပေသည်။

သားတော်မောင်နှင့် ကျွန်တော်တို့နှစ်ဦးသား တောင်တက်လမ်းအတိုင်း ဖြည်းညှင်းစွာ တက်ခဲ့ကြပေသည်။ တောင်ပေါ်သို့တက်ရင်း သစ်ပင်မြင့်ကြီးတို့အပေါ်သို့ လိုက်လံကြည့်ရှုရင်း တက်ခဲ့ကြစဉ် . . .

"အူဝူ . . . အူဝူ . . . ကွစ်ကွစ်"

"အူဝူ . . . ဂီး . . . ဂစ်"

မျက်နှာမူရာညာဘက် (ဂျိုးဖြူကန်ကြီး)ဘက်၊ သစ်ပင်မြင့်ကြီးတို့ထက်ဆီမှ မျောက်အော်သံများကို ကြားလိုက်ရသဖြင့် လှမ်းလက်စကို ရပ်လိုက်ရင်း . .

"ကြားလား . . . မျောက်အော်သံတွေ၊ မျောက်ညိုမျိုးကွ။ အကောင်သိပ်များပုံတော့ မရဘူး။ ဟောလိုးကျည်ကို အဆင်သင့်ထိုးထား"

"ဝူ . . . ဝူ . . . အူဝူ . . . ကွစ်"

အောက်ရှုတ်အပေါ်ရှင်း တောများမို့ မျောက်တို့မမြင်တွေ့အောင် သားတော်မောင်လက်ကိုဆွဲကာ တောချုံပင်များရှိရာဘက်ဆီသို့ ကပ်လျက် ဖြတ်သန်းတက်လာခဲ့ကြရသဖြင့် အပေါ်မှအသံကြားနေရသည့် မျောက်တို့က ကျွန်တော်တို့အားမြင်၊ ချုံပုတ်များကို အကာအကွယ်ယူလျက် အော်သံကြားလိုက်ရာဆီသို့ ခက်ခဲစွာ ဖြတ်သန်းနေရသည်မို့ ကြန့်ကြာကာ သူတို့မမြင်အောင်လည်း ဂရုစိုက်နေရျန်သေးသည်။

အတန်ကြာတော့ သစ်ပင်ကြီးတစ်ပင်ကို တွယ်ကပ်နေသည့် တောချုံပင်ကြီးအတွင်း အသာတိုးဝင်ကာ ငြိမ်သက်စောင့်စားနေလိုက်စဉ် မျောက်ညိုငါးကောင်



www.burmeseclassic.com

www.burmeseclassic.com



သည် ကျွန်တော်တို့ ပုန်းကွယ်နေသည့်ဆီသို့ တစ်ပင်မှတစ်ပင်ကူးလျက် ပြေးလွှား လည်းကောင်း။ နွယ်ကြိုးခိုကာ လွဲပြီးကူးလာနေကြသည့် အကောင်တို့က ကူးလ နေကြသည်။ တောချုံအတွင်းမှ သားအဖ သူတို့ရိပ်မိမသွားစေရန် ငြိမ်ကုတ်နေ သည်။

မျောက်အုပ်များတွင် မျောက်ညိုတို့သည် အခြားသော မျောက်တို့ထ ပိုကြီးသည်။ ခြေတန်လက်တန်တို့ကလည်း ပိုရှည်သည်။ အရောင်က အမဲရောင် နှင့်အတိ။ ကျွန်တော်တို့ ပုန်းခိုသောနေရာကို အုပ်မိုးနေသော သစ်ပင်ကြီးထ တွင် ရပ်နားလိုက်ကြပြီး တစ်ကောင်နှင့်တစ်ကောင် ကုတ်ဖွဲဆော့ကစားနေ သည့်အကြားမှ အကောင်ကြီးကို လိုက်ကြည့်နေလိုက်မိပေသည်။

အဘယ့်ကြောင့်ဆိုသော် ဟိုယခင်အချိန်တုန်းဆီက မျောက်ဆိုလျှင် မ သည့်အမျိုးအစားမျိုးမဆို ကျွန်တော်တို့ပစ်ခတ်သည်။ ယခုနောက်ပိုင်း မုဆိုးပ လာကြသည့်အတွက် မပစ်ခတ်ကြတော့။ ကျွန်တော်တို့ပစ်သည့်မျောက်က မျောက် အထီးကောင်နှင့် မျောက်မြီးရှည်နှစ်မျိုးထဲရယ်သာပင် ဖြစ်ပေသည်။

မျောက်ညိုမျိုးတွင် အထီးကောင်ကိုသာရွေးပြီး အဘယ့်ကြောင့် ပ သနည်းဆိုသော် ပြောရလျှင် ရက်လည်းရက်ပါသည်။ မရက်လည်းမရက်ပါ။ ဟိုယ မုဆိုး(ပဂေးကြီး)၏ လမ်းညွှန်ဩဝါဒမိန့်မှာချက်ကြောင့်ဖြစ်ပေသည်။ မိန့်မှာပုံက

"မင်းတို့ မျောက်တွေကို ပစ်ကြတဲ့အခါမှာ တွေ့တဲ့မျောက်တိုင်းကို မ ကြနဲ့"

"ဟုတ်လား . . . အဘ။ ဘာကြောင့်လဲဟင်"

"ဒီလိုဆိုရင် ဘယ်မျောက်တွေကို ပစ်ရမှာလဲဟင်"

"မျောက်ညိုအထီးကောင်နဲ့ မျောက်မြီးရှည်ကိုပဲ ပစ်"

"မျောက်ညိုက အထီးကောင်ပဲလား။ အမကောင်ကို မပစ်ရဘူးလ

"အေး . . . အထီးပဲပစ်၊ အမကို မပစ်နဲ့"

"ဘာကြောင့်လဲဟင် . . . အဘ၊ ပြောပြပါဦး ဗဟုသုတအဖြစ်ပေါ့"

"ဟကောင်ရ . . မင်းမှတ်ထား၊ မျောက်ညိုအုပ်တစ်အုပ်မှာ အကော ၅၀ ကျော်ကနေ ၁၅၀ လောက်ထိ ရှိကြတယ်ကွ။ အဲဒီမျောက်အုပ်ထဲမှာ အ ကောင်ဆိုလို့ ကြီးကောင်ကြီးမား တစ်ကောင်ပဲရှိတယ်။ ကျန်တာအားလုံ ကောင်တွေချည်းပဲလေကွာ။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... အဘ၊ စိတ်ဝင်စားစရာပါပဲ။ အဲဒီတော့ ဘာဖြစ်လဲ"

မသိချက်ဆိုးဝါးစွာနှင့် မေးလိုက်သူ ကျွန်တော့်ကို မျက်မှောက်ကုတ် ကြည့်လိုက်ရင်း ဆက်ပြောလိုက်သည်က ...

"အဲဒီ အမကောင်တွေမှာ ဖီးမပြတ်ဘူးကွ။ အမြဲတမ်း ကိုယ်ဝန်ဆောင် နေကြရတယ်လေကွာ"

"ဒီမျောက်မတွေအားလုံးကို သူတစ်ကောင်ထဲက"

"အေး ... သူတစ်ယောက်ထဲက"

"ဒီလိုဆိုရင် သူနဲ့ရတဲ့ မျောက်သားကလေးဆိုရင်ကောဟင်"

"အထီးကောင်ဆိုရင် ကိုက်သတ်ပစ်တယ်ကွာ။ အဖိုကောင်ဆိုရင် သူ ကလွဲပြီး သားသမီးအရင်းကိုတောင် လက်မခံဘူး"

"ဟာ ... ရက်စက်ပ ... အဲဒီတော့"

အဲဒီတော့ သားကလေးမွေးတဲ့ မျောက်ညိုမက သူ့သားလေး သေရ မယ်ဆိုတာကိုသိတော့ သားငယ်ကို ရင်ခွင်ပိုက်ပြီး မျောက်အုပ်အတွင်းက ထွက်ပြေး ရတာပေါ့"

"ဟုတ်လား ... အဘ၊ ဆက်ပြောပါဦး စိတ်ဝင်စားစရာပဲ"

"အဲဒီလို သားငယ်ကို မသေစေချင်တဲ့ မျောက်မက သားငယ်ကို ပိုက်၊ မျောက်အုပ်အတွင်းက ထွက်ပြေးပြီး သူ့သားလေးကို မျောက်များတို့တတ်အပ်တဲ့ တောတွင်းပညာရပ်တွေကို မိခင်ကြီးက ရင်အုပ်မကွာ သင်ကြားပေးတာပေါ့ကွာ။ သုံးနှစ်လောက်ရောက်တော့ သားအတွက် စိတ်ချလောက်တဲ့အဆင့်ကို ရောက် တော့မှ မိခင်ဖြစ်သူက သားငယ်ကိုစွန့်ပြီး သူလာခဲ့တဲ့ မျောက်အုပ်အတွင်း ပြန် ဝင်တာပေါ့ကွာ"

"အဲဒီတော့ ..."

"မင်းကလည်း ဒုံးဝေးသကွာ။ ငါပြောလိုတာက အဲဒီမျောက်ညိုအုပ်မှာ အမကောင် ၁၅၀ လောက် ဖီးမပြတ်တာ ဘယ်သူ့လက်ချက်လဲ"

"မျောက်ထီးကြီးလက်ချက်ပေါ့ အဘရဲ့"

"အေး ... အဲဒါပဲပေါ့ကွ။ ဒါကြောင့် မျောက်ညိုအထီးနဲ့ ပတ်သက်ရင် ဆေးကလည်း အားရှိတယ်ကွာ၊ ချေးခါးကလည်း အားရှိတယ်ကွာ။ ဒါကြောင့် မျောက်ညိုအထီးကို ပစ်လို့ ငါပြောနေတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် မျောက်မြီးရှည်ကရောဟင်"

"သူကတော့ ငှက်ဖျားသက်သက်ကောင်းတာပဲကွ"

ကျွန်တော့်ကို မှာကြားလမ်းညွှန်လိုက်သည့် မုဆိုးကြီးစကားကို ပြန်လည်ကြားယောင်နေမိသည်။

ထိုမုဆိုးကြီးကား ဧရာဝတီတိုင်း၊ ငသိုင်းချောင်းမြို့နယ်၊ ဝွလမ်းကြော် သီတာကုန်းမြေတွင် အထိုင်ချနေထိုင်သူ ဆင်ဖိုးထွန်းလက်ရင်းတပည့်ငယ် ဦးညွှ တာပင် ဖြစ်ပေသည်။

တောချုံအတွင်းမှ သစ်ပင်ထက်က မျောက်ညိုတို့ကို ပစ်ခတ်ရန် သေနတ်နှင့်ချိန်ရွယ်သည့် သားတော်မောင်အား အပစ်မလောရန် ဟန့်တားရင်း မျောက်ညို အထီးကို ရှာနေသည်။ ထိုစဉ် ပစ်ကွင်းတွင် တစ်ကောင်ကိုတစ်ကောင်က သန်းရှာပေးနေသည့် မျောက်ညိုအမနှစ်ကောင်က ပစ်ကွင်းအထင်အရှား၊ သားတော်မော ကလို မျောက်နှစ်ကောင်ကို အပစ်လောမည်စိုးသဖြင့် ကျွန်တော်က လက်ကိုတ ကြာတော့ သားတော်မောင်က စိတ်မရှည်ဟန်လေသံနှင့် ...

"သား ပစ်လိုက်ချင်ပြီနော်။ အဖေကြီးက ဘာဖြစ်နေတာလဲ"

"အထီးကောင်ကို ပစ်ခိုင်းမလို့ လိုက်ကြည့်နေတာကွ"

"သူ့နားသို့ကပ်ပြီး လေသံနှင့် တိုးတိုးပြောလိုက်တော့ သူကလည် လေသံလေးနှင့် မေးလိုက်သည်က

"မျောက်ထီးက ဘာတွေ ဘယ်လိုကောင်းနေလို့လဲဟင် ဖေကြီး"

"ဗုဒ္ဓေါ"

ဒီအဖြေကို သူနားလည်အောင် ကျွန်တော် ဘယ်လိုပြန်ဖြေရမှန်း မသ သည်က အမှန်။ ကျွန်တော်မျက်စောင်းတစ်ချက်လှမ်းထိုးကာ မျက်နှာကို တင်း လိုက်တော့ သူ သဘောပေါက်သည်လားတော့ဖြင့်မသိ။ ဆက်မမေးတော့သဖြ တော်သွားသေးသည်။ ကျွန်တော့်အဖြစ် ကိုယ်တိုင်ဖော်သည့်ဆေးကို ကိုယ်မစ ရဲသည့်အဖြစ်မျိုး။

"အူဝူ ... အူဝူ ... ကွစ်ကွစ်"

ဟိုဘက်မှာ တောညောင်းပင်ကြီးဘက်ဆီမှ လက်တစ်ဖက်တွင် သစ်ခွ တို့ကို အပင်မှခွာယူလျက် လက်တစ်ဖက်တွင် ဆုပ်ကိုင်ပြီး ကျန်လက်တစ်ဖက် ဒိုးနွယ်ကြိုးကြီးကို ဆုပ်ကိုင်လျက် သန်းရှာပေးနေသည့်နေရာသို့ မျောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်ကူးလာသည်ကို တွေ့လိုက်ရသဖြင့် ကျွန်တော်က ထိုအကောင်ကြီးမှာ မျောက်ထီးကြီးတစ်ကောင်ဖြစ်မှန်း သိလိုက်သည့်အတွက် သားတော်မောင်အား တံတောင်နှင့် တို့ထိကာ မီးစိမ်းပြလိုက်သည့်အတွက် ...

"ဖန်း"

"ဘုန်း"

သေနတ်သံကလေးနှင့်အတူ သစ်ခွပန်းအုံကို ကိုင်ရင်း မြေပြင်သို့ ပစ်ကျလိုက်သည့်အသံကြီးက ဖွဲအိတ်ကြီးကို ပစ်ချလိုက်သည့်အခါ ကြားလိုက်ရသည့် အသံမျိုးနှယ်။ ထိုအဖြစ်ကြောင့် သမ်းရှာနေသော မျောက်နှစ်ကောင်အပြင် အခြားသော ကုတ်ဖွဲ့ဆော့ကစားနေသော မျောက်သုံးကောင်မှာ တထိတ်တလန့်နှင့် အောက်ဖက်တွင်ရှိသော တောချုံပင်ကြီးတို့အကြား ခုန်ဆင်းကာ အော်ဟစ်လျက် ပြေးလွှားသွားမျောက်ကွယ်သွားသည်ကို ကျွန်တော်တွေ့လိုက်ရပေသည်။ သားမောင်ကား မျောက်ကြီးကို သူပစ်ခတ်လို့ ရရှိလိုက်သဖြင့် ဝမ်းသာအားရချုံအတွင်းမှ တိုးထွက်ပြီး မျောက်သေကြီးကို ပစ်ခတ်လိုက်သည့်ဒဏ်ကို ကြည့်လိုက်ရာ မေးစေ့အောက်မှ ဝင်ကာ ဦးနှောက်ကို ဖြတ်ဖောက်သွားပြီး သွေးများယိုစီးကာ ဦးနှောက်များ ဖွာလံကျဲနေသည်ကို တွေ့လိုက်ရပြီး ဆုပ်ကိုင်ထားသည့် သစ်ခွပန်းတို့က နံ့နွှင်းနံ့ကို မွှန်ထူနေအောင်လည်း ရှူရှိုက်လိုက်ရပေသည်။

ကျွန်တော်က အနီးရှိ တောင်စွန်းရွက်တစ်ရွက်ကို ခူးယူပြီး မျောက်ကြီးကို မလျက် အောက်ဖက်မှ ကျလာသည့်သွေးကို ခံလိုက်ရင်း ထူးထူးခြားခြား သူဆုပ်ကိုင်ထားသည့် သစ်ခွပင်နှင့်ပန်းများကို စူးစူးစိုက်စိုက်ကြည့်နေလိုက်မိပေသည်။

ပန်းအုံကြီးက အကြီးသား၊ ပန်းတို့က အဝါရောင်၊ အနံ့ကလည်း နံ့နွှင်းနံ့တို့က သွေးညှီနံ့ကို ဖုံးအောင်ပင် လွှိုင်နေသည်။ အပွင့်ဖတ်က ဖယောင်းမျိုးနှယ် ပုံစံမျိုး၊ အရောင်က ရွှေဝါရောင်၊ ဝတ်ဆံက အနက်ရောင်၊ လက်တံက သုံးချောင်း၊ အပွင့်တို့နှင့်အတိ။

"အဖေကြီး ... အဲဒါ ဘာသစ်ခွမျိုးခေါ်သလဲ"

"ငါလည်း သစ်ခွပန်းနဲ့ ပတ်သက်ပြီး သိပ်မသိဘူးကွ။ ဟိုကိုရောက်မှ ဖအိုက်ကြီးဦးသိန်းလွင်ကို မေးကြည့်ရမယ်။ ဒီသစ်ခွကို ငါလည်း ခုမှမြင်ဖူးတာ"

"ရော့ ... အဖေကြီး အမောပြေလေး"



www.burmeseclassic.com

www.burmeseclassic.com



သားတော်မောင်က အလိုက်တသိနှင့် သူလွယ်ထားသော လွယ်အိတ်အတွင်းမှ ပုလင်းပြားကလေးကို ထုတ်၍ ပေးလာသည်မို့ လှမ်းယူကာ အဖုံးဖွင့်မော့သောက်လိုက်ပေသည်။ ပုလင်းထဲတွင် တစ်ဝက်နီးပါး အရက်ကျန်နေသေးသည်မို့ စောစောက မျောက်ညိုကြီးအောက်မှ သွေးစက်ခံထားသော တောင်စွန်းရွက်ကိုယူ၍ မျောက်ညိုကြီးခေါင်းပိုင်းမှ ထွက်ကျလာသော သွေးစက်(၅)စက်ခန့်ကို ပုလင်းပြားအတွင်းထည့်ပြီး အဖုံးကိုပိတ်၊ လှုပ်ရမ်းမွှေနှောက်လိုက်ပြီး ပြန်ပေးလိုက်ကာ ခါးမှ ငါးဖယ်ခုတ်ဓားကို ထုတ်၍ အနီးရှိချုံနွယ်ပင်တို့ကို ဖြတ်တောက်လိုက်ပြီး မျောက်သေကြီးအပေါ် အုပ်ထားလိုက်ပေသည်။ သစ်ခွအုံကိုလည်း ...

"ဒီသစ်ခွပန်းအုံကို ဟိုသစ်ပင်ခွကြားမှာ တင်ထားခဲ့ ... လူလေး။ အပြန်မှ သယ်သွားကြတာပေါ့။ တို့နဲ့ထိုက်လို့ရတဲ့ သစ်ခွပန်း၊ အိမ်ကျမှ ကောင်းကောင်းပြုပြင်စိုက်ရမယ်"

သည်အရပ်တွင် သားကောင်သေအပေါ် ယခုလို သစ်ရွက်သစ်ကိုင်းတို့ဖုံးအုပ်ထားပါက ပိုင်ရှင်ရှိသည်၊ မယူရဟူသော ပြဋ္ဌာန်းသတ်မှတ်ချက်သည် ဘယ်အချိန်က စတင်ပေါ်ပေါက်လာသည်တော့ဖြင့် မသိ။ မည်သူတွေ့တွေ့ မယူကြသည်က အမှန်၊ အပြန်ခရီးမှ သူပစ်သော အကောင်ကို အထမ်းခိုင်းရပေတော့မည်။

ကျွန်တော်တို့သားအဖ၊ တောင်ဆင်းလမ်းအတိုင်း တောင်ခြေဘက်ဆီသို့ ဆင်းခဲ့ကြပေသည်။ မြွေဟောက်တောင်ခြေတစ်ကျော သစ်ရိုင်းပင်ကြီးများ၊ ဝါးရုံတောကြီးများ၊ ချုံနွယ်တောကြီးများ၊ ဆူးပင်ရိုင်းများ၊ ဖလံတောင်မွှေး၊ ဂုံမင်းတောက်တာ၊ ထမဖိုင်း၊ ဓမငယ်၊ ရှဉ့်မတက်၊ ရေငန်းတောတို့ကို ကွေ့ရှောင်ပြီး ခင်ကျောတစ်ခုကို ဖြတ်၊ လျှိုကြီးတလျှို ဟိုဘက်မှာ ကွက်သာတစ်ခုဆီသို့ ရောက်ခဲ့ကြသည်။ ဟိုဘက်မှာတွင် သစ်ပင်ချုံနွယ်များ၊ ဝါးတောများ၊ အလိုလေးဆူးတော၊ ဆူးရစ်တောတို့အတိနှင့်မို့ နွေကာလပင်ဖြစ်စေကာမူ အအေးဘက်ဆီသို့လုနေသည်။

လေပြည်တစ်သုတ်က ညင်းညင်းညှံ့ညှံ့ တိုက်ခတ်လိုက်သည်။ သစ်ရွက်ခြောက်များ ပွတ်တိုက်သံတို့နှင့်အတူ ပုဖဉ်းရင်ကွဲတစ်အုပ်၏ ဝိုင်းအော်ဟစ်လိုက်သံက နွေတေးတစ်ပုဒ်ကို လှမ်းမောဖွယ်ကျူးရင့်နေသယောင်။ ဝန်းကျင်သည် ပုရစ်အော်သံ၊ ဖါးပျံကလေးတို့၏အော်သံ၊ ငှက်ဝါးရောင်းတစ်အုပ်၏ ဝိုင်းဝန်းအော်ဟစ်သံတို့မှတစ်ပါး အခြား ဘာသံမှမကြားရ။



www.burmeseclassic.com

www.burmeseclassic.com



"ဖက်စုပ်ဖို့ ဒီနေရာကောင်းတယ်။ သေနတ်ချင်း လဲကြမယ်လေ"

ကျွန်တော်ကိုင်ဆောင်ထားသည့် ဒသသမပ္ပိုင့် . . . ၁၂ဗို့ (အော်တိုမက်တစ်) ၃၂ . . . လက်မ၊ ကျည်ထွက်ပေါက်(ချုပ်)အား သူ့ကိုပေးလျက် သူ့ကိုင်ဆောင်ထားသည့် ပွိုင့်တူးတူးသေနတ်ကလေးနှင့် လွှဲပြောင်းကိုင်ဆောင်လိုက်ပြီး . . .

"သား . . . အကောင်လိုက်လာရင် မင်းပစ်ရမှာနော်။ မင်းကို လက်တွေ့လေ့လာလို့ရအောင် ဖက်စုပ်ပြီး သားကောင်ကို ခေါ်ပစ်တဲ့နည်းကို လက်တွေ့ပြပေးတာ။ ငါ ဒါမျိုးကို သိပ်ပစ်ချင်တာမဟုတ်ဘူး။ ကြားလား . . ငါပစ်ဆိုမှပစ်"

"ဟုတ်ကဲ့ . . . အဖေကြီး"

ပျဉ်းမပင်ကြီးတွင် ဒိုးနွယ်ပင်ကြီးက ကပ်တွယ်နေသလို ဒိုးနွယ်သီးတောင့်များက တွဲလောင်းကျဆင်းနေကြသည်။ ထိုအပင်ကြီးအနီးရှိ သပွတ်သိန်ချုံနွယ်ပင်ကြီးအတွင်းဆီသို့ ဝင်ရောက်လိုက်ကြပြီး ပျဉ်းမပင်ကြီးကို နောက်ကျောပေးလျက် ပစ်ကွင်းရှိရာ ကွက်သာဘက်ဆီသို့ နှစ်ဦးသား မျက်နှာမူ၍ မုဆိုးဒူးထောက်ထိုင်ပုံမျိုးနှင့် သေနတ်ကို ပစ်ခတ်ရန်အသင့်အနေအထား ယူခိုင်းထားလိုက်သည်။ သေနတ်ကိုလည်း မောင်းတစ်ဝက်တင်ထားခိုင်းလိုက်ပြီး အနီးရှိ မြရာပင်မှ အရွက်တစ်ရွက်ကို ခူးလိုက်ပြီး ပါးစပ်တွင်တေ့ကာ လုပ်ငန်းကို စတင်လိုက်ပေသည်။

သားတော်မောင်မှာ ဥပဒေနောက်ဆုံးနှစ်ကို ဖြေဆိုထားပြီး ဖခင်၏ မုဆိုးလုပ်ငန်းကို ဗဟုသုတလိုချင်ပါသည်ဆို၍သာ သူ့အား ထိုပစ်ခတ်နည်းကို မုဆိုးလက်သင်အဖြစ် ပြသလို၍ ဖက်စုပ်ခြင်းလုပ်ငန်းကို ယခုကဲ့သို့ ပြနေရသော်လည်း အမှန်တော့ သည်အလုပ်မျိုးကို သိပ်မလုပ်ချင်ပေ။ အဘယ်ကြောင့်ဆိုသော် မွေးကင်းစသားကောင်ငယ်တစ်ကောင်၏ အားငယ်စွာ ညှိုးညှိုးနွမ်းနွမ်း၊ စူးစူးရှရှ အော်ဟစ်ကာ ခေါ်နေသည့်အသံမျိုးနှင့် မိခင်ကြီးကို လှမ်းခေါ်နေသည့် အသံမျိုးကိုပေး၍ ခေါ်ယူပြီး သက်သောင့်သက်သာနှင့် သားကောင်ကိုခေါ်ယူကာ ပစ်ခတ်နည်းမျိုးမို့ မတရားလွန်းရာလည်း ကျလှသည်။ သို့ပေမဲ့ မတတ်နိုင်ဘူး၊ သားတော်မောင်အား လက်သင်ပညာပေးရမှာမို့ ရှေ့ဆက်ရပေတော့မည်။

"ပျီ . . . ပျီ . . . ပျီ . . . ပျီ"

တိတ်ဆိတ်နေသော တောအုပ်ကြီးအတွင်း မွေးကင်းစချေသားငယ်တစ်ကောင်၏အော်မည်လိုက်သံက စူးစူးရှရှပေါ်ထွက်လာသည်။ မကြာမီ မွေးကင်းစသားပေါက်ငယ်၏ အော်ခေါ်သည့်အသံအား နားစိုက်ထောင်နေမည့် မိခင်ချေကြီး



www.burmeseclassic.com

www.burmeseclassic.com



သည့် သားငယ်ခေါ်နေသည့်နေရာဆီသို့ သားဖောနှင့် ကဆုန်စိုင်းက ပြေးချလာပေတော့မည်။

ချေသားပေါက်ကလေး အော်သံကြောင့် ဝါးရုံတောကြီးအောက် ယက်ဖယ်၍ အစာကောက်နေသော တောကြက်ငယ်တစ်အုပ်လန့်၍ ပျံသန်းပြေးထွက်သွားသံကို ကြားလိုက်ရသည်။ တဖြုန်းဖြုန်းနှင့် အတောင်ပန်ရိုက်၍ အသံပေးပြီး ပျံသန်းပြေးထွက်သွားကြသော တောကြက်အုပ်မြင်ကွင်းက ပျောက်ကွယ်သွားပြီးနောက် တောအုပ်အတွင်း ပြန်လည်တိတ်ဆိတ်သွားပြန်ပေသည်။

"ပျီ ... ပျီ ... ပျီ"

ဖျစ်ညှစ်ညှစ်စူးစူးရှရှနှင့် သားငယ်ကလေးအသံက ထပ်မံထွက်ပေါ်လာပြန်သည်။ အသံကလေးမှာ မိခင်နှင့် အတူလာကြရင်း သူ့အနားမှ ရုတ်ခြည်းပျောက်ကွယ်သွားသဖြင့် ဘယ်စခန်းနှင့် ဘယ်လမ်းကိုသွားရမှန်းမသိ၍ မိခင်ကြီးကို အားကိုးတကြီးတမ်းတမ်းတတ အားငယ်စွာနှင့် ဟစ်အော်ခေါ်ငင်နေသည့်အသံမျိုး။

"ပျီ ... ပျီ ... ပျီ"

သားပေါက်ငယ်၏ အသံက မိခင်ကြီးကို အားကိုးတကြီးနှင့် ခေါ်နေသည့်အသံက အဆက်မပြတ်ဆိုသလို ထွက်ပေါ်လာပြီးနောက် ...

"ဂုတ် ... ဂုတ် ... ဂုတ်"

ထိုသို့ အဆက်မပြတ်အော်ဟစ်နေချိန် တစ်ဖက်လျှိုစောင်းဆီမှ သားပေါက်ငယ်အော်ဟစ်နေသည့် အသံကြားလိုက်ရာဆီသို့ ဒုန်းစိုင်းကာ ပြေးလွှားလာသံနှင့် ခွာခုတ်နေသံတို့ကို အဆက်မပြတ်ကြားလိုက်ရသည်။ သားငယ်ရှိရာဆီသို့ ချက်ချင်းတော့ ဝင်ရောက်မလာသေး။ မိခင်ဖြစ်သူသည် သူကြားလိုက်ရသော အသံငယ်အားဟုတ်၊ မဟုတ်ကို ရပ်တန့်စူးစမ်းနေသလို ပတ်ဝန်းကျင်နှင့် အနံ့အသက်တို့ကို ရှူရှိုက်တွက်ချက် ခန့်မှန်းနေပုံရသည်။ သို့အတွက် အနီးသို့ တိုးကပ်မလာသေးဘဲ တောချုံထူထူတို့နောက်ကွယ်မှ ဝန်းကျင်ကို အားရကျေနပ်လောက်အောင် စူးစမ်းရင်း သားငယ်အော်ဟစ်သံကြားလိုက်ရာဆီသို့ သွားရလျှင်ကောင်းနိုး၊ မသွားတော့ဘဲနောက်ကြောင်းကို ပြန်လှည့်လျှင် ကောင်းနိုးနှင့် ချင့်ချိန်တွေးတောနေဟန်ရှိသည်။

အတန်ကြာစဉ်းစားတွေးတောပြီးမှ မရဲတရဲ အသံကြားရာဆီသို့ ငုံ့ပြီး အတွင်းဆီသို့ ကြည့်နေရင်း သူ့စိတ်တို့က သံသယစိတ်တို့ရှိနေပုံနှင့် နားရွက်ရှည်ရှည်နှစ်ဖက်ကို ထောင်၊ ရှေ့တိုးနောက်ငင် ဘယ်ညာကွေ့ဝိုက် ထပ်မံစူးစမ်းပြန်



www.burmeseclassic.com

www.burmeseclassic.com


သည်။ သားငယ်ကိုဝင်တွေ့ရန် မဝံ့မရဲဖြစ်နေသည့်မို့ ခြေစုံကိုရပ်ကာ ဆုံးဖြတ်ချက်မချနိုင်သေးသော ချေအားတောချုံအတွင်းမှ မြင်တွေ့နေရသော ကျွန်တော်က သားငယ်အား တို့ထိမီးစိမ်းပြလိုက်ပေသည်။

"ဒိုင်း"

သားကောင်က ဘေးတိုက်အနေအထားနှင့်မို့ ပစ်ခတ်လိုက်သည့်ကျည်ဆန်က လက်ပျဉ်ကို အနီးကပ်ပစ်သွင်းခြင်းခံလိုက်ရသော ချေငယ်မှာ ကျည်အားနှင့်အတူ ဘေးသို့ပါသွားပြီး မြေပြင်တွင် လူးလိမ့်ရင်း ငြိမ်သက်သွားသည်ကို တွေ့လိုက်ရပေသည်။

သားတော်မောင်ထွန်းထွန်းဝင်းကား အမဲပစ်ခရီးကို မလိုက်ပါဖူးခဲ့သူတစ်ဦးဖြစ်သည့်နှင့်အညီ ယခုစတင်လိုက်ခဲ့သည့်အခေါက်တွင် မျောက်ညို(အထီးကြီး) တစ်ကောင်နှင့် ချေတစ်ကောင်ကို သူကိုယ်တိုင်ပစ်ခတ်လို့ ရရှိလိုက်သည့်အတွက် ဝမ်းသာမဆုံး၊ ပျော်တပြုံးပြုံးနှင့် အတိ။

✿ ✿ ✿

[၄]

အိမ်ရှေ့ကွက်လပ် မြေပြောင်ပြောင်တွင် မီးဖိုကြီးအတွင်း မီးကျည်ခဲရဲရဲတို့အနီးတွင် ခွထောက်ပါသော သစ်သားငုတ်တိုင်(၄)တိုင်ကို မျက်နှာချင်းဆိုင်(၂) ချောင်းစီ စိုက်ထူထားပြီး သားတော်မောင်ပစ်ခတ်လာခဲ့သော ချေနှင့် မျောက်ညိုကြီးကို အရည်ချ၊ အတွင်းကလီစာတို့ကို ထုတ်ပြီး ဝါးနှစ်လုံးနှင့် သပ်လျှိုကာ အသားတုံးကြီးတို့ကို မီးကင်ရန်အတွက် ခွထောက်တို့အပေါ်က ကန့်လန့်ဖြတ်တင်လိုက်ကြသည်။

မီးဖိုကြီးရှိ မီးကျည်ခဲတို့ကား ရဲရဲနီနေသည့်မို့ အသားတုံးကြီးတို့မှာ တဖျစ်ဖျစ် တကြွပ်ကြွပ်နှင့် အသံမြည်အောင် မီးဟပ်ခြင်းခံနေရသော်လည်း လှီးဖြတ်စားသောက်ရန်အတွက်ကတော့ အကျက်ညီအောင် စောင့်စားကြရပေဦးမည်။ အသားတုံးကြီးတို့ကို အကျက်ညီစေရန်အတွက် ဉာဏ်ကျယ်နှင့် အာလူးတို့က


www.burmeseclassic.com

www.burmeseclassic.com


လှည့်ပတ်ပေးနေသလို မွှန်က ဆီလိုက်ပေးနေသည်။ ထိုအချိန် သားတော်မောင်က အစ်ကိုကြီးဦးသိန်းလွင်အား …

"အဘ … အဲဒီသစ်ခွအမျိုးအစားက ဘယ်လိုအမျိုးအစားလဲ ဟင်"

မျောက်ညိုကြီးသစ်ပင်ထက်မှ ဆုပ်ကိုင်ရင်း မြေပြင်သို့ပါလာသည့် သစ်ခွပန်းအကြောင်းကို မေးစဉ်က သစ်ခွပန်းအကြောင်းကို နားလည်သူအစ်ကိုကြီး ဦးသိန်းလွင်အား မေးကြည့်ရန် ကျွန်တော်ပြောထားသည့်အတွက် မေးလိုက်ခြင်းပင်။

"အေးကွ … ငါလည်း အဲဒီသစ်ခွပန်းအကြောင်းကို စဉ်းစားနေတာပဲ။ အထူးသဖြင့် အနံ့က နံ့နွှင်းနံ့ကြိုင်လှောင်နေတဲ့ ကိစ္စပဲ။ ငါလည်း သစ်ခွပန်းဝါသနာပါတဲ့သူဆိုပေမဲ့ အံ့သြစရာကောင်းနေတာက သူ့အတွင်းပိုင်းပွင့်ချပ်က လိမ္မော်ရောင်၊ အပြင်ပွင့်ချပ်က ငွေဖြူရောင်၊ အဆံက အနက်သန်းပြီး ပန်းအခိုင်ကလည်း ရှည်တယ်။ အလွန်လည်းလှပြီး အပွင့်ကကြီးသလို နံ့နွှင်းနံ့ဆိုတော့ ငါလည်း မမြင်ဖူးလို့ မသိဘူးလို့ ပြောရမယ်ကွ။

ငါဟာ သစ်ခွပန်းကို ဝါသနာပါသလို မင်းအဒေါ်စိုးမြတ်သူဇာကလည်း အရိပ်တကြည့်ကြည့်နဲ့ကွ။ အိမ်က ခြံထဲမှာဆိုရင် ရှားပါးသစ်ခွတွေထဲမှာ မိုးလုံးမှိုင်းပြာ၊ ရတနာရွှေခွက်၊ မဟာဒေဝီ၊ ကြက်တူရွေးသစ်ခွ၊ ပန်းသက်ရှည်ညို၊ ဖယောင်းပန်းသစ်ခွအဖြူ၊ အဝါ၊ စာကလေးပန်းရောင်၊ ကြာဖယောင်းဖြူ၊ သုံးပန်လှ၊ မိုးကန်တော့ပန်း၊ စလဲတော်၊ စေတီသစ်ခွစိမ်း၊ ငှက်ကြီးသစ်ခွတွေနဲ့ အခြားသစ်ခွတစ်မျိုး စုံအောင်စိုက်ထားတဲ့အထဲမှာ ဒီသစ်ခွမျိုးကို မတွေ့ဖူးဘူးကွ။ အတော်ထူးနေတယ်လို့ ငါ စဉ်းစားနေတာ။

ငါ့အထင်တော့ ဖယောင်းပန်းလက်တံရှည်နဲ့ ဘယ်လိုပတ်သက်မလဲ မသိဘူး။ သူ့ပွင့်ချပ်တွေကိုကြည့်ရင် ဖယောင်းမျိုးနွယ်ဆန်ပေမဲ့ မပျော့ဘူးကွ။ ထူပြီး မာကျောတဲ့ပုံပဲလေ"

အစ်ကိုကြီးဦးသိန်းလွင်က ထိုသစ်ခွကို သူလည်းမသိရှိကြောင်း ရိုးသားစွာဝန်ခံကာ သိသမျှကို စိတ်ရှည်စွာ ရှင်းပြလိုက်သဖြင့် ကျေနပ်သွားဟန်ထင့် ရှမ်းပျိုဖြူကလေးနှစ်ဦး ထိုင်နေရာဆီသို့ ထသွားသည်ကို တွေ့လိုက်ရပေသည်။

ကျွန်တော်တို့အဖွဲ့သားများက ချေဝမ်းတွင်းသားကို မျောက်ချေးခါးနှင့်ရောချက်ထားသော ဟင်းနှင့် မျောက်သွေးနှင့် ရောစပ်ထားသောအရက်ကို ဝိုင်းဖွဲ့ကာ သောက်လိုက်စားလိုက်လုပ်နေသလို ရွာခံမုဆိုးတို့မှာ သူတို့တောမောင်း


www.burmeseclassic.com

www.burmeseclassic.com



ပစ်ခတ်လာကြသော သားကောင်တို့ကို ခုတ်ထစ်ပိုင်းဖြတ်နေကြသည်မှာ ချွေးတလုံးလုံးတို့နှင့် ဖြစ်နေကြပေမဲ့ ဝမ်းသာပျော်မြူးနေကြသည်ကိုလည်း တွေ့လိုက်ရပေသည်။

ထိုအချိန်တွင် မီးကျည်ခဲရဲရဲတို့နှင့် ကင်ထားသော အသားတုံးတို့ဆီမှ ထွက်ကျလာသော အဆီရည်များတို့ကြောင့် ဖောက်ကနဲ၊ ရှဲကနဲမြည်သော အသံတို့နှင့်အတူ အမွှေးနံ့က သင်းပျံ့ပျံ့ထွက်လာသည်က စားချင်စရာ။

အဖွဲ့သားတို့နှင့် ရွာခံမုဆိုးတို့ တဝါးဝါးတဟားဟားနှင့် ပျော်ရွှင်မဆုံးရှိနေကြသည်ကို ကျွန်တော်ကြည့်နေစဉ် လက်ကုပ်ကာ အသိပေးလိုက်သော ကုလားကြီးသန်းညွှန့်ကို စောင်းငဲ့ကြည့်လိုက်တော့ မျက်စိတစ်ဖက်မှိတ်ကာ တစ်နေရာဆီသို့ မေးငေါ့ပြနေသည့်အတွက် ကြည့်လိုက်တော့ သားတော်မောင်ရှေ့တွင် စိတ်ဝင်တစား ပြုံးပြုံးကလေးတွေနှင့် နားထောင်နေကြသော ရှမ်းပျိုဖြူ အချောကလေးနှစ်ဦးကို အာပေါင်အာရင်းသန်သန်နှင့် သူ့ကိုယ်တွေ့ဖြစ်စဉ်ကို ပြောပြနေသည်ကို တွေ့မြင်လိုက်ရပေသည်။

သူ့ကို မုဆိုးလက်သင်အဖြစ် ခေါ်လာခဲ့သူ ကျွန်တော်ကား ထိုက်သင့်အားလျော်စွာ မုဆိုးအတတ်ကို သင်ကြားပြသပေးထားသည့် အထဲတွင် ယခု သူဖြစ်နေသည့် ပညာမပါသော ထိုအတတ်ကား သူ့အလိုလို မွေးရာပါတတ်လာသော ပညာဟုလို့သာပဲ ပြောလိုက်ချင်တာကတော့ အမှန်ပင်ဖြစ်ပေသည်။

လေးမောင်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## [၁]

မိုးက တဖွဲဖွဲလေး ရွာနေဆဲဖြစ်သည်။

ထွန်းသောင်က ကျွဲကော်ဖြင့် ပြုလုပ်ထားသော သူ၏လေးခွကို စစ်လွယ်အိတ်ထဲ ထည့်လိုက်သည်။ ရွာထိပ် ဒေါ်မနီအိမ်မှ ခွေးတွေက ဆိုးချင်သည်။ ပြီးသူ ညနေအဲပြန် မိုးချုပ်ခဲ့လျှင်လည်း ရွာလမ်းတစ်လျှောက်မှ ခွေးများကိုခြောက်ရန် လေးခွဆောင်ထားရခြင်းဖြစ်သည်။

သူက အခန်းထောင့်ရှိ ဒန်ကွမ်းအစ်အဟောင်းကြီးကို လှမ်းဆွဲပြီး အထဲမှ လောက်စာလုံး အတော်များများကို ဘေးလွယ်အိတ်တွင်း ထည့်လိုက်သည်။ ပြူတင်းမှ မြင်နေရသော ကောင်းကင်ဆီ မော်ကြည့်လိုက်တော့ မိုးဖွဲလေးကျနေသော်လည်း နေရောင်ပျပျ ထွက်စပြုချင်နေပြီ။ ညက မိုးအတော်သည်း၏။ ညဦးပိုင်းမှစ၍ သဲသဲမဲမဲကြီး ရွာချလိုက်သည်မှာ အရုဏ်တက်ခါနီးမှ စဲသည်ထင်သည်။ ယခုပင် တဖြောက်ဖြောက် ရွာနေဆဲ၊ သို့သော် ကောင်းကင်တွင်တော့ မိုးသားရိပ်မရှိတော့။ သူထွက်ချိန် လောက်ကျလျှင်တော့ မိုးတိတ်လောက်ပြီဟု ထွန်းသောင်တွက်လိုက်သည်။

ယနေ့ သူမြို့တက်၍ အကြွေးများသွားတောင်းရမည်။ သူနှင့် သူ့မိန်းမနှင်းပန်းတို့ လွန်ခဲ့သော နှစ်လခန့်က မြို့ရှိ ပို့နေကျပရဆေးဆိုင်သို့ ဆေးမြစ်ဆေးဥ



www.burmeseclassic.com

www.burmeseclassic.com



များ ပို့ထားခဲ့သည်။ ဆေးဆိုင်မှ တိုင်းရင်းဆေးဆရာကြီး ခရီးသွားနေသဖြင့် ဈေး မဖြတ်တတ်၍ နောက်တစ်ပတ်လောက်မှ ငွေလာယူပါရန် အိမ်သားများက မှာသည်။ သည်နောက်ပိုင်း ထွန်းသောင်သည် သံပရာခြံအလုပ်များ၊ သစ္စာပန်းစိုက်အလုပ်များနှင့် မအားလပ်၍ မြို့သို့မတက်ဖြစ်သေးဘဲ ဆေးမြစ်ဖိုးငွေများလည်း သွားမယူဖြစ်ခဲ့ပေ။

ယနေ့တော့ မြို့ဒိုင်သို့ပို့ထားသော သံပရာ၊ ကျွဲကောဖိုးများသွားယူရင်း ပန်းဒိုင်နှင့် ပရဆေးဆိုင်သို့ပါလှည့်ဝင်ကာ ရရန်ကြွေးများတောင်းခဲ့မည်ဟု သူ စိတ်ကူးထားသည်။ ရရန် ကုန်ကြွေးများကလည်း သုံးသိန်းကျော်လောက်ရှိနေပြီ။

နောက်ပြီး မြို့ပန်းတိမ်ဆိုင်တွင် အပ်ထားသော ငါးမူးသားရွှေဆွဲကြိုးကိုလည်း ဝင်ယူခဲ့မည်။ သူတွေးရင်း ပြုံးလိုက်မိသည်။ သူက ဆွဲကြိုးကို နှင်းပန်းမသိအောင် ကြိတ်၍ လုပ်ခိုင်းထားခြင်းဖြစ်သည်။ ပန်းတိမ်ဆိုင်ရှင် ဦးကြီးအုံးက ထွန်းသောင်မိဘများနှင့် ငယ်သူငယ်ချင်းဖြစ်၍ ထွန်းသောင်က စုမိသမျှငွေများကို ဦးကြီးအုံးထံ လစဉ်နီးပါး သွင်းနေခဲ့သည်။ ယခု ငါးမူးသားကြိုးတစ်ကုံးစာပြည့်ပြီမို့ ဦးကြီးအုံးကို အသင့်လုပ်ထားပေးရန် နောက်ဆုံးတစ်ခေါက် မြို့ရောက်စဉ်ကပင် မှာထားခဲ့သည်။ ဆွဲကြိုးရမှ အံ့အားတသင့် ဝမ်းသာသွားရအောင် ဟုတွေးကာ နှင်းပန်းကိုမှ သူ ကြိုပြောမထားခဲ့ပေ။

ရုပ်ရှင်တွေထဲကလိုပေါ့ . . . နှင်းပန်းကို မျက်စိမှိတ်ခိုင်းထားပြီး ဆွဲကြိုးကို နှင်းပန်းမျက်နှာရှေ့တွင် သူတွဲလောင်းလေးကိုင်ပြထားပြီးမှ ဖွင့်ကြည့်ခိုင်းမည်။ ထိုအခါ အံ့သြဝမ်းသာသွားမည့် ချစ်ဇနီးနှင်းပန်း၏ မျက်နှာလေးကို သူပီတိဖြစ်စွာ ကြည့်ရင်း အိမ်ထောင်သက်တစ်နှစ်ပြည့် အထိမ်းအမှတ်လက်ဆောင်ဟု ပြောကာ နှင်းပန်းလည်တွင် ကိုယ်တိုင်ဆွဲပေးလိုက်မည်။

ထွန်းသောင် သူ့အတွေးနှင့်သူ ပျော်ကာ ဟက်ခနဲရယ်လိုက်မိရင်း စစ်လွယ်အိတ်ကို ဘေးမှစားပွဲပိုင်းပေါ် လှမ်းတင်လိုက်သည်။

ထိုအခါမှ စားပွဲပိုင်းပေါ်တွင် နှင်းပန်းအသင့်တင်ပေးထားသော အင်္ကျီ၊ ပုဆိုး တစ်စုံကို သူမြင်သွားသည်။ မြို့မှအပြန် ဦးကြီးအုံးအိမ်တွင် ဆွဲကြိုးယူရင်း ဝင်၍ ရေချိုးခဲ့ဦးမည်ဟု စိတ်ကူးပြီး အဝတ်တစ်စုံ အပိုထည့်ပေးလိုက်ရန် နှင်းပန်းကို သူမှာထားသည်။



www.burmeseclassic.com

www.burmeseclassic.com


ထွန်းသောင်က စစ်လွယ်အိတ်ကို ပြန်ဖွင့်ကာ ခုနေသော ကျွဲကော်သား လေးခွကို အလျင်ထုတ်၍ စားပွဲဝိုင်းပေါ်တင်လိုက်ပြီး အဝတ်ပိုတစ်စုံကို အိတ်တွင်း ထည့်လိုက်သည်။

"အစ်ကို . . . ဆာနေပြီလား။ နှင်းပန်း အိမ်ရာထ နည်းနည်းနောက်ကျသွား လို့ ဈေးသွားလည်း နောက်ကျသွားတယ်"

ဇနီးသည်နှင်းပန်း အိမ်ပေါ်လှမ်းတက်ရင်း ပြောလိုက်သံကြောင့် ထွန်း သောင် လှမ်းကြည့်လိုက်သည်။

"ရပါတယ် . . . နှင်းပန်းရဲ့ အစ်ကိုလည်း ခုနကမှ နိုးတာ။ မဆာသေး ပါဘူး"

"ဒါဆို နှင်းပန်း ပဲပြုတ်နဲ့ထမင်းကြော်လိုက်ဦးမယ်။ ခဏစောင့်နော်"

"အေး . . . အေး . . . အေးအေးဆေးဆေးလုပ်ပါ။ အစ်ကို တိုးအောင်ဆီ စက်ဘီးသွားယူလိုက်ဦးမယ်။ ဒီကောင် မြို့လိုက်ခဲ့မယ်ပြောတယ်။ သူလည်း ခေါ် ရင်းပေါ့"

ထွန်းသောင်က ဇနီးသည်ကိုပြောပြီး ရွာလယ်ရှိ တိုးအောင်အိမ်ဘက် ထွက်လာသည်။ မနေ့ညနေက တိုးအောင်သူ့ထံမှ စက်ဘီးယူသွားသည်။ ညကျ ပြန်လာပို့မယ်ပြောပြီး မရောက်လာခဲ့။ သူက မြို့တက်လျှင် စက်ဘီးယူသွား ရမည်။

ထွန်းသောင်တို့ရွာက ဂျိုးဖြူရွာ၏ တောင်ဘက်ကျကျရှိ ရွာကလေးဖြစ် သည်။ ဂျိုးဖြူရွာသို့ သူတို့ရွာမှ စက်ဘီးဖြင့်လည်းကောင်း၊ ခြေလျင်သော်လည်းကောင်း သွားကြရ၏။ မြို့တက်လိုလျှင် ဂျိုးဖြူရွာမှ လိုင်ကားစီးပြီး တိုက်ကြီးမြို့သို့ သွားရ ခြင်းဖြစ်သည်။ ထွန်းသောင်က ဂျိုးဖြူထိ စက်ဘီးနင်းသွားပြီး ဂျိုးဖြူမှ အသိအိမ် တွင် စက်ဘီးကို အပ်ထားခဲ့မည်ဖြစ်ရာ အပြန်တွင် စက်ဘီးအဆင့်သင့်ယူလျှက် ရွာသို့ ပြန်လာနိုင်မည်။

"ဟေ့ကောင် . . . တိုးအောင်၊ မင်းမြို့လိုက်မယ်ဆို၊ ခဏနေသွားမယ် လေကွာ၊ မင်းကွာ ညက စက်ဘီးလည်း ပြန်လာမပို့ဘူး"

အိမ်ခြေရင်းကွက်လပ်တွင်ထိုင်၍ နွားစာစဉ်းနေသော တိုးအောင်က ထွန်း သောင်အသံကြောင့် မော်ကြည့်လိုက်ရင်း ရယ်လျှက် . . .


www.burmeseclassic.com

www.burmeseclassic.com



"မင်းစက်ဘီးကို ဒီမနက်ပဲ ငါစက်ဘီးပြင်ဆိုင် ပို့ခဲ့တယ်ကွ။ ညက ဟိုဘက်ရွာမှာ ထန်းရည်သွားသောက်ပြီးအပြန် မူးမူးနဲ့ ချိုင့်ထဲကျပြီးလဲတာ ဘီး နည်းနည်းခွင်သွားလို့ကွာ"

"ခွေးကောင် ... မင်းကတော့ ဖြစ်ရမယ်"

ထွန်းသောင်က တိုးအောင်၏မျက်နှာကို ထိုးဟန်ပြုလျက် ရွယ်လိုက်ပြီးမှ ရယ်မောလျက်

"မင်းရော ဒူးမပြဲဘူးလား။ ဟက်တက်ကြီး ပြဲသွားပါစေဗျာ"

သူ စလိုက်သည်။ ထွန်းသောင်နှင့် တိုးအောင်က ငယ်စဉ်ကလေးဘဝက ပင် ဒိုးပစ်၊ ခွေလိမ့် လည်ပင်းဖက်ကြီးလာကြသူများမို့ ပြောမနာဆိုမနာ သူငယ်ချင်း များ ဖြစ်ကြသည်။ အိမ်ထောင်ကျပြီးကြသည့်ထိ အတွဲမပျက်ကြ။ သို့သော် တိုးအောင်က ထွန်းသောင်လို လူအေးတော့မဟုတ်။ ကြက်တိုက်၊ ဖဲရိုက်နှင့် ထန်းရည်လေး၊ အရက်လေး တမြမြလုပ်ချင်သည်။ အနေရမ်းသူမို့ ထွန်းသောင် လို စီးပွားရေးကလည်း မပြေလည်ပါ။

တိုးအောင်က ထွန်းသောင်ပခုံးကို ဖက်လျက် အိမ်ဘက်ဆွဲခေါ်လာ ရင်း ...

"ငါမလိုက်ဖြစ်တော့ဘူး ... ထွန်းသောင်၊ ဟိုဘက်ရွာမှာ အဘက နွား ဝယ်ဖို့ သွားကြည့်မလို့တဲ့၊ ငါ လိုက်သွားရမယ်။ မင်းစက်ဘီးလည်းကွာ မင်းယူသွား ဖို့ မီမယ်မထင်ဘူး။ ငါမနက်က စက်ဘီးပြင်ဆိုင်သွားပို့တော့ မောင်ပုကမရှိဘူး။ မနက်အစောကြီး ဂျုံဖြူတက်သွားတယ်တဲ့။ နေ့လယ်မှ ပြန်ရောက်မှာတဲ့။ မင်း စက်ဘီးကို မောင်ပုပြန်လာမှ ပြင်ရမှာဆိုတော့ မင်း အသွားမီမှာမဟုတ်ဘူး"

"ရပါတယ်ကွာ ... ဒါဆိုလည်း ငါ လှည်းကြုံနဲ့ပဲ လိုက်သွားလိုက်သွား တော့မယ်။ မင်းမလိုက်တော့ဘူးဆိုရင်တော့ အပြန်မိုးမချုပ်အောင် စောစောသွား မှကွ။ ကဲ ... ဒါဆို ငါသွားမယ်ကွာ"

"အေး ... . အေ ... ."

ထွန်းသောင်က တိုးအောင်ကို နှုတ်ဆက်ပြီး အိမ်ပြန်လာလိုက်သည်။ စောစောသွား၊ စောစောပြန်လာပြီး ချစ်ဖနီးလည်တိုင်တွင် ရွှေကြိုးနိုင်လေး ဆွဲ ပေးချင်လှပြီ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၂]

ထွန်းသောင် ဂျုံးဖြူပြန်ရောက်တော့ ညနေစောင်းနေပြီ။ စောပြန်ချင်ပါ ည်ဆိုမှ သံပရာဖိုး၊ ပန်းဖိုးကုန်ကြွေးငွေတွေက အကြောင်းကြောင်းနှင့် ရရန် တောင့်ယူနေရသည်။ ပရဆေးဆိုင်ကပြန်တော့ လွန်ခဲ့သည့်နှစ်လကျော်က ပို့ခဲ့ခြင်း ဖြစ်၍ ဆိုင်မှပို့ကုန်လက်ခံဆေးစာရင်း ပျောက်နေ၍ ရှာနေသည်ကို စောင့်ရခြင်း ကြောင့် အချိန်လင့်ကာ နောက်ကျသွားရခြင်းဖြစ်လေသည်။

သည်တစ်ခေါက်ကျမှ စက်ဘီးကလည်း မပါသဖြင့် ဂျုံးဖြူမှ သူ့ရွာသို့ မ်းလျှောက်ပြန်ရတော့မည်။ မနက်ပိုင်းဈေးပို့၊ ဈေးပြန်ချိန်လောက်သာ လှည်းကြုံ ရတတ်သည်။ ယခုလို ညနေစောင်းလျှင်တော့ လှည်းကြုံလည်း မရှိနိုင်တော့။ န်းသောင်မှာ အိမ်ရောက်ချင်ဇောနှင့် ခြေလှမ်းသွက်သွက်လှမ်းကာ လျှောက်လာ ရတော့သည်။

"ဒုတ်"

နောက်စေ့ဆီမှ နာကျင်မှုနှင့်အတူ မိုက်ခနဲဖြစ်ကာ ထွန်းသောင်ခွေကျ ားရသည်။ မှုးဝေနောက်ကျိနေသော ဦးခေါင်းကို လက်နှစ်ဖက်ဖြင့် အုပ်ကိုင်ရင်း န်းသောင် လူးလိမ့်နေသည်။ သူ့မျက်လွှာတွင် ပိုးတဝါးပုံရိပ်သုံးခုက မပီမသ ါတစ်ချက်၊ ပျောက်တစ်ချက် အရိပ်ထင်နေ၏။ သူ့အာရုံကို စုစည်း၍ အားတင်း



www.burmeseclassic.com

www.burmeseclassic.com



ကာ ကြည့်သည်။ ခေါင်းနှင့်မျက်နှာကို ပုဆိုးဖြင့် ပတ်ထားပြီး မျက်လုံးနှစ်လုံးသ
မြင်ရသော လူသုံးဦးက သူ့ကို ငုံ့ကြည့်နေသည်။

"ဟော့ကောင် ... သတိမမေ့သေးဘူးကွ၊ ထပ်ချဦး"

"ဟာ ... သေသွားလိမ့်မယ်ကွ၊ မလုပ်နဲ့တော့"

"သေ ... သေကွာ ... မင်းကလည်း ... ဒုတ် ... ဒုတ်"

အချင်းချင်းစကားပြောသံတချို့ ကြားလိုက်ရပြီး ဦးခေါင်းဆီမှ ဆိုးရွား
နာကျင်မှုနှင့်အတူ ထွန်းသောင်အသိတို့ အမှောင်အတွင်း နက်ရှိုင်းစွာ ထိုးကျသွ
တော့သည်။

✿ ✿ ✿

[၃]

"အား ... ကျွတ် ... ကျွတ်"

ဦးခေါင်းဆီမှ တစစ်စစ်နာကျင်နေသော ဝေဒနာကြောင့် ထွန်းသော
ညည်းညူရင်း မျက်လုံးများကို အားစိုက်ဖွင့်ကြည့်သည်။

"ဟော ... သတိရလာပြီ"

သူမကြားဖူးသော အသံတစ်သံနှင့်အတူ လူကြီးတစ်ဦးနှင့် ရဲဝတ်စုံဝ
နှစ်ဦးတို့က သူ့မြင်ကွင်းသို့ ထင်လာသည်။ သူက ခေါင်းကို လက်နှစ်ဖက်ဖြ
အုပ်စမ်းမိရင်း ထထိုင်ရန် ပြင်လိုက်သည်။

"မောင်ရင်လေးခေါင်းမှာ ဒဏ်ရာရထားတယ်ကွဲ့၊ မထနဲ့ မထနဲ့ဦး"

သူ့ဘေးမှလူကြီးက သူ့ပခုံးကို အသာဖိကာ ပြောလာသည်။ ထို
သူ့အနီးသို့ သူနာပြုဆရာမတစ်ဦးနှင့် ဂျူတီကုတ်အဖြူဝတ် ဆရာဝန်တစ်ဦး
တိုးကပ်လာလျက် သူ့ကို ထိုင်နိုင်အောင် ထူမတ်ပေးသည်။

"သတိရပြီလား ... ငါ့ညီ၊ ခေါင်းက ဘယ်လိုနေသေးလဲ"

ထွန်းသောင်က ပြန်မဖြေမိသေးဘဲ ဆရာဝန်ကို အူကြောင်ကြောင်
ပြန်ကြည့်မိ၏။

"ကျွန်တော် ... ကျွန်တော် ... ဘယ်ရောက်နေတာလဲ ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ညီလေး ... တိုက်ကြီးဆေးရုံ ရောက်နေတာပါ။ ဟောဒီက ဦးလေးက ညီလေးကို မနေ့ညဦးပိုင်းက ရွာသွားလမ်းနဲ့ အတော်ဝေးဝေးက ချုံအောက်မှာ သွေးတွေနဲ့ လဲနေတာတွေ့လို့ လှည်းနဲ့တင်လာပြီး ဆေးရုံကို ပို့ပေးခဲ့တာ"

လူကြီးနောက်နားတွင် ရပ်နေသော ကြယ်တစ်ပွင့်တပ်ရဲအရာရှိက ရှင်းပြသည်။ တစ်ဆက်တည်း တစ်ဖက်ခြမ်းမှ သွေးပေါင်ချိန် နှလုံးခုန်နှုန်း စသည်ဖြင့် စစ်ဆေးနေသော ဆရာဝန်ကို လှမ်းကြည့်ပြီး ...

"ကျွန်တော်တို့ လူနာကို မေးမြန်းလို့ရပြီလား ဒေါက်တာ"

ဆရာဝန်က နားကြပ်ကို ဖြုတ်သိမ်းလိုက်ရင်း ...

"ဒဏ်ရာက နည်းနည်းများလို့ ချုပ်ချက်များပေမဲ့ ဦးနှောက်ကို ထိမသွားလို့ တော်ပါသေးတယ်။ ဒါပေမဲ့ သိပ်လှုပ်လှုပ်ရှားရှားတော့ မလုပ်စေနဲ့ပေါ့"

ဒုရဲအုပ်က ခေါင်းညိတ်ပြပြီး ထွန်းသောင်ကို ကြည့်ကာမေးသည်။

"ညီလေးနာမည် ဘယ်သူလဲ၊ ဘယ်ရွာကလဲ ... ဘာဖြစ်ခဲ့တယ်ဆိုတာရော သတိရရဲ့လားကွ"

ရဲအရာရှိအမေးကြောင့် သူတစ်ချက်တွေသွားပြီးမှ ဖြစ်စဉ်တို့ကို ပြန်းခနဲ သတိရလာသည်။

"ဟို ... ကျွန်တော့်နာမည် ထွန်းသောင်ပါ။ ... ရွာက။ တိုက်ကြီးမြို့မှာ ကုန်ကြွေးသွားတောင်း ..."

ပြောနေရင်းက သူ့ငွေတွေကို သတိရလာသည်။ ကြိုးရော၊ ရွှေဆွဲကြိုးရော ...

သူ ထိတ်ထိတ်ပျာပျာဖြင့် ဟိုစမ်းသည်စမ်းလုပ်မိသည်။ ရဲအရာရှိက သူ့လက်နှစ်ဖက်ကို အသာဆွဲကိုင်ရင်း ...၊

"ညီလေးနဲ့အတူ စစ်လွယ်အိတ်တစ်လုံးတွေ့တယ်။ အိတ်ထဲမှာ အဝတ်ဟောင်းတစ်စုံပါတယ်။ ချုံဘေးမှာ ကျွဲကော်သားနဲ့လုပ်ထားတဲ့ လေးခွတစ်လက်လည်း တွေ့တယ်၊ ဒီပြင်တော့ ဘာမှမတွေ့ဘူး။ ဒီကဦးလေးက မင်းအိတ်ကိုကောက်လာပေးတာ။ ဆေးရုံကိုလည်း ဒီဦးလေးပဲ ပို့ပေးခဲ့တာ။ ဦးမြမောင်တဲ့။ ဂျိုးဖြူရွာက"

ထွန်းသောင်းက ဦးလေးကြီးကို ကျေးဇူးတင်စကား လှိုက်လှဲစွာဆိုဖြစ်သည်။ နောက် သူ့အရိုက်ခံရပြီး မေ့မသွားခင်အထိ အဖြစ်အပျက်များကို ပြောပြ



www.burmeseclassic.com

www.burmeseclassic.com



ရသည်။ သူ့ငွေသုံးသိန်းကျော်နှင့် ငါးမူးသားရွှေကြိုးကား မရှိတော့။ လုယက်သူ သုံးဦးက ယူသွားခဲ့ပေပြီ။

"ငါ့ညီ ကံကြီးပေလို့ပဲ။ ညက ဆေးရုံကို အချိန်မီမရောက်ရင် ဒဏ်ရာ သွေးလွန်ပြီး မင်းသေသွားနိုင်တယ်။ မင်းကို တွေ့ရပုံကလည်း အဆန်းပဲကွ"

"ကဲ ...ဦးလေး ...ပြောပြလိုက်ပါဦး"

စစ်ချက်ယူနေသော ရဲအရာရှိက ထွန်းသောင်ကို ဆေးရုံသို့ပို့ပေးခဲ့သူ ဦးမြမောင်သို့ လှည့်ပြောလိုက်သည်။

"အေးကွ ...မင်းကိုတွေ့ရတာ ခပ်ဆန်းဆန်းပဲ"

"ဦးက ဂျိုးဖြူရွာမှာနေတယ်။ တူလေးတစ်ယောက်နဲ့အတူ တောထဲ ညနေ ထင်းတိုက်ပြီးအပြန် ညက မိုးရွာထားတာ ဗွက်ထဲ လှည်းဘီးကျွံနေတာ အဖော်တူလေးက ဆယ်နှစ်သားလေးဆိုတော့ နှစ်ယောက်သား မနိုင်မနင်း ဆွဲတင်နေရလို့ အချိန် လင့်သွားတယ်"

"ဘီးတင်ပြီးလို့ဆက်ထွက်အလာ လှည်းရှေ့မလှမ်းမကမ်းမှာ မိန်းကလေး တစ်ယောက်ကိုတွေ့တယ်။ ဦး့လှည်းကိုကျော်ခိုင်းပြီး ရှေ့ကသွားနေတာ"

ဦးလေးကြီးက ခဏရပ်လိုက်ပြီးမှ ဆက်ပြောသည်။

"ဦးလည်း မိန်းကလေးတစ်ယောက်တည်း အချိန်ကလည်း လင့်နေပြီ ဆိုတော့ လှည်းကြုံခေါ်တင်သွားပေးမလို့ နောက်ကလှမ်းခေါ်တယ်။

မိန်းကလေးက ခပ်စောင်းစောင်း လှည့်ကြည့်ဟန်ပြပြီး ဘာမှမပြော ရှေ့ကဆက်သွားနေတယ်။ သူက ခြေလျင်၊ ဦးကလှည်းနဲ့ဟာကို မိန်းကလေး ဦးလိုက်မမီဘူး။ နွားတွေကလည်း နှာတဖူးဖူးမှုတ်လို့ လန့်နေပုံကြောင့် ဦးလေး ကျောထဲစိမ့်လာတယ်"

ဦးမြမောင်က သူ့စကားကို စိတ်ဝင်တစား နားထောင်နေကြသူများအား တစ်ချက်ဝေ့ကြည့်ပြီး စကားဆက်သည်။

"ဒါနဲ့ ကိုယ်လမ်းကိုယ်ပဲ သွားတော့မယ်ဆိုပြီး ဂျိုးဖြူသွားတဲ့လှည်းလမ်း အတိုင်း မောင်းလာတာပဲ။ အဲလိုသွားနေရင်းက နွားတွေက လမ်းကြောင်းမှန်ကနေ ဖဲ့ထွက်သွားတဲ့ လမ်းခွဲလေးတစ်ခုဆီ ဖြုန်းဆို ဆွဲချသွားတယ်။ ဦး သူ့ဘာ ရိုက်ရိုက်၊ ဆွဲဆွဲ မရဘဲ လမ်းခွဲလေးအတိုင်း အတင်းဆွဲပြေးပါလေရော။



www.burmeseclassic.com

www.burmeseclassic.com



ဦးမှာ ကြောက်လည်းကြောက်၊ ရပ်လည်းမရနဲ့ လှည်းဆွဲရာ ပါသွားတော့တာပေါ့။ ရှေ့ကိုကြည့်မိတော့ မလှမ်းမကမ်းမှာ စောစောကတွေ့ခဲ့တဲ့ မိန်းကလေးဟာ ရှေ့ကသွားနေတာ တွေ့ရတယ်။ ပြောရရင်တော့ ဦးလှည်းက အဲဒီမိန်းကလေးနောက် လိုက်နေသလိုပါပဲ"

"အဲလို ဝရုန်းသုန်းကားနဲ့ တော်တော်လေးသွားမိတော့ ရှေ့ခပ်လှမ်းလှမ်းက သွားနေတဲ့ မိန်းကလေး ရုတ်တရက်ရပ်လိုက်ပြီး ချုံတောတွေဘက်ကို လက်ညှိုးညွှန်ပြတယ်။ နောက် ဖြုန်းခနဲ ပျောက်သွားတော့တာပဲ။ ဦး နဖားကြိုးဒီလောက်ဆွဲနေတာကို ရပ်မရတဲ့ ဦးရဲ့လှည်းကလည်း အဲဒီချုံတွေနားရောက်မှ တစ်ယောက်ယောက်က တုံ့ဆွဲလိုက်သလို ရပ်သွားတော့တယ်"

ဦးမြမောင် သက်ပြင်းတစ်ချက် ရှိုက်သွင်းလိုက်ပြီးမှ ဆက်သည်။

"ဦးလည်း ကြောက်ကြောက်နဲ့ မိန်းကလေးညွှန်ပြခဲ့တဲ့ ချုံတွေဆီ လှမ်းအကြည့်မှာ လဲကျနေတဲ့လူတစ်ယောက်ကို ခပ်လှမ်းလှမ်းက ချုံတွေကြားထဲ တွေ့လိုက်ရတော့တာပဲ။

ဒါနဲ့ တူးဝရီနှစ်ယောက်သား ဆင်းကြည့်တော့ ခေါင်းမှာ ဒဏ်ရာတွေနဲ့ သတိမေ့လဲနေတဲ့ မင်းကိုတွေ့ရတယ်။

အဲဒါ သွေးတိတ်အောင် ပုဆိုးနဲ့ဒဏ်ရာကိုစည်း၊ လှည်းပေါ်တင်ပြီး ဂျိုးဖြူလူကြီးတွေဆီခေါ်သွား၊ အကျိုးအကြောင်း ပြောပြရတယ်။ နောက် သက်ဆိုင်ရာကို သတင်းပို့ပြီး တိုက်ကြီးဆေးရုံ တင်လိုက်တာပါပဲ"

ထွန်းသောင် တအံ့တဩဖြစ်ရသည်။

"ဒါဆို ... အဲဒီမိန်းကလေးက ကျွန်တော်ရှိနေတဲ့နေရာကို ပြပေးသလိုဖြစ်နေတာပေါ့နော်။ အဲဒီ မိန်းကလေးရော နောက် ဘယ်ရောက်သွားတာလဲ"

"မသိဘူးကွယ် ... မင်းကို ညွှန်ပြပြီး ပျောက်သွားတာ။ ချုံတွေထဲပဲ ဝင်သွားသလား၊ ဘယ်ရောက်သွားမှန်းကို မသိလိုက်ဘူး"

"ဒါကြောင့် အဆန်းပဲလို့ ပြောတာပေါ့ကွာ။ တောထဲက ဥစ္စာစောင့်လားပဲ ...ဟဲ ...ဟဲ"

ရဲအရာရှိက ရယ်၍ဝင်ပြောသည်။ ဆရာဝန်က ပြုံးရင်း ...

"ညီလေး ... အတော်ကံကောင်းတယ်။ ညီလေးခေါင်းမှာ ရိုက်ခံရတဲ့ဒဏ်ရာသုံးချက်ကလည်း အပေါ်ယံဦးရေပြားတော့ တော်တော်ကွဲသွားပေမဲ့ သိပ်



www.burmeseclassic.com

www.burmeseclassic.com



ပြီးမနက်လို့ ဦးနှောက်ကို ထိမသွားဘူး။ ဒါပေမဲ့ ဆေးရုံရောက်နောက်ကျရင်တော့ သွေးထွက်လွန်ပြီး သေသွားနိုင်တယ်လေ။ အင်း ... မင်းကို သွေးထွက်မလွန်ခင် အချိန်မီတွေ့အောင် ခုနက ဦးပြောတဲ့မိန်းကလေး ... အဲ ... အဲ ... ဥစ္စာစောင့်က ပြပေးလို့ပေါ့ကွာ''

''ဟုတ်တယ် ... မင်းလဲနေတဲ့ချုံက လမ်းဘေးမဟုတ်ဘူး။ အတွင်းဘက်ချုံတွေထဲမှာဆိုတော့ အလွယ်တွေ့နိုင်တဲ့နေရာမျိုး မဟုတ်ဘူးကွ။ ဥစ္စာစောင့်မလေး ကယ်ပေလို့''

ရဲအရာရှိက ခပ်ပြုံးပြုံးလေး ထပ်ပြောသည်။

ထွန်းသောင် အံ့ဩမဆုံးတော့။ မိန်းကလေးက ဘယ်သူလဲ ... ဘယ်ကလဲ။

ရဲအရာရှိက ထွန်းသောင်၏အိတ်နှင့် အဝတ်တစ်စုံ၊ ကျွဲကော်သားလေးခွတို့ကိုပြကာ သူ့ပစ္စည်း ဟုတ်မဟုတ်မေးသည်။ ထွန်းသောင်က ဟုတ်ကြောင်းပြောတော့ လက်မှတ်ထိုးစေပြီး ဆေးရုံကုတင်ဘေးဗီရိုပုလေးထဲ ထည့်ပေးထားသည်။

လူရိုက်ပြီး ပစ္စည်းလုယက်မှုဖြင့် (ပုဒ်မ–၃၉၇)ဖြင့် အမှုဖွင့်ထားကာ စုံစမ်းနေကြောင်းနှင့် ထွန်းသောင်၏မိသားစုထံ အကြောင်းကြားပေမည်ဖြစ်ကြောင်း ပြောကာ ထွက်သွားလေသည်။

ထွန်းသောင်မှာတော့ အလုခံလိုက်ရသော ငွေနှင့်ဆွဲကြိုးအကြောင်း၊ ဓိုးတဝါးသိလိုက်ရသော လုယက်သူသုံးဦးအကြောင်း၊ သူလဲကျ မေ့မြောနေရာသို့ ပြပေးခဲ့သည်ဆိုသော မိန်းကလေးအကြောင်း စသည်ဖြင့် အတွေးများဗလပွနှင့် လုံးချာလည်နေရင်းက ဆေးရှိန်နှင့် မိုက်ခနဲ အိပ်ပျော်သွားတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၄]

"အစ်ကို ... အစ်ကို ..."

နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေရာမှ ဖနီးသည့်နှင်းပန်း၏ ခေါ်သံကြောင့် ထွန်းသောင်လန့်နိုးလာသည်။ သူက လူးလဲထရင်း နှင်းပန်းကိုကြည့်မိသည်။

"ဟင် ... နှင်းပန်း၊ ဘယ်လိုဖြစ်လာတာလဲ။ တစ်ကိုယ်လုံးလည်း ရွှံ့တွေပေလို့၊ ချော်လည်းလာတာလား"

နှင်းပန်းက ပြန်မဖြေ။ ထွန်းသောင်ကိုကြည့်ကာ တရှိုက်ရှိုက်ငိုနေသည်။ ထွန်းသောင်အံ့အားသင့်ကာ နှင်းပန်းနား တိုးကပ်သွားသည်။

နှင်းပန်းက ငိုနေရာမှ နောက်ဆုတ်နောက်ဆုတ်နှင့် ထွန်းသောင်ကို အကာပ်မခံ။ သူမ ဝတ်ထားသော အစိမ်းပွင့်ခက်လုံချည်မှာ တစ်ထည်လုံးလိုလို ရွှံ့များပေကျံလျက် ရေစိုနေသည်။ ကိုယ်ပေါ်တွင် ဝတ်ဆင်ထားသော အဝါနုပြောင် ရင်စေ့အင်္ကျီလေးမှာလည်း ရွှံ့အလိမ်းလိမ်းဖြင့် စိုရွှဲနေသည်ကို တွေ့ရသည်။

"နှင်းပန်း ... ဘာ ... ဘာဖြစ်လာတာလဲ ... ပြောစမ်း ... ဘာဖြစ်လာတာလဲ"

သူစိုးရိမ်တကြီး မေးရင်းက နှင်းပန်းနား အပြေးတစ်ပိုင်းသွားမိသော်လည်း နှင်းပန်းက သူနှင့်ဝေးရာသို့ ဖျတ်ခနဲဆုတ်သွားပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထွန်းသောင်က နှင်းပန်းကို နားမလည်နိုင်စွာ ငေးကြည့်နေမိသည်။ သူမသည် တရှိုက်ငင်ငင်ငိုနေရာမှ မျက်ရည်များ ပြည့်လျှံနေသော မျက်ဝန်းများဖြင့် ထွန်းသောင်ကို မော်ကြည့်လာသည်။

"အစ်ကို ... နှင်း ... နှင်းပန်း ... သွားတော့မယ်။ အစ်ကို့ကို နှင်းပန်း တတ်နိုင်သလောက် ကယ်ခဲ့ပါတယ်"

နှင်းပန်းကား ဝမ်းပန်းတနည်း ငိုကြွေနေပြန်သည်။ ထွန်းသောင်မှာမူ အံ့အားတသင့်ငေးလျှက် နှင်းပန်းက ငိုရှိုက်နေရာက ...

"အစ်ကို့ကို ရိုက်တဲ့လူတွေထဲမှာ ... တိုး ... တိုးအောင်ပါတယ်။ သူ့ကိုမေးရင် ကျန်လူတွေကို သိလိမ့်မယ်"

"ဟာ ... မဖြစ်နိုင်တာ"

ထွန်းသောင် မယုံနိုင်စွာ ဆိုမိသည်။ တိုးအောင်နှင့် ထွန်းသောင်မှာ ငယ်ပေါင်းကြီးဖော်၊ ညီအစ်ကိုရင်းတမျှ ချစ်ကြသူများဖြစ်၍ တိုးအောင်ပါသည်ဆိုသည်ကို ထွန်းသောင်လက်မခံနိုင်ဘဲ ပြောမိခြင်းဖြစ်လေသည်။

"ဟုတ်ပါတယ် ... အစ်ကို။ အစ်ကိုမယုံရင် အိမ်မှာ ပစ္စည်းသက်သေကျန်ခဲ့ပါတယ်။ အစ်ကို့လေးခွက အိမ်မှာကျန်ခဲ့ပါတယ်"

"ဟင် ..."

ထွန်းသောင် ပါးစပ်အဟောင်းသားဖြစ်သွားသည်။ သူ ဘာမျှပြန်မပြောနိုင်သေးဘဲ မှင်တက်မိစွာ ငေးနေဆဲမှာပင် နှင်းပန်း၏ အသွင်သဏ္ဌာန်က တဖြည်းဖြည်း ဝေသီမှုန်ဝါးလျှက် ထူးဆန်းစွာ ပျောက်သွားတော့သည်။

"ဟာ ... နှင်း ... နှင်းပန်း ... နှင်းပန်း ..."

သူ နှင်းပန်းကို တကြော်ကြော်အော်ခေါ်ရင်း ပြေးလိုက်ရန်ပြင်သည်။

"ကိုထွန်းသောင် ... ကိုထွန်းသောင်"

သူ့ပခုံးကို ဆုပ်ကိုင်လှုပ်ယမ်းရင်း ခေါ်နေသံကြောင့် ထွန်းသောင် ထိတ်ခနဲဖြစ်သွား၏။

ဟင် ... သူ အိပ်မက်မက်နေတာပါလား။

"ကိုထွန်းသောင် အိပ်မက်,မက်နေတယ် ထင်တယ်"

ဘေးနားမှ သူ့ကို လှုပ်နှိုးနေသော သူနာပြုဆရာမလေးက ပြောလာသည်။ ထွန်းသောင်ကား ချွေးများစို့ရွှဲလျှက် ယောင်နနဖြစ်နေ၏။ ပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ဆရာမ ... ဟို ... ဟို ... ရဲ ... ရဲတပ်ကြပ် ... အဲ ... ရဲတွေ ရှိနေသေးလားဟင်"

"ရှိတယ်လေ ... အပြင်ဘက်မှာ ရှင့်ကိုစောင့်ပေးနေတဲ့ ရဲတပ်ကြပ် တစ်ယောက်ရှိတယ်"

"ဒါဆို ... ခဏလောက် ခေါ်ပေးပါလား ... ဆရာမ ... နော်"

သူနာပြုဆရာမက ခေါင်းညိတ်ကာ သွားခေါ်ပေးသည်။

"ဟာ ... ဆရာ ... ကျွန်တော် ... ကျွန်တော် မေးစရာရှိနေလို့ပါ"

"ပြောလေ ... ဘာမေးချင်လို့လဲ ... ကိုထွန်းသောင်"

ရဲတပ်ကြပ်က ထွန်းသောင်နားကို ပြုံး၍ချဉ်းကပ်လာရင်း ပြောသည်။

"ကျွန်တော့်အိမ်က ဘယ်သူမှ မလာသေးဘူးလားဟင်"

"ခဏနေရင်တော့ ရောက်လာလိမ့်မယ် ထင်ပါတယ်။ ခင်ဗျားက ညက ဆေးရုံရောက်ပြီး ဒီမနက်လင်းခါနီးကျမှ သတိရလာတာဆိုတော့ ခင်ဗျားရွာကို မနက်မှ အကြောင်းကြားထားရတာ။ ခုလောက်ဆိုရင်တော့ လိုက်လာနေရောပေါ့။ ဘာဖြစ်လို့လဲ ... ကိုထွန်းသောင်"

"ကျွန်တော် မေ့လည်းနေတဲ့ ချုံဘေးနားမှာ လောက်လေးခွတွေ့တယ် ဆို။ အဲဒီလေးခွ ကျွန်တော်ကြည့်ချင်တယ်ဆရာ"

ရဲတပ်သားက ထွန်းသောင်ကို နားမလည်နိုင်သလိုကြည့်ပြီး လူနာ ကုတင်ဘေး ဗီရိုပုလေးထဲမှ ထွန်းသောင်၏ စစ်လွယ်အိတ်ကို ထုတ်ကာ အထဲမှ လေးခွကို နှိုက်ယူပေးသည်။

ထွန်းသောင်က လေးခွကို သေချာစွာ လှည့်ပတ်ကြည့်၏။

ဟာ ... ဟုတ်တယ် ... ဒါ ... ငါ့လေးခွမဟုတ်ဘူး။

သူ ... အံ့သြတကြီးဖြစ်လျက် ရဲတပ်ကြပ်ကို မော်ကြည့်မိသည်။

"ဒါ ... ကျွန်တော့်လေးခွ မဟုတ်ဘူး ဆရာ"

ထွန်းသောင်၏ အပြောကြောင့် ရဲတပ်ကြပ်ကလည်း တအံ့တသြနှင့် မျက်ခုံးချီပြီး ...

"ဟင် ... စောစောကတော့ ခင်ဗျားပစ္စည်းဆို"

"ဟုတ်တယ် ဆရာ။ ကျွန်တော့်မှာ ငယ်သူငယ်ချင်း တိုးအောင်ဆိုတာ ရှိတယ်။ သူနဲ့ ကျွန်တော်က ငယ်ကတည်းက ညီအစ်ကိုလို ချစ်ကြပြီး ပေါင်းလာ ကြတာ ခုထိပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလေးခွကို ကျွဲကော်သားနဲ့ လုပ်ထားတဲ့လေးခွမျိုး တိုးအောင်မှာလည်း ရှိတယ်။ ကျွန်တော်ပဲ မြို့တက်တုန်းက ဆင်တူဝယ်လာခဲ့တာ။ ဝယ်တုန်းက လေးခွ နှစ်လက်က ခွဲမရလောက်အောင် အရောင်ရော၊ ပုံသဏ္ဍာန်ရောတူတယ်။ ဒါနဲ့ ကျွန်တော့်အတွက်ဝယ်ရင်း တိုးအောင်အတွက်ပါ ဝယ်ပြီးလက်ဆောင်ပေးခဲ့တာ"

ထွန်းသောင်က ဆက်တိုက်ပြောနေရင်း မောသွားဟန်ဖြင့် ခဏနား လိုက်ပြီးမှ ဆက်ပြောသည်။

"ကျွန်တော့်လေးခွက . . . ဟိုးတစ်လောတုန်းက အောက်ပြုတ်ကျပြီး အောက်က ကျောက်ခဲအမာနဲ့ဆောင့်မိလို့ ညာဘက် လေးခွကြိုးတပ်ထားတဲ့ အတွင်းမကျတကျမှာ နည်းနည်းပဲ့သွားပြီး ချိုင့်ရာလေးရှိတယ်။ ဒီလေးခွမှာ ရှိ မနေဘူး။

နောက်ပြီး ကျွန်တော့်အိတ်ထဲ အဝတ်ပိုတစ်စုံထည့်တော့ လေးခွက ခုနေတာနဲ့ ထုတ်ပြီး အိမ်ကစားပွဲပေါ် တင်လိုက်မိတယ်။ နောက် အင်္ကျီထည့်ပြီး တော့ ကျွန်တော့်လေးခွကို မေ့ပြီး ပြန်မထည့်မိဘူး။ ကျွန်တော့်လေးခွက အိမ်မှာ ကျန်နေရစ်ခဲ့တယ်ဆရာ"

ထွန်းသောင်ပြောစကားကို စိတ်ဝင်တစားနားထောင်နေသော ရဲတပ်သား က လက်ဖျောက်တစ်ချက်တီးလျက် . . .

"ဟာ . . ဟုတ်ပြီ။ ဒါ . . သဲလွန်စပဲ ကိုထွန်းသောင်ရေ၊ ကျွန်တော် စခန်းကို သတင်းပို့လိုက်ဦးမယ်။ ခင်ဗျားလေးခွ အိမ်မှာကျန် မကျန်လည်း စစ် နိုင်ပြီး တိုးအောင်ကိုလည်း စစ်ကြည့်နိုင်ရမယ်။

"ပေး . . . ပေး . . . အဲဒီလေးခွကိုလည်း လက်ဖွေရာ စစ်ရမယ်ဗျ"

ပြောပြောဆိုဆို လေးခွကို လက်ကိုင်ပဝါဖြင့် အုပ်ယူလိုက်ရင်း ရဲတပ် ကြပ်က သွက်လက်စွာ ပြေးထွက်သွားလေသည်။

ထွန်းသောင်မှာ ပြောပင်ပြောလိုက်ရသော်လည်း တိုးအောင် ဤသို့ သူ့အပေါ် လုပ်ရက်လိမ့်မည်ဟု မယုံနိုင်အောင် ဖြစ်နေမိ၏။

နောက်ပြီး သူ့မိန်းမ နှင်းပန်းကို အိပ်မက်မက်ပုံက ဆန်းနေသည်။

ထွန်းသောင်က စိတ်ရှုပ်ထွေးလှုပ်ရှားစွာဖြင့် ရွာမှလိုက်လာမည့် ဇနီးသည် နှင့် မိဘများကို စိတ်စောစွာ စောင့်နေမိပေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၅]

မွန်းလွဲပိုင်းလောက်ကျမှ ရဲနှစ်ယောက်နှင့်အတူ ထွန်းသောင်မိဘများနှင့် ရွာလူကြီးများ ရောက်လာသည်။ သူ့ကို ဆေးရုံပို့ပေးခဲ့သော ဦးမြမောင်လည်း ပါလာ၏။ သို့သော် ဖနီးသည်နှင်းပန်း ပါမလာ၍ ထွန်းသောင်အံ့ဩပြီး မေးကြည့်သည်။ နှင်းပန်း မအားလို့လိုလို၊ နေမကောင်းဖြစ်နေ၍ဆိုလား . . . ဟိုလိုလို သည်လိုလိုနှင့် ကောင်းကောင်းမဖြေကြ။ ထွန်းသောင်၏ ဒဏ်ရာအခြေအနေ၊ ဖြစ်ပျက်ပုံများကိုသာ ပိုင်းမေး၍ ဖြေနေရသည်။

ဒုရဲအုပ်က ထွန်းသောင်အိမ်တွင် ထွန်းသောင်ပြောသကဲ့သို့ မေ့ကျန်ရစ်ခဲ့သော လေးခွကို တွေ့ကြောင်းပြောလျှက် ထုတ်ပြသည်။ ထွန်းသောင်၏ လေးခွ အမှန်ပဲ ဖြစ်ပါသည်။ ချုံနားမှ ရသည်ဆိုသောလေးခွမှာ တိုးအောင်၏လေးခွ ဖြစ်ကြောင်းကိုလည်း တိုးအောင်ဝန်ခံသည်ဟု ပြောပြသည်။

"အစ်ကိုတို့ .. တိုးအောင်အိမ်ကို ဝင်ကတည်းက တိုးအောင် မျက်နှာပျက်နေတယ်။ လေးခွအကြောင်းလည်း ပြောရော တိုးအောင် မငြင်းနိုင်ဖြစ်သွားပြီး အစ်ကိုတို့ နည်းနည်းစစ်မေးလိုက်တာနဲ့ အားလုံးဝန်ခံတော့တာပဲ"

ထွန်းသောင် ငိုင်ကျသွားရ၏။ သူ မယုံနိုင်အောင် ဖြစ်နေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တိုးအောင်က ... တိုးအောင်က ... ကျွန်တော့်ကို ဒီလို ... လုပ် .. လုပ်တယ်တဲ့လား"

ဒုရဲအုပ်က ထွန်းသောင် ပခုံးကို အသာအယာပုတ်လိုက်ပြီး ...

"လူတွေမှာ 'အတ္တ'ဆိုတာ ရှိကြတယ်ကွ။ အဲဒီအတ္တကို သတိနဲ့ဉာဏ် ပညာနဲ့ ဆင်ခြင်သုံးသပ်ပြီး ချွန်းအုပ်ကြရတယ်။ နို့မဟုတ်ရင် အတ္တကြောင့် အကုသိုလ်အလုပ်တွေကို မဆင်မခြင် လုပ်မိကြရော။

အတ္တက ခေါင်းထောင်ထလာတဲ့အခါ သင့်တာ မသင့်တာတွေ၊ ဘာ ကျေးဇူးတရား၊ ဘာမေတ္တာစေတနာတွေကိုမှ မတွေးတော့ မမြင်နိုင်တော့ဘူး။ အဲဒီမှာ မလုပ်သင့်တာတွေ လုပ်မိပြီး ဒုစရိုက်မှုတွေ ဖြစ်လာရတော့တာပေါ့။

လောဘတွေ၊ ဒေါသတွေ၊ မောဟတွေဆိုတာ ကိုယ့်မှာရှိတဲ့ အတ္တက ကြီးနေလို့ ဖြစ်ရတာ။

တရားတာ မတရားတာမသိ၊ ကိုယ့်အတ္တအတွက် သူ့ပစ္စည်းဥစ္စာ လို ချင်တဲ့ လောဘ။ ငါ့ကို ဒီလိုလုပ်ရမလား၊ ငါ့အကျိုးကို ဒီလို ထိပါးရမလားဆိုတဲ့ ဒေါသ။ ကိုယ့်ဘက်ကိုယ်ယက်တဲ့ ဒီအတ္တကြောင့် ကျိုးကြောင်းမှန်ကို မတွေးနိုင်၊ မမြင်နိုင်၊ အမှန်ကို မဝေခွဲနိုင်တဲ့ မောဟတွေ ဖြစ်လာရတယ်။

အဲဒီအတ္တတွေကြောင့် လောဘ၊ ဒေါသ၊ မောဟတွေနဲ့ ဖောက်ဖျက်ကျူး လွန်လုပ်ဆောင်မိကြတော့ ကောင်းတဲ့ကိုယ်ကျင့်တရားဟာ ပျက်တော့တာပဲ။

ကိုယ့်ကို ဒီလိုပြောရင်၊ လုပ်ရင် ကိုယ်တော့ မခံနိုင်ပေမဲ့ ကိုယ်တောင်မခံ နိုင်တဲ့ အဲဒီလိုမျိုး အပြောအဆို၊ အပြုအမူကို သူတစ်ပါးအပေါ်ကျတော့ ကိုယ်က လုပ်နိုင်တယ်ဆိုရင် ကိုယ့်အတ္တက ကြီးနေလို့ပဲ။

ငါ့အတ္တပင်ကြီး ကြီးနေပါပေါ့လား ... လို့ ကိုယ့်ဘာသာ ဆင်ခြင်ရမယ်။ သိရမယ်။ သိပြီ၊ ဆင်ခြင်မိပြီဆိုရင် အဲဒီအတ္တပင်ကြီးကို အမြစ်မတွယ်ခင် အပင် မခိုင်ခင် ဆွဲနုတ်ပစ်ရမယ်။

အမြစ်တွယ်၊ အပင်ခိုင်သွားလို့ နုတ်မလွယ်၊ ခုတ်မလွယ်ရင် သေချာပြီ။ သူ့အတ္တကြောင့် ကိုယ်ကျင့်တရားကောင်းတွေကို ဖောက်ဖျက်တော့မယ်။ ဒုစရိုက် မှုတွေ ပြုမိတော့မယ်။ အဲဒါ အသေအချာပဲ"

ဒုရဲအုပ်က စကားရှည်ကြီး တစ်ဆက်တည်းပြောရင်းက ခဏနားကာ သက်ပြင်းရှိုက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းသူငယ်ချင်း တိုးအောင်လည်း အဲဒီလို အတ္တတွေကြီးခဲ့မိလို့၊ အတ္တပင်ကို ဆွဲမနုတ်မိလို့ ငယ်သူငယ်ချင်းဆိုတဲ့ သံယောဇဉ်တွေ၊ ထောက်ထားသင့်တဲ့အရာတွေ ဘာမှမမြင်နိုင်တော့ဘဲ အတ္တရဲ့စေစားရာအတိုင်း လုပ်မိတော့တာပဲပေါ့။ ဖြစ်ပုံက ဒီလိုကွ ..."

✿ ✿ ✿

[၆]

တိုးအောင် အတော်စိတ်ညစ်နေသည်။ မနက်ကလည်း သူ့မိန်းမမိချိုနှင့် စကားများခဲ့ရသေးသည်။

"ကိုတိုးအောင် ... အမေ့ပစ္စည်းတွေကိစ္စ ရှင် .. ဘယ်လိုလုပ်မှာလဲ"

ဟင်း ... ကျွန်မတော့ သေသာသေလိုက်ချင်တော့တာပဲ တော်"

"ဟာ ... နင်ကလည်း ငါ ... ကြည့်လုပ်ပေးပါ့မယ်ဆိုဟာ။ ဒါပဲခဏခဏ ပြောနေတာပဲ၊ ငါ ... ခွေး"

တိုးအောင် စိတ်တိုတိုနှင့် ဘုတောလိုက်သည်။

"ရှင်က ပြောတော့လည်း မကြိုက်ဘူး။ လုပ်ပေးမယ်ဆို ဘယ်တော့လုပ်ပေးမှာလဲ"

မျက်လုံးကြီးပြူးပြီး မကြည်ကြည့်ဖြင့် လှမ်းကြည့်လိုက်သော တိုးအောင်ကို မိချိုကလည်း မျက်စောင်းပြန်ခဲရင်း ...

"အမေက တောင်းလှုပြီတော့။ ရွှေ့အပတ် ဟိုဘက်ရွာမှာ အမျိုးတွေ အလှူရှိလို့ သွားရမှာတဲ့၊ ငွေထားတာ ကြာပဲကြာလှပြီ။ ကျွတ် ... ကျုပ်ကိုကရှည်မိတာ။ အဲဒီသူငယ်ချင်း မင်္ဂလာဆောင်ကို မသွားလိုက်ရင် ကောင်းသား"

ငယ်သူငယ်ချင်း အရင်းခေါက်ခေါက်မို့ သွားလိုက်မိတာ။ မြို့ပေါ်မှာလုပ်တာဆိုတော့ ကိုယ့်မှာ တင့်တင့်တယ်တယ် ဝတ်စရာမရှိလို့ အမေ့ဆီက ဆွဲကြိုးလေး၊ လက်စွပ်၊ လက်ကောက်လေး ခဏငှားဝတ်သွားမိပါတယ်၊ ရှင်က ကျုပ်မသိအောင် ယူသွားပြီး ဖဲရှုံးပစ်သတဲ့"



www.burmeseclassic.com

www.burmeseclassic.com



မိချို မကျေမနပ်နှင့် ဖျစ်တောက်ဖျစ်တောက် ဆက်ပြောသည်။

"ဟင်း ... အံ့ပါတော်။ ကိုယ့်ပစ္စည်းလည်း မဟုတ်ဘဲ၊ အမေ့ပစ္စည်းမှန်း သိရက်နဲ့များ ...။ ဟွန်း ... ကျုပ်ကိုက ရှည်တာ ရှည်တာ ...။ မင်္ဂလာဆောင်က ပြန်လာပြီး နောက်နေ့ပြန်သွားပေးလိုက်ကောင်းသား ...။ ပန်းစိုက်နေရလို့ မအားသေးတာနဲ့ တစ်ရက်နှစ်ရက်နေမှ သွားပေးတော့မယ်လေဆိုပြီး နေလိုက်မိတာ ... ဟင်း ..."

"ဟာ ... ဒီမိန်းမ ... ပွစိ ... ပွစိနဲ့ကွာ၊ တောက် ... တော် ... တော် ငါ ဆောင့်ကန်မိတော့မယ်။ နင့်အမေအလှူအမီ ပြန်ရွေးပေးရင် ပြီးတာပဲမို့လား။ ထပ်မပြောနဲ့။ နားငြီးတယ်"

သို့နှင့် တိုးအောင်ဝုန်းဒိုင်းကြဲ ခြေဆောင့်နင်းကာ အိမ်က ထွက်လာခဲ့ခြင်း ဖြစ်သည်။ မိန်းမကို အော်သာအော်ခဲ့ရသည်။ သူသည် ရွှေတွေကို ဘယ်ငွေနှင့် ပြန်ရွေး ရမည်မသိ။ နည်းကမရှိသေး။ ထွန်းသောင်ဆီက ချေးဖို့ကလည်း ပြီးခဲ့သည့်လက ယူထားခဲ့သော ကြွေးငါးသောင်းပင် မဆပ်နိုင်သေးတော့ ထပ်ချေးဖို့က မဖြစ်နိုင်။

ယောက္ခမရွှေပြန်ရွေးပေးဖို့ ခေါင်းပူနေရသည့်အထဲ တစ်ဖက်က ဖဲကြွေးပူကလည်း သူ့ကို လည်ပင်းညှစ်နေပြီ။

ထိုနေ့က ဖဲဝိုင်းက ရှုံးမဲ့ မဲရင်း ယောက္ခမ၏ ရွှေများပေါင်ရရုံမက ဖဲကြွေးငွေ ငါးသောင်းလောက်ပါ ကြွေးတင်ခဲ့သည်။ ခုဖဲကြွေးကလည်း တကျိကျိ တောင်းနေပြီ။ ကြွေးရှင်လူဦးက သူ့ကြွေးကို တစ်ပတ်အတွင်းဆပ်ရန် သူ့ကို ရာဇသံပေးထားသည်။ လူဦးတို့အဖွဲ့က အုပ်စုတောင့်၏။ လက်မရွံ့လူမိုက်များဖြစ်ရာ သူ့ရာဇသံအတိုင်း မလိုက်နာလျှင် တိုးအောင်နာတော့မည်။ အသက်မခံရလျှင် ကံကောင်း။

ဘာလုပ်ရမည်မသိဘဲ တိုးအောင် စိတ်ညစ်ညစ်နှင့် ထွန်းသောင်ဆီက စက်ဘီးငှားကာ တစ်ဖက်ရွာရှိ ထွန်းဖုံနှင့်အောင်ဘတို့ ထန်းတောဆီ ထွက်လာခဲ့၏။

"ဟေ့ကောင် ... တိုးအောင်၊ ငိုင်လှချည်လားကွ။ ဘာဖြစ်လို့လဲ သော်ဒါကြီးရ"



www.burmeseclassic.com

www.burmeseclassic.com



အောင်ဘက တိုးအောင်ပခုံးကို ဖြောင်းခနဲရိုက်လိုက်ရင်း မေးသည်။

"ဒီကောင် ဟိုတစ်လောက ဖဲရှုံးထားလို့ ညစ်နေတာ နေမှာပေါ့ကွာ။ ညစ်မနေနဲ့၊ ဟေ့ကောင် ရော့ ... ချလိုက်စမ်း။ ညစ်တာတွေ ပျောက်သွားစေရမယ် ... ဟဲ ... ဟဲ"

ထွန်းဖဲက ထန်းရည်အိုးကို တိုးအောင်ရှေ့တိုးပေးသည်။ တိုးအောင် စိတ်ထွေထွေနှင့် အိုးလိုက်မော့ကာ တကျိုက်ကျိုက် သောက်ပစ်လိုက်၏။

"ဟ ... ဟ ... တိုးအောင်ရ၊ ဖြည်းဖြည်း .. ဖြည်းဖြည်းလုပ်ပါကွ"

"နေစမ်းပါ ... အောင်ဘရာ။ ဒီမှာ ငါ့ရင်တွေ ပူနေပြီကွ။ ကျွတ် ... ယောက္ခမကြီးကတစ်မျိုး၊ လူဦးတို့က တစ်မျိုးနဲ့။ ငါ ... ငွေဘယ်လိုရှာရမလဲ။ အေ့ ... အေ့ ... ဘယ်နည်းနဲ့ ငွေရမလဲ လုပ်စမ်းပါဦး ကြံကြစမ်းပါဦးကွ"

တိုးအောင်က သူ့ ပြဿနာကို ထွန်းဖဲတို့အား ချပြသည်။ အကြောင်းစုံခင်းသည်။

"မင်းကွာ ... ဒါကြောင့် လူဦးတို့နဲ့ မရိုက်ပါနဲ့ဆိုတာကို။ ခု .. ဘယ်နှယ့်လုပ်ကြမလဲ။ ငါ တစ်နေ့က လူဦးအဖွဲ့က မောင်တစ်တို့ပြောနေတာ ကြားခဲ့တယ်။ ရှေ့အပတ် 'ဒီကောင်' ငွေပြန်မဆပ်ရင် လူဦးက အသေဆော်မှာဆိုပဲ။ လက်စသတ်တော့ 'ဒီကောင်' ဆိုတာ မင်းကိုပြောတာကိုး"

တိုးအောင် ခေါင်းငိုက်စိုက်ကျသွား၏။ ထွန်းဖဲက အေ့ခနဲ လေတက်လိုက်ရင်း ...

"မင်းမှ ဒုက္ခမဟုတ်ပါဘူး ... တိုးအောင်ရာ၊ ငါ့မလည်း ဒီတစ်ခါမြို့တက်ရင် ဓာတ်မြေဩဇာဝယ်ဖို့ ပေးထားတဲ့ ငါ့ဦးလေးငွေတွေ အသုဘဖဲဝိုင်းမှာ ရှုံးသွားလို့ ဦးလေးမသိခင်ပြန်ထည့်ရမှာ။ ငါလည်း ညစ်နေတာပဲ ဟေ့ကောင်ရ"

ပြောရင်း ထွန်းဖဲက တိုးအောင်ကို စွေကြည့်လိုက်၏။ ထိုစဉ် သူ့ မျက်လုံးများက ထန်းရည်ဆိုင်ထောင့်တွင် ထောင်ထားသော စက်ဘီးဆီရောက်သွားသည်။ ဒါ ထွန်းသောင်စက်ဘီးပဲ ...။ တိုးအောင် သူတို့ဆီလာလျှင် သူ့ သူငယ်ချင်းထွန်းသောင် စက်ဘီးကို ငှားစီးလာနေကျ။

"တိုးအောင် ... ငါ အကြံတစ်ခု ... ရ ... ရပြီကွ"

တိုးအောင်က မျက်လုံးလှန်ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောတယ်လေ ... မင်းသူငယ်ချင်းထွန်းသောင်နဲ့ မြို့ကို မနက်ဖြန် ကုန်ကြွေးသွားတောင်းတာ လိုက်သွားရမှာဆို။ ငွေများလို့ မင်းကို အဖော်ခေါ်ထား တယ်ဆို"

"အော့ ... အော့ ... အဲ ... အဲဒါ ... ဘာဖြစ်လဲ ... ထွန်းဖံရ"

ထွန်းဖံက ရှေ့သို့ကုန်းလိုက်ကာ တိုးအောင်နှင့်အောင်ဘကို သူ့နား တိုးရန် လက်ယပ်ပြလိုက်၏။

သုံးယောက်သား ခေါင်းချင်းဆိုင်သွားသည်။ အောင်ဘက ဆတ်ခနဲ ခေါင်းထောင်၍ ...

"ဖြစ် ... ဖြစ်ပါ့မလား ... ထွန်းဖံရ၊ တော်ကြာ ..."

တိုးအောင်က အောင်ဘစကားကို လက်ကာ၍ တားလိုက်သည်။ ထန်းရည်နိုးဝေနေသော တိုးအောင်မျက်နှာကြီးက တဖြည်းဖြည်း ပြုံးဖြီးဖြီးဖြစ်လာ ၏။ စားပွဲကို ဗုန်းခနဲ ပုတ်လိုက်ကာ ...

"တော်လိုက်တဲ့ ... ထွန်းဖံ ... ဟုတ်တယ်။ ငါ ... ဘာလို့ ဒီအကြံကို မစဉ်းစားမိပါလိမ့် ... အော့ ... ဂေ့ ... ကောင်းတယ်။ မင်းပြောတဲ့အကြံကောင်း တယ် ... ဟား ဟား"

"အောင်ဘ ... မင်းလည်း မင်းရည်းစား မြမှုနဲ့ယူဖို့ဟာ ငွေမရှိလို့ မတောင်းနိုင်သေးဘူး ... မှုတ်လား။ ဒီကိစ္စအောင်မြင်ရင် တို့သုံးယောက်လုံးရဲ့ အခက်အခဲတွေအားလုံး ပြေလည်သွားမှာကွ ... ဟား ... ဟား ... ဟား"

တိုးအောင်တို့ သုံးယောက်သား ခေါင်းချင်းဆိုင်သွားကြပြန်၏။

"ကဲ ... ဒီတော့ ... ထွန်းသောင်ကို တို့ ... ဘယ်လိုလုကြမလဲ"

တိုးအောင် ခပ်တိုးတိုး စကားစလိုက်သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၇]

ရဲအရာရှိ ပြောပြနေသည်ကို နားထောင်ရင်း ထွန်းသောင်မှာ ငယ်သူငယ်ချင်းအရင်းခေါက်ခေါက်က သူ့အပေါ်လုပ်ရက်ပုံကို ဝမ်းယူန်းတနည်းဖြင့် စိတ်ထိခိုက်ခံစားရလေသည်။ ရဲအရာရှိ စောစောကပြောသလို အတွက် တိုးအောင်တို့လူသိုက်ကို ဒုစရိုက်မှုပြုရန် တွန်းပို့ခဲ့လေပြီ။

"တိုးအောင်က ငါ့ညီကို လုဖို့အကြံနဲ့ မင်းမြို့ကအပြန် ခြေလျင်ပြန်လာရအောင် မင်းဆီက ငှားလာတဲ့စက်ဘီး ပျက်အောင်လုပ်ပြီး ပြင်ဆိုင်ပို့လိုက်တယ်။ စက်ဘီးမပါလို့ ခြေလျင်ပြန်လာတဲ့ မင်းကို စောစောကပြောတဲ့ တစ်ဖက်ရွာက အဖော်နှစ်ယောက်နဲ့စောင့်ပြီး ချောင်းရိုက်တယ်။ မင်းကောင်းကောင်း မမေ့သေးလို့ အဖော်တစ်ယောက် (ထွန်းဖဲ) က ထပ်ရိုက်ပြီး မင်းမေ့သွားတော့ သေမှာပဲ အထင်နဲ့ လူသူ ချက်ချင်းမတွေ့နိုင်အောင် ဝိုင်းမပြီး အတော်လှမ်းလှမ်းက ချုံတွေအောက် ပစ်ထားခဲ့တာ။

မင်းကို မပြီး ချုံအောက်အပို့မှာ တိုးအောင် သူ့လေးခွကျကျန်ခဲ့တာ မသိလိုက်ဘူး။ သောက်လည်းသောက်ထားတော့ မူးနေတာကိုး"

"အိမ်ရောက်မှ ပုဆိုးခါးပိုက်ထဲထည့်ထားတဲ့ လေးခွကျခဲ့တာ သိလိုက်ပေမဲ့ ဘယ်မှာကျမှန်း မမှတ်မိဘူး။ တစ်ဖက်ရွာက ထန်းရည်ဆိုင်မှာလား၊ လမ်းမှာလား၊ မင်းကို ရိုက်တုန်းကလား ... မသိတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



လုခဲ့တဲ့နေရာ ပြန်ရှာရအောင်ကလည်း ညနက်နေပြီမို့ သွားလည်းမသွား ရဲ၊ အဲဒီမှာကျမယ်လို့လည်း မသေချာ။ မနက်ကျတော့လည်း သွားရှာရအောင်ဟာ လူသူတွေ့ပြီး မသင်္ကာဖြစ်မှာလည်း ကြောက်နဲ့"

အဲလို သူ့ဟာသူ လိပ်ပြာမလုံ၊ ဘာလုပ်ရမှန်းမသိဖြစ်နေချိန်မှာ တို့ ကရောက်သွားပြီး လေးခွအကြောင်းလည်း ပြောလိုက်ရော၊ အမှုအရာတွေပျက်လို့။ နောက်တော့ ဟန်မဆောင်နိုင်တော့ဘဲ ချုံးပွဲချငိုပြီး ဝန်ခံတော့တာပဲ"

ဒုရဲအုပ်က ရှည်လျားစွာ ရှင်းပြရင်း ...

"တော်သေးတာပေါ့ကွာ ... မင်းက မင်းလေးခွ အိမ်မှာကျန်ခဲ့တာကို ပြန်သတိရလို့။ ဒါကြောင့် ဒီအမှု ချက်ချင်းပေါ်သွားတာ"

ထွန်းသောင်က ခေါင်းခါလျက် ...

"မဟုတ်ဘူး ဆရာ၊ ကျွန်တော်က ကျွန်တော့်လေးခွ အိမ်မှာကျန်ခဲ့တာ လုံးဝ သတိမရပါဘူး"

"ဟင် ... ဒါဆို မင်းက ဘယ်လိုသိတာလဲ"

ရဲအရာရှိက တအံ့တသြမေးသည်။

ထွန်းသောင်က အိပ်မက်လိုလို ဘာလိုလိုနှင့် သူ့ဖနီးနှင်းပန်းလာပြော ပြပုံကို ပြန်ရှင်းပြရသည်။ အားလုံးပါးစပ်အဟောင်းသားဖြင့် အံ့အားသင့်နေကြ တော့၏။

ထွန်းသောင်က ...

"နှင်းပန်းက ဘယ်လိုသိတာလဲမသိဘူး"

ဟုပြောရင်း သူ့ဖနီးနှင်းပန်း ဘာလို့လိုက်မလာတာလဲဟု ထပ်မေး သည်။

ထွန်းသောင်အမေကား တရှုံ့ရှုံ့ ငိုနေလေပြီ။ ထွန်းသောင်မှာ နား မလည်နိုင်ဖြစ်ကာ ကျီးကြည့်ကြောင်ကြည့်ဖြစ်နေရာ နောက်ဆုံး ထွန်းသောင် အဖေက သက်ပြင်းရှည်ကြီးကို ဟင်းခနဲချပြီး ပြောပြသည်မှာကား ...

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၈]

"နှင်းပန်းရေ . . . နှင်းပန်း . . . သွားကြမယ်ဟေ့"

"အေး . . . လာပြီ . . . လာပြီ"

နှင်းပန်းက အိမ်နံ့ရံတွင် ချိတ်ထားသောခမောက်ကို ဖြုတ်ယူပြီး အိမ်ပေါ်မှ ဆင်းလိုက်သည်။

မနေ့ညက မိုးရွာထား၍ တောထဲတွင် မှိုများဖွေးနေအောင် ထွက်နေတော့မည်။ ထို့ကြောင့် ခင်မာတို့ညီအစ်မတစ်သိုက်နှင့် တောထဲသို့ မှိုသွားရှာရန် ချိန်းထားသည့်ကြောင့် လာခေါ်ကြခြင်းဖြစ်သည်။ ခင်ပွန်းသည် ကိုထွန်းသောင်လည်း မြို့တက်မည်ဖြစ်၍ နှင်းပန်း ခင်မာတို့နှင့် လိုက်သွားရန် အဆင်ပြေသည်။

သူမတို့တစ်တွေ မှိုကောက်ပြီးတော့အပြန် ဝါးမျှစ်စို့ကြီးများပါ ချိုးယူခဲ့ကြသည်။ ခင်ပွန်းသည်က မှိုဟင်းကြိုက်သူမို့ 'အစ်ကို့ကို ချက်ကျွေးရမယ်' ဟု တဖွဖွပြောလာရင်း မြို့မှအပြန် ဆာဆာနှင့်ခေါင်းမဖော်တမ်းစားနေမည့် ချစ်လင်၏ဟန်ကို မှန်းမြင်ကာ နှင်းပန်းပျော်နေသည်။

မျှစ်စိမ်းဆန်လှော်ဟင်းချိုလေးချက်ပြီး မှိုဟင်း၊ ငရုတ်သီး၊ ငါးပိထောင်း သံပုရာရည်ညှစ်နှင့်ဆိုလျှင် . . .



www.burmeseclassic.com

www.burmeseclassic.com


နှင်းပန်းကိုယ့်စိတ်ကူးနှင့်ကိုယ် တပြုံးပြုံး လျှောက်လာသည်။ ထိုစဉ် တောင် စွန်းနားကပ်လျှက်ပေါက်နေသော ရှားစောင်းလက်ပတ်ပင် တုတ်တုတ်ကြီး များကို မြင်လိုက်သည်။

"ဟဲ့ ... ခင်မာတို့ သွားနှင့်ကြ။ ငါ ... ဟိုတောင်စွန်းနားက ရှားစောင်း လက်ပတ်ပင်တွေ နုတ်ပြီး လိုက်ခဲ့မယ်"

ရှေ့မှသွားနေသော ခင်မာတို့လူသိုက်ကို လှမ်းအော်ပြီး နှင်းပန်းတောင် စွန်းဆီ လျှောက်လာခဲ့သည်။ တောင်စွန်းနားမြေက မိုးရေကြောင့် ပွက်ထရွှက် ချောနေသည်။ နှင်းပန်းက ချော်မလည်းအောင် သတိထားထိန်းလျှောက်ရင်း တောင်စွန်းဆီ တိုးကပ်သွားလျှက် အပင်ကို ဆွဲနုတ်ယူလိုက်သည်။

ဟော ... ဟိုမှာလည်း တစ်ပင်။

တောင်စွန်းမှတစ်ဆင့် မြေနိမ့်ကမူစွန်းလေးတွင် ပေါက်နေသော အပင် ဖြစ်၍ နုတ်ယူရန် မြေကမူလေးဆီ နှင်းပန်း ဆင်းလိုက်သည်။

"ဟာ ..."

မြေကမူလေးမှာ ညက သည်းထန်စွာ ရွာထားသောမိုးကြောင့် နှင်းပန်း အဆင်းတွင် အိခနဲနိမ့်သွား၏။ နှင်းပန်းဟန်ချက်ပျက်သွားကာ ဆွဲမိဆွဲရာ လှမ်း ဆွဲသည်။ သို့သော် ချုံပင်ငယ်လေးများသာဖြစ်၍ နှင်းပန်း၏ ကိုယ်အလေးချိန်ကို ထိန်းမထားနိုင်ပေ။

နှင်းပန်းခြေတို့က အောက်ခံပွနေသော မြေပျော့ကို သူ့ကိုယ်အလေးချိန် ဖြင့် ဖိနင်းချလိုက်သလို ဖြစ်သွားသည်။ ထိုနောက်တွင်တော့ မြေကမူအစွန်းလေး ထွက်သည့်နေရာက အက်ကြောင်းရတ်ခြည်းထင်လာလျှက် နှင်းပန်းနှင့်အတူ အောက်ဘက်ချောက်ဆီသို့ ဝေါခနဲ ပြိုကျသွားလေတော့သည်။

"အား ..."

ကြောက်အားလန့်အားနှင့် အော်လိုက်သော နှင်းပန်း၏အသံကြောင့် ရှေ့ ခပ်လှမ်းလှမ်းရှိ ခင်မာတို့အုပ်စု အပြေးအလွှား ရောက်လာချိန်တွင်ကား ...

ပေနှစ်ဆယ်ကျော်ခန့်မြင့်သော မြောင်ချောက်အခြေ ကျောက်တုံးများ ကြားဝယ် ခွေခေါက်လဲကျနေသော နှင်းပန်း၏ ခန္ဓာကိုယ်အား ထိတ်လန့်တကြား တွေ့မြင်လိုက်ကြရပါလေတော့သတည်း။

✿ ✿ ✿


www.burmeseclassic.com

www.burmeseclassic.com

[၉]

"ဟင် ... ဒါ ... ဒါဆို .. ကျွန်တော့်မိန်းမ .. နှင်းပန်း .. နှင်းပန်း"

ဝိုသံပါကြီးနှင့် အထစ်ထစ်အငေါ့ငေါ့ မေးလိုက်သော ထွန်းသောင်ကို အားလုံးက စိတ်ထိခိုက်ခြင်းကြီးစွာဖြင့် ကြည့်နေကြသည်။

ထွန်းသောင်၏မိခင်က သားဖြစ်သူလက်ကို ဆုပ်ကိုင်ရင်း မျက်ရည်လည်ရွဲဖြင့် ...

"နှင်းပန်း ... မနေ့က မွန်းလွဲသုံးနာရီလောက်က ဆုံးသွားရှာတယ် သား။ မြေပြိုပြီးအကျမှာ အောက်ကကျောက်တုံးတွေနဲ့ ရိုက်မိပြီး ... ဆုံး ... ဆုံးသွားတာ"

"ဟာ ..."

ထွန်းသောင် မိုက်ခနဲဖြစ်သွားပြီး မျက်ရည်များ ပိုးပိုးပေါက်ပေါက် စီးကျလာသည်။

သည်တိုင်းဆို ဇနီးသည်နှင်းပန်းသည် သူရိုက်အလုမခံရခင် အချိန်ပိုင်းလောက်မှာ ဆုံးသွားပြီးနောက် သူမ၏စိတ်ဝိဉာဉ်ရာ ခင်ပွန်းဖြစ်သူ ထွန်းသောင်ထံ ရောက်လာခဲ့ခြင်းပေပဲလား။ ထွန်းသောင်သွားလေရာ လိုက်နေ၍ ထွန်းသောင်ကိုရိုက်ပြီး လူသွားလှည်းသွားလမ်းနှင့် အတော်လှမ်းလှမ်း ချုံများအောက်သို့



www.burmeseclassic.com

www.burmeseclassic.com


ပစ်ထားခဲ့သည်ကို သူမသိကာ ဦးမြအောင်တို့ တူဝရီအား ခေါ်ဆောင်လမ်းပြခဲ့ခြင်းလေလား။

ထွန်းသောင်က မျက်ရည်များကို လက်ခုံဖြင့်သုတ်ရင်း ...

"ဦးလေးဦးမြအောင် ဦးလေးလှည်းရှေ့က သွားတယ်ဆိုတဲ့ မိန်းကလေးက ဘယ်လိုပုံစံ၊ ဘယ်လိုအဝတ်အစားနဲ့လဲ ... ဟင်"

"အင်း ... ဖြူဖြူသွယ်သွယ်လေးပဲကွယ့်။ လုံချည်က အစိမ်းရောင်အပွင့်ခက်တွေ ထင်ပါရဲ့။ အသေးစိတ်တော့ ဦးလေးလည်း မကြည့်မိဘူး။ အစိမ်းရောင်မှာ အပွင့်တွေပါတယ်ဆိုတာလောက်ပဲ၊ ပြောင်မဟုတ်ဘူးပေါ့။ နောက် ... အင်္ကျီကတော့ အဝါရောင် ... အဝါရောင်ဖျော့ဖျော့ပဲ"

ထွန်းသောင် ခေါင်းငိုက်စိုက်ကျသွားသည်။

အိပ်မက်ထဲမှာ နှင်းပန်းက အဲဒီအဝတ်အစားတွေ ဝတ်ထားတာလေ။

ထွန်းသောင်မိဘများကလည်း နှင်းပန်းဆုံးသည်နေ့က ထိုအဝတ်အစားအတိုင်း ဝတ်ထားသည်ဟု အံ့အားတသင့် ဝင်ပြောသည်။ ထွန်းသောင် ဖြေမဆည်နိုင်တော့။

သူ့၏ဇနီးနှင်းပန်းခမျာ သူ့ကို တမလွန်ဘဝမှပင် စောင့်ရှောက်ခဲ့ရှာတာပါကလား။

ခင်ပွန်းသည်အား ဘဝခြားပြီမို့ ရိုက်နှက်လုယက်ခံနေရသည်ကို သူမ မကူနိုင်သည့်တိုင် ပြုခဲ့သူများကို သဲလွန်စပေးလျှက် ဖော်ထုတ်ခဲ့ရှာပါလား။

ခင်ပွန်းအသက်မသေရအောင် လူသူတွေ့ဖို့ လမ်းပြပေးခဲ့ရှာသူပါလား။

အားလုံးမှာ ဆန်းကြယ်သောအဖြစ်နှင့် နှင်းပန်း၏ခင်ပွန်းအပေါ် တွယ်ငြိစိတ်ကို သနားကရုဏာဖြင့် ရင်နင့်ခံစားကြရလေသည်။ ထွန်းသောင်အဖို့မှာကား ဆိုဖွယ်ရာမရှိပြီ။

သြော် ... သေခြင်း၏တစ်ဖက်ခြမ်း ဘဝချင်း စည်းတစ်ဖက်ခြားခဲ့သော်လည်း တွယ်ငင်သည့်စိတ်အစွဲတို့၏ ဆက်နွယ်မှုများသည် အံ့လောက်စရာပါတကား။

ထားဥသုံ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

မြန်မာနိုင်ငံမှာ လူသိမခံဘဲ လျှို့ဝှက်စွာ လုပ်ဆောင်ခဲ့တဲ့ စမ်းသပ်မှုကြီး တစ်ခု ရှိခဲ့ပါတယ်။ အဲဒီစမ်းသပ်မှုကြီးကတော့ ယနေ့ ကမ္ဘာပေါ်မှာရှိတဲ့ ဘယ်နိုင်ငံမှာမှ မပြုလုပ်ခဲ့သေးတဲ့ စမ်းသပ်မှုကြီးပါ။ အဲဒီစမ်းသပ်မှုကြီးမှာ ပါဝင်ခဲ့တဲ့ သူတွေကတော့ ကျွန်ုပ် ဦးခိုင်မြဲ၊ ကျွန်ုပ်၏အရင်းနှီးဆုံးသူငယ်ချင်း ဒေါက်တာ ဦးဇော်ဖေ၊ မြန်မာနိုင်ငံရဲ့ လူချမ်းသာစာရင်းဝင် ဦးသူရကျော်၊ နိုင်ငံခြားမှ ဓာတုဗေဒ ပညာရှင် လူးဝစ်(စ်)၊ စိတ်ရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်မြသီတာ၊ ဝိညာဉ်လောကကို သိမြင်နိုင်သူတစ်နည်းအားဖြင့် အောက်လမ်းဆရာဟုခေါ်သော ဦးအောင်လွင်တို့ ဖြစ်ကြပါတယ်။

ကျွန်ုပ်မှာ မြန်မာနိုင်ငံမှ ဆေးပညာကို သင်ယူခဲ့ပြီး ပါရဂူဘွဲ့ ရရှိခဲ့ပါတယ်။ ကျွန်ုပ်မှာ ဇနီး ဒေါ်နန်းသီတာ၊ သား ထက်အာကာနှင့် ငြိမ်းချမ်းတဲ့ မိသားစု လေးတစ်ခုကို ပိုင်ဆိုင်ခဲ့ပါတယ်။ သားအသက် ၁၆ နှစ်မှာ ၁၀ တန်းအောင်ခဲ့ပြီး ကျွန်ုပ်ကဲ့သို့ ဆေးပညာကိုသင်ယူရန် ပြင်ဆင်နေသည့်အချိန် မမျှော်လင့်ဘဲ Accident တစ်ခုကြောင့် ကျွန်ုပ်၏သားဖြစ်သူမှာ ဆုံးပါးခဲ့ရပါတယ်။

ထိုအချိန်မှစ၍ ကျွန်ုပ်မှာ စိတ်ဓာတ်အကြီးအကျယ်ကျခဲ့ပြီး စိတ်ရောဂါ ပင်ရခဲ့ရပါတယ်။ ဇနီးဖြစ်သူမှာလည်း အိပ်ရာထဲလဲပြီး မကြာခင်မှာပဲ ဆုံးပါးသွားခဲ့ရပါတယ်။ ကျွန်ုပ်မှာ ဇနီးနှင့် သားစိတ်ကြောင့် နှစ်နှစ်ကြာတဲ့အထိ အိပ်ရာထဲ လဲခဲ့ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် အိပ်ရာထဲလဲစဉ် ကျွန်ုပ်၏ မိသားစုဘဝလေးကို အရမ်းပင် တောင့်တခဲ့ရပါတယ်။ ထိုအချိန်ကစလို့ ကျွန်ုပ် ဒီစိတ်ကူးကို စတင်စဉ်းစားခဲ့မိပါတယ်။ ကျွန်ုပ်၏စိတ်ကူးကို ကျွန်ုပ်အားအထားရဆုံး ဦးဖော်ဖေ၊ ကျွန်ုပ်၏ စိတ်ဝေဒနာကိုကုပေးသူ ဒေါ်မြသီတာတို့နဲ့ တိုင်ပင်ခဲ့မိပါတယ်။

ထိုအချိန်မှာ မထင်မှတ်ဘဲ အောက်လမ်းဆရာ ဦးအောင်လွင်နဲ့ပါ တွေ့ဆုံခဲ့ပြီး ထိုကိစ္စကို အကောင်အထည်ဖော်ရန် ပိုမိုနိုင်မာခဲ့ပါတယ်။ ထို့နောက် ဦးဖော်ဖေ၏မိတ်ဆွေ ဦးသူရကျော်၏ အကူအညီဖြင့် လိုအပ်သော ကုန်ကျစရိတ်၊ မြေနေရာများ၊ နောက်ဆုံး နိုင်ငံခြားမှ ပညာရှင်လူးဝစ်(စ်)ကိုပါ ဖိတ်ခေါ်၍ ဒီစမ်းသပ်မှုကြီးကို အကောင်အထည်ဖော်ရန် စီစဉ်ပါတော့တယ်။

ဒီစမ်းသပ်မှုကြီးရဲ့ နာမည်ကတော့ ကျွန်ုပ်တို့အားလုံးပေါင်း၍ စေလိုရာ ပရောဂျက်ဟူ၍ မှည့်တွင်ခဲ့ပါတယ်။ ဒီပရောဂျက်အကြောင်း အနည်းငယ်ရှင်းပြပါအံ့။ ဒီပရောဂျက်ရဲ့ အဓိကရည်ရွယ်ချက်ကတော့ မိမိတို့ ချစ်ခင်တဲ့သူတွေကို ပြန်လည်အသက်သွင်းပြီး လူ့လောကထဲမှာ တစ်ဖန်ပြန်လည်ရှင်သန်စေခြင်းဖြစ်ပါတယ်။ တစ်နည်းအားဖြင့် သဘာဝတရားကို ဆန့်ကျင်ပြီး အသက်ရှင်စေခြင်းဖြစ်ပါတယ်။ အကယ်၍ ဒီပရောဂျက်ကြီးသာ အောင်မြင်ခဲ့လျှင် ကျွန်ုပ်တို့ ချစ်ခင်ရတဲ့သူတွေကို ပြန်လည်ရှင်သန်စေနိုင်မည့်အပြင် ငွေကြေးအားဖြင့်လည်း မမျှော်လင့်သည့် အောင်မြင်မှုအထိပါ ရရှိစေရုံမက ကမ္ဘာပေါ်တွင်လည်း မြန်မာနိုင်ငံကို ထိပ်တန်းသို့ရောက်စေမည့် စသည့်ရည်ရွယ်ချက်များဖြင့် ဒီပရောဂျက်ကို အောင်မြင်စွာ လုပ်ဆောင်နိုင်ရန် စတင်ခဲ့ပါတော့သည်။

✿ ✿ ✿

[၂]

"ကျွန်တော်တို့ ပရောဂျက်အတွက် လိုအပ်တဲ့ မြေနေရာအဆောက်အဦတွေအားလုံး စီစဉ်ပြီးပါပြီ"

ဦးသူရကျော်ပိုင်ဆိုင်သော လူများအိမ်များနှင့် အလွန်ဝေးသော မြေကော ၅၀ တွင် အပြင်မှကြည့်လျှင် တစ်ထပ်၊ သို့သော် မြေအောက်ထဲတွင် နှစ်ထပ်ဆောက်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ထားသော အဆောက်အဦထဲတွင် လိုအပ်သော ဆေးဝါးကိရိယာများ အစုံအလင် ရောက်ရှိနေပေပြီ။

ထိုအဆောက်အဦ၏ လုံခြုံမှုအတွက် ခြံစည်းရိုးများကာရံကာ သေနတ်ကိုင်အစောင့်များ ချထားလေသည်။ လူသူအရောက်အပေါက်နည်းသည့် နေရာတွင် ဆောက်လုပ်ထားပြီး အကယ်၍ လာရောက်စစ်ဆေးပါကလည်း စံအိမ်တစ်ခုကဲ့သို့သာ ပြင်ဆင်ထားလေသည်။ စေလိုရာ အဆောက်အဦ၏ အစည်းအဝေးခန်းမတွင် ဤပရောဂျက်အား အကောင်အထည်ဖော်မည့် လူခြောက်ယောက် ရောက်ရှိနေလေသည်။ ပထမဆုံး ဦးသူရကျော်မှ . . .

"စေလိုရာပရောဂျက်အတွက် လိုအပ်တာတွေအားလုံးကို ကျွန်တော် စီစဉ်ပြီးပါပြီ။ နောက်ထပ်ဆောင်ရွက်မယ့် အစီအစဉ်ကို ရှင်းပြစေချင်ပါတယ်"

ထို့နောက် ကျွန်ုပ်မှ ဆက်လက်၍ . . .

"ဦးသူရကျော်ဘက်ကတော့ တာဝန်ကျေပါပြီ။ ဒီပရောဂျက်အတွက် အဓိကအကျဆုံး လိုအပ်ချက်ကတော့ မပုပ်သေးတဲ့ လူသေအလောင်းပဲဖြစ်ပါတယ်"

လိုအပ်သော အလောင်းကိုရရန် ကျွန်ုပ်နှင့် ဦးဇော်ဇေတို့မှ တာဝန်ယူရပါတယ်။ ကျွန်ုပ်တို့လိုအပ်သော လူသေအလောင်းများ ရပြီးသည့်အခါတွင် ဒေါက်တာလူးဝစ်(စ်)အား ကူညီ၍ ခန္ဓာကိုယ် မပုပ်မသိုးအောင် ဆောင်ရွက်ခြင်း၊ အရိုးအဆစ်များ လှုပ်ရှားနိုင်ပြီး ခန္ဓာကိုယ်ပျော့ပျောင်းအောင် လုပ်ဆောင်ခြင်းများကို ဆောင်ရွက်ကြသည်။

သို့သော် ထိုအဆင့်မှာ အပြောလွယ်သလောက် လက်တွေ့အကောင်အထည်ဖော်ရန် ခက်ခဲလှသည်။ ခန္ဓာကိုယ် မပုပ်မသိုးအောင် ပြုလုပ်နိုင်သော်လည်း ပျော့ပျောင်းလှုပ်ရှားလွယ်စေရန် ဓာတုနည်းများဖြင့် ဓာတ်ပြုဆောင်ရွက်ခဲ့သည်မှာ ငါးနှစ်ပင်ပြည့်ခဲ့လေပြီ။

ဤပရောဂျက် စခဲ့သည်မှာ ယခုအချိန်အထိ စုစုပေါင်း ၈ နှစ်ပင်ကျော်ခဲ့လေသည်။ နောက်ဆုံးတွင်တော့ အားလုံး၏ ကြိုးစားမှုကြောင့် လူသေ၏ခန္ဓာကို ပျော့ပျောင်းအောင် စီမံနိုင်ခဲ့ကြသည်။

"ဒီနေ့ကတော့ ကျွန်တော်တို့ရဲ့ ပထမခြေလှမ်း အောင်မြင်ခဲ့ပါပြီ။ ဒီနေ့ အောင်မြင်မှုကနေ ကျွန်တော်တို့လိုချင်တဲ့ ရည်မှန်းချက်ကို ရောက်ရှိနိုင်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဦးသူရကျော်ပြောသလိုပဲ ကျွန်တော်တို့လည်း ထပ်တူမျှော်လင့်ပါတယ်။ အခုအချိန်ကတော့ ကျွန်တော်တို့ရဲ့ နောက်ခြေလှမ်းကို တာဝန်ယူရမယ့် ဦးအောင်လွင်ရဲ့ အခန်းကဏ္ဍပဲဖြစ်ပါတယ်။ ဒီအပိုင်းမှာတော့ ဦးအောင်လွင်တစ်ယောက်ပဲ တတ်ကျွမ်းနားလည်တဲ့အတွက် ကျွန်တော်တို့ကတော့ လိုအပ်တာတွေ ပြင်ဆင်ပေးပြီး ဘေးကနေပဲ ပွဲကြည့်ပရိသတ် လုပ်ရမှာပေါ့ဗျာ"

ဦးဇော်ဖေပြောသည့်စကားများကို နားထောင်ပြီး ဦးအောင်လွင်သက်ပြင်းရှည်ကြီးတစ်ခု ချလိုက်လေသည်။ ထို့နောက် ပါးစပ်ထဲသို့ ကွမ်းတစ်ယာသွင်းလိုက်ပြီး လေးလေးနက်နက်ဖြင့် ...

"အင်း .... ကျုပ်တာဝန် ရောက်လာပြီဆိုတော့ တာဝန်ကျေအောင် လုပ်ရမှာပေါ့။ ဒါပေမဲ့ ဝိဉာဏ်ကို ခန္ဓာထဲရောက်အောင် လုပ်ဖို့ကတော့ ကျွန်တော် ယုံကြည်ချက်ရှိပါတယ်။ ဒါပေမဲ့ သူ့ကို ထိန်းချုပ်ပြီး လူတစ်ယောက်လို နေစေဖို့ကတော့ အလွန်ခက်ခဲမယ်လို့ ကျုပ်ထင်ပါတယ်"

မှန်ပါသည်။ ထိုအချက်သည် အရေးကြီးဆုံးအချက်ဖြစ်ကြောင်း အားလုံးနားလည်လက်ခံကြပါသည်။ အားလုံး၏ ရင်ထဲတွင်တော့ စိတ်လှုပ်ရှားပြီး အရေးကြီးဆုံးအပိုင်းကို အောင်မြင်စေရန် အတွေးကိုယ်စီဖြင့် ...

✿ ✿ ✿

[၃]

ဖယောင်းတိုင်များထွန်းထားသော အလင်းရောင်ဖျော့ဖျော့ အခန်းတစ်ခန်း။ ထိုအခန်းထဲတွင်တော့ အုန်းပွဲ၊ ငှက်ပျောပွဲ၊ ဖယောင်းတိုင်၊ အမွှေးတိုင်များ၊ အသားစိမ်းများနှင့် အလောင်းတစ်ခု။

ထိုအရာများ၏ရှေ့တွင်တော့ မှတ်ဆိတ်ကျင်စွယ်များဖြင့် ယောဂီရောင်ဝမ်းဆက်ဝတ်ဆင်ထားသော လူတစ်ယောက်။ ထိုလူ၏ နှုတ်မှလည်း မည်သည့်ဂါထာမှန်းမသိ တတွတ်တွတ်ရွတ်ဆိုလျက်။ အချိန်မှာ လကွယ်ည သန်းခေါင်ယံအချိန်။

"ဒေါင် ... ဒေါင် ..."



www.burmeseclassic.com

www.burmeseclassic.com



နာရီမှ ၁၂ ချက်ခေါက်သံကြားသည်နှင့်တစ်ပြိုင်နက် ရွတ်ဆိုနေသော ဂါထာများကိုရပ်၍ သူ၏အလုပ်ကို စတင်တော့သည်။ သူ၏ လက်နှစ်ဖက်ကို ဆန့်တန်း၍ အလောင်းစင်သို့ သုံးချက်ခေါက်လိုက်သည်။

"အသင့်အား ကျွန်ုပ်ခေါ်ပါသည်။ ဤရုပ်ခန္ဓာထဲသို့ ဝင်ပါ။ ငါဆရာ၏ အမိန့်ကို လက်ခံပါ"

ဝိဉာဉ်အား အလောင်းထဲသို့ဝင်ရန် စေခိုင်းနေခြင်းဖြစ်သည်။ မကြာပါ လေမတိုက်ပါဘဲ အခန်းထဲရှိ ပုဝါစများ လွင့်မျောနေကြသည်။ ပြီး ဖယောင်းတိုင်မီး များမှာလည်း လှုပ်ရှားနေကြသည်မှာ ကြောက်မက်ဖွယ်ရာပင်။ အခန်းအပြင်မှ CCTV ဖြင့် ကြည့်နေကြသော ဦးခိုင်မြတို့မှာ ထိုမြင်ကွင်းများကိုကြည့်၍ အံ့သြ တုန်လှုပ်နေကြသည်။ ဦးအောင်လွင်၏ အမိန့်ကိုနာခံ၍ ဝိဉာဉ်ဝင်မဝင် မျက်တောင် ခတ်မခတ်၊ စောင့်ကြည့်နေကြသည်။

ထိုစဉ် အရိပ်မည်းတစ်ခုမှာ အလောင်း၏အပေါ်တွင် သုံးပတ်ဝဲပျံပြီး နောက် ခန္ဓာကိုယ်ထဲသို့ ဝင်သွားလေသည်။ အားလုံး၏ရင်ထဲတွင် ဝမ်းသာခြင်း၊ အံ့သြခြင်း၊ စိတ်လှုပ်ရှားခြင်းများကိုယ်စီဖြင့် ရှိနေခိုက် အလောင်းမှာ လှုပ်ရှားလာ ခဲ့သည်။ အခန်းအပြင်မှ ဦးခိုင်မြတို့အားလုံး ထိုအခန်းထဲသို့ ဝင်လာခဲ့ကြသည်။

ဦးအောင်လွင်ဦးဆောင်၍ အလောင်း၏ဘေးတွင်ရပ်၍ အခြေအနေကို စောင့်ကြည့်နေကြသည်။ အလောင်းမှာ ခြေထောက်များ၊ လက်များမှ စတင်လှုပ်ရမ်း လာခဲ့သည်။ ထို့နောက် ခန္ဓာကိုယ်တစ်ခုလုံး လှုပ်ရမ်းပြီး ရုန်းကန်လာခဲ့သည်။ အခြေအနေမှာ ပိုမိုဆိုးရွားလာသဖြင့် ဦးအောင်လွင်မှ ...

"ဒီအတိုင်းထားလို့တော့ မဖြစ်ဘူး။ သူ ခန္ဓာကိုယ်ထဲဝင်ရတာ အဆင် ပြေပုံမရဘူး ... ဖိုးကျော်။ ငါ့ဆေးလွယ်အိတ် ယူလာခဲ့စမ်း"

သူ၏ တပည့်ရင်း ဖိုးကျော်ကို ဆေးလွယ်အိတ်ယူခိုင်းပြီး ထိုအိတ်ထဲမှ ရေတာခေါင်းပုံးလေးကိုထုတ်၍ ထိုဘူးထဲမှ ပြာမှုန့်ကဲ့သို့သော အမှုန့်အနည်းငယ် ကို အလောင်းပေါ်သို့ ပက်ဖြန်းလိုက်လေသည်။ ထို့နောက် လက်စွဲတော်ကြိမ်လုံး ကိုင်၍ အလောင်းကို သုံးချက်ရိုက်လိုက်သည်နှင့် ယခင်လှုပ်ခါနေသော အလောင်း ကောင်မှာ ပကတိ ငြိမ်သက်သွားလေတော့သည်။

ခဏကြာသော် ထိုအလောင်းမှာ မျက်လုံးပွင့်၍ လာလေသည်။ အားလုံး မှာ အံ့သြပျော်ရွှင်စွာဖြင့် အသက်သွင်းထားသူအား တစ်ခုခုမေးရန် ပြင်လိုက်စဉ် ဦးအောင်လွင်မှ လက်ကာ၍ တားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လိုအပ်တဲ့မေးခွန်းအနည်းငယ်ကို ကျွန်တော်မေးပါမယ်။ အဟမ်း ... အခု ဒီခန္ဓာကိုယ်ထဲ ရောက်လာတဲ့ သင့်နာမည်ကို အရင်ပြောပြပါ"

ထိုသူက ပက်လက်အနေအထားဖြင့် မျက်လုံးများပွင့်လျက် မလှုပ်မယှက် ရှိနေလေသည်။

"ကျုပ်မေးတဲ့ မေးခွန်းကို ဖြေပေးပါ"

ဦးအောင်လွင် နောက်ထပ်တစ်ခေါက်ထပ်၍ မေးလိုက်သည်။ ထူးခြား မလာပေ။ ဦးအောင်လွင် စိတ်မရှည်စွာဖြင့် ကြိမ်လုံးကိုယူ၍ ...

"မင်း ပြန်မဖြေရင် ငါ ရိုက်လိုက်မယ်။ အခုချက်ချင်းပြောစမ်း"

ထိုသူမှာ မျက်လုံးပုတ်ခတ်ပုတ်ခတ်ဖြင့် ဦးအောင်လွင်အား စိုက်၍ ကြည့်နေလေသည်။

"ဩော် ... မင်းက ငါ့အမိန့်ကို လွန်ဆန်ချင်တယ်ပေါ့။ ငါ့အကြောင်း သိရမှာပေါ့ကွာ"

ပြောပြောဆိုဆိုဖြင့် လက်ထဲတွင်ကိုင်ထားသော ကြိမ်လုံးဖြင့် ရိုက်လေ သည်။

"ဖြန်း ... ဖြန်း ... ဖြန်း ..."

"မပြောသေးဘူးလား ဟင် ... မင်းကို ဒီလိုဖြစ်အောင် ဘယ်သူတွေ လုပ်ပေးထားတာလဲ မင်းသိတယ် မဟုတ်လား။ ငါ့ကို အာခံနေတယ်ပေါ့ ... ဟုတ်လား"

ဒေါ်တာသကြီး အော်ဟစ်ပြောဆို၍ ကြိမ်လုံးဖြင့် အဆက်မပြတ် ရိုက်နေ လေသည်။ ထူးခြားမှု တစ်စုံတစ်ရာ မရှိသဖြင့် ဦးခိုင်မြတို့ ဝိုင်း၍ ဆွဲကြရတော့ သည်။

"ဦးအောင်လွင် ... တော်ပါတော့ဗျာ။ ကျုပ်တို့မှာ အချိန်တွေရှိပါသေး တယ်။ သူ အခုမပြောလည်း နောက်တော့ ပြောလာမှာပေါ့"

"ဟုတ်တယ် ဒီလိုသာ ဆက်ရိုက်နေရင် ဒီခန္ဓာကိုယ် တစ်စုံစုံဖြစ်သွားဦး မယ်။ ရပ်လိုက်ပါတော့ နောက်မှ ထပ်ကြိုးစားကြတာပေါ့"

အားလုံး၏ ဝိုင်းဝန်းဖြောင့်ဖျမှုကြောင့် ထိုနေ့အတွက် လက်လျှော့လိုက် ရသည်။ နောက်တစ်နေ့မနက် ဉနာရီတွင် ...

"လူစုံကြပြီလား ... ဦးအောင်လွင်ရော ဘယ်သွားနေတာလဲ မရောက် သေးပါလား"



www.burmeseclassic.com

www.burmeseclassic.com



ဦးဇော်ဖေမှ လှစစ်ပြီးမေးသည်ကို ဦးသူရကျော် ပြန်လည်ဖြေလိုက်သည်။

"တစ်နေရာရာ သွားနေတာလား။ ဒါမှမဟုတ် အခန်းထဲ ကြိုရောက်နေလားမှ မသိတာ။ ကျွန်တော်တို့ အရင်သွားနှင့်ကြတာပေါ့"

စမ်းသပ်ခန်းထဲသို့ အားလုံး အတူတကွ ဝင်လာခဲ့ချိန်မှာတော့ ...

"ဟာ ..."

"ဟင် ..."

"အမလေး"

"ဘုရား ... ဘုရား"

အာမေဋိတ်သံမျိုးစုံဖြင့် သူတို့အားလုံး မမျှော်မှန်းထားသော မြင်ကွင်းတစ်ခုကို မြင်တွေ့လိုက်ကြရသည်။ အခန်း၏အနေအထားမှာ အရာအားလုံး ပြန့်ကျဲလျက် ဦးအောင်လွင်မှာလည်း သွေးအိုင်ထဲတွင် လဲနေလေသည်။

ထိုထက်အရေးကြီးသည်မှာ အစမ်းသပ်ခံလူသား မရှိတော့ပေ။

"ဒါ ... ဒါ ... ဘယ်လိုတွေဖြစ်ကုန်တာလဲ။ ဦးအောင်လွင် ... ဦးအောင်လွင်"

"လူ ... လူမရှိတော့ဘူး။ ကျွန်မတို့ရဲ့ စမ်းသပ်တဲ့လူ မရှိတော့ဘူး။ ဘာတွေဖြစ်သွားတာလဲ ဘုရား ... ဘုရား"

အစည်းအဝေးခန်းမထဲတွင် အားလုံး ခေါင်းချင်းဆိုင်၍ ထိုပြဿနာကို ဖြေရှင်းရန် စဉ်းစားနေကြသူ ငါးယောက်။

"သူတို့ တိုက်ခိုက်မှုတစ်ခုခု ဖြစ်ခဲ့လိမ့်မယ်ထင်တယ်"

"ဒါ ... ဒါဆို ဟိုလူ လွှပ်ရှားလာတယ်လို့ ပြောချင်တာပေါ့"

"အဲဒီလို ခန့်မှန်းတာထက် ပိုသေချာအောင် ဘယ်လိုလုပ်ကြမလဲ"

"အာ ... ဟုတ်သားပဲ၊ CCTV ရှိတယ်လေ။ တို့သိချင်နေတဲ့အဖြေကို သွားကြည့်ကြရအောင်"

CCTV ထားသည့်အခန်းထဲသို့ အားလုံး တညီတညွတ်တည်း ခြေလှမ်းကျဲများဖြင့် ထွက်ခွာခဲ့ကြသည်။ ထို့နောက် ညက ဖြစ်ပျက်ခဲ့သည်များကို ပြန်လည်ကြည့်ရှုချိန်မှာတော့ ....

ဦးအောင်လွင့်မှာ နံနက်သုံးနာရီခန့်တွင် ထိုအခန်းထဲသို့ ပြန်လည်ဝင်ရောက်လာခဲ့သည်။ ထို့နောက် သူ၏အစီအရင်များဖြင့် အစမ်းသပ်ခံလူသား



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားစေရန် သို့မဟုတ် စကားပြောဆိုစေရန် ပြုလုပ်နေပုံရသည်။ အချိန်ကြာလာသော်လည်း တုံ့ပြန်မှုမရှိသည့်အတွက် သူ၏ ဆေးကြိမ်လုံးဖြင့် ရိုက်တော့သည်။ သူ၏ ပါးစပ်မှလည်း ဒေါသတကြီး အော်ဟစ်နေ ပြောဆိုနေလေသည်။ ခဏကြာသော် လက်ပန်းကျသွားဟန်ထင်သည်။ ကြိမ်လုံးကိုချ၍ ထိုသူအား ချည်နှောင်ထားသည့် ကြိုးများကို ဖြည်နေလေသည်။

"ဟာ ... ဦးအောင်လွင် ဘာတွေလုပ်နေတာလဲ"

ထိုကြိုးများအားလုံး ဖြည်ပြီးသော် ထိုသူမှာ ရုတ်တရက်ထ၍ ဦးအောင်လွင်အား တိုက်ခိုက်တော့သည်။ ပထမတော့ ဦးအောင်လွင်မှာ ကြောင်၍ကြည့်နေပြီး ထို့နောက် သူ၏ကြိမ်လုံးကိုကိုင်၍ တားနေရင်း ထိုသူနှင့် တိုက်ခိုက်တော့သည်။ ဆက်လက်ဖြစ်ပျက်သော အဖြစ်အပျက်များမှာ သူတို့အားလုံး လန့်၍ပင် အော်မိမတတ် ဖြစ်သွားရသည်။

ထိုအဖြစ်အပျက်မှာ ထိုသူမှ ဦးအောင်လွင်အား ဖမ်းချုပ်၍ လည်ပင်းမှ သွေးကို စုပ်ယူနေခြင်းပင်။ ပြီးနောက် ထိုအခန်းထဲမှ ထွက်ခွာသွားတော့သည်။

"ဘုရား ... ဘုရား ... ဘာတွေဖြစ်ကုန်ပြီလဲ"

"ဦးအောင်လွင်တောင် ထိန်းချုပ်လို့မရဘူးဆိုရင် ကျုပ်တို့ ဘယ်လို ဆက်လုပ်ကြမလဲ"

"အရမ်းလည်း စိတ်မပူကြပါနဲ့ဦး။ ဒီအဆောက်အဦက ကုဒ်နံပါတ်တွေ၊ ID ကတ်တွေနဲ့ဖွင့်မှ တံခါးပွင့်မှာဆိုတော့ လောလောဆယ် သူ ဒီထဲမှာပဲရှိနေမှာပါ"

"အရေးအကြီးဆုံးက သူ့ကို ပြန်ဖမ်းရမယ်"

ထို့နောက်တွင်တော့ အဆောက်အဦထဲတွင် အရေးပေါ်ခေါင်းလောင်းတီး၍ ထိုသူအားရှာရန် အလျင်အမြန်ပင် စီစဉ်ရတော့သည်။

"အားလုံး လူစုခွဲပြီး ရှာကြပါ။ တွေ့ပြီဆိုတာနဲ့ မေ့ဆေးသေနတ်နဲ့ ပစ်လိုက်ပါ။ လုံးဝ လွဲချော်လို့မဖြစ်ဘူးနော်။ အားလုံး ကြားကြရဲ့လား။ တစ်ခုခု အကြောင်းထူးတာနဲ့ အကြောင်းပြန်ပါ"

ဦးခိုင်မြဲဦးဆောင်၍ ဆက်သွယ်ရေးကိရိယာများဖြင့် အမိန့်ပေးလိုက်သည်။

"ကျွန်တော်တို့အဖွဲ့ ခွဲပြီးရှာကြမယ်။ ကျွန်တော်နဲ့ ဦးဇော်ဖေ၊ ဒေါက်တာလူးဝစ်(စ်)နဲ့ ဦးသူရကျော်၊ ဒေါ်မြသီတာက CCTV အခန်းထဲကကြည့်ပြီး [illegible] တို့ကို ညွှန်ကြားပေးပါ။ ကဲ ... သွားကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



လူစုခွဲ၍ အလျင်အမြန်ပင် ထွက်လာကြတော့သည်။ ဦးခိုင်မြနှင့် ဦးဖော်ဖေတို့သည် အောက်ဆုံးထပ်သို့ ရှာကြပြီး ဒေါက်တာလူးဝစ်(စ်)နှင့် ဦးသူရကျော်တို့သည် ဒုတိယထပ်တွင် ရှာကြသည်။ အခန်းများအားလုံးနီးပါး တံခါးများ ပွင့်လျက်သား ရှိနေသည်။ မျက်စိလျင်လျင် နားလျင်လျင်ဖြင့် တစ်လှမ်းချင်း သတိဖြင့် လျှောက်နေကြရသည်။ မိမိတို့ လျှောက်လာသည့်လမ်းတွင် အစောင့်များ သွေးအိုင်ထဲတွင် သေနေကြသည်ကို ကြည့်ခြင်းဖြင့် ထိုသူလက်ဦးသွားကြောင်း ထင်ရှားလေသည်။

"ဒေါက် ..."

အသံတစ်ခုကို ပီပီပြင်ပြင်ကြားလိုက်ရ၍ နှစ်ယောက်လုံးသတိအနေအထားဖြင့်ရှိနေစဉ် ဒေါက်တာလူးဝစ်(စ်)၏နောက်မှ သိုင်းဖက်၍ သွေးစုပ်နေသူ ...

"အား ..."

ရန်းကန်နေရင်း ငြိမ်သက်သွားလေသည်။ လျင်မြန်လွန်း၍ လက်ထဲမှသေနတ် ပြုတ်ကျသွားခဲ့သည်။ ထိုအခါ သေနတ်ဖြင့်ပစ်ရန် သတိရ၍ သေနတ်အား ကောက်လိုက်စဉ်တွင် ...

"အား"

အောက်ဆုံးထပ်တွင် ရောက်နေသော ဦးခိုင်မြနှင့် ဦးဖော်ဖေတို့မှာ သွေးအိုင်ထဲတွင် လဲကျနေသူများအား ရှောင်တိမ်း၍ သတိထားလာနေရင်း ..

"ဒေါ်မြသီတာ တစ်ခုခု အကြောင်းထူးတာတွေ့ရင် ကျုပ်တို့ကိုပြောပါ။ ဒေါ်မြသီတာ ... ဒေါ်မြသီတာ ကျုပ်တို့ပြောတာ ကြားရဲ့လား"

တစ်ဖက်မှ မည်သည့်အသံမှ မကြားရပေ။

"အောင်မလေး"

သူမ၏အော်သံကို ကြားလိုက်ရ၍ နှစ်ယောက်သား တိုင်ပင်မထားပါပဲ ဒုတိယထပ်သို့ အပြေးတက်လာခဲ့သည်။

"ဟာ ... ဒီ ... ဒီမှာ ဦးသူရကျော်နဲ့ ဒေါက်တာလူးဝစ်(စ်)"

"အချိန်မရှိဘူး။ ကျုပ်တို့ ဒေါ်မြသီတာဆီ သွားကြမယ်"

CCTV အခန်းသို့ရောက်သော် အခန်းမှာ ပွင့်လျက်သားဖြစ်နေလေသည်။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ သတိအနေအထားဖြင့် အခန်းထဲသို့ ဝင်လာခဲ့ကြသည်။

"ဟာ ... ဒေါ်မြသီတာ"





ပက်လက်အနေအထားဖြင့် သေဆုံးနေသော ဒေါ်မြသီတာကို တွေ့ကြရသည်။

"ကျုပ်တို့ နောက်ကျသွားပြီ။ ဒီအဆောက်အဦထဲမှာ မရှိလောက်တော့ဘူး။ ဟောဟိုမှာ သူ အပေါ်ထပ်က အပြင်ကိုမထွက်ခင် လက်ဦးမှုယူမှဖြစ်မယ်"

CCTV အခန်းထဲမှထွက်၍ အပေါ်ထပ်သို့ တက်လာခဲ့သည်။ ID ကတ်ဖြင့် တံခါးဖွင့်၍ အပြင်ထွက်ရန် ပြုလုပ်နေသည်ကို တွေ့လိုက်ရသည်နှင့် ...

"ဒိုင်း ... ဒိုင်း"

မေ့ဆေးသေနတ်ဖြင့် အလျင်အမြန် ပစ်ခတ်လိုက်သည်။ သို့သော် ထိုသူမှာ မေ့လဲမသွားဘဲ ဦးခိုင်မြတို့ထံသို့ တစ်လှမ်းချင်း လှမ်းလာခဲ့သည်။ နှစ်ယောက်ဝိုင်း၍ တိုက်ခိုက်သော်လည်း ....

"အား"

✿ ✿ ✿

[၄]

အချိန်မှာ ည ၉နာရီ။ အမှောင်ထုစိုးမိုးသည့်လမ်းဖြစ်၍ ကားမီးအလင်းရောင်ကို အားပြု၍ တရွေ့ရွေ့မောင်းနှင်လာသော ကားတစ်စီး။

"အစ်ကို သတိထားမောင်းနော်"

ထိုစဉ် ရုတ်တရက် ဖြတ်ပြေးလာသော လူတစ်ယောက်ကြောင့် ...

"တီ ... တီ ..."

"ဟာ ..."

"ကျွီ ..."

အချိန်မီ ဘရိတ်အုပ်လိုက်သော်လည်း မီးရောင်ရှေ့တွင် လူတစ်ယောက် လဲကျသွားလေသည်။

"အမလေး ... တိုက်မိသွားပြီထင်တယ် ... အစ်ကို ဘယ်လိုလုပ်ကြမလဲ"

"မျိုး ... ဒီမှာနေခဲ့။ ကိုယ် သွားကြည့်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ပက်လက်အနေအထားဖြင့် သေဆုံးနေသော ဒေါ်မြသီတာကို တွေ့ကြရသည်။

"ကျုပ်တို့ နောက်ကျသွားပြီ။ ဒီအဆောက်အဦထဲမှာ မရှိလောက်တော့ဘူး။ ဟောဟိုမှာ သူ အပေါ်ထပ်က အပြင်ကိုမထွက်ခင် လက်ဦးမှုယူမှုဖြစ်မယ်"

CCTV အခန်းထဲမှထွက်၍ အပေါ်ထပ်သို့ တက်လာခဲ့သည်။ ID ကတ်ဖြင့် တံခါးဖွင့်၍ အပြင်ထွက်ရန် ပြုလုပ်နေသည်ကို တွေ့လိုက်ရသည်နှင့် ...

"ဒိုင်း ... ဒိုင်း"

မေ့ဆေးသေနတ်ဖြင့် အလျင်အမြန် ပစ်ခတ်လိုက်သည်။ သို့သော် ထိုသူမှာ မေ့လဲမသွားဘဲ ဦးခိုင်မြတို့ထံသို့ တစ်လှမ်းချင်း လှမ်းလာခဲ့သည်။ နှစ်ယောက်ပိုင်း၍ တိုက်ခိုက်သော်လည်း ....

"အား"

✿ ✿ ✿

[၄]

အချိန်မှာ ည ၉နာရီ။ အမှောင်ထုစိုးမိုးသည့်လမ်းဖြစ်၍ ကားမီးအလင်းရောင်ကို အားပြု၍ တရွေ့ရွေ့မောင်းနှင်လာသော ကားတစ်စီး။

"အစ်ကို သတိထားမောင်းနော်"

ထိုစဉ် ရုတ်တရက် ဖြတ်ပြေးလာသော လူတစ်ယောက်ကြောင့် ...

"တီ ... တီ ..."

"ဟာ ..."

"ကျွီ ..."

အချိန်မီ ဘရိတ်အုပ်လိုက်သော်လည်း မီးရောင်ရှေ့တွင် လူတစ်ယောက် လဲကျသွားလေသည်။

"အမလေး ... တိုက်မိသွားပြီထင်တယ် ... အစ်ကို ဘယ်လိုလုပ်ကြမလဲ"

"မျိုး ... ဒီမှာနေခဲ့။ ကိုယ် သွားကြည့်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်စိတ်ဖြင့် လဲကျနေသူအနားသို့ တရွေ့ရွေ့တိုး၍ လှုပ်နိုးရန်ပြင် လိုက်စဉ် ရုတ်တရက် မိမိ၏လည်ပင်းကို အကိုက်ခံလိုက်ရသည်။ မျက်စိတမှိတ် လျှပ်တစ်ပြက်အတွင်း အဖြစ်အပျက်များကြောင့် ကားပေါ်တွင်ကျန်ခဲ့သည့် မိန် ကလေးမှာ ကြောက်အားလန့်အားဖြင့် ကားပေါ်မှ ဆင်းပြေးရန်ပြင်စဉ် ...

"အား ..."

စားပွဲပေါ်ရှိ သတင်းစာနှင့် ဂျာနယ်အချို့တို့ကို ကြည့်လိုက်သည်။

"ဟင် ... ဒီနေ့လည်း ပါလာပြန်ပြီ။ ဒီသတင်းက အခု ၁၀ ရက် အတွင်းမှာ ဆက်တိုက်၊ ဒါမမဟုတ် ရက်ခြားဆိုသလို ပါနေတယ်နော်"

"ဘာလဲ ... ရဲရဲ ဒီ သွေးစုပ်ဖုတ်ကောင်အကြောင်းကို သတင်းယူချ လို့လား"

ရဲရဲ တစ်ချက်ပြုံးလိုက်သည်။ သူမ၏အကြောင်းကို သိနေသည့် လုပ်ဖေ ကိုင်ဖက်များက မေးလိုက်သည်။ ဘွဲ့ရပြီးသည့်အချိန်မှစ၍ မီဒီယာလောက သို့ ဝင်ရောက်၍ သတင်းထောက်အလုပ်ကို လုပ်ကိုင်ခဲ့သည်။ အလုပ်လုပ်ရာတွ ဖွဲ့ရှိခြင်း၊ ဝီရိယရှိခြင်း၊ ရဲရင့်ခြင်း၊ အပင်ပန်းခံနိုင်ခြင်းတို့ကြောင့် ၎င်းဂျာနယ်တိုက တွင် မရှိမဖြစ် သတင်းထောက်တစ်ယောက်ဖြစ်သကဲ့သို့ မီဒီယာလောကတွ လည်း ထက်မြက်ရဲတင်းလွန်း၍ သူမ၏အမည်ရင်း မေမျိုးသွယ်ပျောက်၍ ရဲ ဟူ၍ပင် လူသိများလေသည်။

သူမ၏ ထူခြားချက်မှာလည်း ထူခြားသောအရာများ သူတစ်ပါးလိုက ရန် ခက်ခဲသောသတင်းများကို ပို၍ စိတ်ဝင်စားလေ့ရှိသည်။ ယခုအဖြစ်အပျ ကိုလည်း သူမကိုယ်တိုင် သတင်းယူ၍ မိမိတို့ဂျာနယ်တိုက်အတွက် သတင်း ချင်သည့် ဆန္ဒရှိနေလသည်။

"ယမင်း ... ငါတော့ ဒီကိစ္စကို အရမ်းစိတ်ဝင်စားတယ်။ ဒီအဖြစ်မှ ကို ငါကိုယ်တိုင် ဖော်ထုတ်ချင်တယ်"

"ဘာ ... ရဲရဲ နင်ပြောတာ ဘာအဓိပ္ပာယ်လဲ"

"ဟုတ်တယ် ... ငါ ဆုံးဖြတ်ချက်ချထားတယ် ယမင်း။ လူတွေ သွေးတွေ အစုပ်ခံရပြီး သေရတဲ့အဖြစ်မှန်ကို ငါ ဖော်ထုတ်ချင်တယ်ဟာ"

"အဓိပ္ပာယ်မရှိတာ။ ဘာလဲ နင်က ဒီအကြောင်းကို ဖော်ထုတ်နိုင် ဟီးရိုးသတင်းထောက် ဖြစ်ချင်တာလား။ ဒါ နောက်စရာကိစ္စ မဟုတ်ဘူးနော် နင် ဒါကိုဖော်ထုတ်မယ်ဆိုရင် ၈၀ ရာခိုင်နှုန်း သေမိန့်ကျပြီးသားပဲ"



www.burmeseclassic.com

www.burmeseclassic.com


ရဲရဲမှာ တစ်ချက်ပြုံးလိုက်ပြီး ...

"နင်ကလည်းဟာ ဘာလို့ မကောင်းတဲ့ဘက်ကပဲ တွေးရတာလဲ။ နိုင်ငံခြားက သွေးစုပ်ဖုတ်ကောင်ကားတွေ နင်မကြည့်ဖူးဘူးလား။ အဲဒီထဲမှာဆိုရင် သွေးစုပ်ဖုတ်ကောင်တွေက ချောချောလေးတွေ။ ပြီးတော့ မင်းသမီးနဲ့တွေ့ရင် ချစ်သူတွေဖြစ်သွားကြတယ်လေ။ ဘယ်လောက် စိတ်ဝင်စားဖို့ကောင်းလဲ။ ငါလည်း ဒီလိုမဖြစ်နိုင်ဘူးလို့ မပြောနိုင်ဘူးလေ"

ယမင်းခိုင် အရမ်းစိတ်ညစ်သွားရသည်။ ဆုံးဖြတ်ချက်ချပြီးလျှင် မပြင်တတ်သော ရဲရဲကိုကြည့်၍ စိတ်ပူရသည်။ ထို့ကြောင့် သူမအား တားမြစ်ရန် ပြောလိုက်သည်။

"ကောင်းပြီ ... နင်သာ ဒီကိစ္စကိုလုပ်ရင် နင့်မိဘတွေကို ငါကိုယ်တိုင်ပြောပြရလိမ့်မယ်"

"စိတ်မကောင်းပါဘူး သူငယ်ချင်း။ ငါ အခုသွားမယ့်ခရီးက အဲဒီမြို့ပဲ။ အကယ်၍ ငါ တစ်ခုခုဖြစ်သွားရင်လည်း ရက်လည်ဆွမ်းလေးတော့ သွတ်ပေးပါနော် သွားပြီ"

ယမင်းခိုင် တားချိန်ပင်မရလိုက်။ ကျောပိုးအိတ်လွယ်ကာ အခန်းထဲမှ ပြေးထွက်သွားသော မေမျိုးသွယ်၏ ကျောပြင်ကိုငေးကြည့်၍ ကျန်နေခဲ့လေသည်။

မိမိလာသည့်ခရီးမှာ အန္တရာယ်ရှိမှန်း မေမျိုးသွယ်သိပါသည်။ သို့သော် သူမ ထိုအရာများကို ဂရုမစိုက်ပေ။ အားလုံးအတွက်အကျိုးရှိ၍ မိမိသိချင်သည့် အရာအတွက်ဆိုလျှင် မိမိ၏ အသက်ကိုပင် ပေးရဲလေသည်။ ထို့ကြောင့်လည်း ယခုကဲ့သို့ အန္တရာယ်များလွန်းသည့်ခရီးကို မည်သူ့ကိုမှ မတိုင်ပင်ဘဲ သေတမ်းစာကဲ့သို့ အမှာစာရေး၍ ထွက်လာခဲ့သည်။

တည်းခိုခန်းထဲတွင် ပစ္စည်းများနေရာချ၍ အသံသွင်းစက်နှင့် ဗွီဒီယိုကင်မရာယူ၍ ထွက်လာခဲ့သည်။ ကောင်တာရှေ့အရောက်တွင် မန်နေဂျာမှ ..

"မိန်းကလေး ... ဘယ်သွားမလို့လဲ။ ဒီမြို့က ညဘက်အပြင်မထွက်ရဘူး"

သူ၏မျက်လုံးမှာမှာ နာရီဘက်သို့ကြည့်၍ ...

"ငါးနာရီထိုးနေပြီ။ သွားစရာရှိရင် မမှောင်ခင် ပြန်လာခဲ့ပါ။ ဒီမှာက ၆ နာရီခွဲတာနဲ့ အဝင်အထွက် လုပ်လို့မရတော့ဘူး။ ကျွန်တော်ပြောတာ နားလည်ပါတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ရဲရဲ ပခုံးတွန့်ပြ၍ တစ်ချက်ပြုံးလိုက်လေသည်။ ထို့နောက် အနီးအနား သို့ ဆိုင်ကယ်တစ်စီးငှား၍ လေ့လာခဲ့သည်။ အခန်းသို့ပြန်ရောက်သော် မိမိ အသံသွင်းခဲ့သည်ကို ပြန်ဖွင့်ရင်း လက်တော့ပ်ထဲတွင် စာစီနေလေသည်။

"ဒေါက် ... ဒေါက် .."

"ဘယ်သူလဲ"

"ကျွန်တော်ပါ မန်နေဂျာပါ"

ရဲရဲ အခန်းတံခါးဖွင့်၍ စကားလက်ခံပြောလိုက်သည်။

"အခန်းတံခါးတွေ သေသေချာချာ ပိတ်ထားဖို့ရယ် ဘာတွေပဲကြားကြား အပြင်လုံးဝမထွက်ဖို့ သတိလာပေးတာပါ။ မမေမျိုးသွယ်က ဒီနေ့မှရောက်လာတဲ့ ဧည့်သည်ဆိုတော့ ..."

ရဲရဲ လက်ကာပြလိုက်သည်။

"ကျွန်မသိပါတယ်။ တကယ်တော့ ကျွန်မ ဒီကိုရောက်လာတာ ဒီကိစ္စ ကို စုံစမ်းချင်လို့ပါ"

မန်နေဂျာ ဦးနေမျိုး မျက်လုံးပြူး၍ မေမျိုးသွယ်အား ထူးဆန်းစွာ ကြည့် လေသည်။ ဦးနေမျိုး၏ အကြည့်ကို နားလည်သဖြင့် ရဲရဲ အသံထွက်အောင်ပင် ရယ်လိုက်သည်။

"ကျွန်မက ရဲမဟုတ်ပါဘူး၊ သတင်းထောက်တစ်ယောက်ပါ။ နာမည် ကြီးချင်လို့ ဒီကိစ္စကို စုံစမ်းတာလည်း မဟုတ်ပါဘူး။ ကျွန်မကိုယ်တိုင်ကလည်း သိချင်တာရယ်၊ လူတွေရဲ့ အန္တရာယ်ကိုလည်း ကူညီပေးချင်တာရယ်ကြောင့် ကျွန်မ အသက်နဲ့ရင်းပြီး ဒီကို လာခဲ့တာပါ။ ဖြစ်နိုင်ရင် ဦးနေမျိုးသိသမျှ ကျွန်မကို ပြောပြ ပေးနိုင်မလား"

ထိုနေ့ညတွင် ဦးနေမျိုးပြောပြသည့် အကြောင်းများကို စဉ်းစားရင်း ညဉ့်နက်မှ အိပ်ရာဝင်ခဲ့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၅]

ညက အိပ်ရာဝင်နောက်ကျခဲ့သည့်အတွက် နံနက်ကိုးနာရီထိုးမှပင် အိပ်ရာနိုးခဲ့သည်။ တည်းခိုခန်းရှိ စားသောက်ဆိုင်တွင်ပင် နံနက်စာစားနေစဉ် မန်နေဂျာဦးနေမျိုး ရောက်လာခဲ့သည်။

"ညက လမ်းသွယ်သုံးမှာ ယောက်ျားလေးနှစ်ယောက် သေပြန်ပြီတဲ့"

စားနေသည့် ထမင်းလုတ်ပင် ပြုတ်ကျလုမတတ် ဖြစ်သွားရသည်။ ရေတစ်ခွက်ကို အမြန်မော့ချလိုက်သည်။

"ဒါ ဟိုလိုပဲ သေတာလား"

"ဟုတ်တယ် ... သွေးအစုပ်ခံရပြီး သေတာပဲ၊ မမေမျိုးအတွက် သတင်းတစ်ပုဒ် ထပ်ရတာပေါ့"

"အို ... အဲဒီလို မပြောပါနဲ့ရှင်။ ဒီလိုသတင်းမျိုးတော့ ကျွန်မ မလိုချင်ပါဘူး"

နံနက်စာစားပြီးသည်နှင့် ဆိုင်ကယ်ငှား၍ လမ်းသွယ်သုံးသို့ ထွက်လာခဲ့သည်။ သူမရောက်ချိန်တွင်တော့ မှုခင်းဖြစ်ထားသည့်နေရာတွင် အလောင်းများ မရှိတော့ချေ။ အနီးအနားမှ လူများကို သိလိုသည်များ စုံစမ်းခဲ့ပြီး ညနေငါးနာရီခန့်တွင် တည်းခိုခန်းသို့ ပြန်ရောက်ခဲ့သည်။ မြို့အနေအထားနှင့် ထိုသွေးစုပ်ကောင်ကြောင့် သေဆုံးခဲ့ရသည့် နေရာများသို့ သွားရောက်လေ့လာခဲ့သော်လည်း တိကျရေရာသည့် အဖြေကို မရရှိခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com


ထိုသွေးစုပ်ကောင်အားလည်း မည်သူမျှ မတွေ့ဖူးချေ။ သို့သော် သွေးစုပ်ကောင်အား တွေ့ချင်လျှင်တော့ သေချာသည့်နည်းလမ်းမှာ ညဘက် အပြင်ထွက်ရုံမှတစ်ပါး အခြားမရှိပေ။

"ဦးနေမျိုး ... ကျွန်မ တစ်ခုလောက်မေးချင်လို့"

"ဟုတ်ကဲ့ မေးပါ"

"ဒီအဖြစ်အပျက်တွေ စပြီးဖြစ်တဲ့ရက်ကို သိသလား"

"အင်း ... အတိအကျဆိုရင်တော့ ..."

မျက်မှောင်ကုတ်၍ လေးလေးနက်နက် စဉ်းစားလိုက်ပြီး ...

"ဟုတ်တယ် ... ညဘက် ခရီးကပြန်လာတဲ့ ကြင်စဦးမောင်နှံက စတာပဲ။ ဟုတ်တယ် ... အဲဒီရက်ကစတာ။ မနေ့ညကအထိဆိုရင် ၁၉ ရက်ရှိပြီ"

"သေချာရဲ့လား ... ဦးနေမျိုး။ တစ်ခုခုအမှတ်မှားတာ ဖြစ်နေဦးမယ်နော်"

ဦးနေမျိုးထံမှ အပြုံးတစ်ပွင့် တွေ့လိုက်ရသည်။ သေချာသည့် သဘောဖြစ်သည်။

"မသေချာမှာတော့ မပူနဲ့ဗျာ။ ပထမဆုံး ဇနီးမောင်နှံသေတာက မြို့ပြင်က လူပြတ်တဲ့လမ်းမှာလေ။ ထူးထူးဆန်းဆန်းသေတာဆိုတော့ အတိအကျကိုမှတ်မိနေတယ်။ ဒါ့အပြင် ညတိုင်းနီးပါးဆိုသလို ဆက်တိုက်ဖြစ်နေတာဆိုတော့ ..."

ထိုနေရာတွင်ပင် စကားကိုရပ်၍ မေမျိုးသွယ်အား နားခိုင်းတော့သည်။ ထိုနေ့ညတွင်တော့ တစ်နေ့လုံး ပင်ပန်းလာခဲ့သဖြင့် နှစ်ခြိုက်စွာ အိပ်ပျော်လေသည်။ လူနှစ်ယောက် ပြေးတက်လာသည်။ လူတစ်ယောက်မှ တံခါးဖွင့်ရန်ပြင်နေစဉ် ထိုလိုက်လာသော နှစ်ယောက်မှ သေနတ်ဖြင့် ပစ်လေသည်။

သို့သော် အပစ်ခံရသူမှာ ဘာမှမဖြစ်ဘဲ သေနတ်သမားနှစ်ဦးထံသို့ လျှောက်လာခဲ့သည်။ ထို့နောက်တွင် သေနတ်သမားနှစ်ဦး၏ လည်ပင်းရှိ သွေးများကို ဆာလောင်မွတ်သိပ်စွာဖြင့် ...

"အား ..."

မိမိ၏ နှလုံးခုန်သံကိုပင် ပြန်၍ကြားနေရသည်။ ဇောချွေးများဖြင့် စိုရွှဲနေသည်။

"ဟူး ..."


www.burmeseclassic.com

www.burmeseclassic.com


လေပူတစ်ချက်မှုတ်ထုတ်လိုက်ပြီး ရေတစ်ခွက်ကို သောက်လိုက်မှ ကြောက်ရွံ့စိတ်များ သက်သာသွားလေသည်။

"တော်ပါသေးရဲ့ ... ငါ အိပ်မက်မက်နေတာမို့လို့"

နာရီလက်တံမှာ ၁၀နာရီသို့ ညွှန်ပြနေသည်။

"အင်း ... ဒီနေ့တော့ နံနက်စာနဲ့ နေ့လယ်စာကို ပေါင်းစားရတော့မှာပဲ။ အိပ်မက်ကလည်း ကြောက်စရာကောင်းလိုက်တာ။ ငါ စိတ်စွဲလို့ မက်တာဖြစ်မှာပါ"

ဦးနေမျိုး၏ အကူအညီဖြင့် ဆိုင်ကယ်တစ်စီးငှား၍ မိမိကိုယ်တိုင်ပင် မောင်းနှင်ခဲ့သည်။ ပြဿနာများ စတင်ဖြစ်ပွားသည့် မြို့ပြင်ဘက်သို့ ထွက်ခွာခဲ့သည်။ တစ်နေရာသို့ရောက်သော် အော်သံကဲ့သို့ ကြားလိုက်ရ၍ ဆိုင်ကယ်ကိုရပ်လိုက်သည်။ အနီးအနားသို့ မျက်စိလျှင်လျှင်ဖြင့် ဝေ့ဝဲကြည့်လိုက်သည်။ မည်သည့် ထူးခြားချက်မှ မတွေ့၍ ဆိုင်ကယ်အား စက်နှိုးရန် ပြင်လိုက်စဉ် ...

"အစ်မ ... ဒီမှာ ဘာလုပ်နေတာလဲ။ ညနေတောင်စောင်းတော့မယ်"

အသံကြားရာဆီသို့ လှည့်ကြည့်လိုက်ရာ အသက် ၁၃ နှစ်အရွယ် ကလေး နှစ်ဦးကို တွေ့လိုက်ရသည်။

"ကလေးတို့ ... ဒီနားမှာ အိမ်တွေဘာတွေမရှိဘူးလား"

"ဒီနားမှာ ဘာအိမ်မှမရှိဘူး။ ဒါပေမဲ့ ထူးဆန်းတာတစ်ခုတော့ရှိတယ်"

မျှော်လင့်ချက်ဖြင့် ကလေးငယ်ပြောမည့်စကားကို ငံ့လင့်လျက်။

"ဟိုး ... ရှေ့နားက မြက်ရိုင်းကြီးတွေတွေ့လား။ အဲဒီဘက်မှာ ကား သွားထားသလို စွပ်ကြောင်းကြီးတစ်ခုကို တွေ့ခဲ့တယ်။ ကျွန်တော်တို့လည်း သိချင်ပေမဲ့ သွားမကြည့်ရဲဘူး။ တော်ကြာ သွေးစုပ်ကောင်ကြီးနဲ့တိုးရင် ပြေးပေါက် မှားနေဦးမယ်"

သူမမျက်ဝန်းတွင်း မျှော်လင့်ချက်ရောင်ခြည်ကြောင့် အရည်လဲ့လာသည်။ အံ့သြဝမ်းသာစွာဖြင့် တစ်ချက်တွေးလိုက်ပြီး ...

"ကဲ ... ကဲ ... ကောင်လေးတို့ မိုးချုပ်တော့မယ်။ ပြန်ကြတော့လေ။ မင်းတို့အိမ်က ဘယ်မှာလဲ"

"ကျွန်တော်တို့က ဟိုးရှေ့နားက ယာခင်းထဲမှာနေတာပါ။ တစ်နာရီလောက် လျှောက်လိုက်ရင် ရောက်ပါပြီ"


www.burmeseclassic.com

www.burmeseclassic.com



ကလေးငယ်များအား အမြန်သွားရန်မှာကြားပြီး မိမိလည်း တည်းခိုခန်းဆီသို့ ထွက်ခွာခဲ့သည်။ ထိုနေ့ညတွင်တော့ သူမ၏အစီအစဉ်ကို အကောင်အထည်ဖော်ရန် စောစောအိပ်ရာဝင်ခဲ့သည်။ ညက ကောင်းကောင်းအိပ်ရ၍ လန်းဆန်းနေသည်။ ဧည့်သည်စားသောက်ဆိုင်တွင် မန်နေဂျာဦးနေမျိုးနှင့်တွေ့သည်။

"ညက ဘာထူးသေးလဲ . . . ဦးနေမျိုး"

"အင်း . . . အသက် ၁၃ နှစ်အရွယ် ကလေးနှစ်ယောက် အသတ်ခံရတယ်ကြားတယ်"

"ဘယ် . . . ဘယ်နေရာမှာလဲ"

"မြို့ပြင်ဘက်မှာ"

ဘုရား . . . ဘုရား . . . မိမိနှင့်တွေ့ခဲ့သည့် ကလေးများ မဟုတ်စေရန် ဆုတောင်း၍ သုတ်ခြေတင်၍ ထွက်လာခဲ့သည်။

"မမေမျိုးသွယ် . . . Breakfast မစားတော့ဘူးလား"

ဦးနေမျိုး၏ အမေးစကားကိုပင် မဖြေနိုင်တော့ဘဲ ရဲစခန်းသို့ ထွက်လာခဲ့သည်။ သူမ၏ ဆုတောင်းမပြည့်ခဲ့ပါ။ သေဆုံးသည့် ကလေးနှစ်ယောက်မှာ မိမိနှင့်တွေ့ခဲ့သည့်ကလေးများ ဖြစ်နေလေသည်။

"ဒီကလေးနှစ်ယောက်ကို မမေမျိုးသွယ် သိလို့လား"

စခန်းမှူး၏ အမေးစကားကို လေးတွဲစွာ ခေါင်းညိတ်ပြလိုက်သည်။ သူမနှင့်ကလေးနှစ်ယောက် တွေ့ဆုံခဲ့သည့်အကြောင်းများကိုလည်း ပြောပြလိုက်သည်။

"ဆရာ . . . ဒီစခန်းရဲ့ ဖုန်းနံပါတ်ကို ကျွန်မ သိခွင့်ရှိမလား အရေးအကြောင်းဆို အကူအညီတောင်းရအောင်ပါ"

ထို့နောက် သေဆုံးသွားသည့် ကလေးနှစ်ဦး၏ အုပ်ထိန်းသူများအား တွေ့ဆုံ၍ အားပေးရင်း မိမိတတ်နိုင်သလောက် ကူညီခဲ့သည်။ ရဲစခန်းမှ ထွက်ခွာလာချိန်တွင် ခေါင်းများမူးဝေပြီး ရင်ထဲတွင် တလှပ်လှပ်ဖြစ်နေသဖြင့် . . .

"ဩ . . . ငါ မနက်စာတောင် မစားရသေးဘူးပဲ"

လမ်းတွင်တွေ့သော အနီးဆုံးဆိုင်တစ်ဆိုင်တွင် ထမင်းစားခဲ့သည်။

"အင်း . . . မနေ့ကသွားခဲ့တဲ့ နေရာက စွပ်ကြောင်းကြီးကို သွားကြည့်ရင် ကောင်းမယ်။ တစ်ခုခုတော့ ထူးခြားတာရှိလောက်မယ်"

ဆိုင်ကယ်အား ဆီအပြည့်ဖြည့်၍ မြို့ပြင်သို့ ထွက်လာခဲ့သည်။ စွပ်ကြောင်းကြီးသို့ ဖြည်းညှင်းစွာ မောင်းနှင်လာခဲ့သည်။ အစပိုင်းတွင် စွပ်ကြောင်းဖြစ်ရာ



www.burmeseclassic.com

www.burmeseclassic.com



မှ တဖြည်းဖြည်းနှင့် လမ်းမှာ ပို၍ပိုပြင်လာသည်။ အနီးအနားတွင် တောအုပ်ကဲ့သို့ သစ်ပင်များ ဝေဝေဆာဆာ ရှိလေသည်။ နာရီဝက်ခန့်ကြာသော် ခြံဝန်းကြီးတစ်ခု ကို တွေ့ရလေသည်။

"ဟင် ... ထူးဆန်းလိုက်တာ။ ဒီလိုနေရာမျိုးမှာ ဘယ်သူကများ ဆောက် ထားတာပါလိမ့်"

သတိကြီးစွာဖြင့် ဆိုင်ကယ်ပေါ်မှဆင်း၍ ခြံတံခါးဆီသို့ လျှောက်လာခဲ့ သည်။ ခြံဝန်းထဲတွင် တစ်ထပ်အိမ်ကြီးတစ်လုံး ဆောက်လုပ်ထားသည်ကို တွေ့ရ သည်။ ခြံအကျယ်မှာ ၅ကေခန့်ရှိလိမ့်မည်။ ခြံနှင့်အိမ်မှာ အတော်လှမ်း၍ အော်ခေါ် လျှင် ကြားနိုင်မည်မထင်။ ထို့ကြောင့် ခြံတံခါးနားရှိ ဂိတ်တဲသို့ ချဉ်းကပ်လာခဲ့သည်။

"အိမ်ရှင်တို့ ... လူရှိလား ..."

တစ်ဖက်မှ တုံ့ပြန်မည့်အသံကို စောင့်လိုက်သည်။ ထူးခြားမလာပေ။

"ဒီမှာရှင့် ... လူရှိလား။ ကျွန်မ အကူအညီလိုလို့ပါ"

မတုံ့ပြန်ပေ။ တံခါး၏သံတိုင်နားသို့ တိုးကပ်၍ ဂိတ်တဲဆီသို့ လှမ်း ကြည့်ရာ အဝင်ဝတွင် ခြေထောက်နှစ်ချောင်းကို တွေ့လိုက်ရသည်။ ရုတ်တရက် လေပြည်တစ်ချက် တိုက်ခတ်လိုက်သည်။ နှာခေါင်းထဲသို့ ပုပ်အက်အက်အနံ့ဆိုး ကြီး ဝင်လာခဲ့သည်။

"အမလေး ... နံလိုက်တာ"

လက်ဖြင့် အလျင်အမြန် အုပ်လိုက်ရသည်။ အနီးအနားရှိ ခဲလုံးဖြင့် ခြေထောက်ရှိရာသို့ ပေါက်လိုက်သည်။ လှုပ်ရှားလာခြင်း မရှိ။ ရဲရဲ စိတ်မရှည်တော့ ချေ။ ခြံတံခါးပေါ်သို့ ခက်ခက်ခဲခဲ တွယ်တက်ခဲ့ပြီး ခြံထဲသို့ ဝင်လာခဲ့သည်။

"ဒီလောက်ခေါ်နေတာတောင် မကြားဘူး ... တွေ့မယ်"

ထိုခြေထောက်နှစ်ချောင်းရှိသော ဂိတ်တဲသို့ အရောက်တွင် ...

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၆]

"အမလေး ... ဘုရား ... ဘုရား"

ပုပ်ပွနေသော လူသေလောင်းနှစ်ခု။ အနီးတွင်လည်း သေနတ်နှစ်လက်။ မိမိမြင်တွေ့နေရသမျှကို အားတင်း၍ မှတ်တမ်းတင်ရင်း အိမ်ကြီးဆီသို့ တရွေ့ရွေ့ ချဉ်းကပ်ခဲ့သည်။

"ဒီလူတွေက ဘာလို့ ဒီနေရာမှာ အိမ်ဆောက်ထားတာလဲ။ ခြံကလည်း အကျယ်ကြီး။ ပြီးတော့ လက်နက်ကိုင် အစောင့်တွေလည်း ရှိတယ်။ တစ်ခုခုတော့ တစ်ခုခုပဲ"

ဖြစ်နိုင်ချေများကို စဉ်းစားတွေးတောရင်း သတိကြီးကြီးဖြင့် အိမ်နားသို့ တရွေ့ရွေ့ တိုးကပ်လာခဲ့သည်။ အိမ်အပေါက်ဝတွင်လည်း အလောင်းတစ်ခု။ လိုအပ်သည်များကို မှတ်တမ်းတင်၍ အိမ်ထဲသို့ဝင်ရန် ပြင်လိုက်သည်။

သို့သော် တံခါးမှာ ဖွင့်၍မရပေ။ လူသေအလောင်းဘက်သို့ ကြည့်လိုက်ရာ ...

"ဟုတ်ပြီ ... သူ့လည်ပင်းနားမှာရှိတဲ့ ID ကတ်နဲ့ ဖွင့်ကြည့်ရမယ်"

"တီ ..."

အသံတစ်ခုထွက်ပေါ်ပြီး တံခါးပွင့်သွားလေသည်။ အခန်းထဲသို့ ဝင်လိုက်သည်နှင့် ...

"အား ..."

နောက်ထပ် အလောင်းနှစ်လောင်း။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေလဲ ဒီမှာ ဘာတွေဖြစ်ခဲ့တာလဲ။ ဒီမှာရှိတဲ့လူတွေအားလုံး ဘာလို့ သေနေကြတာလဲ"

စိတ်ကို တည်ငြိမ်အောင် စုစည်းလိုက်သည်။ တစ်အိမ်လုံးအနှံ့ လျှောက်ကြည့်မိသည်။ မည်သည့်ထူးခြားချက်မှ မတွေ့ရချေ။ ဧည့်ခန်း၊ မီးဖိုခန်း၊ အိပ်ခန်း၊ စာကြည့်ခန်း စသည့် ပုံမှန်အခန်းများသာ ရှိသည်။ IDကတ် ဖြင့်လည်း ဖွင့်စရာ မလိုပေ။

"ဝွိ ..."

"ဟင် ... ဗိုက်ဆာလိုက်တာ"

မီးဖိုခန်းထဲရှိ အစားအသောက်တချို့ကိုယူ၍ ဟာနေသည့်ဗိုက်ကို ဖြည့်တင်းလိုက်ရင်း နာရီကြည့်လိုက်ရာ ...

"ဟင် ... ခြောက်နာရီတောင် ထိုးနေပြီ။ ဒီအချိန်ရောက်နေပြီဆိုတော့ ပြန်လို့တော့ မဖြစ်တော့ဘူး။ ဒီအိမ်ကြီးထဲမှာပဲ နေရမလား။ ဘယ်လိုလုပ်ရပါ့မလဲ။ ဟုတ်သားပဲ။ စခန်းမှူးဆီကို ဖုန်းဆက်ရမယ်။ ဒီအိမ်အကြောင်းလည်း အသိပေးရမယ်။ ဟဲလို ... စခန်းမှူးလား ..."

"တီ ... ရှပ် ... ရှပ် ..."

"ဟုတ်ကဲ့ ... စခန်းမှူး အဲဒါဆိုရင် ဒါပဲနော်။ ကျွန်မ ဒီမှာ အသံတစ်ခု ကြားလိုက်လို့"

ဖုန်းအမြန်ချ၍ မီးဖိုခန်းထဲမှ လှမ်းကြည့်လိုက်စဉ် မြေအောက်ထဲမှ ထွက်လာသည့် လူတစ်ယောက်ကို တွေ့လိုက်ရသည်။

ထိုသူမှာ တစ်ကိုယ်လုံးသွေးမရှိသကဲ့သို့ ဖြူဖျော့နေသည်။ လမ်းလျှောက်ပုံမှာလည်း သွက်သွက်လက်လက်မရှိဘဲ ဖြည်းဖြည်းမှန်မှန်ဖြစ်သည်။ မျက်နှာအမူအယာမှာလည်း သာမန်လူနှင့်မတူဘဲ ကြောက်စရာကောင်းနေသည်။ ထိုသူမှာ နာခေါင်းတရှုံ့ရှုံ့ဖြင့် အနံ့ခံပြီး အိမ်ထဲမှ ထွက်သွားလေသည်။

ထိုသူထွက်သွားသည်နှင့် သူလာခဲ့သည့် မြေအောက်ထဲသို့ ဝင်ရောက်ခဲ့သည်။ စကြံလမ်းပေါ်တွင် လူသေအလောင်းများ ထပ်မံတွေ့ရှိရသည်။ တစ်နေရာတွင် နိုင်ငံခြားသားတစ်ယောက်နှင့် နောက်တစ်ယောက်၏ အလောင်းများကို တွေ့ရသည်။

ကြောက်စိတ်ကိုအားတင်း၍ တစ်ခန်းဝင်တစ်ခန်းထွက်၍ ကြည့်လေရာ ဤအထပ်တွင် အိပ်ခန်း၊ Meeting ခန်း၊ CCTV ခန်းနှင့် စားသောက်ခန်းများရှိသည်။ CCTV အခန်းထဲတွင်လည်း အမျိုးသမီးတစ်ဦး၏အလောင်းကို တွေ့ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလူတွေဟာ သာမန်တော့ မဖြစ်နိုင်ဘူး။ အစည်းအဝေးခန်းတွေ၊ CCTVအခန်းတွေ ပြီးတော့ အခန်းတံခါးတွေက ရှီးရှီးလော့(ခ်)ချတဲ့ အခန်းတွေ မဟုတ်ဘူးဆိုတော့ ထို့အပြင် နောက်ထပ် မြေအောက်ခန်းတစ်ခုကိုပါ တွေ့ရပြန်သည်။

ဤအထပ်တွင်လည်း သေနတ်ကိုင် ငါးဦးခန့်သေဆုံးနေသည်။ ဤအထပ်တွင်တော့ ကုဒ်နံပါတ်ဖြင့်သာ ဖွင့်၍ရသော အခန်းနှစ်ခန်းရှိလေသည်။ အချိန်တော်တော်ကြာ ကြိုးစား၍ ဖွင့်သော်လည်း မထူးခြားပေ။

တစ်နေ့လုံး ပင်ပန်းသည်ကတစ်ကြောင်း၊ လူသေများ၏ အပုပ်နံ့ကြောင့်တစ်ကြောင်း၊ အချိန်မှာ ၁၁ နာရီပင် ထိုးနေပြီဖြစ်၍ အပေါ်ဆုံးထပ်သို့ ပြန်တက်လာခဲ့လိုက်သည်။ အိပ်ခန်းတစ်ခန်းသို့ဝင်၍ ခဏအနားယူခိုက်၊ စခန်းမှူးထံသို့ ထပ်မံ၍ ဖုန်းဆက်လိုက်သည်။

"ဟုတ်ကဲ့ . . . ကျွန်တော် သဘောပေါက်ပါပြီ။ အရေးကြီးဆုံးက လုံခြုံတဲ့အခန်းထဲမှာ နေနေပါ မမျိုးသွယ်။ ကျွန်တော်တို့ မနက် စောနိုင်သမျှစောစော အဲဒီကိုလာခဲ့ပါ့မယ်။ ကျွန်တော် ထပ်ပြောပါမယ်။ သတိ လုံးဝမပျက်ပါစေနဲ့ . . . မမျိုးသွယ်"

ယနေ့ညနေ တွေ့ခဲ့သည်များကို ဓာတ်ပုံများပြန်ကြည့်ရင်း အသံသွင်းရင်း မှေးခနဲ အိပ်ပျော်သွားခဲ့သည်။

"အား . . ."

အိပ်မက်ဆိုးများမက်သဖြင့် မောဟိုက်ပင်ပန်းစွာ နိုးထလာခဲ့သည်။ အချိန်မှာ နံနက်သုံးနာရီပင် ထိုးနေလေပြီ။ ဘေစင်ရှိရာသို့သွားပြီး မျက်နှာသစ်လိုက်သည်။ အခန်းထဲမှ ပြန်အထွက်တွင် ညက မြေအောက်ခန်းထဲမှ ထွက်လာသောသူမှာ ပြန်ရောက်လာပြီး သူနှင့် ပက်ပင်းတိုးလေသည်။ သူမကိုတွေ့သည်နှင့် ချာခနဲလှည့်၍ အနားသို့ တိုးလာလေသည်။

"ရှင် . . . ရှင် . . . ဘယ်သူလဲ။ ဒီ . . . ဒီမှာနေတာလား။ ဒီမှာ ဘာတွေဖြစ်နေတာလဲ"

သူမ၏ အမေးကို မည်သည့်တုံ့ပြန်မှုမှ မပြဘဲ အနားသို့သာ တိုးကပ်လာခဲ့သည်။ မျက်လုံးများတောက်ပစွာဖြင့် အမဲကောင်တွေ့သော ခြင်္သေ့ကဲ့သို့ မလွတ်တမ်း စိုက်ကြည့်နေလေသည်။ ပုံမှန်မဟုတ်သည်ကို မမျိုးသွယ် သိလိုက်သည်။ ID ကတ်ကိုယူ၍ အခန်းထဲမှပတ်၍ ပြေးထွက်ခဲ့သည်။ တံခါးထွက်ပေါက်မှ ကြို၍စောင့်နေသဖြင့် မြေအောက်ခန်းထဲသို့ ပြေးထွက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက် ... ဒေါက် ... ဒေါက် ..."

တံခါးပွင့်နေသော ခန်းထဲတွင် မေမျိုးသွယ် အသက်ပင်ပြင်းပြင်း မရှူရဲချေ။ ခြေနင်းသံတစ်ချက် ကြားလိုက်တိုင်း အသည်းပြုတ်ကျမတတ် ကြောက်ရွံ့နေမိသည်။

"ဒေါက် ... ဒေါက် ..."

မိမိအခန်းကို ကျော်သွားသည့် အသံကြားမှပင် အသက်ရှူနိုင်တော့သည်။

"တီ ... တီ ... တီ ..."

"အမယ်လေး ..."

ရုတ်တရက် ထွက်ပေါ်လာသော ဖုန်းသံကြောင့် လန့်၍အော်မိသည်။

"ကျွဲ ..."

"ဟဲလို"

ဖုန်းကိုင်လိုက်သည့်အချိန် အခန်းထဲသို့ ထိုသူ ဝင်လာခဲ့သည်။

"ဟဲလို မမေမျိုးသွယ် ဟဲလို ... ဟဲလို ..."

"အား ..."

✿ ✿ ✿

[၇]

နံနက် ၆ နာရီ။

"အားလုံး သတိထားကြပါ။ ဒီထဲမှာ တရားခံ ရှိနေနိုင်သေးတယ်"

အိမ်ပတ်လည်တွင် ရဲများ နေရာယူလျက်ရှိသည်။ မေမျိုးသွယ်၏ ပြောပြချက်အရ အိမ်တွင်းအနေအထားကို နားလည်ပြီးဖြစ်သည်။ တရားခံကို ဖမ်းမိရေးနှင့် မေမျိုးသွယ်အား ကယ်ဆယ်နိုင်ရန် လျင်မြန်စွာ လှုပ်ရှားနေကြသည့်ရဲများ။ Meeting room ထဲတွင် မေမျိုးသွယ်၏အလောင်းကို တွေ့လိုက်ရသည်။

အခန်းတစ်နေရာတွင်ရှိနေသော လူတစ်ယောက်။ ရဲများဝင်လာသည်နှင့် ထိုသူမှာ လှုပ်ရှားလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့လူ ... အခုရပ်လိုက်ပါ"

မကြားလေလား၊ ဂရုမပြုသည်လား၊ ဆက်၍လျှောက်နေဆဲ။

"ရပ်လို့ပြောနေတယ်လေ မရပ်ရင် ကျုပ်တို့ ပစ်ရလိမ့်မယ်"

ခြေလှမ်းများ ရပ်တန့်ခြင်းမရှိ။

"ဒိုင်း ..."

"ဟာ ... ဟင်"

အာမေဋိတ်သံများနှင့်အတူ အံ့သြ၍ ပါးစပ်အဟောင်းသား ဖြစ်ကုန်ကြရသည်။ သေနတ်သံများ အဆက်မပြတ် ထွက်ပေါ်လာသော်လည်း တစ်စုံတစ်ရာ ထူးခြားမှုမရှိပေ။

"ဆရာ ... ကျွန်တော်တို့ ဘယ်လိုလုပ်ရမလဲ"

"အားလုံး စိတ်ကို တည်ငြိမ်အောင်ထားပါ။ သူ့ရဲ့ ခန္ဓာကိုယ်အနံ့ကို ပစ်ပါ"

တဖြည်းဖြည်း နောက်ဆုတ်၍ပစ်နေသော ရဲများ၊ မည်သည့်ဒဏ်ရာမှ မရှိဘဲ ရှေ့သို့ဆက်လက်တိုးနေသော ထိုသူ။

"ဒိုင်း ..."

"ဒုတ်"

"ဟာ ... ဟင်"

ကျည်ဆန်တစ်တောင့် ဦးခေါင်းထဲသို့ ဝင်သွားသည်နှင့် ထိုသူမှ ကြမ်းပြင်ပေါ်သို့ လဲကျပြီး အရည်ပျော်၍ အရိုးများသာ ရှိတော့လေသည်။ အရာအားလုံး ပြီးဆုံးသွားလေပြီ။ လူ့အသက်များစွာကို ဒုက္ခပေးနေသော သွေးစုပ်ကောင်မှာ ဦးခေါင်းကိုပစ်လိုက်ရုံဖြင့် ပျောက်ဆုံးသွားရလေတော့သည်။

"ဆရာ ... အောက်ဆုံးထပ်က အခန်းနှစ်ခန်းက ကုတ်နံပါတ်နဲ့ ဖွင့်မှရမှာပါ။ ကျွန်တော်တို့ ဘာဆက်လုပ်ရမလဲ"

ပွင့်သွားသော ပထမတစ်ခန်းတွင် အုန်းသီး၊ ငှက်ပျောသီးများ ပြန့်ကျဲနေသော ကြားထဲတွင် ယောဂီရောင်ဝတ်စုံဖြင့် သေဆုံးနေသော သူတစ်ဦးကို တွေ့ရလေသည်။ ကျန်တစ်ခန်းတွင်တော့ ဆေးဝါးပစ္စည်းများနှင့် လူတစ်ဦးကို တွေ့ရှိရလေသည်။ ထိုသူမှာ မိုးကျော်ပင်ဖြစ်သည်။

"အဖြစ်အပျက်ကတော့ ဒါပါပဲ ဆရာ။ ကျွန်တော် အခုပုန်းနေတဲ့ ဆေးသိုလှောင်ခန်းနဲ့ ကျွန်တော့်ဆရာသေနေတဲ့ စမ်းသပ်ခန်းတွေက ဆရာတို့ခြေရာဦး



www.burmeseclassic.com

www.burmeseclassic.com



ပဲ ကုဒ်နံပါတ်ကိုသိပြီး ဝင်ခွင့်ရှိတဲ့ အခန်းနှစ်ခန်းပါ။ ဆရာက ကျွန်တော့်ကို ပြော ပြထားတဲ့အတွက် ဒီ အသက်သွင်းထားတဲ့သူနဲ့လည်း ထိပ်တိုက်တွေ့ရော ကျွန်တော် လည်း ကြောက်ကြောက်လန့်လန့်နဲ့ အဲဒီအခန်းထဲ ဝင်ပုန်းနေခဲ့တာပါ"

မိုးကျော်ပြောပြ၍ အဖြစ်အပျက်အားလုံးကို နားလည်သွားတော့သည်။ ထိုနေ့မှစ၍ ဤမြို့ရှိ လူများအားလုံးမှာ ငြိမ်းအေးစွာ နေထိုင်ကြရလေသည်။ ညဘက်တွင်လည်း ကား၊ ဆိုင်ကယ်၊ လမ်းသွားလမ်းလာများဖြင့် ပြန်လည်၍ အသက်ဝင်နေလေသည်။

ဤအဖြစ်အပျက်ကြီးတစ်ခုလုံးကို ဖော်ထုတ်ပေးနိုင်ခဲ့သည့်လူကတော့ မေမျိုးသွယ်ပင်။ တိုင်းပြည်နှင့် လူမျိုးအတွက် အသက်ကိုပေးလှူရရှိသည့် မေမျိုးသွယ် အားလည်း ကျေးဇူးတင်နေကြမည်မှာ မလွဲကေန်ပင်။

"အင်း ... တကယ်တော့ ဒီအဖြစ်အပျက်တွေဟာ သဘာဝတရားကို လွန်ဆန်ပြီး လောဘရမ္မက်ကြီးတဲ့သူတချို့ကြောင့်ပဲ ကံကံရဲ့အကျိုးကို မယုံဘဲ ကိုယ့်စိတ်ကူးထဲကအတိုင်း ကိုယ်စေလိုရာကို စေခိုင်းလို့ရမယ်ထင်တဲ့ လူတွေ ကြောင့် လူပေါင်းများစွာ စိုးရိမ်သောကတွေနဲ့ အသက်ဆုံးရှုံးခဲ့ရတယ်။ ကိုယ့်ကိုယ် ကိုယ် ဖန်ဆင်းရှင်လို့ အထင်ကြီးပြီး မဆင်မခြင်ပြုမူတတ်တဲ့လူသားတွေ မရှိပါ စေတော့နဲ့ သဘာဝတရားရဲ့အောက်မှာ ငြိမ်းချမ်းစွာ နေထိုင်နိုင်ကြပါစေ"

စခန်းမှူး ဦးဇော်နိုင်၏စိတ်ထဲတွင် အဖြစ်အပျက်များကို မနေ့တစ်နေ့ ကလို မြင်ယောင်ရင်း နက်နက်နဲနဲ ဆုတောင်းနေမိတော့သည်။

နှောင်းဓေ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

မြိုင်သာမြို့လေးမှာ ကိုဖိုးသီးဆိုသော အသက်သုံးဆယ့်ငါးနှစ် အရွယ် လူတစ်ယောက်ရှိ၏။ အလုပ်အကိုင်ကတော့ အစုံလုပ်၏။ ဟိုဟာ နည်းနည်းလုပ်၊ ဒီဟာနည်းနည်းလုပ်နှင့် ဘာမဆို မတောက်တစ်ခေါက် လုပ်တတ်၏။ ဟိုစပ်စပ်၊ ဒီစပ်စပ်တတ်သောလူစား။ ဘာတစ်ခုမှလည်း ကျွမ်းကျွမ်းကျင်ကျင်မတတ်။ ပန်းချီ ဆရာလည်း လုပ်ဖူး၏။ ဓာတ်ပုံဆရာလည်း ဝင်လုပ်၏။ လက်သမား၊ ပန်းရံဆရာ လည်း လုပ်တာပင်။ ဆိုက်ကားလည်း နင်းဖူး၏။ ကားစပါယ်ယာလည်း လိုက်ဖူး၏။ မတာလုံးလည်း ဝင်ကန်တာ ပုံမဟုတ်၊ ပတ်မအုတ် ဆုရဖူး၏။ ဘာမဆို သူမ တတ်တာမရှိ၊ သူမသိတာမရှိဆိုတာမျိုးလည်း သိပ်လုပ်ချင်၏။

အမည်ရင်း ကိုဖိုးသီးအစား ကိုဖိုးသိလို့ လူတွေက နောက်ပြောင်ခေါ်ကြ၏။ တစ်နေ့မှာတော့ ကိုဖိုးသိတစ်ယောက် မြို့ကပျောက်သွား၏။ သူ့မိန်းမ မယ် ယဉ်ကျေးက ငွေတိုးပေးချပြီး အိမ်ဆိုင်လေးဖွင့်စားနေ၏။ ဖိုးသိက သူမ၏လင်ဆို ပေမဲ့ ယောင်ခြောက်ဆယ်လင်ကို အားမကိုး။ ပေယျာလကံပြုထား၏၊ ကိုဖိုးသီး တစ်ယောက် တစ်နှစ်လောက်ပျောက်သွားပြီး မြို့ကို ပြန်ရောက်လာ၏။ ယခင်လို ပျိုပျက်ပျက်အထာမျိုးမဟုတ်တော့။ လေးလေးနက်နက်နှင့် သမ္မာအထာ၊ ဆရာ အထာပုံမျိုး ဖြစ်လာ၏။ တစ်နေ့ ဈေးထိပ်မှာ မုန့်ဟင်းခါးရောင်းသော ဒေါ်ပုရော့



www.burmeseclassic.com

www.burmeseclassic.com


သမီး မိစုရဲ့ဗိုက်ကားကားကြီးကို စိုက်ကြည့်နေ၏။ မိစုက မောင်ချစ်ရဲ့မယား။ မောင်ချစ်က ဥပဒေနှင့်လက်တစ်လုံးခြား လုပ်ကိုင်စားသောက်နေ၏။ မိစုက ..

"ကိုဖိုးသိ ... ကျုပ်မှာ ယောကျ်ားနဲ့ ကိုယ်ဝန်ကြီးကလည်း မဆန့်မပြဲ၊ မကြာခင်မွေးတော့မှာ၊ တော်ဘယ့်နှယ်ကြောင့် ကျုပ်ကို ပြုံးပြုံးကြည့်နေရတာလဲ"

"နင့်ကို ပြစ်မှားချင်လို့ ကြည့်တာမဟုတ်ဘူး။ နင့်ဗိုက်ထဲက အမြွှာပူး မွေးမှာဟ"

ဘေးနားက မုန့်ဟင်းခါးစားနေသူတွေ အာရုံပြုမိသွား၏။ ဒေါ်ပုစုက အစ အကဲခတ်ပြီး နားထောင်နေ၏။

"တော်က နတ်မျက်စိရထားလို့လား"

"နင် အမြွှာပူးမွေးမယ်"

"ယောကျ်ားလေးလား၊ မိန်းကလေးလား"

"နှစ်မျိုးလုံးပဲ ယောကျ်ားချည်းမဟုတ်သလို မိန်းမချည်းလည်း မဟုတ်ဘူး။ စုံတွဲမောင်နှမ၊ အင်း ... ယောကျ်ားလေးက အရင်မွေးလိမ့်မယ်"

"တော်က ဘယ့်နှယ်ကြောင့် အကုန်သိနေရတာလဲ"

"ငါက အင်္ဂလိပ်လက္ခဏာကြည့်တဲ့အတတ်နဲ့ ဂမ္ဘီရအမြင်ဓာတ်တစ်မျိုးကို သွားသင်လာတာ။ ငါပြောတဲ့အတိုင်း မမွေးလာဘူးဆိုရင် လမ်းတွေ့တိုင်း ငါ့ကို ဆဲလွှတ်ဟာ၊ အေး ... ဖြစ်လာရင်တော့ ငါ့ကို လမ်းတွေ့တိုင်း ဆရာကိုဖိုးသိလို့ ခေါ်ရမယ်၊ ဘယ့်နှယ်လဲ ..."

မိစုက လက်ခုပ်လက်ဝါးတီးပြီး ...

"စိန်လိုက်ပြီ ... အားလုံးက ယောကျ်ားလေးခပ်ထွားထွား မွေးမယ်ချည်းပဲ ပြောထားတာတော့"

"ဒီနားကလူတွေ သက်သေရှိတယ်၊ ငါပြောတာ မှန်,မမှန် စောင့်ကြည့်ပေါ့။ နင် ဒီရက်ပိုင်းအတွင်း မွေးလိမ့်မယ်"

ကိုဖိုးသိက တတ်ယောင်ကားနှင့် ဖြီးလိုက်သွားသည်ထင်၍ မိန်းမယောကျ်ားတွေ အတင်းကြိတ်ပြောပြီး ဟားကျန်ရစ်၏။ ကိုဖိုးသိကတော့ ယုံကြည်မှုနဲ့ သူ့ခြေလှမ်းတွေအတိုင်း ဆက်လျှောက်သွားနေ၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

"ဟယ် . . . မွေးပြီးတော့ . . . ယောကျ်ားလေး . . . ယောကျ်ားလေး"

"အေးဟဲ့ . . . အားတင်းထား မိစု၊ မွေးနေပြီဟဲ့ . . ."

မိစု မွေးလိုက်တာ ကိုဖိုးသိကြိုပြောလိုက်သလို ယောကျ်ားလေးက အရင်မွေး၊ နောက်က မိန်းကလေးမွေး၊ အမြွှာမောင်နှမဖြစ်နေပါရော။ အဲဒီသတင်းဟာ တောမီးပမာ ပျံ့နှံ့သွားပါလေရောလား။ မုန့်ဟင်းခါးဆိုင်မှာ လာစားကြသူတွေက ကိုဖိုးသိဟောတာ မှန်တယ်။ ဗိုက်ကိုကြည့်ပြီး အတတ်ဟောတာတော့။

"အယ်ထရာဆောင်းရိုက်ကြည့်တာတောင် ယောကျ်ားလေးတစ်ယောက်တည်း မွေးမယ်တဲ့။ ဘယ့်နှယ်ဖြစ်ရပါလိမ့် . . ."

"တစ်ယောက်နဲ့တစ်ယောက်ကွယ် ထပ်နေလို့နေမှာပေါ့ဟ"

ဘာပဲပြောပြော ကိုဖိုးသိ နာမည်ချက်ချင်းကြီးသွားတယ်။ ကိုဖိုးသိကို ဖြုသွားကြပြီ။ ဒါပေမဲ့ မယုံမရဲဘဲ ကိုဖိုးသိရဲ့အိမ်နီးချင်း မိမွေးရဲ့ကိုယ်ဝန်မွေးဖွားခါနီးကိုလည်း အတပ်ဟောလိုက်တာ ကွက်တိမှန်ပြန်တယ်။

ပစ္စည်းပျောက်တာတွေ လာမေးတော့လည်း ဟောလိုက်တာ မှန်ပြန်တာပဲ။ တချို့က ဗေဒင်အမှတ်နဲ့ လာကြည့်တယ်။

"ငါက အင်္ဂါရုပ်လက္ခဏာကြည့်ဟောတာ၊ ခြေလက္ခဏာ၊ လက်လက္ခဏာဖတ်တာ ရှေးတုန်းကပုဏ္ဏားအတတ်ပေါ့။ ယတြာမပေးဘူး၊ ဘာဖြစ်နိုင်တယ်ဆိုတာ ကြိုဟောထားရင် ကိုယ့်ဘာသာသတိထားပြီး ကြည့်ရှောင်ပေါ့။ ငါတို့က



www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန် ကြက်သားစားရမယ်လို့ဟောထားရင် နင်တို့က မစားဘူး။ ငါးသလောက် ပေါင်းပြောင်းစားမယ်ဆိုပြီး အတင်းပြောင်းစားလည်း ရတာပဲ။ နင်တို့ဘာသာ ပြောင်းစားပြီး ငါတို့ဟောတာ မမှန်ဘူးမလုပ်နဲ့။ ငါတို့ဟောတဲ့အတိုင်း ကြက်သား စားရမယ့် အခွင့်အရေးတွေ ပေါ်လာမယ်။ နင်တို့က ငြင်းပယ်ပြီးစားတာတော့ ဘယ်တတ်နိုင်မလဲ။ ဟောချက်မမှန်ဘူးလို့ မပြောသင့်ဘူးပေါ့။

ကိုဖိုးသိတစ်ယောက် ရပ်ကွက်ထဲကနေ ဟောလိုက်တာ အကုန်နီးပါး မှန်လို့ ဆရာတစ်ဆူအနေနဲ့ အိမ်ရှေ့မှာ ဟောခန်းဖွင့်စားရတော့တယ်။ သဒ္ဓါရှကြေး၊ စေတနာကြေးပဲ ယူပါတယ်။ ကိုဖိုးသိမိန်းမဆိုတာ ပြုံးပျော်လို့။ ကိုဖိုးသိရဲ့ အရွယ် ရောက်လာတဲ့ သမီးဆိုတာ သူ့အဖေအရှိန်အဝါနဲ့ မျက်နှာပွင့်လန်းလို့။

တချို့မိန်းကလေးတွေက သူတို့နဲ့ယူမယ့်လူရဲ့ ဓာတ်ပုံကို ယူလာပြကြ တယ်။ အိမ်ထောင်ထူထောင်ရင် ကောင်းမကောင်းပေါ့။ ကိုဖိုးသိကတော့ အင်္ဂါရပ်နဲ့ ခွဲခြားပြီး ဟောထည့်လိုက်တာပဲ။ ယူသင့်တဲ့သူယူတော့ စီးပွားဖြစ် အဆင်ပြေကြ တယ်။ မယူသင့်တဲ့သူတွေယူတော့ ဘာကြောင့်လဲ၊ ကွဲကြပြကြကုန်ပါလေရော။

စီးပွားရေးစပ်တူလုပ်ဖို့ လုပ်မယ့်လူတွေရဲ့ ဓာတ်ပုံတွေလာပြကြ၊ မသိ မသာနဲ့ လူခေါ်လာပြကြ လုပ်ကြတယ်။ ကိုဖိုးသိက ဟောပေးလိုက်တာပဲ ... မှန်တယ်ဗျာ ...။

လူတစ်ယောက်ရဲ့ ဦးခေါင်းလက္ခဏာ၊ နားရွက်လက္ခဏာ၊ မျက်စိ၊ နှာခေါင်း၊ လျှာ၊ သွား၊ နှုတ်ခမ်းလက္ခဏာတွေကိုကြည့်ပြီး ဟောတယ်။

ယောကျ်ားဆိုရင် လက်ဝါးအကြွမ်း၊ အနု၊ လက်မောင်းလက်ရုံး၊ နံရိုး၊ ခါး၊ လိင်အင်္ဂါအစ ဘယ်သို့ရှိသည်ဆိုတာကို အပီအပြင်ဟောတတ်သေး၏။

ပြီးလျှင် ... အာဘောင်အာရင်းသန်သန်ဖြင့် ...

ပုရိသယောကျ်ားလက္ခဏာ လေးမျိုးရှိတယ်ဗျ။ မှတ်ထား ... သသ ယောကျ်ား၊ ဖြဟ္မဏယောကျ်ား၊ မိဿယောကျ်ား၊ အသွယောကျ်ားတဲ့။ နံပါတ် (၁) သသယောကျ်ားဆိုတာ အနံ့အဆင်းက ပန်းနဲ့ ရေနံ့လိုမျိုး ရှိတယ်။ အသား နီတယ်၊ လက်ဖဝါး၊ ခြေဖဝါးနူးညံ့တယ်၊ လက်ညှိုးရှည်တယ်။ သလုံးသားလုံး တယ်၊ မျက်မှောင်နက်တယ်၊ မေးကြီးပြီး ရင်ဘတ်ကျယ်တယ်။ ခါးသေးပြီး ချက် နက်တယ်။ လိင်အင်္ဂါက ငါးသစ်ရှည်တယ်။ နံပါတ် (၂) ဖြဟ္မဏယောကျ်ားက တော့ ရေပတ်အနံ့ကိုယ်နံ့ရှိတယ်။ အသားဖြူတယ်၊ မျက်နှာကြီးတယ်၊ လက်ရုံး ကြီးတယ်၊ လိင်ခြောက်သစ်ရှည်တယ်။ နံပါတ် (၃) မိဿယောကျ်ားကြတော့ အန



www.burmeseclassic.com

www.burmeseclassic.com



က ကျင်ငယ်နှံ့ရှိတယ်။ အဆင်းက ရွှေတယ်။ နှာခေါင်းရှည်တယ်၊ လက်ရုံးဖြိုးတယ်၊ လိင်ကိုးသစ်ရှည်တယ်။ နံပါတ် (၄) အသွာယောက်ျားကြတော့ ငါးညီနှံ့ထွက်တယ်။ အဆင်းမည်းတယ်၊ လည်တိုတယ်၊ ရင်ဘတ်မှာ အကြောပြိုင်းပြိုင်းထတယ်။ လိင်အင်္ဂါဆယ်သစ်ထိ ရှိတယ်တဲ့။ ဒါတွေကို တိုက်စစ်ကြည့်ရင် ကိုယ်ဘယ်အမျိုးအစားထဲပါသလဲဆိုတာ သိရတာပေါ့။ ကိုကျွဲကြီးကတော့ နံပါတ် (၄) အုပ်စုထဲမှာ ကျိန်းသေတယ်''

''ဆရာကိုဖိုးသိကလည်း ကျုပ်လိုနောက်ကောင်တွေ ရှိပါသေးတယ်။ မိစုယောက်ျား မောင်ချစ်ရယ်၊ ဆိုကရေးတီး မျက်နှာပေါက်နဲ့ သံဂဟောဆော်တဲ့ ဝင်းနိုင်ရယ်၊ ဆုံအိုးကြီးရဲ့ ယောကျ်ားပွားလေးရယ်လေ၊ ဒီကောင်တွေလည်း စံချိန်မှီတွေပဲ ... ဟဲ ... ဟဲ ... ဟဲ ... ဟဲ''

လက်ဖက်ရည်ဆိုင်မှာဆိုရင် ကိုဖိုးသိက အားလုံးတကာရဲ့ ဆရာကြီးဖြစ်နေတော့ အာပေါင်အာရင်းသန်သန်နဲ့ တတ်သလောက်မှတ်သလောက် ဗဟုသုတလေးတွေလည်း ကြားညှပ်ပြောတတ်သေးရဲ့။

''ဆိုကရေးတီးဆိုတာ ဂရိတွေးခေါ်ပညာရှင်ကြီးပဲ ကိုယ်ကျင့်တရားကောင်းပြီး စိတ်စေတနာကောင်းတယ်။ လူတွေရဲ့ ရှေ့ဆောင်လမ်းပြပုဂ္ဂိုလ်ပေါ့။ အဲဒီခေတ်ကပေါ့လေ အဲ့ဒါကို ကျုပ်တို့လိုင်းက ဝါရင့်ဘိုးဘေးဘီဘင် ဆရာ့ဆရာကြီးတွေက ဆိုကရေးတီးရဲ့ ရုပ်လက္ခဏာကိုဖတ်ကြည့်ပြီး ကြမ်းတမ်းခက်ထန်ပြီး ရာဂဘီလူး တဏှာကျူးမယ့်လူစားမျိုး။ ဒါပေမဲ့ ... ဒီပုဂ္ဂိုလ်ကို ကောင်းနေပါလားဆိုတော့၊ ဆိုကရေးတီးက ဟုတ်တယ်တဲ့။ မကောင်းတဲ့စိတ်တွေကို အတင်းချိုးနှိမ်ပြီး ကောင်းတဲ့စိတ်တွေ အစဉ်မွေးထားရတာတဲ့။ အဲ့လိုမှ စိတ်နဲ့ကိုယ်ကျင့်တရားကို မစောင့်ထိန်းဘူးဆိုရင် သင်ပြောသလိုဖြစ်လာမှာ မလွဲကေန်ပဲတဲ့ဗျာ''

လူတွေကလည်း ငြိမ်ပြီး နားထောင်နေကြ၏။ တချို့ ကြည့်မရတဲ့သူတွေလည်း ရှိရဲ့။ အချို့လူတွေကတော့ ...

''ထီဂဏန်းဟောပေးပါ၊ နှစ်လုံးသုံးလုံးဂဏန်းပေးပေါ့။ နေ့ချင်းညချင်းကြီးပွားချမ်းသာသွားဦးမယ်''

''ဟာ ... ဥပဒေနဲ့မလွတ်ကင်းတော့ ပေးလို့မရဘူး၊ စည်းကျော်ဘောင်လွတ် မလုပ်ရဘူး။ လမ်းဘေးမှာ ဝမ်းရေးအတွက် မျက်လှည့်ပြစားတယ်။ သွားမနှောင့်ယှက်ရဘူး၊ ပညာရှင်တွေမှန်ရင် ရှောင်ရှားရတယ်။ ဒီလိုပဲပေါ့ကွ ... အကြားအမြင်ဆိုတာ ဘုရား၊ ရဟန္တာတွေမှရတဲ့ ဉာဏ်တော်ကြီးတွေကွ။ အကြားအမြင်ဆိုတာ အပေါ်ယံလေးတွေ လျှောက်ပြောနေကြတာ။ ငါ့ပညာလည်း သိ



www.burmeseclassic.com

www.burmeseclassic.com



သလောက်ပဲ ဟောလို့ရတယ်။ လူတစ်ယောက် ငါ့ရှေ့ရောက်လာတာနဲ့ ခင်ဗျား ဘယ်ကလာတယ်၊ လမ်းမှာပေါ့၊ သွားလာတယ်၊ ဘာနေ့သား၊ ဘာဟင်းနဲ့စားခဲ့တယ်။ ဒီလောက်ပဲသိလို့ ဒီလောက်ပဲ ပြောနိုင်ကြတယ်။ ငါတို့ပညာကတော့ ရှေ့နည်းအမှတ်သညာ တိုက်ဆိုင်မှုတွေနဲ့ သူ့ဟာနဲ့သူ မှန်နေတာပဲ၊ အလုံးစုံတော့ မမှန်နိုင်ဘူးလေ။ သိမှတော့ မင်းတို့ထက်အရင် ငါချမ်းသာနေပြီပေါ့ဟ"

ဖိုးသိရဲ့ အဖြေကသဘာဝကျနေ၍ အားလုံး သဘောကျကျေနပ်ကုန်ကြ၏။ ဘုတောလိုသူတွေလည်း ဝင်မပြောရဲတော့။ မြိုင်သာမြို့မှာတော့ ဖိုးသိက ဆရာကြီးတစ်ဆူလို ဖြစ်နေပြီး စီးပွားရေးတွေ လူတိုင်းကျပ်တည်းနေတဲ့ ဒီခေတ်ကာလထဲမှာတော့ အဆင်ပြေရေးတွေချည်း လာလာမေးနေကြ၏။

ဖိုးသိကတော့ ဘုရားရှိခိုး ခင်ပွန်းကြီးဆယ်ပါးကို ကန်တော့။ သမ္မာအာဇီဝအလုပ်ကိုလုပ်၊ မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထားဆိုသော ဂဂ်ါဝါဠုသဲစုမက ပွင့်တော်မူပြီးကြသည့် ဘုရားရှင်အပေါင်းတို့ရဲ့ ဆုံးမစကားကို ဦးထိပ်ပန်ဆင်ပြီး လမ်းညွှန်မှုတွေ ပြုလုပ်နေရလေသည်။

✿ ✿ ✿

[၃]

"ဦး ... ဒါ သမီးရဲ့ခင်ပွန်းလောင်းဓာတ်ပုံလေ၊ သူ့အင်္ဂါရုပ်ကိုကြည့်ပြီး သူဘယ်လိုလူမျိုးလဲ၊ သမီးနဲ့ဖူးစာကံ ပါ,မပါ၊ အိမ်ထောင်ကျရင် တည်မြဲ၊ မတည်မြဲဆိုတာလေး ကြည့်ဟောပေးပါဦး။

"အင်း ... ဥပဓိရုပ်မဆိုးပါဘူး၊ ဒီကောင်လေးက ပညာတတ်မယ်၊ စိတ်ထားလည်း မဆိုးဘူး။ ဘဝင်လေဟပ် စိတ်ကြီးဝင်ပြီး နေတတ်၊ စားတတ်၊ သွားတတ်၊ ထိုင်တတ်၊ ပြောတတ်၊ အိပ်တတ်တယ်"

"မှန်လိုက်တာ ... ဆရာရယ်၊ ဆရာဟောတာနဲ့ တစ်ထပ်တည်းပဲ"

"အလှအပ မက်မောလွန်းတယ်၊ မိန်းကလေးချောချောမြင်ရင် သူလိုက်ချင်တယ်။ သမီးနဲ့ဖူးစာကံ ပါ,မပါကတော့ ဗေဒင်နည်း၊ လက္ခဏာတွေကြည့်ပြီး ဟောမှဖြစ်မယ်။ အိမ်ထောင်ကျရင်တော့ ချုပ်ကိုင်တတ်တဲ့သူရဲ့ လက်ထဲမှာ ငြိမ်သွားနိုင်တယ်။ မြင်းစီးဂျော်ကီတွေလိုပေါ့။ မြင်းကို ကောင်းကောင်းထိန်းနိုင်တဲ့



www.burmeseclassic.com

www.burmeseclassic.com


သူနဲ့တွေမှ အိမ်ထောင်ရေး အဆင်ပြေမှာ။ ရပ်ဝေးမြေခြားမှာ သွားအလုပ်လုပ်ရ တတ်တယ်"

"ဟုတ်ပါတယ် ... ဆရာ၊ သူက စက်ဘူမှာပါ။ သူ့နာမည်က မောင် မောင်လေးတဲ့"

ကိုဖိုးသိက ဗေဒင်နည်းဖြင့် တွက်ချက်ကြည့်၏။ လာမေးသောမိန်းကလေး ရဲ့ဇာတာကိုလည်း ထည့်တွက်ကြည့်၏။

"ညည်းတို့ချင်း ညားကြမယ်၊ ဆရာ ကြိမ်းသေပြောလိုက်တယ်ဗျာ"

ကောင်မလေးတွေ ကျေနပ်ပြီး ပြန်သွားကြ၏။ မကြာပါဘူး နိုင်ငံခြား မှာ အလုပ်သွားလုပ်နေသည့် သူ့ချစ်သူပြန်လာပြီး မင်္ဂလာဆောင်သွားကြတော့၏။ ကိုဖိုးသိကို မင်္ဂလာဆောင်မှာ တခမ်းတနားပွဲထုတ်ချီးကျူးထောမနာပြုကုန်၏။

ကိုဖိုးသိ မနေတတ်ပေမဲ့ လေဖြတ်နေတဲ့အပြုံးနဲ့ပေါ့။ တစ်နေ့တော့ ကိုဖိုးသိအိမ်ကို လူငယ်တစ်ယောက် ရောက်လာ၏။ ဆယ်တန်း (၄) နှစ်ကျ ကောင်လေး၊ ကိုဖိုးသိကိုတွေ့တာနဲ့ ရိုကျိုးသေဝပ်စွာဖြင့် ...

"ဆရာ ... ဆရာ့ဂုဏ်သတင်းက ကျော်ဇောခြင်းပြင်းလှပါတယ်။ ဆရာ့ နာမည်ကို ကြားကတည်းက အရမ်းလေးစားပြီး ဖူးတွေ့ချင်နေတာ။ ဆရာ့ကို သိပ် အားကျတာပဲ။ ဆရာ့ဆီ အဝေးကြီးကနေရောက်အောင် မနည်းလာခဲ့ရတာ။ ဆရာ့ ရဲ့ပညာကို သင်ချင်လို့ပါ။ အရင်က ကျွန်တော်ဂန္ဓာရီပညာတွေကို လေ့လာလိုက်စား ခဲ့တယ်။ ဟိုမရောက် ဒီမရောက်နဲ့ ဆရာရယ်၊ ဆရာ့ပညာကိုတော့ တတ်အောင် သင်ပေးပါ။ ကျွန်တော့်မှာ ဆရာ့ကိုကန်တော့ဖို့ ငွေငါးသောင်းပါပါတယ်။

"ဟိတ်ကောင် ... မင်း ငါ့ကို ငွေစကားမပြောနဲ့၊ မင်း ငါ့ကို လေးစား အားကျတယ်ဆိုတာတော့ ရှိစေ။ မင်းနာမည် ဘယ်လိုခေါ်သလဲ"

"ကျွန်တော်နာမည် ရဲလင်းအောင်ပါ၊ ပဲခူးတိုင်း၊ ပဲခူးမြို့မှာ နေပါတယ်။ ကျွန်တော့်မိဘတွေကတော့ မရှိကြတော့ပါဘူး။ အဒေါ်အပျိုကြီးနဲ့ နေရတယ်။ အရွယ်ရောက်တော့ ဈေးထဲက အဒေါ်ရဲ့ဆေးဆိုင်ကို ကူရောင်းပေးရင်း ဂန္ဓာရီ အတတ်၊ အင်္ဂါရုတ်ထိုးတဲ့အတတ်တွေကို အရွယ်နဲ့မလိုက်အောင် လေ့လာလိုက်စား ခဲ့ပါတယ်။ အဒေါ်ဆုံးတော့ အိမ်ကိုသူများနဲ့အပ်၊ ရှိတဲ့ငွေလေးနဲ့ အဝတ်အစားထုပ် ပြီး ဆရာ့ဆီ ပညာလာသင်တာပါ။ ဒီပညာမျိုးဆိုတာ "

"တော်လောက်ပြီ ... မင်းက မြင်းအီးပေါက်သလို တောက်လျှောက် စကားပြောနိုင်တဲ့ကောင်ပဲ။ မင်းမှာ မှတ်ပုံတင်တွေ ထောက်ခံစာတွေပါသလား"

"အပြည့်အစုံ ပါပါတယ်ဆရာ"


www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ ... ငါ့မှာလည်း နောက်လိုက်တပည့်လိုနေတာနဲ့ အတော်ပဲ။ မင်းမှာ နေစရာရော ရှိသလား"

"ဘယ်ရှိပါ့မလဲ ... ဆရာရယ်"

"အဲဒါဆိုရင် မြို့စွန်မှာ အိမ်စုတ်ကလေး ငှားနေ၊ ငါ့အိမ်မှာ နေလို့မရဘူး။ ငါ့မယားနဲ့ သမီးနဲ့ကွ"

"ကျွန်တော် သဘောပေါက်ပါတယ် ဆရာ၊ ထားရာနေ၊ စေရာသွား၊ ထားရင်လည်းနေ၊ သတ်ရင်လည်းအသေခံမယ့် ကျွန်တပည့်မျိုးပါ ဆရာ"

"တောက် ... အပြောပိုင်ချက်ကတော့ ရွှေမန်းတင်မောင်တောင် ဖင်ထောင်ပြေးသွားနိုင်လောက်တယ်။ ဒီမယ် ရဲလင်းအောင် .. အောင်ရဲ၊ ဟာကွာ.. ရှုပ်လိုက်တဲ့မင်းနာမည် မှတ်ရခက် ခေါ်ရခက်ကြီး"

"ရဲလင်းအောင်ပါ ဆရာ"

"သိုင်းဝတ္ထုရေးတဲ့ ဘာသာပြန်စာရေးဆရာ နာမည်ကြီးစာရေးဆရာကွာ .. မင်းကို အလွယ်ခေါ်လို့ ရတဲ့နာမည် ငါတွဲပေးလိုက်မယ်။ မင်းက ငါလို ဆရာသမားနဲ့ တွေ့ရတာနည်းတဲ့ အခွင့်အရေးလား။ စိုင်ကော်လို့ ချုပေါ်ရောက်လာတဲ့ကောင် မင်းကို ဖိုးကော်လို့ပေးမယ်။ ဟိုခေတ်က ထောပြီးကော်ပြီးနဲ့ ချမ်းသာကိန်းဆိုက်ရင်လည်း ကိုဖိုးကော်ကြီးလို့ ခေါ်ကြတယ်ကွ"

"ဆရာကြီးပေးတဲ့နာမည်ခေါ်ဖို့ ကျွန်တော်မောင်ဖိုးကော် ကြိုက်နှစ်သက်ကြောင်းပါ။

"ကြိုက်ရင်ပြီးရော .. မင်းဟာက ပဒေသရာဇ်ခေတ်က ထီးသုံးနန်းသုံး လေသံဆန်ချင်လာပြီ ရှီးရှီးတန်းတန်းပြောကွာ ... ဟော ... ငါ့မိန်းမနဲ့ ငါ့သမီးပါ ပြန်လာကြပြီ။ ဟေ့ကောင် ... စိတ်နဲ့တောင် မပြစ်မှား မစော်ကားပါနဲ့နော် ... ကြားလား။

"စိတ်ချပါဆရာရယ် ကိုယ့်ဆရာသမားရဲ့ ပစ္စည်းကို ယောင်လို့တောင် အငှာမပြုစေရဘူး"

ဆရာဖိုးသိက မျက်လုံးတစ်ဖက်ပြူးပြဲပြီး တစ်ဖက်ကို မှေးကြည့်နေ၏။ ကိုဖိုးသိရဲ့ ဇနီးကလည်း လုံးကြီးပေါက်လှကြီး မျက်နှာကလည်း အလန်း၊ အရွယ်ရောက်လာတဲ့ သမီးပျိုကလည်း နုချောလေ။ ဒီသမီးကြောင့် သားရှင်တွေက အရေးတယူ ဆက်ဆံနေတာ မကြာခဏခံနေရ၏။

"ဟေ့ကောင် ... ဒါ ဇနီးမယ်ယဉ်ကျေးတဲ့ ဟော့ဒါက ငါ့သမီး လှသွေးကြွယ် ... မင်းရဲ့ ဆရာကတော်နဲ့ ဆရာ့သမီး မှတ်ထားနော်"



www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ် မမနဲ့အငယ်"

"ဟော့ကောင် ... အနိတီကျေးနဲ့ မလုသွေး ... ဒါမျိုးခေါ်ပါ မင်းခေါ်သံက တဏှာဆန်နေတယ် ငါ့မကြိုက်ဘူး။ ကဗျာဆန်ဆန် ရိုးသားဟန်နဲ့ ငါ သင်ပေးသလိုပဲ ပြန်ခေါ်"

ဖိုးကော်လည်း အောင့်သက်သက်နှင့် ပြန်ခေါ်ရ၏။

"ဟုတ်ပြီ ... မိန်းမနဲ့သမီး ဒါအိမ်မှာ မကြာခင် လက်တိုလက်တောင်း လုပ်ပေးမယ်ကောင်၊ ထမင်းစားကျွန်ခံ ပညာသင်တပည့်၊ နာမည်က ဖိုးကော်တဲ့ မှတ်ထားကြ"

တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ကြည့်ကာ ပြုံးကြရ၏။ သမီးက ရှက်သွေးဖြာပြီး ခေါင်းကြီးငုံ့နေ၏။ ဖိုးကော်က လက်မြန်ခြေမြန် ဖတ်ခနဲ လက်ဝါးနဲ့ လုသွေးကြွယ်ရဲ့နဖူးကို ဆုပ်ကိုင်ကာ စမ်းသပ်လိုက်ရင်း ...

"ဖျားချင်လို့ လိမ်တွန့်နေတာလားလို့ အဖျားသွေးစမ်းကြည့်တာ ကိုယ် မပူပါဘူး။ အတွင်းဖျား အတွင်းဖျားဖြစ်နေမလားပဲ ဆရာကြီး"

"ဟိတ်ကောင် ... ငါ့သမီးရဲ့အသားကို လုံးဝမထိနဲ့။ ဘာအကြောင်းနဲ့မှမထိနဲ့။ ငါ မကြိုက်ဘူး။ အဲ့လို လက်တို့ခြေတို့၊ ခေါင်းပုတ် ပါးကိုင်ကနေ နှာဘူးကောင်တွေ လက်ကစကြတာပဲ။ နောက်တစ်ခါ လက်ကျူးရင်လက်ဖြတ် ပစ်မယ်။ ခြေကျူးရင်ခြေဖြတ်ပစ်မယ်၊ ဟိုဟာကျူးရင် ဟိုဟာဖြတ်ပစ်မယ်"

"ဗျာ ... ဟိုဟာဆိုတာ ဘာလဲဆရာကြီး"

"ဆံပင် ... ဆံပင်ကိုပြောတာ၊ သေနာငတုံးတပည့် မေတ္တာတုံးချင်ချင် ဖြစ်လာပြီ အကောင်ရဲ့"

✿ ✿ ✿

[၄]

တပည့်သစ်ဖိုးကော်ကို ကိုဖိုးသိက ပညာနည်းနည်းစီ သင်ပေး၏။ ကသိုဏ်းကျင့်ရသော ကျင့်စဉ်တွေလည်းပါ၏။ ဖိုးကော်က ကိုဖိုးသိအိမ်မှာ မနေ ရှုံသာရှိ၏။ အိပ်ချိန်ကလွဲလျှင် ကိုဖိုးသိအိမ်မှာချည်းပင်။ ကိုဖိုးသိ တောက်တိုမည်ရ နိုင်းတာ အကုန်လုပ်ပေး၏။ တချို့ ကြောင်တောင်တောင် ဂေါက်တောက်တောက် ကောင်တွေ။ ပေါက်တတ်ကရမေးလျှင်လည်း သူ့ဝင်ရှင်းပေးတတ်၏။ နေ့ပြင်ထွန်း


www.burmeseclassic.com

www.burmeseclassic.com



ဆိုသော ကတုံးကော၊ နတ်ကတော်ရုပ်နှင့် ပိန်ကလိန်အကောင်တစ်ကောင်က မူးကြောင်ရူးကြောင်နှင့် ...

"ဆရာကြီး ... ကျွန်တော့်မှာ ချစ်သူရှိနေတယ်။ ကျွန်တော့်ရဲ့မမ ဝတုတ်မဲကြီးပေါ့။ သူက ကျွန်တော့်ကို ဘယ်လိုသဘောထားနေသလဲ။ ဖုန်းထဲမှာ သူ့ပုံပါတယ်။ သူ့ပုံကိုကြည့်ပြီး ဟောပေးပါ။ ကျွန်တော်တို့ချင်း တကယ် ရမရ ဆိုတာကိုပေါ့ ဆရာရယ်"

ကိုဖိုးသိကြည့်လိုက်၏။ တစ်ယောက်က ဝတုတ်ပြဲကြီးတစ်ယောက်က ပိန်ကလိန်နဲ့ ပြောင်စပ်စပ်ရုပ်။ ဖက်ရိုက်ထားလိုက်တာ စဥ့်အိုးမှာ ဖားပျံကပ်နေသလိုပင်။

"မင်းတို့ချင်းက တိတ်တိတ်ညားပြီးနေပြီ၊ မင်းတို့ချင်း ကြိမ်းသေရမှာကွ။ မင်းတို့က ဝက်ဖြစ်ခဲ့တုန်းကလည်း တစ်စားကျင်းထဲ ကြွက်ဖြစ်တော့လည်း တစ်ကျင်းထဲ အောင်းခဲ့ကြတဲ့ ဖူးစာကံပါလာတယ်။ ရမှာ မပူနဲ့"

"ဗျာ ... သွားပါပြီ၊ ကျုပ်က မယူချင်ဘူး။ ရွာမှာ ကျုပ်ကို ချောလွန်းလို့ ဝိုင်းကြိုက်နေတဲ့ ညီအစ်မနှစ်ယောက်ရှိပြီးသား သူတို့ကိုယူမှာ"

"မင်းရုပ် မင်းရည်ကို ယူမှာ ... ဟုတ်ပါ့မလား"

"ဟုတ်တယ် ... တစ်ယောက်က မျက်စိမမြင်ဘူး၊ တစ်ယောက်က မျက်လုံးစွေနေတယ်။ အမြင်မှန် မရသူလေးတွေပါ"

ဆရာဖိုးသိ ခေါင်းစားသွား၏။ တပည့်ဖိုးကော်ကို ကြည့်လိုက်တော့-

"ဟော့ကောင် ..."

သောက်ရူးကောင်မှန်းသိလိုက်၍ ဖိုးသိ ထသွား၏။ ဖိုးကော်က ...

"ဟော့ကောင် ... နံပြားရုပ်နဲ့ အရက်ခွက်ပုန်းလိုက်ကစ်နေတဲ့ကောင် ဘိုင်ကျအပြိုင်ဖြစ်နေလို့ သူများနဲ့ ကုန်းဆင်းလိုက်သောက်နေတဲ့ကောင်။ မင်းလို ကောင်ကို ရုပ်ဆိုးမတွေကလည်း ဝိုင်းလိုက်မှာပေါ့။ နေတိုးရဲ့ခြေဖျားက ကြွက်နို့ လောက်တောင် မင်းရုပ်ကမထွက်ဘူး။ ဖရိမ်စောင်းပြီး အခြောက်စိတ် တစ်ဝက် ပေါက်နေတဲ့ မင်းလိုကောင်ကို ငါတုတ်က ဖုအောင်လည်း ရိုက်လို့ရတယ်။ ကွဲအောင်လည်း ဆော်လို့ရတယ်၊ မင်း ဘာဖြစ်ချင်လဲပြော"

ပေါ်ပေါ်ဆိုသော ငနဲသားလည်း မိန်းမတင်ပါးကြီးတလှုပ်လှုပ်နှင့် ထပြေးပါလေရော။ နောက်တစ်ယောက်က ...

"ဆရာကြီး ... ကျွန်တော် စည်သူအောင်ပါ၊ ကျွန်တော်က မြန်မာမိဘက မွေးပေမဲ့ ကုလားနဲ့ချွတ်စွပ်တူနေပါတယ်။ ကျွန်တော့်ကို မွတ်စလင်နဲ့ မှားမှားနေကြတယ်။ အဲဒါ ..."



www.burmeseclassic.com

www.burmeseclassic.com



"မဆီမဆိုင် ဘာတွေလာမေးရသလဲ"

ဖိုးကော် လိုက်ရိုက်လို့ စည်သူအောင်လည်း ပုဆိုးမနိုင် ပဝါမနိုင်နဲ့ ထွက်ပြေးရပြန်၏။ နောက်တစ်ယောက်က လူကြမ်းမျက်နှာပေါက်နှင့် ထန်းရည်မူးကာ ရောက်လာပြန်၏။

"ဆရာဖိုးသိ ကျုပ်နာမည် ဝင်းနိုင် တွင်ခုံဝင်းနိုင်ဆို မသိတဲ့လူမရှိဘူး။ ကျုပ်မိန်းမက ကျုပ်ကို သိပ်နိုင်တာပဲဗျာ။ ကျုပ်ကို မိန်းမနိုင်တဲ့ဆေးရှိရင် ပေးစမ်းပါ"

ဖိုးကော်လှမ်းရိုက်၍ ဝင်းနိုင်လည်း လန့်ရှောင်ကာ အမူးပြေပြီး ကဆုန်ပေါက်ပစ်ပြေးရတော့၏။

ဒီလို ငကြောင်ငရူးတွေကို ရှင်းထုတ်တဲ့နေရာမှာတော့ ဖိုးကော်က တကယ်အားကိုးရ၏။ အဲ့ဒါတွေကြောင့်လည်း ကိုဖိုးသိတစ်ယောက် သွားလေရာ ဖိုးကော်ကို လက်စွဲထား၏။ တစ်နယ်တစ်ရပ် ရွာစဉ်ပတ်ပြီး ဟောပေးလျှင် ဖိုးကော်က သက်တော်စောင့်ပေါ့။ ရွာခံလူမိုက်တွေ လာရှုပ်လျှင် ဖိုးကော်က သူ့ရဲ့နည်းလမ်းပေါင်းစုံနှင့် ရှင်းထုတ်တတ်၏။

(၆)လလောက်အတွင်း ဖိုးကော်ကို ဆရာဖိုးသိ တပည့်အရင်းအချာအဖြစ် လုံးဝအသိအမှတ်ပြုလိုက်၏။ ယုံကြည်မှုဘယ်လောက်များသလဲဆိုလျှင် အိမ်ကိုပြောင်းနေခိုင်းသည်ထိအောင်ပင် ဖိုးကော်က မိန်းကလေးမြင်လျှင် မခုတ်တတ်တဲ့ကြောင်။ သူများသားမယားဆို ဝေးသေး။ မုဆိုးမတွေ၊ တစ်ခုလပ်တွေဆို ကန်တော့ပါသေးရဲ့ လုပ်တတ်တဲ့ကောင်စား၊ မိန်းမအမှုမှာ စိတ်ချရ၍ အိမ်ပေါ် ခေါ်တင်ထားလိုက်၏။

အလုပ်တွေကလည်း လက်မလည်အောင် ဟောပြောနေရ၏။ ဗိုက်ကြီးသည်တွေက အုပ်စုလိုက် ရောက်လာကြ၏။ အယ်ထရာဆောင်း ရိုက်တာထက် ဖိုးသိရဲ့စကားကို ပိုယုံကြ၏။ ဗိုက်မပူသော အဒေါ်ကြီးတစ်ယောက်ကို အင်္ဂါရုပ်ကြည့်ဟောနေရာက ဗိုက်ကိုကြည့်ပြီး ...

"ခင်ဗျား လူခြောက်လေး မွေးလိမ့်မယ်"

သတိထားကြည့်တော့ တကယ်လည်း လူခြောက်လေးမွေးခဲ့၏။ ဒီမိန်းမကြီးနဲ့ သူ့အိမ်သားတွေက နှုတ်လုံကြ၏။ လူခြောက်မွေးပြီး တစ်လလောက်နေတော့ ကံစမ်းမဲထဲက ကားမဲပေါက်၏။ သိပ်မကြာ ထီဆုကြီးပေါက်ပြန်၏။ တိုက်နဲ့ကားနဲ့ နေ့ချင်းညချင်း ကြီးပွားသွား၏။ ဆရာဖိုးသိဆိုလျှင် ဆန်ဆီထုတ်လိုက်၊ ဆီဆိုပုံးလိုက်၊ ငရုံ့ခြောက်ဆိုလျှင် ပိဿာလိုက်။ ဆရာဖိုးသိ ဟာလုပ်



www.burmeseclassic.com

www.burmeseclassic.com



ချင်သလဲပြော။ ကားအကောင်းစား မဝယ်ပေးနိုင်သည့်တိုင် ဆိုက္ကားအကောင်းစား တော့ ဝယ်ပေးနိုင်ကြသတဲ့။

ကိုဖိုးသိအနေနှင့် ဆိုက္ကားမဟုတ်၊ ကားပင်ဝယ်စီးနိုင်လောက်သည့် ငွေကြေးရှိနေပြီးသား။ မယားလုပ်သူက ပျော်တပြုံးပြုံး လက်ကောက်တွေ လက်နှစ်ဖက်အပြည့်။ ရွှေဆွဲကြိုးက သုံးလေးငါးကုံး။ ရွှေဆိုင်ကြော်ငြာရိုက်မှာလိုပင် သမီးရော၊ အမေရော ဝတ်စားထားကြ၏။ သူ့အိုးနဲ့သူ့ဆန် တန်ရုံပဲကောင်း၏။ မတန်တော့ မြင်ရတဲ့လူတိုင်း မျက်လုံးထဲ စပါးမွေးစူးကုန်တော့တာပေါ့။

ကိုဖိုးသိကို သိပ်မမေးချင်ကြတော့။ ကန်တော့ငွေလည်း မရက်ရောချင်ကြတော့။ ကိုဖိုးသိရဲ့ မိန်းမနဲ့သမီးက နေ့ချင်းညချင်း သူဌေးမ၊ သူဌေးသမီးကြီးတွေ အိုက်တင်ဖမ်းကုန်ကြပြီကိုး။ သူဌေးအထာတွေ လိုက်လုပ်လာ၏။ အိမ်ပြင်ပြီး တိုက်ပြန်ဆောက်တော့ တံတွေးထွေးတာပဲ တိုက်သံပါအောင် 'ထွီ'လို့ မထွေး။ 'ထွိန်း'လို့ ထွေးတတ်ကြသေး၏။ ကိုဖိုးသိက အဲ့ဒါတွေသိလို့ တားမြစ်တော့ မယားလုပ်သူနှင့် တကျက်ကျက်ရန်ဖြစ်ရ၏။

"မနာလိုတဲ့သူတွေကိုများ သောက်ဂရုစိုက်လို့၊ အဲဒါတွေ ဖင်ခုထိုင်ထား လိုက်စမ်းပါ။ လူ့ဘဝနေရတာတိုတိုလေး။ ဝတ်မှာပဲ၊စားမှာပဲ လှူမှာပဲတော်ရေ့"

ကိုဖိုးသိလည်း ညစ်ပြီးအိမ်မှာ သိပ်မဟောတော့။ အတန်သင့် မျက်နှာလွှဲလို့ရတဲ့ တပည့်ဖိုးကော်ကို လွှဲထားလိုက်၏။ ကိုဖိုးသိကတော့ ဂန္ဓာရီလှည့်သလိုလိုနှင့် မြန်မာပြည်အနှံ့ တန်ခိုးကြီးဘုရားတွေ လိုက်ဖူးဖြစ်နေ၏။

✿ ✿ ✿

[၅]

ကိုဖိုးသိ အိတ်ကြီးဆွဲပြီး အိမ်ပြန်လာတော့ ရပ်ကွက်ထဲကလူတွေက ပြုံးပြုံကြည့်ကြ၏။ ယခင်က လှမ်းနှုတ်ဆက်ကြ၊ မေးကြ၊ မြန်းကြသော်လည်း ယခုဖြင့် ဘယ်သူမှ မမေးမြန်းကြ။ ထူးတော့ ထူးဆန်းနေ၏။ ရပ်ကွက်ထဲက လက်ဖက်ရည်ဆိုင်ရှေ့ ဖြတ်သွားသောအခါ ဆိုင်ထဲကထွက်လာသော လူရင်းမိတ်ဆွေတစ်ဦးနှင့် သွားတိုး၏။

"ဟာ ... ကိုဖိုးသိကြီး ပြန်လာပြီလား"



www.burmeseclassic.com

www.burmeseclassic.com



အရင်ကဆို ဆရာ ... ဆရာနှင့် ပါးစပ်ဖျားကမချသူတွေ အခုတော့ ကိုဖိုးသိလို့ ပြောင်းခေါ်နေကြပါရောလား။

"ဟော့ကောင် ... ငထူး၊ ရပ်ကွက်ထဲမှာ ဘာတွေဖြစ်နေကြတာလဲကွ။ ငါ့အပေါ် သူတို့မြင်နေကြတာ ပုံစံတစ်မျိုးဖြစ်နေကြတယ်"

ငထူးက ဟိုကြည့်ဒီကြည့်နှင့် လူရှင်းရာ တစ်နေရာကို လက်ကုပ်ခေါ်သွား၏။ ကိုဖိုးသိ ကြောင်တောင်တောင်နှင့် လိုက်သွားရင်း ...

"ဟော့ကောင် ... ငါ့ပြောစမ်းပါ၊ ဘာတွေဖြစ်နေကြတာလဲဆိုတာ"

"ကိုဖိုးသိကြီးတို့အိမ်က ဖြစ်နေတာ။ ရပ်ကွက်ထဲကလူတွေက ဘာမှ မဖြစ်ဘူး"

"ငါ့အိမ်က ဘာဖြစ်တာလဲ"

"ကိုဖိုးသိရဲ့သမီးကို ကိုဖိုးသိရဲ့တပည့် ဖိုးကော်ဆိုတဲ့ကောင်က ခိုးပြေးသွားပြီဗျ"

"ဟင် ... တောက် ... မိုက်ရိုင်းလိုက်တဲ့ကောင်၊ သားရေပေါ်အိပ် သားရေနားစား အရိပ်နေနေ၊ အခက်ချိုးချိုး၊ ကျေးဇူးရှင်ကို ကျေးစွပ်တဲ့ကောင်။ ငါကတော့ ယုံမှတ်လို့ ပုံအပ်ခဲ့တာ သူက ... တောက်"

"ကိုဖိုးသိကိုက မဟုတ်တာ ... ကိုဖိုးသိမိန်းမကပါ သူ့သမီးနဲ့ညားတဲ့ ဖိုးကော်က သူနဲ့ အရင်ငြိစွန်းနေတာတဲ့ .. သူလည်း မနေနိုင်ဘူး ... သူ့သမီး နဲ့အတူ လိုက်သွားပေါင်းမယ်ဆိုပြီး လိုက်သွားလိုက်တာ ပေါ်မလာတော့ဘူး"

"ဟင် ... မျိုးစေ့တောင် အကုန်ပြုတ်စားတဲ့ခွေးမသား၊ ကြည့်စမ်း .. မအေရော၊ သမီးရော ဒုသနသော ငရဲခံရမှာမကြောက် ... ဒီမိန်းမကိုကလည်း ပြောမရဆိုမရနဲ့ အောက်ခြေလွတ်နေတာ"

"အဲဒါကြောင့် ကိုဖိုးသိ ညံ့တယ်လို့ပြောတာ။ အင်္ဂါရုပ်ကြည့် ကိုဖိုးသိကြီး လူတစ်ယောက်ရဲ့ အင်္ဂါရုပ်ကို ကြည့်လိုက်တာနဲ့ လူလိမ်လား လူရိုးလား၊ လူကောက်လား လူဖြောင့်လား၊ လူညာလား လူမှန်လား၊ လူဆိုးလား လူအေးလား အကုန်သိနေတဲ့ဟာ။ ဒီဖိုးကော်ဆိုတဲ့ ရေမျောကမ်းတင် ရွက်ကျပင်ပေါက်ကို ဘာလို့ အင်္ဂါရုပ် ခွဲမကြည့်ခဲ့ရတာလဲ။ ခွဲကြည့်ခဲ့ရင် ယုံမှတ်လို့ ပုံအပ်တာမျိုး ဖြစ်နိုင်ပါ့တော့မလား"

"အေးကွာ .. ငထူးရာ၊ မင်းတို့ပြောလည်း ခံရမှာပဲ။ ငါက သနားမိတာ။ ဘာမှမရှိတဲ့ကောင်ကို ကြည့်ပေးနေလည်း ပိုက်ဆံထွက်လာမှာ မဟုတ်ဘူး။ အဲ့ တွေ့ပဲဆိုပြီး သေချာမကြည့်ခဲ့မိတာကွ၊ လူယုံလိုဖြစ်လာတော့ ပိုဆိုးရောကွာ ဟူ"



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါပဲ ... အ,သလိုဖြစ်တော့မပေါ့၊ ဘယ်လိုဆက်လုပ်ကြမလဲ၊ လူတွေက ကိုဖိုးသိရဲ့ အင်္ဂလိပ်ကြည့်နည်းပညာကို သံသယဖြစ်ကုန်ကြပြီ။ ဘယ့်နှယ် မယားရော၊ သမီးပါ မ,သွားမယ့် ကြာကူလီကောင်ကို အင်္ဂလိပ်ကြည့်ပြီး ခွဲခြား မသိနိုင်ဘူးလား။ ဆရာကိုယ်တိုင်က အထိနာရသလား၊ ဆရာ ပညာတကယ်စွမ်း ရင် သိနိုင်ရမှာပေါ့။ ဒါမျိုးတွေကြောင့် ရှိန်ကုန်ရဲကုန် မယုံ့တယုံတွေ ဖြစ်ကုန်ကြ တာ ဝိုင်းကြည့်ပြီး ဆက်ဆံရေး ပြောင်းလဲသွားတာ အဲ့ဒါကြောင့်ပဲ"

ကိုဖိုးသိ ငူငူကြီးငိုင်ရပ်နေ၏။ ထူးက တရားသဘောလေးတွေ ပြောပြ ပြီး နှစ်သိမ့်မှုပေးနေ၏။ ကိုဖိုးသိက တစ်ချက်ရှိုက်လိုက်ပြီး နောက်ပိုင်းဇာတ်တော် ထဲက နောက်ပိုင်းမင်းသားကြီးတွေ ငိုချင်းချသလို ...

"တောက် .. ခံရချက်ကယ် တယ်မသက်သာလှပေဘူး။ ကျွန်ယုံတစ်ဖက် ကမ်း၊ သားသမီးယုံ စုံလုံးကန်းတဲ့၊ သမီးယုံလို့ စုံလုံးကန်းခဲ့ပြီ။ အဟင့် ... အီး ... ရှုတ် ... မိန်းမကိုပါ ယုံလိုက်မိတော့၊ အမလေး ... ရှိသမျှ ဒွါရကိုးပေါက် လုံး ကန်းပါပြီပေါ့လား။ ဟား ... ဟား ... ဟီး ... ဟီး ... ဟီး ... အရီး ဟီး ဟီး ဟီး"

ကိုဖိုးသိရဲ့ ငိုချင်းချသံဟာ ဘေးဝန်းကျင်ကို ခုနစ်သံချီ လွှမ်းမိုးသွားပါ လေတော့သတည်း။

ညြိမ်သ

www.burmeseclassic.com